ဝေဠုဝတီဒီပသာနဒါဇာရားတော်

မြောင်းမြမို့

ကမ္ဘဥာနဘစရိယ

ကျေးဇူးရှင် ဗဝဂေါတမ ဆရာတော် ဘုရားကြီး

(ဦးမဂ္ဂသိန္နီ)

၁၄၀၄၅၅

ဗြောင်းမြန်

ဝဋ်ဆုံတိုက် ကမ္မဋ္ဌာန်းတိုက်

ကျေးဇူးရှင် ဝဋ်ဆုံတိုက် ဆရာတော်ဘုရားကြီး

ဟောကြားတော်မူအပ်သော

ဝဋ်ဆုံတိုင်ပင်သာ

တရားတော်များ

[တတိယတဲ့]

မဟာသတိပဋ္ဌာန်

တရားအားထုတ်နည်း ဒေသနာ

ဟောစဉ်များ

တရားတော်ဓနုဓာ ဆရာကြီးပုဏ္ဍော်သူ

ဦးသိန်းဗောဓိ (ဗြောင်းမြန်)

သာသနာ ကောလာ ခရစ်

၂၅၂၂ ၁၃၇၀ ၂၀၀၈

[စမ္မဒါန]

အကြိမ် ပထမ

အုပ်ဓရ ၃၀၀၀

ခုနှစ် ၁၉၇၈-ခု၊ ဒီဇင်ဘာလ

တန်ဖိုး ဓမ္မဒါန

အဖုံးရိုက် အေးအေး

ဘာသာရေးဆိုင်ရာ ခွင့်ပြုချက် အမှတ် ၁၁၁၇၈။

မျက်နှာဖုံး ခွင့်ပြုချက် ၃၄၆။

၁၉၇၉ ခု ၈ ရက်

ပုံနှိပ်သူ ဦးသိန်းမောင် ကင်းလုတ်ခွင့် (၀၄၆၀၈)

အမှတ် ၄၃-စက်မှုဘက်သိုလ်ဝင်း၊

ကြို့ကုန်း၊ ရန်ကုန်မြို့။

ထုတ်ဝေသူ ဦးစံရှင်း (၀၂၂၈၇)

အေးအေးပုံနှိပ်တိုက်

၁၃၂-ချန်ကုန် အင်းစိန်လမ်း၊

လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

နိဒါန်း

မြောင်းမြမြို့ ဝင်္ဂုဝတီ ကမ္မဋ္ဌာန်းတို့က်ကြီးကို ဖန်တီး တည်ထောင်တော်မူခဲ့သော ဝင်္ဂုဝတီ ဆရာတော် ဘုရားကြီး သည် မော်ကျွန်းမှ ၁၃၀၇ ခုနှစ် တပို့တဲ့ လပြည့်ကျော် ၁၀ ရက်နေ့တွင် မြောင်းမြမြို့ ညယျာဉ်တိုက် ဂန္ဓဝါမြို့၌ ကျောင်း တိုက်သို့ ဟောမဝန်ဆရာတော် လိုက်ပါလျက် ကြွရောက်သီတင်း သုံးခဲ့ကြပါသည်၊ ထိုအချိန် အခါမှစ၍ ဆရာတော် ဘုရားကြီး သည် ဗုဒ္ဓ သာသနာတော်မြတ်ကြီးကို မြတ်စွာဘုရား၏ အလို တော်ကျ မဖြစ်ဖြစ်အောင် ဖန်တီးတော်မူခဲ့ပါသည်၊ တပည့် ယောဂီတို့အား ဝေဒနာအခြေခံသော ဝိပဿနာတရားကို လွယ် လွယ်နှင့် လုပ်နိုင်သောနည်းများကို ကြိုးစားရှာဖွေ၍ နားမလည် နားလည်အောင် ဟောပြော ဆုံးမခြင်းကို အလွန် မြတ်နိုးလျှ ကျောင်းတွင်း၌ အချိန်လုံလောက်စွာ ပေးနိုင်ရန် အပြင်အပမှ ပင့်သော မည်သည့် အလှူအတန်းမျိုးကိုမှလက်မခံ၊ အစမှပင့်ပြန် လျှင်လည်း အလှူ ထမြောက်စေခြင်းငှာ ကျောင်းမှကပ္ပိယကိုသာ လွှတ်၏၊ ကျောင်းသို့ ရောက်လာသော ယောဂီများ သို့မဟုတ် ဥပုသ်သည်များအား တရားအားထုတ်ခိုင်းပါသည်။

"ငါကြိုက်တာကတော့ ကျောင်းရောက်လာရင် တရား အားထုတ်တာဘဲကြိုက်တယ်၊ ငါ့ကိုလှူမနေပဲနဲ့" ဟူ၍လည်း မကြာခဏ မိန့်တော်မူပါသည်။

(ဃ) နိဒါန်း

ဆရာတော်ဘုရားကြီးသည် ကျောင်းတွင် အဆောက်အဦး ကြီးကြီးကျယ်ကျယ် ဆောက်လုပ်ခြင်းကိုလည်းမနှစ်သက်ပါ။ ကျောင်းရှိ သံဃာများအတွက်ကိုပင် တပါးတဝါဆို ကျောင်းကလေးများနှင့် တရားအားထုတ်နိုင်လောက်ရုံ ဆောက်သည်ကို သဘောကျ၏၊ အဆောက် အဦးတွေကို ငါမထိန်းနိုင်ဘူး အဆောက်အဦးတွေက နဝမတပ်သားတွေကွ ဟု ဆို၏၊ သို့သော် ဒါယကာများ၏ မွန်မြတ်သော စေတနာ သဒ္ဓါတရားကို ပိတ်ပင်ခြင်းကားမရှိပါ။

ဒါယကာ ဒါယကာမ ယောဂီတို့ တာဝန် လေးသည့် အလုပ်များကို ဆရာတော် ကြိုက်နှစ်သက်ခြင်းမရှိပါ၊ ဤဝေဠုဝန် ကမ္မဋ္ဌာန်းတိုက်ကြီးကို ကျောင်းအမ ဒေါ်ကျင်လှိုင် မိသားစုတို့ထံမှ အလှူခံပြီးသောအခါ ယောဂီပုဂ္ဂိုလ်များက လျှောက်ထားသဖြင့် ကထိန်ခင်းရန်ခွင့်ပြု၏၊ ကထိန်ရက်ကို သီတင်းကျွတ်လှူပြည့်ကျော် (၁)ရက် သတ်မှတ်ပေး၏။ ဒါယကာတဦးတည်း ခင်းရန် ကြီးကြီးကျယ်ကျယ်မလုပ်ရန်၊ သင့်တင့်ရုံနဲ့ ပြီးအောင်လုပ်ကြ သင်းပိုင်တထည် ကောသီတထည်နဲ့လဲဖြင့်တယ်ဟု စရိတ်ကုန်နည်းသော စနစ်တခုကို ချမှတ်ပေးခဲ့၏၊ သို့သော် တပည့်ယောဂီများက တဖြည်းဖြည်းခဲ့လာပြီး ဆွမ်းကျွေးပါရစေဘုရား မိဘဆွေ သင်္ဃာတွေကိုလဲ ဖိတ်ပါရစေဘုရား စသည်ဖြင့်ခဲ့လာကြသောကြောင့် ဆရာတော်သည် တားမြစ်ရပြန်လေသည်။ ။

ဆရာတော်ဘုရားကြီးက အမိန့်ရှိဘူးသည်မှာ "သံဃာကအလှူဖြစ်အောင်လဲ လှူတတ်ကြရမယ်-ကထိန်ခင်းတာ သံဃာနဲ့ သာသနာကို လှူတာ ငါ့လှူတာမဟုတ်ဘူး ဆရာတော်ကို ကထိန်ခင်းတာဆိုရင် သွားရောမှတ်ထားကြတဲ့။

ဆရာတော်ဘုရားကြီးသည် ပေဒင်ပညာ ဆေးပညာကို ကောင်းစွာတတ်သော်လည်း မည်သူ့ကိုမှ ဆေးကုခြင်း ပေဒင်ဟောခြင်းမပြု မတတ်သကဲ့သို့နေ၏။ ကျောင်းရှိ သံဃာများကိုလဲ ဆွမ်းခံစားပြီး တရားအားထုတ်သည့်ကိစ္စကလွဲ၍ပြင်ပမှ အန္တရာယ်ကင်း ပရိတ်ရွတ်ပင့်လိုက်ခြင်း၊ ဆွမ်းစားကြွခြင်းတို့ကို ခွင့်မပြုခဲ့ ကျောင်းတွင်နေကြပြီး အချိန်မှန်မှန် တရားအားထုတ်ရန် စည်းကမ်း သတ်မှတ်ထား၏။။

ဆရာတော်ဘုရားကြီးသည် မိမိနှင့်မတန်သော ဂုဏ်ပုဒ်တို့ကို ဖော်ထုတ်ပူဇော်ခြင်းကို မခံခဲ့ပါ။ ဝေဠုဝတီ ထေရဝန္ဒနာဂါထာကိုပင် မိမိဂုဏ်ထက် လွန်သော အချက်တို့ကို ဖြတ်တောက်ပြီးမှ ခွင့်ပြုတော်မူပါသည်။

ဆရာတော်ဘုရားကြီး၏ ဂုဏ်ထူးတရပ်မှာ မည်သူ့အပေါ် မဆို မေတ္တာစေတနာ အတူတူထားနိုင်ခြင်းဖြစ်၏၊ ဥပမာ ဆိုရလျှင် ကျောင်းသို့ မဖိတ်ခေါ်ဘဲ အလှူရှိတိုင်း လာလာပြီး ထမင်းဝိုင်းတွင် ဝင်ပြီး စားလေ့ရှိသောသူကိုပင် ကြည်ဖြူ၏၊ တခါတရံ ကပ္ပိယများက စိတ်မရှည်နိုင်တော့၍ အနည်းငယ် ဆိုင်းငံ့ထားသည်ကိုပင် ဆရာတော်က "မင်းတို့ကလဲကွာ သူစား ချင်လို့ဟာဘဲ ကျွေးလိုက်ပါ" ဟု ဆို၏။။

ဆရာတော်ဘုရားကြီး၏ တူးမြှတ်သော ဂုဏ်တော်မှာ ကျောင်စောခြင်းကို မုန်းတီး၏၊ တရားဟောခြင်း၊ တရားအားထုတ်ခြင်းကလွဲ၍ အခြားအလုပ်ကို မလိုလားကြောင်း စသော ဆရာတော်ဘုရားကြီး၏ ဩဝါဒအချို့ကို အကျဉ်းချုပ် ဖော်ပြအပ်ပါသည်။

နိဒါန်း

ဤသို့ ဝေဠုဝတီ ဆရာတော်ဘုရားကြီး ဖန်တီးတည်ထောင်ခဲ့သည့် သာသနာတော်ကြီး တည်တံ့စေရန် ရဟန်း တပည့် လူတပည့်တို့က ဆက်လက်၍ ဝေဠုဝတီ ဆရာတော် ဘုရားကြီး၏ ဂုဏ်ကျေးဇူးတော်ကို လေးစားသောအားဖြင့် ဆရာတော်ဘုရားကြီး ညွှန်ကြားသွန်သင်ခဲ့သည်အတိုင်း သာသနာပြုနေကြသည်ကို ဝမ်းမြောက်ကြစေရန် တင်ပြလိုက်ရပါသည်။

ဆရာတော်ဘုရားကြီး၏ ဆုံးမ ဩဝါဒ သာသနာတော်မြတ်သည် နှစ်ပေါင်းများစွာ တည်တံ့ထွန်းလင်းစေ၍ တပည့်အဆက်ဆက်တို့ ပူဇော်စေကြခြင်းအကျိုးငှာ အမြဲမြဲ အရပ်ရပ်မှ ယောဂီများက စေတနာ ထက်သန်စွာဖြင့် အလှူငွေ ထည့်ဝင်လှူဒါန်းကြပါသဖြင့် "ဝေဠုဝတီ ဝိပဿနာ တရားတော်များ" တတို့ယတဲ့ကို ဓမ္မဒါနအဖြစ် ထုတ်ဝေခြင်းပြုအပ်ပါသည်။

ဝေဠုဝတီ ဝိပဿနာ တရားတော်များ တတို့ယတဲ့ကို ပြုစုရာတွင် လက်ရေးမူကို ပြန်၍ စီစစ်ပြီး လက်နှိပ်စက် စာရေးဖြင့် ကူညီရိုက်နှိပ်ပေးကြသော ရန်ကုန်မြို့စာပေဗိမာန်အဖွဲ့ တို့ဖက် ညွှန်ကြားရေးမှူး ဦးကျော်ခင်နှင့် ပဲခူးကူမြို့ လျှပ်စစ်ခ၀တ်အား ကော်ပိုရေးရှင်းမှ ဦးကျော်အောင်တို့အား ကျေးဇူးတင်ကြောင်း ဖော်ပြအပ်ပါသည်။

ဤသို့ ပြုစုရေးသားရာ၌ အကယ်၍ မေ့လျော့ချွတ်ယွင်း သတိကင်းသဖြင့်ရင်း၊ အာရုံထွေပြား စိတ် လွှင့်ပါးသဖြင့်ရင်း ပုဒ်ပါဠိအက္ခရာ ချော်ချွတ် ရေးသားမိသော အချက်တို့ကို တွေ့ရှိပါက ထိုအချက်များကို ကရုဏာရှေ့ထား၍ ယောနိသော

မနသီကာရဖြင့် ပြင်ဆင်ဖတ်ရှုတော်မူကြပါရန် ပတ္ထနာပြုပါ၏။ ထိုသို့ မဆိုမိကောင်း ဆိုမိကောင်း ပါရှိသောအချက်တို့သည် ဆရာတော်ဘုရားကြီးနှင့် လုံးဝမပတ်သက်ပါကြောင်း ဝန်ခံချက်ရေးသားအပ်ပါသည်။

ပထမတွဲနှင့် ဒုတိယတွဲ စာအုပ်များကို ထုတ်ဝေခြင်းပြုနိုင်အောင် ပါဝင်လှူဒါန်းကူညီသော ရန်ကုန်မြို့၊ မြောင်းမြမြို့၊ မော်ကွန်း၊ ဘိုကလေး၊ ဒေးဒရဲ၊ ပခုက္ကူ။ နန်းဦး၊ တောင်ကိုင်း အစရှိသော အနယ်နယ်အရပ်ရပ်မှ အလှူရှင် အပေါင်းတို့အား ကျေးဇူးဥပကာရ တင်ရှိကြောင်း မှတ်တမ်း တင်အပ်ပါသည်။

ဤစာအုပ်ကို ပြုစုရေးသားသော ကောင်းမှု ကုသိုလ်ကို အဘိုးအဖွား အမိ အဘ ဆရာသမား တို့မှ အစပြု၍ သတ္တဝါ အပေါင်းတို့အား အမျှ ပေးဝေပါကုန်၏။ အမျှရကြ၍ နိဗ္ဗာန်သို့ လျင်မြန်ဆောစွာ ရရပါလို၏ဟု ဆုတောင်းကြပါကုန်။

ဦးသိန်းမောင်
အငြိမ်းစား ပညာအုပ်
မြောင်းမြမြို့။

၁၃၃၉ခု ပြာသိုလပြည့်နေ့။

မာတိကာ

အကြောင်းအရာ စာမျက်နှာ

၁။ နိဒါန်း ၈
၂။ မာတိကာ ၉
၃။ ကျမ်းဦးပဏာမ ၁
၄။ ဝေဠုဝတီ ဝိပဿနာ လုပ်ဆုံးတရားတော် ၃
၅။ သတိပဋ္ဌာန်အကျိုးငါးပါးနှင့်သတိပဋ္ဌာန်
လေးပါး ၄၂
၆။ ဒုတိယ အကြိမ်မြောက် မဟာသတိပဋ္ဌာန်
တရားတော် ၈၂
၇။ တတိယအကြိမ်မြောက် မဟာသတိပဋ္ဌာန်
တရားတော် ၁၀၉
၈။ စတုတ္ထ အကြိမ်မြောက် မဟာသတိပဋ္ဌာန်
တရားတော် ၁၃၉
၉။ ပဉ္စမ အကြိမ်မြောက် မဟာ သတိပဋ္ဌာန်
တရားတော် ၁၆၅
၁၀။ ဆဋ္ဌမ အကြိမ်မြောက် မဟာ သတိပဋ္ဌာန်
တရားတော် ၁၉၃
၁၁။ သတ္တမ အကြိမ်မြောက် မဟာသတိပဋ္ဌာန်
တရားတော် ၂၁၂
၁၂။ ဆရာတော်ဘုရားကြီး၏ ဇမ္ဗူဒီပဘာဝနာ ....

ကျမ်းဦးပဏာမ

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ဝေဒုဝတိဇေရဝန္ဒနာ

သီလဝံ ဓိတိမံ ဇေရံ၊ ပညဝံ ဓမ္မမာလယိံ။
ဝေဒုဝတိ နမဿာမ၊ သာသနဿ သိရိန္ဒရံ့။

ဘန္တေ၊ ကျေးဇူးတော်သခင် အရှင်မြတ်ကြီးဘုရား(၃)
သီလဝံ၊ လေးဖြာသီလ အာစာရဌ် ပြည့်ဝလောက်လုံ
အဓိသီလဂုဏ်နှင့်လည်း ပြည့်စုံတော်မူပေထသော။ ဓိတိမံ၊ စတ္တာ
လီသ လေးဆယ်မျှသော သမထကိုကိုင် စိတ်ခတ်ပိုင်စဲ့ ယိုင်
မလဲသည့် ခိုင်မြဲလှစွာ ဥပစာသမာဓိ ရရှိဖုံဖုံ အဓိစိတ္တဂုဏ်
နှင့်လည်း ပြည့်စုံတော်မူ ပေထသော။ ပညဝံ၊ ဓမ္မရုပ်နာမ်
ပိုင်းခြားဟန်ကို ဇရညာဏ်တည့်တည့် မြင်နိုင်ဘိသဖြင့် ဒိဋ္ဌအတ္တ
ကင်းစင်ပသည့် ဉာဏလှမ်းခြေ အခဲပညာဂုဏ်နှင့်လည်း ပြည့်စုံ
တော် မူပေထသော။ ဓမ္မမာလယိံ၊ လောကခမ္မ နှစ်ဝကောင်းမှု
တရားစုံ၏ ပွားပြုပေါင်းစည်းရာလည်း ဖြစ်တော်မူပေထသော။
သာသနဿ၊ ရှင်တော်ဘုရား တည်ထားမိန့်မှာ ရောင်ဝါထိန်ဦး

သာသနာတော် မြတ်ကြီး၏။ သီရိနွဲရုံ၊ လောကုတ် လောကီ နှစ်လီအကျိုး သည်ပိုးနိုင်အောင် လက်ဝှေ့ပြောင်သည့် ကြက်သရေဆောင်လည်း ဖြစ်တော်မူပေထသော်။ ဝေဠုဝတီ မဟာဃောရံ၊ **ဝေဠုဝတီ** အမည်ထင်ရှား ထေရ်မြတ်ဘုရားကြီးကို။မယံ၊ ဃောဂီကြီးငယ် သွယ်သွယ်ရှိရောက်ကြောင်း တပည့်အပေါင်း တည်းဟူသော တပည့်တော်တို့သည်။ နမဿာမ၊ လက်အုပ်ဦးတင် အထူးရှင်လျက် ဖူးမြင်ကန်တော့ကြပါကုန်၏ အရှင်ဘုရား။

ရဲဘုန်း
မဟာဗောဓိကျောင်း
သုံးခွ၊ ကွမ်းခြံကုန်းမြို့။

မြောင်းမြမြို့ ဝေဠုဝတီ ကမ္မဋ္ဌာန်းတိုက် ကျွေးငှူးရှင် ဝေဠုဝတီဆရာတော်ဘုရားကြီးသည် ၁၃၃၀ ဖြည့်နှစ် တန်ဆောင်မုန်းလပြည့်နေ့တွင် ဘိုကလေးမြို့ သဒ္ဓမ္မဝတီ ရိပ်သာ၌ သဒ္ဓမ္မဝတီရိပ်သာ ယောဂီတပည့် အပေါင်း တို့အား ဟောကြား ဆုံးမတော်မူအပ်သော-

ဝိပဿနာလုပ်ထုံးတရားတော်

သတော၀ အဿသတိ၊

သတော၀ ပဿသတိ၊

သတော၀၊ သတိထား၍သာလျှင်။ အဿသတိ၊ ဝင်လေကို ရှိုက်၏။

သတော၀၊ သတိထား၍သာလျှင်။ ပဿသတိ၊ ထွက်လေကို ရှူး၏။

ဝင်လေကို ရှိုက်လေ၊

ထွက်လေကို ရှူးလေ၊

ဒါက သုတ္တန်အဋ္ဌကထာအလို

အဿသတိ၊ ထွက်လေကိုရှူး၏။

ပဿသတိ၊ ဝင်လေကို ရှိုက်၏။

ထွက်လေကို ရှူးလေ၊

ဝင်လေကို ရှိုက်လေ။

ဒါက ဝိနည်းအဋ္ဌကထာအလို အဲဒီလို စာအနေနဲ့ ၂မျိုး ကွဲပြားနေတာပဲ။ ဘာပြုလို့ ကွဲပြားနေသလဲဆိုရင်။

သုဘူတိအဋ္ဌကထာအလိုက ပဝတ္တိအခါ တရားဘာဝနာ အားထုတ်သောကာလဋ္ဌ။

ပဌမ ဝင်သက်လေကိုရှိုက်၍

ဒုတိယ ထွက်သက်လေကို ရှူထုတ်ရာပဲ။ အဲဒီကာလကို အကြောင်းပြု၍။

ဝင်လေကို ရှိုက်လေ၊

ထွက်လေကို ရှူလေလို့ ဆိုတယ်။

ဝိနည်းအဋ္ဌကထာအလိုက ဂဗ္ဘသေယျက ပုဂ္ဂိုလ်တို့အား အမိဝမ်းတိုက်မှ ထွက်သောအခါဋ္ဌ-

ပဌမ ထွက်လေကို ရှူ၍၊

ဒုတိယ ဝင်လေကို ရှိုက်ပဲ။

အဲဒီ မိခင်ဝမ်းတွင်းမှ ထွက်သောကာလကို အကြောင်းပြု၍။

ထွက်လေကို ရှူလေ၊

ဝင်လေကို ရှိုက်လေ ဆိုပဲ။

ဒီဘော့ မိခင်ဝမ်းတိုက်မှ ထွက်လာသော ကာလနှင့် ပဝတ္တိ တရားအားထုတ်သောကာလ ဒီကဒုလ ၂ မျိုးကို အခြေ

ပြုပြီး ကွဲပြားနေသော်လဲ ၂ နည်းလုံး သူ့နည်းနှင့် သူ အမှန်ချည်းပင် ဖြစ်ပါတယ်။

ဒါပေမဲ့ တရားအားထုတ်ရာမှာတော့ သုတ္တန်ဒေသနာတော်အတိုင်း။

ပထမ ဝင်လေကို ရှိုက်၊
ဒုတိယ ထွက်လေကို ရှူပါ။

စင်စစ်တော့ ရှူလေကို ထွက်လေလို့ဆိုတာက သတ္တဝါများ အပမ်းဖြေတဲ့လေဘဲ။ အပမ်းဖြေတော့ ပထမ ရှိုက်သွင်းလိုက်ပြီးတော့ ပြန်ထုတ်လိုက်တယ်။ ဒါကို အပမ်းဖြေတယ်လို့ခေါ်တယ်။

ဒီတော့ကာ အာနာပါနုလုပ်ထုံးမှာ သုတ္တန်နည်းအတိုင်း လုပ်ဖို့လိုတယ်, တခါ ဒီနေရာမှာ—

သမထယာနိကနည်း— ဝိပဿနာယာနိကနည်းလို့ ဒီလို ၂ မျိုးလာပြန်တယ်။ သမထယာနိကနည်းအတိုင်းဆိုရင်—

ပထမ စတုက္က
ဒုတိယ စတုက္က
တတိယ စတုက္က
စတုတ္ထ စတုက္က— အဲဒီလို ၁၆ နည်းနဲ့ သွားတယ်။

ဝိပဿနာယာနိကနည်းကျတော့ အဲဒီ ၁၆ နည်းစလုံး လုပ်ဖို့မလိုပါဘူး။ ပထမ စတုက္ကနည်းဖြစ်တဲ့ "သတောကာရီ

စတုက္က” သတိဖြစ်အောင် လုပ်ဖို့ဘဲ လိုပါတယ်။ ဒါကြောင့် သတိပဋ္ဌာန်ကျတော့ အဲဒီ ၁၉ နည်းစလုံး မဟောတော့ဘဲ ပထမ စတုက္ကဖြစ်တဲ့ သတိဖြစ်အောင်ပြုလုပ်ဖို့ရာ “သတောကာရီ စတုက္က” တခုထဲဘဲ ဟောခဲ့တယ်။

ယခု လုပ်ထုံးနဲ့ကျတော့ “သတောဝ အာသသတိ—သတောဝ ပဿသတိ” လယ်တီဆရာတော်ဘုရားကြီးလက်ဝဲနဲ့ဆိုရင် “သတိမြဲရာ ပထမာ”။

ပထမစခြေလုပ်တဲ့ ယောဂီပုဂ္ဂိုလ်သည် “သတောဝ၊ သတိထားရှိသာလျှင်။ အာသသတိ၊ ဝင်လေကို ရှိုက်၏၊ သတောဝ၊ သတိထားရှိသာလျှင်။ ပဿသတိ၊ ထုတ်လေကို ရှူး၏။

ရှိုက်ရင် ရှိုက်မှန်းသိအောင် သတိထား၊
ရှူးရင် ရှူးမှန်းသိအောင် သတိထား၊
ရှိုက်တိုင်း·ရှိုက်တိုင်း ရှူတိုင်း-ရှူးတိုင်း သတိမလစ်စေနဲ့။ သတိမြဲအောင် ထင်လာအောင် လုပ်ပါ။

အဲဒီရှိုက်လေ ရှိုက်နေရင်း ရှူးလေ ရှူးနေရင်း စိတ်က အပြင်သို့ ထွက်သွားတတ်ပါတယ်။ အဲဒီလို စိတ်အပြင်သို့ ထွက်သွားတဲ့အခါ ယောဂီပုဂ္ဂိုလ်အလိုက ဘယ်လိုဖြစ်လာတတ်သလဲဆိုရင်။

စိတ်အပြင်ထွက်တာဟာ တရားမဟုတ်ဘူး။ စိတ်ငြိမ်လာမှ တရားဖြစ်မယ်။ ခုတော့ စိတ်ကအပြင်ကိုထွက်နေတယ်။ အပြင်ကို

လွှင့်နေတယ်။ ဒါတရားမဖြစ်ဘူးလို့ အဲဒီလိုအယူမျိုး ဖြစ်လာတတ်ပါတယ်။

ဒီလို အယူအဆမျိုး ဖြစ်လာရင် ယောဂီပုဂ္ဂိုလ်ဟာ မိမိကိုယ်ကို မိမိပြန်၍ စစ်ဆေးပါ။ ဘယ်လိုစစ်ဆေးရမလဲဆိုရင်၊ ယခု အပြင်သို့ စိတ်ထွက်သွားတာဟာ။

ဝင်လေထွက်လေကို သတိထားလို့ ထွက်တာလား၊
ဝင်လေထွက်လေကို သတိမထားလို့ ထွက်တာလား၊
တနည်း တရားအားထုတ်ခါမှ ထွက်တာလား၊
တရားအားမထုတ်ဘဲနဲ့ထွက်တာလားလို့

အဲဒီလို စစ်ဆေးမေးမြန်းလိုက်တဲ့အခါကျတော့ "တရားအားထုတ်ခါမှ ထွက်တာပါ"လို့ ဆိုတာ အဖြေ ထွက်လာပါလိမ့်မယ်။ တရားအားမထုတ်ဘဲနေရင် စိတ်ဟာ သူ့ဘာသာသူ ဖြစ်ချင်ရာ ဖြစ်နေတာဘဲ။ ဒါဖြင့် စိတ် အပြင်ထွက်တာဟာ တရားအားထုတ်ခါမှ ထွက်တာဘဲလို့ ဆိုတာ ထင်ထင်ရှားရှား တွေ့ရပါလိမ့်မယ်။

အဲဒီလို တရားအားထုတ်ခါမှ ထွက်တာပါ။ လွှင့်တာပါလို့တွေ့ရင် ယောဂီပုဂ္ဂိုလ်အလိုက-

ဒီလိုထွက်နေတာ-လွှင့်နေတာကို မကြိုက်ဘူး၊

ငြိမ်နေမှ ကြိုက်မယ်လို့ အဲဒီ ကြိုက်-မကြိုက်ပါနေတယ်။ ဒီ ကြိုက်—မကြိုက် မပါရဘူး။ ကိုယ်လုပ်နေကျဘဲ လုပ်ရမယ်။

ဝင်ရင် ဝင်မှုန်းသတိထား၊
ထွက်ရင် ထွက်မှုန်းသတိထား၊

ဒါကိုဘဲ စိတ်အပြင်အထွက်ခံပြီး၊ အလှည့်ခံပြီး သတိထား လုပ်နေပါ။ ဒီလိုလုပ်နေတော့။

ဝင်တာကိုလဲ သိနေတယ်၊
ထွက်တာကိုလဲ သိနေတယ်၊
တိုးတာကိုလဲ သိနေတယ်၊
ထိတာကိုလဲ သိနေတယ်၊
လှည့်တာကိုလဲ သိနေတယ်၊

နှာခေါင်းတနေရာဆဲကနေ့ပြီးတော့ သိစရာ အမျှားကို သိနေတယ်။ အဲဒီလို သိစရာအမျှားကို သိနေတာဟာ သတိထူထောင်မှု၏ အခြေခံပါဘဲ။ ဒီအခြေခံဖြစ်တဲ့ သတိထူထောင်နေတဲ့ အခါမှာ စိတ် အပြင်မထွက်စေနဲ့။ မလှည့်စေနဲ့။

နှာခေါင်းမှာ စိတ်ကပ်ထားဆိုတော့ စိတ်ဟာ သမာဓိဘက် လဲသွားတတ်တယ်။ "သတိပဋ္ဌာန်အလိုက သတိမြဲအောင် လုပ်ပါ" သတိဆိုတာ "အာရုံအမျှားနဲ့ ဆက်ဆံတယ်။ ဘာဖြစ်လာလာ သတိသာမလစ်စေနဲ့လို့ ဆိုလိုတယ်။ဝေဒနာဖြစ်လာလဲ ဝေဒနာကိုသိ၊သတိထူထောင်ရာမှာအာရုံမျှားမျှားသိနိုင်လေလေ သတိအား ကောင်းလေလေ ဖြစ်တယ်။ ဟိုလိုဖြစ်တာကို မသိနဲ့၊

ဝင်လေထွက်လေကိုသာသိ။ အဲဒီလိုလုပ်နေကြတာဟာ မှားနေကြတယ်။

ဒီတော့ စိတ် အပြင်ထွက်ချင်ထွက် မထွက်ချင်နေ၊ လွှင့်ချင်လွှင့် မလွှင့်ချင်နေ၊ ထွက်လို့ လွှင့်လို့ ရှိရင်လဲ အဲဒီ ထွက်တဲ့ စိတ် လွှင့်တဲ့ စိတ်ကို ပြန်ပြီးတော့ သိမ်းမနေနဲ့၊ ကိုယ်လုပ်နေကျ ကိုသာလုပ်နေ၊ သတိထားနေပါ။ အဲဒီလို ကိုယ်လုပ်နေကျ အတိုင်း ဝင်လေထွက်လေကို သတိထားနေပေမဲ့ လွှင့်ကာကိုလဲ သိနေရတာပါဘဲ။ ဒီတော့ စိတ်အပြင်ထွက်ရင် လွှင့်နေရင် အလွတ် ခံပြီး အလွှင့်ခံပြီး လုပ်ပါ။

လွှင့်စရာရှိရဲ့သားနဲ့ မလွှင့်ရရင် ဒီယောဂီ သန္တာန်မှာ လွှင့်စရာဖြစ်တဲ့ ဓာတ်ဆိုးဓာတ်ဝါး ကိလေသာတွေဟာ ကိန်းနေတယ်။ ဒီလိုကိန်းနေရင် "သဒ္ဓါ ဝိရိယ ခန္ဓိ သတိ ပညာ" ဆိုတဲ့ တိုးတက်ရမည့် ဒီတရားတွေဟာ မတိုးတက်တော့ဘူး။ သို့ပေမဲ့ သတိအခြေမခံဘဲနဲ့ တိုးတက်စရာရှိရင်လဲ တိုးတက်တတ်ပါသေးတယ်။ သို့သော် သတိအခြေခံရင်ဖြင့် ဒီ လိုရင်း အကျိုးတရား "သဒ္ဓါ ဝိရိယ ခန္ဓိ သတိ ပညာ" တို့ဟာ ခိုင်မြဲနေတယ်လို့ ဒီလိုတော့ မဆိုနိုင်ဘူး။

တရားလုပ်တယ်ဆိုတာ ဒီ အကျိုးတရားကိုရအောင်လို့ လုပ်တာ။ ဒီတော့ ငါတရားလုပ်တယ် တရားလုပ်တော့။

ငါ့စိတ်ကြည်လင်မှု သဒ္ဓါဖြစ်ရဲ့လား။
ငါ့စိတ်ဟာ အားထုတ်မှုဝီရိယ ကောင်းရဲ့လား။

ငါ့စိတ်ဟာ အဲရာရာမှာ သည်းခံမှုခန္တီ ရှိရဲ့လား။
ငါ့စိတ်ဟာ အာရုံတိုင်းမှာ သတိပါရဲ့လား။

ငါ့စိတ်ဟာ အသိဉာဏ်ပညာပွင့်လင်းလာရဲ့လားလို့ အဲဒီး လိုမေးကြည့်၊ဒီ ငါးပါး ခိုင်ခိုင်မြဲမြဲ ဖြစ်မလာသေးရင် တရား လုပ်နေရတဲ့ အတွက် အကျိုးတရား မပေါသေးဘူး။ အဲ- ခိုင်ခိုင် မြဲမြဲ ပေါ်လာရင် တရားအားထုတ်မှု၏ အကျိုးတရား ရပြီလို့ မှတ်ပါ။

ဒီတော့ တရားလုပ်တဲ့အခါ သည်းခံပြီး အားထုတ်ပါ။ လှုံ့စရာရှိတာ လှုံ့ပါစေ၊ ချုပ်တီးမထားပါနှင့်။ သိမ်းဆဲည်း မထားပါနှင့်၊ စင်စစ်မှာတော့ အဲဒီ လှုံ့တဲ့ စိတ်ဟာလဲဘဲ "ဝိတ်ဝေဒနာ" တမျိုးဘဲ။ ရင်ထဲမှာ လှုံ့စရာရှိနေသေးလို့ လှုံ့နေတာ၊ လှုံ့ရင် စဉ်းစားကြည့်ပါ။

ရှဲ့လှမ်းပြီး လှုံ့တာလား။

နောက်က ပြီးခဲ့ပြီးတာတော့ လှုံ့တာလားလို့ အဲဒီလို စဉ်းစားကြည့်ရင် နောက်က ပြီးခဲ့ပြီးသား အဟောင်းတွေ့ လှုံ့တာဆိုတာ အဖြထွက်လာလိမ့်မယ်။ အဲဒီအဖြကို ထောက် သဖြင့် ရင်ထဲနှလုံးထဲမှာရှိပြီးသားတွေ့ ထုတ်တာဘဲဆိုတာ သိရ မယ်။

ဒီလိုမှမထုတ်ရင် ရင်ထဲမှာရှိတဲ့ ကိလေသာ ဓာတ်ဆိုး ဓာတ်ဝါးတွေ့ဟာ စင်ကိုမစင်ကြယ်နိုင်ဘူး။ ဒီတော့ တရားလုပ် တယ်ဆိုတာ ရှေးဦးစွာ ရင်ထဲမှာရှိနေတဲ့ ဓာတ်ဆိုး ဓာတ်ဝါး ကိလေသာတွေ့ကို ထုတ်ပစ်ရသေးတယ်။ အဲဒီ ဓာတ်ဆိုးဓာတ်ဝါး

စင်ကြယ်လေ ခုနကပြောခဲ့တဲ့ အကျိုးတရားတွေဟာ ခိုင်မြဲတည်တံ့လေဘဲ။

စင်စစ်မှာတော့ ခန္ဓာကိုယ်က နာကျင်ကိုက်ခဲမှု စတဲ့ဝေဒနာဖြစ်ပေါ်တာလဲ ဒီဓာတ်ဆိုး ဓာတ်ဝါး ကိလေသာကြောင့် ဖြစ်ဘာဘဲ။ စိတ်အပြင်ထွက်သွားတယ် လွှင့်သွားတယ်ဆိုတဲ့ "စိတ်ဝေဒနာ" ဖြစ်ပေါ်တာလဲ ဒီဓာတ်ဆိုး ဓာတ်ဝါး ကိုလေသာကြောင့် ဖြစ်တာဘဲ။

ဒါဖြင့် ဒီက ဝင်လေထွက်လေကို သတိထားပြီး၊ သိနေတဲ့ ယောဂီပုဂ္ဂိုလ်ဟာ ဝင်လေ ထွက်လေကိုလဲ သိတာဘဲ။ နာကျင်ကိုက်ခဲမှု စသည်ကိုလဲ သိတာဘဲ။ လွှင့်နေတဲ့စိတ်ကိုလဲ သိတာဘဲ။ အဲဒီလိုသိတာကို သတိအားကောင်းလို့ သိတာလို့ ခေါ်တယ်။ ဒီ သတိအားကောင်းလို့ သိတဲ့လမ်းက ဘယ်တော့မှ လမ်းမချော်ဘူး။

"စိတ်မလွှင့်အောင် လုပ်တဲ့နည်းက" စိတ်တော့ငြိမ်ပါရဲ့၊ သမာဓိတော့ အားကောင်းပါရဲ့၊ သို့ပေမဲ့ သတိကို သမာဓိက ဖုံးသွားတော့ သတိအားက သေးသေးလာပြီး ငိုင်တိုင်တိုင် ငေးတေးတေး တယောက်တည်းနေချင်သလိုလို သံဝေဂဖြစ်သယောင်ယောင် အဲဒီလို ဖြစ်လာတတ်တယ်။

"ပြင်းပြင်း ထန်ထန် အားထုတ်တဲ့နည်း" က အလွန်အမင်း အားထုတ်ရင် ဝီရိယအားတော့ တက်လာပါရဲ့၊ သို့ပေမဲ့ သတိကို ဝီရိယက ဖုံးသွားပြန်တော့ သတိက အားသေးသေးလာပြီး၊ အဲဒီယောဂီပုဂ္ဂိုလ်ဟာ ဂွင်နွေ့မရဘူး၊ စိတ်ကြွ လှုကြွကြွနေတတ်တယ်။

ဒီတော့ သတိအခြေခံတဲ့ ဖြစ်ပေါ်လာတဲ့ သမာဓိ ဝိရိယတို့ဟာ လမ်းမမှန်ဘူး။ ဘာပြုလို့လဲဆိုရင် သမာဓိနဲ့ ဝိရိယဆိုတာ ကုသိုလ်အကုသိုလ် ၂ မျိုးလုံးနဲ့ ဆက်ဆံပြီး နေလို့ ဖြစ်တယ်။

သတိအခြေခံပြီး ဖြစ်ပေါ်လာတဲ့ သမာဓိ ဝိရိယတို့ကျတော့ ဘယ်တော့မှ လမ်းမမှားတော့ဘူး။ ဘာပြုလို့လဲဆိုရင် သတိဆိုတာ အကုသိုလ်နဲ့ မဆက်ဆံဘူး။ ဘယ်သတိ ဖြစ်ဖြစ် ကုသိုလ်ချည်းဘဲ။ သို့သော် ဒိဋ္ဌိရဲ့ အိမ်ယာ၊ တိုက်တာ၊ သားသမီး ဇနီး စတဲ့ လောကစီးပွားရေး ကြီးပွားရေးတွေကို အမှတ်ရနေမှုဟာ "သတိ"လို့ အမည်ရနေသော်လည်း စင်စစ်က သမ္မာသတိ မဟုတ်ဘူး။ တရားအားထုတ်တဲ့ သမ္မာသတိ၏ ဆန့်ကျင်ဖက်ဖြစ်သော မိစ္ဆာသတိသာ ဖြစ်တယ်။ အဲဒီ မိစ္ဆာသတိက အကုသိုလ်။ ယခု တရားအားထုတ်တဲ့သတိက ကုသိုလ်လို့ ဒီလိုလဲကွဲပြားအောင် သိဘို့လိုတယ်။

ဒါကြောင့် မြတ်စွာဘုရားက ဇာရုံးနဲ့ပတ်သက်လာရင် ကုသိုလ်ဖြစ်တဲ့သတိ အခြေခံဘို့ရာ "သတိပဋ္ဌာန်"ကိုဘဲ အဓိကထားပြီး ဟောထားတော်မူခဲ့တယ်။

ဒီတော့ ဖြစ်ပေါ်လာတဲ့သမာဓိ-ဝိရိယဘို့ လမ်းချော်မသွားအောင် "သတိပဋ္ဌာန်" ဒေသနာတော်အတိုင်း သတိအခြေခံမိဘို့ လွန်စွာပင် အရေးကြီးပါတယ်။

ဝိရိယခြေ၊ သီလမြေထက်၊ သဒ္ဓါလက်ဖြင့်၊ ကမ္မက္ခယိန်၊ ဉာဏ်ပုဆိန်ကို၊ ရွယ်ချိန်မိုးလျက်၊ ချိုးဖျက်တော်မူလေပြီ" ဆိုတဲ့

အရဟံဂုဏ်တော်မှာ ဝိရိယတည်းဟူသော ခြေသည် သီလတည်း ဟူသော မြေပေါ်မှာ ထောက်ရမယ်လို့ ဒီလိုဆိုထားတော့ သီလတည်းဟူသောမြဟာ ပျော့နေလို့ရှိရင် ဝိရိယ တည်းဟူသော ခြေဟာ ထောက်လို့မမြဲဘူး။ ဥပမာ ရှုံ့ပွက်ထဲ လတာထဲမှာ တိုင်စိုက်ရသလို ယိုင်လှုပ်နေမှာဘဲ။ မမြဲဘူး။ အဲဒီဥပမာ အတိုင်းဘဲ။

ဒီတော့ ထိုထို ဓာတ်ဆိုးဓာတ်ဝါး ကိလေသာကဲတွေကို ပယ်သတ်ဖို့ဟာ အရင်းခံဖြစ်တဲ့တရားကို အားထုတ်တဲ့အခါ ဝိရိယ တည်းဟူသော ခြေဟာ မြေမာပေါ်မှာ တိုင်စိုက်သလို ခိုင်ခိုင်မြဲမြဲ ဖြစ်လာအောင် မြေနှင့်တူတဲ့ သီလဟာ မာဘို့ အရေးကြီးတယ်။ စင်စစ် သီလတည်းဟူသော မြေဆိုတာ သတိ အထမြောက်လာဘို့ ဖြစ်ပေါ်လာတဲ့ သဒ္ဓါ ဝိရိယ ခန္ဓိ သတိ ပညာ ဆိုတဲ့ အကျိုးတရား ငါးပါးထဲက -

ဝိရိယက ဝိရိယသံဝရသီလ၊
ခန္ဓိက ခန္ဓိသံဝရသီလ၊
သတိက သတိသံဝရသီလ၊
ပညာက ပညာသံဝရသီလ၊

အဲဒီ သံဝရသီလတွေ ပြည့်စုံလာမှုကို ဆိုလိုတာပါဘဲ။

အဲဒီ သံဝရသီလတွေ ကြပ်ကြပ်ခိုင်မြဲလာရင် ထောက်စရာ တည်းဟူသော သီလမြေက ခိုင်မာလာတော့ ဝိရိယ တည်းဟူသော ခြေဆောက်ဟာ တည့်မတ်ခိုင်မြဲစွာဘဲ ထောက်နိုင်လာပါတယ်။

ဒီအခါမျိုးမှာ သတိအခြေခံကင်းမဲ့သည့် ဝိရိယ လွန်မှုကြောင့် ဖြစ်ပေါ်လာတဲ့ လူရောစိတ်ရောကြွနေမှု ကွန်ဇွန်မရမှုတို့ဟာလဲ ဖပေါ်လာတော့ဘူး။ ပြီးတော့ သမာဓိလွန်မှုကြောင့် ဖြစ်ပေါ်လာတဲ့ ငေးတေးတေး ငိုင်တိုင်တိုင် မှိုင်တိုင်တိုင် သံဝေဂ ယောင်ယောင်တို့ဟာလဲ မပေါ်လာတော့ဘူး။

ဒီတော့ "သတိမြဲရာပထမာ" ဆိုတဲ့ အတိုင်း အခြေခံဖြစ်တဲ့ သတိ ယောဂိပုဂ္ဂိုလ်သန္တာန်မှာ ခိုင်မြဲနေရင် အပြင် ဗဟိဒ္ဓတွေနှင့် ဆိုင်ရာဖြစ်တဲ့ ထိုထိုအရာဝတ္ထုတွေကို ကိုင်ရင်လဲ ကိုင်မှန်းသိလာတယ်။ လက်လှုပ်မှု၊ ခြေလှုပ်မှု စသည်တို့ကိုလဲ အလိုလို သိလာတယ်။

အဲဒီ အပြင်နှင့်ဆိုင်ရာတွေကိုလဲ အလိုလိုသိလာသည့် အဆင့်သို့ရောက်လာရင် ဒီယောဂိပုဂ္ဂိုလ်မှာ သတိအထမြောက်လာပြီလို့ ဆိုရပါတယ်။ အပြင်နှင့်ဆိုင်ရာ ပြောမှု၊ ဆိုမှု လုပ်မှု ကိုင်မှု၊ သွားမှု လာမှု၊ စားမှု သောက်မှု၊ အိပ်မှု လျောင်းမှု စတဲ့ ထိုထိုအမှုတွေမှာ သတိအချင်းခပ်သိမ်း အလိုလိုလိုက်မလာသေး၊ သိမလာသေးရင် ဒီယောဂိပုဂ္ဂိုလ်၏သန္တာန်မှာ သတိထူထောင်မှု အထမြောက်မလာသေးဘူးလို့ ဆိုရပါတယ်။ ဆိုလိုရင်းကား— "အတွင်းသတိ မြဲရုံးမှန်ရင် အပြင်သတိလဲ မြဲပါတယ်။ အပြင်သတိ မပါခဲသးရင် အတွင်းသတိမြဲတာ မမှန်သေး၊ အထမမြောက်သေးလို့ ဖြစ်ပါတယ်"။

အထူး သတိထားဘို့ရာက သတိက အာရုံအများနှင့် ဆက်ဆံတယ်။

သမာဓိက အာရုံတခုနှင့်သာ ဆက်ဆံတယ်ဆိုတာကိုလဲ အထူးသတိပြုပါ။

ဒီတော့ အဲဒီလောက် သတိမြဲလာပြီ၊ အပြင့်သိတွေ့ပါ အလိုလိုလိုက်လာပြီဆိုဘဲ့ အဆင့်အဘန်းသို့ရောက်နေတဲ့ ယောဂီ ပုဂ္ဂိုလ်ဟာ-

"သတိမြဲရာ၊ ပထမာ ဒု-မှာရှည်တိုသိ" လို့ လက်ံာ အလိုက ဒီလိုဆိုထားတော့ သတိမြဲလာပြီ။

ဒီဃံဝါအာသ သန္တော ဒီဃံ အာသာသာမီတိ ပဇာနာတိ။
ဒီဃံဝါ ပဿသန္တော ဒီဃံ ပဿာသာမီတိ ပဇာနာတိ။
ရဿံဝါအာသသန္တော ရဿံ အာသာသာမီတိ ပဇာနာတိ။
ရဿံဝါ ပဿသန္တော ရဿံ ပဿာသာမီတိ ပဇာနာတိ။

လို့ ဟောတော်မူသည့်အတိုင်း တခါထပ်ပြီး အရှည်အတိုကို သိအောင် လုပ်ရအုံးမယ်လို့ ဒီလို သဘောပေါက်နေကြတယ်။ အမှန်က လုပ်ထုံးအနေကျတော့ ဒီလိုမလုပ်ရတော့ပါဘူး။ နှာသီးဝမှာ သတိကပ်လာရင် တိုမှန်းရှည်မှန်းကို အထူး သတိထားမနေရတော့ဘူး။ အလိုလို သိလာပြီးသား ဖြစ်တယ်။ သတိဖြစ်ပေါ်လာအောင် ထင်လာအောင် ထူထောင်စဉ်အခါက-

သတော၀ အာသာသတိ၊
သတော၀ ပဿာသတိ၊

ဝင်မှန်း ထွက်မှန်းသိအောင် သတိထားရုံဘဲထားလို့ အဲဒီလိုဟောထားတယ်၊ အရှည်အတိုကိုသိဘို့ရာ ဟောတော်မူတဲ့ အခါကျတော့ "ပဇာနာတိ" ဆိုတဲ့ ကြိယာပါလာတယ်။

ပဇာနာတိဆိုတဲ့ကြိယာအရကို ဗမာလိုပြန်တော့ "ထင်ရှားသတိညာဏ်ဖြင့်သိ၏" လို့ အဲဒီလိုပြန်ရတယ်။ ဒီတော့ အရှည်အတိုကို သိတာဟာ သာမညသိမဟုတ်တော့ဘူး။ သတိထင်ရှားလာလို့ ညာဏ်နဲ့သိလာတာ ညာဏ်ပါလာပြီလို့ အဲဒီလိုဆိုလိုပါတယ်။ ဒါဖြင့် ရှေ့တဆင့်တက်လိုက်တော့။

"လုံးစုံလင်းရာ၊ တ-ဥ်သာ" ဆိုတဲ့ တတိယနည်းကျတော့ "သဗ္ဗ ကာယပ္ပဋိ သံဝေဒီ အဿသိဿာမီတိသိက္ခတိ" "သဗ္ဗ ကာယပ္ပဋိ သံဝေဒီ ပဿသိဿာမီတိ သိက္ခတိ" ဟု ဟောတော်မူသည့်အတိုင်း;

ဝင်လေ၏အစကား နှာသီးဖျား
အလယ်ကား ရင်ချိုင့်၊
အဆုံးကား ချက်တိုင်၊
ထွက်လေ၏အစကား ချက်တိုင်။
အလယ်ကား ရင်ချိုင့်၊
အဆုံးကား နှာသီးဖျား။

ပါဠိတော်ကို အဋ္ဌကထာက အဲဒီလိုဘဲ ဖွင့်တာဘဲ။ ဒီကျတော့ စာအလိုက "သိက္ခတိ" လေ့ကျင့်ပါ။ အစက အဆုံးတိုင်အောင်သိဘို့ရာ လေ့ကျင့်ပေးပါလို့ ဒီလို ဆိုထားသော်လဲ အမှန်က ပုဂ္ဂလဗျာပါရစိုက်ထုတ်ပြီး လေ့ကျင့်ပေးရမယ်လို့ မဆိုလိုပါဘူး၊ နောက်တခါ—

"စ–မှာ ငြိမ်းလေဘိ" ဆိုတဲ့ စတုတ္ထနည်း ကျပြန်တော့လဲ ပဿမ္ဘယံ ကာယသင်္ခါရံ အဿသိဿာမီတိ သိက္ခတိ၊ ပဿမ္ဘယံ ကာယသင်္ခါရံ ပဿသိဿာမီတိ သိက္ခတိ။

ကာယသင်္ခါရံ၊ အရှိုက်အရှူးပြင်း၍ ရုန့်ရင်း သောကာယသင်္ခါရကို၊ ပဿမ္ဘယံ၊ ပဿမ္ဘယန္တော၊ သာယာဖြည်းညှင်း ရှူးရှိုက်ခြင်းဖြင့် ငြိမ်းစေလျက်၊ အဿသိဿာမိ၊ ထုက်သက်ကို ဖြစ်စေ၏၊ ပဿသိဿာမိ၊ ဝင်သက်ကိုဖြစ်စေ၏။

ဒီစတုတ္ထနည်းကျပြန်တော့လဲ စာအလိုက ပြင်းနေတဲ့ အရှိုက်အရှူးကိုပျော့သွားအောင် ပဋိလဗ္ဘာပါရအနေနဲ့အားစိုက်ပြီးလေ့ကျင့်ပေးရမယ်လို့ ဆိုထားသော်လဲ အမှန်က ဒီတတိယနည်း စတုတ္ထနည်းတို့မှာ ပဋိလဗ္ဘာပါရအနေနဲ့ အားစိုက်ပြီးလုပ်မနေရတော့ပါဘူး၊ ငါ ဒီလိုသိတော့မယ်လို့ အဲဒီ နှလုံးသွင်းကလေးဘဲလိုပါတော့တယ်။ ဘာပြုလို့၊ ပထမနည်းအဘိုင်းသတိကို ထမြောက် အောင်မြင်အောင် ထူထောင်မိပြီ၊ ဒုတိယနည်းမှာ ထပ်ပြီးဉာဏ်ပါအလိုလိုပါလာပြီးသည့်နောက် ကျန်တဲ့ တတိယ စတုတ္ထအလိုတို့မှာ အလိုလို နှလုံးသွင်းကာမျှနှင့်ပင် သိပြီးသားဖြစ်လာပါတယ်။ အဲဒါ "သတိပဋ္ဌာန်ပါဠိတော်" မှာလာတဲ့ အာနာပါနအဆုံးဘဲ၊ ဒီလေးခုဘဲရှိတယ်။ ဒီလေးခုထဲကလဲ ပဌမနည်းတခုသာ အခိုကထားပြီး သတိ အထမြောက်အောင်သာလုပ်ပါ။ ဒီဝင်မှုထွက်မှုမှာ သတိမြဲလာပြီဆိုရင် ကျန်တဲ့သုံးခုနှင့်တကွ အပြင်နှင့်ဆိုင်တဲ့ သမ္ဗဇာနပဗ္ဗပါအလိုလို သိပြီးသား ဖြစ်တယ်။ ဒီတော့ စာအလိုကသာ တခုပြီးမှတခုလုပ်ရတော့မလိုလို ရှည်နေဘာပါ၊ လုပ်ဆုံးအနေနဲ့ ပြောရရင်း

သတော့ဝ အာဿသတိ၊ သတော၀ ပဿသတိ....လို့ ဆို တဲ့ ဒီပထမနည်းတခုကို သတိအဆမြောက်လာအောင် လုပ်ရင်း ကျန်တဲ့ အတွင်းအပြင်သိရမည့် အမှုကိစ္စတွေဟာအလိုလို "ကျဲ ကူးရေပါ" ဆိုသလို သိပြီးသားဖြစ်လာပါတယ်။ အာနာပါန ကနေပြီး သတိကိုထူထောင်တော့ ယခု ပြောခဲ့ပြီးသည့်အတိုင်း ထူထောင်ရပါဘယ်။

ဒီအာနာပါန သတိအထမြောက်လာလို့ သတိအား ကောင်းလာတဲ့ ယောဂီပုဂ္ဂိုလ်မှာ လမ်းမမှားနိုင်တော့ဘဲ သ မာဓိ ဝိရိယဘို့ဟာလဲ တပါဘည်း လိုက်လာပါတယ်၊ ဘာပြုလို့ ဒီသမာဓိနှင့် ဝိရိယဘို့ဟာ လမ်းမမှားနိုင်တော့သလဲ ဆို ရင် "သီလ ပဆဒိယံ ဌတ္ဝာ" ဆိုတဲ့အတိုင်း သတိကုသိုလ် အရင်းခံပြီး ဖြစ်ပေါ်လာတဲ့ သီလတည်းဟူသော မြေပေါ်မှာ တည်ရလို့ပင်ဖြစ်ပါတယ်။ ထိုသီလအခြေခံဖြစ်တဲ့ သတိကုသိုလ် ဟာ အာသမြောက် အောင်မြင်လာပြီဆိုရင် ယောဂီပုဂ္ဂိုလ်တို့ ဆိုင်ရာ သိက္ခာပုဒ်တို့ဟာလဲ ပုဂ္ဂိုလ်သတ္တဝါအလိုနှင့် မစောင့် ရှောက်ရတော့ဘဲ သူ့အလိုလိုပင် လုံခြုံပြီးသား စောင့်ရှောက် ပြီးသားဖြစ်လာပါတယ်။ အဲဒီလို သီလဟာအလိုလိုလုံခြုံပြီးလာ တော့မှ ထိုသီလတည်းဟူသော မြေပေါ်မှာ သမာဓိနှင့် ဝိရိယ တို့ဟာ အကုသိုလ်ဖက်သို့ လုံး၀ မယိမ်းယိုင်တော့ဘဲ မှန်မှန်ကန် ကန် တည်နေပါတော့တယ်။

တခါ အာနာပါနကို သတိထားနေရင်း ခန္ဓာကိုယ် တနေရာရာကဖြစ်တဲ့ ခေါင်း၊ ကိုယ်၊ ခြေ၊ လက်၊ ဒူး၊ ပေါင် စတဲ့ နေရာတွေက နာကျင်ကိုက်ခဲမှုဝေဒနာ ပေါ်လာတဲ့အခါမှာ

အာနာပါန ရှုဖြစ်သေးရင် အသာနေပါ၊ ရှုလို့ကိုမဖြစ်လောက်အောင် ဝေဒနာက ပြင်းထန်လာပြီဆိုရင်၊ အာနာပါနထက် ဝေဒနာက ထင်ရှားလာပြီဆိုရင်၊ စိတ်ဟာ အာနာပါနအပေါ်မှာ မကပ်တော့ဘဲ သူ့အလိုလို ဝေဒနာပေါ်သို့ ကပ်ပါတော့တယ်။

အဲဒီလို ကပ်လာတဲ့အခါ ဝေဒနာပေါ်မှာ စိတ်ထားပြီးတော့သိ၊ သိ၊ သိ၊ သိ၊ သိ၊ သိ၊ သိ၊ နဲ့ သိကို အဆက်မပြတ် တလစပ် အသံထွက်လာအောင် လျှာလည်လာသည်အထိ သိလိုက်ပေးပါ။ အဲဒီလို သိကိုအသံထွက်အောင် လိုက်သည့်အခါ ဝေဒနာဟာ-

သက်သာလာပြီး ခံနိုင်လာတာလဲရှိတယ်၊ ပြင်းထန်လာပြီး မခံနိုင်တာလဲရှိတယ်၊ အကယ်၍ ပြင်းထန်လာလို့ ဝေဒနာကို မခံနိုင်တော့ဘူးဆိုရင် ဒီတခါမှာနည်းနှစ်မျိုးရှိတယ်။

၁။ အာနာပါနနဲ့ ဝေဒနာကိုခံနည်း။

၂။ သိ၊ အသံထွက်အောင်လုပ်ပြီး ဝေဒနာကိုခံနည်း

အဲဒီလို နှစ်မျိုးရှိသည့်အနက်က (၁)အာနာပါနနဲ့ ဝေဒနာကို ခံနည်းဆိုတာ ပေါ်လာဆဲဖြစ်တဲ့ ဝေဒနာပေါ်မှာ စိတ်ထားပြီး အာနာပါနကို ရှုပေးပါ၊ အဲဒီလိုရှုပေးရင် ဝေဒနာဟာ ခံနိုင်လာတတ်ပါတယ်။ သက်သာ လာတတ်ပါတယ်၊ သို့ပေမဲ့ ဒီနည်းက ဝေဒနာကို ခံနိုင်အောင်လို့ သာလုပ်ရတာပါ၊ အကျိုးမမျှားပါဘူး။

နောက် (၂) နံပါတ်နည်းဖြစ်တဲ့ သိကိုအသံထွက်အောင် လျှာသူ့အလိုလို လည်လာသည့်အဆင့်သို့ ရောက်ဘည့်အထိ

ဝေဒနာခံတဲ့ နည်းကမ္မ အကျိုးများပါတယ်။ အဲဒီနောက်နည်းနဲ့ ဝေဒနာကို သိဆုတ်ပြီး အသံဆက်အောင် လိုက်ဘဲ့နည်းနဲ့ ခံပုံမှာ-

"မခံနိုင်ဘဲ့စိတ်" ကို ဝေဒနာ တခုထဲအပေါ်မှာမထားဘဲ သိအသံဆက်အောင် လိုက်နေဆဲအခါမှာ ဖြစ်ပေါ်နေတဲ့ လျှာထိပ်ဆိမှုနှင့် ဝေဒနာပေါ်ကို တဝက်စီထားပြီး သိဆုတ်လိုက်ရင် ခံနိုင်လာပါတယ်၊ အမှန်က ဒီ "မခံနိုင်တဲ့စိတ်" ကို တဝက်စီထားမှုမှာလဲဘဲ ပဂ္ဂိုလ်အလိုနဲ့ ထားရတာ မဟုတ်ပါဘူး၊ သူ့အလိုလိုပင် သိဆုတ်လိုက်လို့ရှိရင် ထားပြီးသားပင် ဖြစ်ပါတယ်။

ဘယ်လိုလဲဆိုရင် ပြင်းထန်တဲ့ဝေဒနာကို သိအသံဆက်အောင်လိုက်နေတဲ့ ယောဂီပဂ္ဂိုလ်သည် ဝေဒနာပေါ်သို့ စိတ်ရောက်လိုက်၊ သိလိုက်နေသည့် လျှာပေါ်သို့ စိတ်ရောက်လိုက်၊ အဲဒီလို သူ့အလိုလို ရောက်နေပြီးဖြစ်ပါလိမ့်မယ်။

သို့သော် ဒီအခါမျိုးမှာ ယောဂီပဂ္ဂိုလ် (သို)အသံဆက်လာအောင် အားထုတ်၍ လိုက်နေမှု၊ ဝိရိယ၏ဆန့်ကျင်ဖက်ဖြစ်သော ကောသဇ္ဇ ကိလေသာ၏ ဖြားယောင်းမှုကို မသိမသာသော်ငင်း၊ ထင်ထင်ရှားရှားသော်ငင်း ခံရတတ်ပါတယ်၊ ဖြားယောင်းပုံမှာ ယခုလို သိဆုတ်ပြီး လိုက်နေသည့်အခါ ဝေဒနာ၏ သဘောသက်သက် ကလေးကို မမိဘဲ၊ ဟိုရောက် ဒီရောက် (လျှာနှင့် ဝေဒနာပေါ်သို့) ဖြစ်နေတယ်။ ဒီဘဲ့ သဘောသက်သက် ကလေးမိအောင် သိဆုတ်မလိုက်ဘဲ၊ စိတ်နှင့်ကပ်ထား

မှု ဖြစ်မယ်လို့ အဲဒီလို သိထုတ်၍ လိုက်ရမှာ ပျင်းမှုခေါ်တဲ့ ကေးသင့် ကိုလေသာဟာ ဖြားယောင်းတတ်ပါတယ်။

အဲဒီလိုဝင်လာပြီး ဖြားယောင်းတဲ့အခါ ထိုကောသင့်ကို သာကို အားထုတ်မှုဇဲ့၊ လုံလ ဝိရိယဖြင့် သိ အသံထွက်အောင် လိုက်ပြီး တွန်းလှန်ပစ်ပါ။ အမှန်က ဝေဒနာလိုက်တဲ့အခါ လို ရင်းဖြစ်တဲ့ သိ ကိုအသံထွက်အောင် လိုက်ဖို့ ဦးစွာပထမ အများ ကြီးလိုပါတယ်။ ဒီလိုသိလိုက်လို့ သိသိဟာ ဝေဒနာပေါ် ရောက် ချင်ရောက် မရောက်ချင်နေပါစေဦး ပထမ လျှာလည်ဘို့ဘဲ အ ရေးကြီးပါတယ်။ ပဂ္ဂလဗျာပါရ ပုဂ္ဂိုလ်အနေနဲ့ အားစိုက်ပြီး သိလိုက်နေတဲ့အခါမျိုးမှာ အဲဒီလိုလျှာနှင့် ဝေဒနာပေါ်သို့ တ ဝက်စီ စိတ်ရောက်နေမှုလဲ ဝေဒနာဒဏ်ကိုခံနိုင်ပါတယ်။

ပုဂ္ဂိုလ်အနေနဲ့ သိဟာမလိုက်ရတော့ဘူး၊ လျှာဟာ သူ့ အလိုလိုလည်လာပြီး သိလိုက်လာတဲ့အဆင့်သို့ ရောက်တဲ့အခါ ထို သိသိသိသိ ကပေးပို့လိုက်သော စိတ်ဟာ ဝေဒနာပေါ်သို့ သာ ကပ်နေပါတော့တယ်။

အဲဒီလိုပုဂ္ဂိုလ်အနေနဲ့ မလုပ်ရတော့ဘဲ၊ သိသိက ပေးပို့ လိုက်သော စိတ်ဟာ ဝေဒနာပေါ်သို့ ကပ်နေတဲ့ အခါမှာ မခံနိုင်မှုဟာ လုံးဝမရှိတော့ပါဘူး။ ဘာပြုလို့လဲဆိုရင် လျှာ သူ့ အလိုလိုလည်လာပြီး၊ သိသိ ကိုအားထုတ်လာသည့် ဝိရိယ နောက် မှာ သည်းခံမှု ခန္တီပါလာလို့ ဖြစ်ပါတယ်။ ဒီတော့ သိသိကလဲ ပုဂ္ဂိုလ်ဗျာပါရကင်းတဲ့ ဝိရိယကြောင့် သူ့အလိုလိုဖြစ်တာ၊ ခန္တီ

သည်းခံမှုကလဲ တပါတည်း ပါလာပြန်တော့ ဝေဒနာပြင်းထန်ပေမဲ့ ထိုဝေဒနာဒဏ်ကို ခံနိုင်ပါတော့တယ်။ ဒီလိုဝေဒနာဒဏ် ခံနိုင်တော့ ဒီဝေဒနာဒဏ်ခံမှုမှာ ပုဂ္ဂိုလ်အနေနဲ့ ခံမှုမဟုတ်တော့ဘဲ၊ သတိဝိရိယခန္ဓာတို့အနေနဲ့ ခံမှုဖြစ်ပါတော့တယ်။

အမှန်က ဝိရိယဖြင့်လာရင် သည်းခံမှု ခန္ဓာဆိုတာ အလိုလိုပါမြဲပင် ဖြစ်ပါတယ်။ ဥပမာ လောကီစီးပွားရေးကို ရှာကြံနေတဲ့ပုဂ္ဂိုလ်ဟာ ထိုစီးပွားရေးကို မရရအောင် ရှာမယ်ဟဲ့လို့ စိတ်အားထက်သန်မှု ဇီဝိယအားကောင်းနေခိုက်မှာ စီးပွားရေးနှင့်ပတ်သက်လို့ ဘယ်လိုအကောက်အခဲမျိုးနှင့် ရင်ဆိုင်ရ-ရင်ဆိုင်ရ၊ ထိုအခက်အခဲကို ကျော်လွှားနိုင်သည့်အထိ အပင်ပန်းခံနိုင်မှု ခန္ဓာဟာလဲ အလိုလို ပါလာမြဲပင်ဖြစ်ပါတယ်။

မှတ်ချက်

စိတ်အားထက်သန်မှုကို ဝိရိယ ခေါ်သည်။
အပင်ပန်းခံနိုင်မှုကို ခန္ဓာ ခေါ်သည်။

အဲဒီနည်းအတိုင်းဘဲ ဝိရိယနောက် ခန္ဓာပါလာတော့ပေါ်လာဆဲဝေဒနာပေါ်ကို သိသိ သူ့အလိုလိုလုပ်နေတဲ့အဆင့်ရောက်တဲ့အခါအသိလျှာလည်လိုက်လာတာကို အကြောင်းပြပြီးတော့ စိတ်အားထက်သန်မှုဟာ ပေါ်လာတယ်။ဘယ်လိုပေါ်လာသလဲဆိုရင် ကိုယ်နှင့်အသက်လုံးဝဲ့ကွက်ခြင်း မရှိတော့ဘဲ၊ငါဟာသေသွားတော့ ဘာဖြစ်သေးသလဲဆိုတဲ့ ပဟိတတ္တာ စိတ်ဟာ ပေါ်လာ

တယ်။ ပဟိတတ္တာ စိတ်ဆိုတာ တရားကိုယ်က ဝိရိယဘဲ။ အဲဒီစိတ်မျိုး ပေါ်လာပြန်တော့ အပင်ပန်းခံနိုင်မှု ခန္တီဟာ အလျှော့မပေးတော့ဘူး။ အဲဒီသတိ ဝိရိယ ခန္တီ သုံးမျိုးနဲ့ ဇဝဒနာကို အသိ လိုက်လိုက်တော့ ဝေဒနာနဲ့ သတိကပ်မိနေတဲ့အချိန်မှာ သမာဓိဟာ ပါလာပြန်တယ်။ ပါလာပြန်တော့ သမာဓိသဘောက ကေဂ်တာ ဆိုတဲ့အတိုင်း အာရုံကို အမျှားကြီးမယူတော့ဘူး။

ကေဂ္ဂတာဆိုတာ ဧကော အဂ္ဂေါ်ယသာတိ ကေဂ္ဂေါ်။ ယသး၊ အကြင်စိတ်အား၊ ဧကော၊ တခုတည်းသော၊ အဂ္ဂေါ်း အာရုံသည်။ အတ္ထိရှိ၏။ ဣတိ၊ ထို့ကြောင့်၊ ကေဂ္ဂေါ်၊ တခုတည်းသော အာရုံရှိသောစိတ်၊ ပြီးတော့မှ တခါ။

ကေဂ္ဂသာ ဘာဝေါ ကေဂ္ဂတာ။

ကေဂ္ဂသာ၊ တခုတည်းသော အာရုံရှိသောစိတ်၏။ ဘာဝေါ၊ အဖြစ်တည်း၊ ဧကဂ္ဂတာ၊ တခုတည်းသော အာရုံရှိသောစိတ်၏အဖြစ်။

တခုတည်းသော အာရုံရှိသောစိတ်၏ အဖြစ်ဆိုတော့၊ ဧကဂ္ဂတာ ဧစေတသိက်ကို ခေါ်တယ်။ အဲဒီဧကဂ္ဂတာ ဧစေတသိက်ဆိုတဲ့ သမာဓိ ကူးတော့အာရုံကို ကူးယ်ကူးယ်ပြန်ပြန်ကြီးမယူတော့ဘဲ တဖြည်းဖြည်း ဝေဒနာဟာ ကွမ်းသီးလုံးလောက်ကနေပြီး၊ ဇီးစေ့လောက်၊ ဇီးစေ့လောက်ကနေပြီး မန်ကျည်းစေ့လောက် မန်ကျည်းစေ့လောက်ကနေပြီး နှမ်းစေ့လောက်၊ အဲဒီလို တဖြည်းဖြည်း သေးသေးလာတယ်။ တချို့ များအပ်ဖျားအပ်

ထားထောက်စာလောက်ဘဲ ရှိတော့တယ်။ ဒီတော့ သမာဓိအားကောင်းလာလေ၊ အာရုံဖြင်တဲ့ ဝေဒနာဟာလဲ ကျဉ်းလာလေဘဲ၊ သေးသေး လာလေဘဲ၊ ဝေဒနာ ကျယ်ကျယ် ပြန့်ပြန့်ကြီး အခြောင်းလုံက အရှည်လုံကဆုတာ အမှန်က သမာဓိအားမကောင်းသေးလို့ အဲဒီလိုဖြစ်နေတာ၊ အဲဒီလို့ဝေဒနာဟာ သေးသေး ကျဉ်းကျဉ်း လာတဲ့အခါကျတော့၊ ဒီဝေဒနာကို ပုဂ္ဂိုလ်အလိုနဲ့ အားစိုက်ပြီး သိမနေရတော့ဘဲ၊ လျှာ သူ့အလိုလိုလည် လိုက်လာသည့် သိသိကို အကြောင်းပြုပြီးဖြစ်ပေါ်လာကြတဲ့စိတ် အားထက်သန်မှု ဝီရိယ အလျှော့မပေးနိုင်သည့်အထိ၊ အပင်ပန်းခံနိုင်သည့် ခန္တီတို့ဟာ ဝေဒနာနဲ့ အသိနဲ့ ကပ်နေသည့်တိုင် အောင် သူ့အလိုလို သိလိုက်နေကြ တော့တာပါဘဲ။

အဲဒီလို လိုက်နေကြတဲ့အခါမှာ သမာဓိအားက အင်မတန် ကောင်းနေတော့ ခေါင်း ကိုယ်၊ ခြေ၊ လက်၊ ဒူး။ပေါင်၊ ခါး စသည်တို့ မတွေ့ရတော့ဘဲ ဝေဒနာသဘာဝ သက်သက်ကိုဘဲ တွေ့ရပါတော့တယ်၊ ဝေဒနာနဲ့ အသိနဲ့ဘဲကပ်နေတော့တယ်လို့ ဆိုလိုပါတယ်။

သို့သော် ဒီနေရာမှာ တခါ သမာဓိအားက သေးလာပြီး အသိကပ်နေတဲ့ ဝေဒနာမှတပါး လက်ရှိ ခန္ဓာကိုယ်ထဲက အာရုံတခုခုကိုဖြစ်စေ၊ အပြင်ဗဟိဒ္ဓအာရုံ တခုခုကိုဖြစ်စေ၊ စိတ် ရောက်သွားရင် ဝေဒနာဟာ ငုတ်သွားတတ်တယ်။ ငုတ်သွားတယ်ဆိုတာ အမှန်က ဝေဒနာအာရုံမှာ ထားနေတဲ့ စိတ်ဟာ အခြားအာရုံတခုကို ချော်သွားတာကို ဆိုလိုပါတယ် အတိအကျ ဆိုလိုရင်းကား—

ဝေဒနာအာရုံမှ တပါးအာရုံကိုချော်သွားရင် ငုတ်သွားတတ်တယ်။ ဝေဒနာအာရုံမှန် တခုတည်းကိုသာ သိရိုးမှန်ရင် ပျောက်သွားတတ်တယ်။ အဲဒီလို နှစ်မျိုးရှိသည့်အနက် ဝီရိယ၊ ခန္တီ၊ သတိ၊ သမာဓိတို့ဟာ သူတို့အလိုလို ဝေဒနာကို အသိကပ်နေချိန်ကာလ သမာဓိအားသေးလာပြန်တဲ့အတွက် အာရုံ ချော်သွားလို့ ငုတ်သွားတဲ့ဝေဒနာတမျိုး ပုဂ္ဂိုလ်အလိုနှင့် လိုက်နေရသည့် ဝေဒနာတမျိုးလို့ အဲဒီလို နှစ်မျိုးရှိသေးတယ်။ အဲဒီနှစ်မျိုးလုံး ငုတ်သွားသွား ပျောက်သွားသွား အကျိုးမမျှားဘူး အကျိုးမရှိဘူးလို့ မဆင်ပါနှင့်။ ငုတ်သွား ပျောက်သွားတဲ့ အချိန်အခါမျိုးမှာလဲ ယောဂီပုဂ္ဂိုလ်မှာ ပေါ့တယ်၊ ရှင်းတယ်၊ ကြည်လင်တယ်။ တခါ သိလိုက်လဲ ကျေးဇူးပြုသေးသည့်အပြင် စိတ်အားထက်သန်မှု ဝီရိယ၊ သည်းခံမှု ခန္တီ၊ သဘိမြဲခြင်း၊ အဲဒီ အကျိုးတွေလဲ ရပါသေးတယ်။ ဒီတော့-

သူ့အလိုလိုလိုက်လို့ ချော်သွားရာက ငုတ်သွားတဲ့ဝေဒနာဖြစ်ဖြစ်၊ ပုဂ္ဂိုလ်အလိုနဲ့ သိလိုက်ရပြီး ပညတ်မလွတ်တဲ့ ဝေဒနာဖြစ်ဖြစ်၊ ဘယ်လိုပဲဖြစ်နေပစေ- ဝေဒနာကိုသာ ကြပ်ကြပ်သိလိုက်နေတဲ့ ယောဂီပုဂ္ဂိုလ်တိုင်းဟာ စောင့်ထိန်းမှုသီလကို ကျေးဇူးပြုတာချည်းပင် ဖြစ်ပါတယ်။

အာရုံမှန်တခုတည်းကိုသာသိပြီး တခြားအာရုံကို မချော်တော့ဘဲ ဝေဒနာနဲ့ အသိနဲ့ လမ်းဆုံး သွားတာကိုတော့ ပျောက်သွားတယ်လို့ ခေါ်ပါတယ်။ ဒီပျောက်သွားမှုကျတော့ ပုဂ္ဂိုလ်သတ္တဝါအနေနဲ့ မလိုက်ရတော့ဘဲ ဝီရိယ, ခန္တီ, သတိ,

သမာဓိတို့ သူ့အလိုလို ဝေဒနာနဲ့ အသိနဲ့ကပ်ပြီး လမ်းဆုံးသွားလို့ ပျောက်သွားမှာကိုသာ ယူပါ။

ဒါဖြင့်.... ဝေဒနာ ငုတ်သွားမှုနှင့်- ဝေဒနာပျောက်သွားမှု ဘယ်လို ခြားနားသလဲဆိုရင် ငုတ်သွားတဲ့ ဝေဒနာက နောက်ဘခါ တရားပြန်လုပ်ရင် အဲဒီဝေဒနာဘဲ ပြန်ပေါ်လာပါတယ်။ ဥပမာ ... ပထမအကြိမ် တရားထိုင်စဉ်အခါက ဒူးခေါင်းက ဖြစ်တဲ့ဝေဒနာ ငုတ်သွားခဲ့သော် ဒုတိယအကြိမ် တရားပြန်ထိုင်တဲ့အခါ ထိုဒူးခေါင်းကဝေဒနာဘဲ ပြန်ပေါ်လာတတ်ပါတယ်။

ပျောက်သွားတဲ့ဝေဒနာက ဘယ်နေရာကဘဲ ပျောက်ပျောက်၊ ပျောက်သွားရုံးမှန်ရင် နောက်တကြိမ် တရားပြန်ထိုင်တဲ့အခါ အဲဒီဝေဒနာဟာ ပြန်ပေါ်မလာတော့ပါဘူး။

ဘာပြုလို့ ထိုဝေဒနာ ပြန်မပေါ်သလဲဆိုရင် ဓာတ်ဆိုးဓာတ်ဝါး ကိုးလေသာတို့ကြောင့် ဖြစ်ပေါ်လာတဲ့ ဝေဒနာကို အသိနဲ့ကပ်ပြီး တပါတည်း လမ်းဆုံးသွားသည်အထိ သိလိုက်ရတော့ အကျိုးဖြစ်တဲ့ဝေဒနာလဲပျောက်၊ အကြောင်း ဓာတ်ဆိုးဓာတ်ဝါး ကိုးလေသာပါ ပျောက်သွားလို့ပင် ဖြစ်ပါတယ်။

ဒါဖြင့် အကြောင်းကိုလေသာပါ ပျောက်သွားသည့် အတွက် ဝေဒနာ ပြန် မပေါ်တော့ဘူးဆိုရင် နောက်ထပ် ဝေဒနာ လုံးဝ ဘယ်နေရာကမှ မပေါ်တော့ဘူးလားလို့ အဲဒီလို မေးစရာရှိပါတယ်။ သို့သော် မေးခွန်းကို မေးတဲ့အခါ

"ဘယ်နေရာကမှ" ဆိုတဲ့ စကားကိုတော့ ထည့်သွင်း မေးခွန်း မရှိပါ။ ဒီတော့ အဲဒီမေးခွန်းရဲ့ တိုက်ရိုက်မှန်ကန်သောအဖြေမှာ-ယခု ပေါ်ပေါက်သွားသော အကျိုးတရားဖြစ်တဲ့ဝေဒနာကို ဖြစ်စေတတ်တဲ့ ခေတ်ဆိုး ခေတ်ဝါး ကိလေသာကြောင့် ဥပမာ.... ဒုဋ္ဌးခေါင်းကဝေဒနာ ပေါ်ပေါက်သွားရိုးမှန်ရင် နောက်ဘကြိမ် တရားထိုင်တဲ့အခါ ထိုဒုဋ္ဌးခေါင်းကတော့ဘယ်နည်းနဲ့မှ ဝေဒနာ နောက်ထပ် မပေါ်တော့ပါ။ ဒုဋ္ဌးခေါင်းမှ တပါး အခြား ကျန်နေရာဖြစ်တဲ့ ပေါင် စသည်တို့ကတော့ ကျန်ရှိနေကြသေးသည့် ခေတ်ဆိုး ခေတ်ဝါး ကိလေသာတို့ကြောင့် ဝေဒနာပေါ်လာနိုင်ပါသေးတယ်။ အတိုချုပ်ဆိုလိုရင်းမှာ ပထမ ပေါ်ပေါက်သွားသော ဝေဒနာသည် အသိန့်ငတက် ပျောက်ခဲ့သော် ဖြစ်စေတတ်တဲ့ ခေတ်ဆိုး ခေတ်ဝါး ကိလေသာပါ ပျောက်ပါတယ်။ နောက် အခြားနေရာက ဖြစ်ပေါ်တဲ့ဝေဒနာသည် ကျန်ရှိနေကြသေးသည့် ခေတ်ဆိုး ခေတ်ဝါး ကိလေသာတို့ကြောင့် ပေါ်သည်ဟုမှတ်ပါ။ အကယ်၍ ပထမအကြိမ် ဒုဋ္ဌးခေါင်းက ပျောက်သွားသည်ဟု ပုဂ္ဂိုလ်အလိုနှင့် ထင်လိုက်ရသော ဝေဒနာသည် ဒုတိယအကြိမ် တရား အားထုတ်သောအခါမှာ ထိုဒုဋ္ဌးခေါင်းကပင် ပြန်ပေါ်လာသည်ဟုဆိုပါက အမှန်ပျောက် မဟုတ်ပဲ အဆင်နှင့် ပျောက်သွားသော ဝေဒနာဖြစ်နေသောကြောင့်ဟု ဆိုရပါမည်။

အဆင်နှင့်ပျောက်သွားသော ဝေဒနာဆိုတာ ယောဂီ ပုဂ္ဂိုလ်အလိုနှင့် ဖြစ်ဆဲဝေဒနာကို အသိမလိုက်ရတော့ဘဲ ဝီရိယ၊ ခန္တီ၊ သတိ၊ သမာဓိတို့ဟာ သူ့အလိုလို လျှောဟာ အသိလိုက်လာမှုကို အခြေခံပြီး ဝေဒနာနှင့် အသိကပ်နေခိုက်မှာ အခြား

အာရုံတခုခုသို့ ချဉ်သွားစဉ် ငုတ်သွားပေမဲ့ ယောဂီပုဂ္ဂိုလ် အလိုက ချဉ်သွားလို့ ငုတ်သွားတာဟု မထင်တော့ဘဲ၊ အမှန် တကယ် ပျောက်သွားတာဘဲလို့ အဲဒီလို ထင်လိုက်ရတော်ပါ တယ်။ အဲဒီအပျောက်မျိုးကို အာဆင်နှင့် ပျောက်သွားသော ဝေဒနာဟု ဆိုလိုပါဘယဲ့။ ထိုဝေဒနာမျိုး နောက်ထပ်ထိုင်လဲ ထိုနေရာမျိုးကပင် ပြန်ပေါ်တတ်ပါဘယ်။ ဒုတိယမှန်နှင့် ပျောက် သွားသော ဝေဒနာမျိုးကား ဘကြိမ်ပျောက်ပြီးသော နေရာ မျိုးက နောက်ထပ် ခဏ်လက်ပြီး မပေါ်တော့ပါ။

ဒီတော့ နောက်ထပ် တနေရာကပြောင်းရွှေ့ပြီး ပေါ် လာတဲ့ ဝေဒနာဟာ ကျန်ကိလေသာကြောင့် ပေါ်တာလို့ တထစ်ချ မှတ်ထားပါ။ အမှန်က ဝေဒနာ ပေါ်တာဟာ ကိလေသာကြောင့် ပေါ်တာဖြစ်ပါတယ်။ ရာဂကြောင့် လဲပေါ်တယ်။ ဒေါသကြောင့်လဲ ပေါ်တယ်လို့မှတ်ပါ။ဒီတော့ ဖြစ်စေတတ်တဲ့ အကြောင်းကိလေသာ ကွာသွားရင် အကျိုး ဖြစ်တဲ့ ဝေဒနာကို တကယ်အမှန်သိနိုင်တဲ့ အသိဉာဏ်ပညာတို့း တက်လာလို့ ဖြစ်ပါတယ်။

အဲဒီအသိဉာဏ်ပညာကို ဘာပညာလို့ ခေါ်သလဲဆိုရင် သတိနိုပက ဌာတိရင့်ကျက်လာလို့ ဖြစ်ပေါ်လာတဲ့ "သတိနေ့ ပက္ကပညာ" လို့ခေါ်တယ်။ အဲဒီ"သတိနေပက္ကပညာ" ကိုဘဲ အဋ္ဌကထာဆရာက "ပါရိဟာရိယပညာ" လို့ တခါထပ်ဆင့်ပြီး ခေါ်ပြန်ပါသေးတယ်။ ဒီ"ပါရိဟာရိယပညာ"ကို ဗမာလိုပြန် တော့ "လုပ်ထုံးကျင်လည်မှု"လို့ အဲဒီလို နားလည် သဘော

ပေါက်လာအောင် ပြန်ဆိုရတယ်။ ဒီတော့ "လုပ်ထုံးကျင်လည်လာတဲ့ပုဂ္ဂိုလ်ဟာ" ဒီတရားလုပ်ထုံးနဲ့ ပတ်သက်လာရင် ကျင်လည်ပြီး နံ့သာလည်ပြီးဖြစ်တဲ့အဘ့ဉာက် ဘယ်တော့မှ လမ်းမချော်နိုင်တော့ပါဘူး မမှားနိုင်တော့ပါဘူး။

အဲဒီလိုလုပ်ထုံးအရာမှာ ကျင်လည်လာတဲ့ ယောဂီပုဂ္ဂိုလ်ဟာ ဖြစ်တိုင်းဖြစ်တိုင်းသော ဝေဒနာကို သိတိုင်း သိတိုင်း၊ ဝေဒနာဟာ တဖြည်းဖြည်း ပါးလာသည်နှင့်အမျှ၊ သေးသေးလာသည်နှင့်အမျှ၊ ကိလေသာလဲ ပါးပါးလိုက်လာပြီး ဇောခါင်း၊ ကိုယ်ခြေ၊ လက် စသည် မဟုတ်မှန်း အတွဲဒီဋ္ဌိကွာသည် အထိ ပိုင်ပိုင် နိုင်နိုင် သဘောပေါက်လာ ပါလိမ့်မယ်။

ဒီနေရာမှာ ဒိဋ္ဌပစ္စက္ခဉာဏ်နဲ့ အနုမာနဉာဏ်ကို သတိထားဘို့ လိုပါတယ်။ ဒိဋ္ဌပစ္စက္ခ ဉာဏ်ဆိုတာဟာ ဝေဒနာနဲ့အသိနဲ့ ကပ်နေတာကစပြီး ပျောက်သွားသည့်အထိ သဘာဝသက်သက်ကို သိနေတာကိုခေါ်ပါတယ်။ အနုမာနဉာဏ်ဆိုတာက အဲဒီလို ဒိဋ္ဌပစ္စက္ခဉာဏ်နဲ့ ပျောက်သွားသည့်အထိ သိပြီးသည့်အခါကျတော့ ဘယ်မှာလဲခေါင်း ကိုယ်၊ ခြေ၊ လက်၊ အစိုင်အခဲ၊ အကောင်အထည်၊ သဏ္ဌာန်ခြုပ် ဆိုတာဘာမှမရှိပါကလားလို့ အဲဒီလိုသဘောပေါက်လာ၊ သိလာတာကိုခေါ်ပါတယ်။

အမှန်က ခေါင်း၊ ကိုယ်၊ ခြေ၊ လက်၊ အကောင်အထည် သဏ္ဌာန်ခြုပ်စသည်ဘို့ကို ပညတ်လို့ ဆိုတာက သဘာဝသက်သက်ကို အမှန်သိနိုင်တဲ့ အသိဉာဏ်ပညာ မပေါ်သေးလို့ ခေါ်ဆို

နေတာပါ၊ အသိဉာဏ်ပညာ အမှန်ပေါ်သည်နှင့် တပြိုင်နက် အဲဒီပညတ်ဖြစ်တဲ့ တရားတွေဟာ အလိုလိုကွာသွားပြီးသား ဖြစ်နေပါဘယ်။ ဒီပညတ်တရားကို ပဋိလ်သတ္တဝါ အလိုနဲ့ကွာစေတာက စိတ်ကူးစဉ်းစားပြီး ကွာစေတာမျိုးသာ ဖြစ်ပါဘယ်။ ကွာအောင် ဝဉ်းစားနေတဲ့ အခိုက်မှာ ပညတ်အပေါ် စိတ်မရောက်အား သေးလို့ကွာတဲ့ အကွာမျိုးဖြစ်ပြီး မစဉ်းစားတဲ့ အခိုက်မှာ ပညတ်ပေါ် အလိုလိုစိတ်ရောက်ပြီး ခေါင်း ကိုယ်၊ လက်၊ ခြေ၊ ပဋိလ်သတ္တဝါတို့ဟာ အလိုလိုပေါ်လာပြီး ဖြစ်ပါတယ်။ အမှန်က ပညတ်ပြန်ပေါ်လာလို့ သူကောင် ငါကောင် ပြန်ထင်လာခြင်းဖြစ်ပါတယ်။

ဒီတော့ကာ သဘာဝ သက်သက်ဖြစ်တဲ့ ရုပ်သဘာဝ၊ နာမ်သဘာဝ၊ ရုပ်နာမ်သဘာဝကို အမှန်သိတဲ့ ဉာဏ်ဖြစ်ရုံးမှန်ရင် အကျိုးတရားဖြစ်တဲ့ အတ္တဒိဋ္ဌိသူကောင် ငါကောင်အထင်ဟာ အလိုလို ကွာပြီးသား ဖြစ်ပါတယ်။ နာမ်ရုပ်အမှန်သိတဲ့ အကျိုးက အတ္တဒိဋ္ဌိကွာမှသာ ဖြစ်တယ်လို့ ဆိုလိုတယ်။ နာမ်ရုပ်ကိုတော့ အမှန်သိပါတယ်။ အတ္တဒိဋ္ဌိ ကွာမှအကျိုးပေး မလာသေးဘူးဆိုရင် နာမ်ရုပ်ကို အမှန်မသိသေးလို့သာ ဖြစ်ပါတယ်။ အဲဒီရုပ်သဘာဝ၊ နာမ်သဘာဝ၊ ရုပ်နာမ်သဘာဝကို အမှန်သိသည်နှင့်တပြိုင်နက် အတ္တဒိဋ္ဌိ ကွာလာတဲ့ အခါကျတော့ ပစ္စယပရိဂ္ဂဟ ဉာဏ်ဆိုတာ စာရှိတဲ့အတိုင်း ပြောလို့သာပြော ရပါတယ်၊ ဇဋ္ဌဘာသာအယူကို အမှန်တကယ်ယူပြီးသားဖြစ်တဲ့ ပဋိလ်အဖို့မှာ ပင်ကိုယ်ပကတိ တရားအားမထုတ်ခင် က တည်းကိုက အကြောင်းကင်းပြီး ဖြစ်တယ်လို့ ဘယ်ဟာတခုကိုမှ မ

ယူခဲ့တော့ ဖြစ်ဖြစ်သမျှ အကျိုးတရားတွေဟာ သူ့ဆိုင်ရာဆိုင်ရာ အကြောင်းတရား ဘွဲ့ကြောင့်သာ ဖြစ်ထာဝဲလို့ သဘာဝ ရုပ်နာမ်ကို သိသည်နှင့် တပြိုင်နက် ပစ္စယပရိဂ္ဂဟ ဉာဏ်ဟာလဲ အလိုလို အကြောင်းသိမ်းဆည်းပြီး ဖြစ်လာပါတယ်။ ဒီနေရာမှာ စာအလိုနဲ့ ပြောရရင်၊ အကျိုးတရားတို့၏ အကြောင်းတရားကို သိတဲ့ ဓမ္မဋ္ဌိတိဉာဏ်၊ အကြောင်းတရားကိုသိတဲ့ ပဋိစ္စသမုပ္ပါဒ်ဉာဏ်(အကျိုးတရား သက်သက်ကိုသိတာ ပဋိစ္စသမုပ္ပဒ် နဲ့ ဉာဏ်ခေါ်တယ်)ဒီဉာဏ်တွေဟာ ဖြစ်ဆဲရုပ်နာမ်သဘာဝ၏ အကြောင်းကိုသိမ်းဆည်းဟဲ့ ပစ္စယပရိဂ္ဂဟဉာဏ်နဲ့ အလားတူ ဉာဏ်တွေဘဲဖြစ်တယ်။ ယထာဘူတ ဉာဏ်ဆိုတာ ကျတော့ ဒီအကြောင်းကြောင့် ဒီအကျိုး ဖြစ်တယ်လို့ သိတာကို ဆိုပါတယ်။ ဒီတော့ကာ ခန္ဓာကိုယ်ထဲက ဖြစ်ဖြစ်သမျှ ရုပ်သဘာဝ၊ နာမ်သဘာဝ၊ ရုပ်နာမ် သဘာဝတွေကို အတ္တဒိဋ္ဌိကွာသည် အထိ ဉာဏ်မှန်နှင့်သိမြင်မှန်ရင် လက်ရှိခန္ဓာကိုယ်ကြီးနှင့်တကွ ဝေဒနာကလုံးဖြစ်ဖြစ်သမျှတွေကိုလဲဘဲ သဘာဝတွေချည်းဘဲလို့ အတ္တဒိဋ္ဌိကွာသည့်အထိ သိလာပြီး ဖြစ်ပါတယ်။ အတိုချုပ်ကား.....။

ဝေဒနာသဘာဝ အမှန်ချုပ်ဘူးရင် ကျန်တာကိုလဲ သဘာဝချည်းဟု သိပါတယ်။ ဘာပြုလို့သိသလဲ..... ဝေဒနာချုပ်ရဲ့ သဘာဝသက်သက်ပင်ချုပ်သွားလို့ ဖြစ်ပါတယ်။

အဲဒီလို ရုပ်နာမ်သဘာဝ အကြောင်းနှင့်တကွ သိခဲ့သော သိမယဝိပဂ္ဂိုလ်ကို "စုဋ္ဌသောဘာပန်" လို့ ခေါ်ပါတယ်။ "စုဋ္ဌသောဘာပန်" အဓိဋ္ဌာန်ထားတဲ့ ပုဂ္ဂိုလ်သည် သာသနာ

တော်နှင့် တွေ့ကြုံရတဲ့အတွက် လဒ္ဓဿာသ- ကိလေသာ မိမိကို မနှိပ်စက်နိုင်တော့ဘဲ သက်သာရာရလာပြီ။ လဒ္ဓပတိဋ္ဌ အပါယ်သံသာရာမျိုးကို မကျနိုင် မမျောနိုင်တော့ဘဲ၊ ထောက်ရာတည်ရာရပြီ။ နိယတဂတိကော သုဂတိ ဂတိမြုပြီလို့မှတ်ပါ။ အဲဒီ "စဋ္ဌသောတာပန်" အဆင့်သို့ ရောက်အောင်ဆိုရင် "တိဟိတ်-ဒ္ဝိ ဟိတ်" မရွေးရပါဘူး။ ဒိဟိတ်ပဋိသန္ဓေလဲ ရနိုင်ပါတယ်။ အားထုတ်ဖို့ တခုသဲလို့ပါတယ်။ ဥဒယဗ္ဗယ ဉာဏ်စခန်း ရောက်မှသာ ဒ္ဝိဟိတ်ပဋိသန္ဓေလ် မရတာပါ။

အဲဒီ "စဋ္ဌသောတာပန်" အဆင့်သို့ရောက်အောင် အားထုတ်ထားတဲ့ ယောဂီပဋိသန္ဓေသည် .....။

(၁) ယခုဘဝ တရားအား ထုတ်ရင်လဲ မဂ်ဖိုလ်ကိုရနိုင်ပါတယ်။

(၂) အားထုတ်ရင်း မရခဲ့သော် သေခါနီးမှာ ရနိုင်ပါတယ်။

(၃) သေခါနီး မရခဲ့သော် နတ်ပြည်ကျ ရနိုင်ပါတယ်။

(၄) နတ်ပြည်မှာ မရခဲ့သော် နောက်ဘုရားသာသနာမှာသုခပဋိပဒါခိပ္ပါဘိညာ ရဟန္တာ ဖြစ်နိုင်ပါတယ်။

(၅) နောက် ဘုရားသာသနာတော်မှာ ရဟန္တာ မဖြစ်ခဲ့သော် ပစ္စေကဗုဒ္ဓါဖြစ်နိုင်ပါတယ်။

အဲဒီလို "ဒေသနာတော်" မှာ အစဉ်အတိုင်း ပြထားတာရှိပါတယ်။ ဘယ်တော့မှ ဒီအကျိုးတရားကနေပြီး နောက်

ကိုမဆုတ်တော့ပါဘူး။ ဒါဖြင့် ဒီအကျိုးတရားရဲ့အောင် ဘာကို အခြေခံရမလဲဆိုရင် သတိတခုကိုသာ အခြေခံထားပြီး လုပ်ပါ။ ဒီတော့ အခြေခံဖြစ်တဲ့ သဘ်ကိုသာလိုချင်တဲ့ စိတ်နဲ့လုပ်ပါ။ သတိဟာကုသိုလ်လား အကုသိုလ်လားလို့ မိမိကိုယ်ကို ပြန်မေးကြည့်ပါ။ အဲဒီအခါမှာ.....

အော်.....ရှိုက်ရင် ရှိုက်မှန်းသိအောင် သတိထားဒါ ရှူရင် ရှူမှန်းသိအောင် သတိသားဒါ ဒါတွေဟာ အမှန်စင်စစ် ကုသိုလ်တရားဖြစ်ပါ့ကလားလို့ အဲဒီလိုအဖြေထွက်လာပါလိမ့်မယ်။ အဲဒီလိုအဖြေထွက်လာတဲ့ "သတိကုသိုလ်" ကိုသာ အလိုရှိပြီးလုပ်လို့ "သတိနိပက" ဒီသတိရင့်ကျက်လာပြီ၊ ထမြောက်လာပြီ၊ အပြင်ကိစ္စတွေပါ သတိလိုက်ပြီဆိုတဲ့ အခါကျတော့ "သတိရင့်ကျက်မှုကြောင့် ဖြစ်ပေါ်လာတဲ့ သတိ နေပက္ကပညာ" တို့က ရုပ်သဘာဝ နာမ်သဘာဝ ရုပ်နာမ်သဘာဝတို့ကို အမှန်သိပြီး နွေတက်ရမည့် တမင်တဖို့လ် ဆိုတာ ပါရမီအား လျော့စွာ ဖြစ်လာကြပါလိမ့်မယ်။

အမှန်က အခြေခံဖြစ်တဲ့ "သတိကုသိုလ်"မှ အထ မမြောက်သေးဘဲနဲ့ သီလ၊ သမာဓိ၊ ပညာ စသည်တို့ဖြစ်နေကြရင် အဲဒီဖြစ်ဖြစ်သမျှတွေဟာ လမ်းချော်မှာချည်းဘဲ။ ဒီတော့ကာ သတိကုသိုလ်ကို အထမြောက်အောင်လုပ်လို့ ဒီသတိကုသိုလ်ဟာ သီလ သမာဓိ ပညာထဲက ဘယ်အထဲမှာပါဝင်သလဲဆိုရင် သီလထဲမှာပါဝင်တယ်။ အဲဒီသတိကုသိုလ် အခြေခံတားတဲ့ သီလမျိုး ပြည့်စုံလာဘဲ့အခါကျေတော့ ဝိရိယအမှန်လဲ

ထောက်ရာတည်ရာရ၊ သမာဓိကိုလဲ သတိကထိန်းပြီး ပညာရယ်လို့ ဖြစ်သာပြန်တော့လဲသတိရှေ့ဆောင်နဲ့ ဖြစ်လှုံ့တော့ဒီသီလ၊ သမဲ့ခါ၊ ပညာတို့ဟာ ဘယ်တော့မှ လမ်းမချော်တော့ပါဘူး၊ ရှေ့တက်လဲ လမ်းမချော်တော့ဘူး၊ အမှန်က သီလ၊ သမာဓိ၊ ပညာသည်ကိုဟာ ပုဂ္ဂိုလ်အလိုနဲ့ ဖြစ်စေရမှာ မဟုတ်ဘူး၊ သူ့အလိုလို ဖြစ်လာရမည့် တရားတွေပါ။ အခြေခံ ဖြစ်တဲ့ သတိကသိုလ်မှလဲ မဖြစ်သေးခင်၊ အထမမြောက်သေးခင်သာ မိမိအလိုနဲ့ လုပ်နေရတာ၊ သူ့အလိုလိုဖြစ်လာတဲ့ အခါမျိုးကျမှ ဒီသတိကသိုလ်ဟာ အပြင်သတိပါလိုက်လာပြီး အမှန် ဖြစ်လာတယ် အမှန်ဖြစ်လာတယ်ဆိုတာ ပုဂ္ဂိုလ်သတ္တဝါ လွတ်လာတယ်လို့ ဆိုလိုပါတယ်၊ သို့သော် အထမမြောက်သေးမီစပ်ကြား မိမိအလိုနဲ့ "သတိ ကသိုလ်" ကို အဓိက လိုချင်တဲ့စိတ်နဲ့လုပ်ပါ။

အဲဒီလို "သတိကသိုလ်" ကို အလိုရှိတဲ့စိတ်နဲ့ အပြဲတမ်း အာဘွင်းအပြင် အရာရာမှာ သတိမကင်းအောင် နေတဲ့ပုဂ္ဂိုလ်မျိုးကို.....

"သတိ အဝိပ္ပဝါသော အပ္ပမာ ဒေါနာမ" လို့ ဟောကော်မှတဲ့အတိုင်း အပ္ပမာဒပုဂ္ဂိုလ် အပ္ပမာဒဝိဟာရီ ပုဂ္ဂိုလ်လို့ ခေါ်ဆိုရပါတယ်။

ဟုတ်ဆို့ပ ဒေါပမသုတ်မှာ ဘယ်သတ္တဝါခြေရာဘဲဖြစ်ဖြစ် ဆင်ခြေရာနဲ့တိုင်းရင် ဆင်ခြေရာထဲသို့သာ အကုန် ဝင်ရသကဲ့သို့ ပိဋကတ်သုံးပုံတွင် ဟောကြားတော်မူသမျှ တရားတော်တွေဟာလဲ ဒီအပ္ပမာဒ တရားထဲမှာ အကုန်လုံးဝင်ရပါတယ်။ ဒါကြောင့်

သတိကုသိုလ်လို့ဆိုတဲ့ အပ္ပမာဒတရားဟာ အာဒုံးလုံးကုန် ရှိရှိသမျှ တရားတော်တို့၏ အခြေခံဆိုတာမှတ်ပါ။

အဲဒီအခြေခံဖြစ်တဲ့ "သတိကုသိုလ်" ကို အထမြောက်လာအောင် အစဦးစွာ ပထမလိုချင်တဲ့စိတ်နဲ့ လုပ်ရမှာကို ယခုတော့ တရားကို ယခုမှစပြီးအားထုတ်တယ်၊ သတိကုသိုလ်ဆိုတာ အထမြောက်လာဘို့ မဆိုထားနဲ့ ဘယ်ဆီနေမှန်း မသိသေးဘူး၊ ရှေ့လှမ်းပြီး ပညတ်ကွာချင်တာကအရင်၊ ရုပ်နာမ်သဘာဝ သိချင်တာကတာမျိုး၊ သီလ၊ သမာဓိ၊ ပညာဖြစ်ချင်တာက တသွယ်၊ အဲဒီလို အမယ်မယ်တွေလိုချင်တဲ့ နှလုံးသွင်းတွေက မှားနေကြတယ်။ အဖရေးကြီးတာက နှလုံးသွင်းမမှားဘို့ အလိုချင်မမှားဘို့ အရေးကြီးတယ်၊ အဲဒီအရေးကြီးတဲ့ နှလုံးသွင်းတို့ အလိုချင်တို့ မှားနေကြရင် ရထိုက်ရသင့်တဲ့ဟာပေမဲ့ မရဘူး။

နှန်းစဉ်ပတ္တာမြား ငမောက်ဆိုတာ အာဒုံး ကြားဘူးကြပါလိမ့်မယ်။ ဗကျဗြို့နယ် ဆားလင်းကြီးရွာကို အမှီပြုတဲ့ တောင်ကြားတောရ၏ အရှေ့ဖက်မနီးမဝေးမှာ ငမောက်ဆိုတဲ့ ကျွဲကျောင်းသားက နေ့တိုင်းကျွဲကျောင်းသတဲ့ အဲ- တနေ့ကျတော့ ကျောက်ကြီးတလုံးက နေဝင်မိုးချုပ်ကျရင် အလင်းရောင်တွေ ထွက်နေတာမြင်တော့၊ အင်း.... ငါဒီကျောက်တုံးကြီးကို အိမ်ယူသွားရရင် ဒို့အိမ် မီးမထွန်းရတော့ဘူးဆိုပြီး ယူသွားတာကိုး။ ဒီအကြောင်းကို ရှင်ဘုရင် ရေနှားတော်ကြားလို့ လာဆက်ရမယ်ဆိုတော့ သွားပြီးဆက်ရတာပေါ့။ ဒီတော့ ရှင်ဘုရင်က မောင်မင်း ဘာအလိုရှိဘုံး အလိုရှိရာဘောင်းလို့ အဲဒီလို ငမောက်

ကိုမေးတော့ ကျွန်တော်မျိုး အလိုရှိရာ တောင်းရမယ်ဆိုရင်ဖြင့် ကျွဲစားကျက် ကျယ်ကျယ်လိုချင်ပါတယ်ဘုရားလို့ တောင်းသတဲ့ အဲဒါနဲ့ရှင်ဘုရင်က သူ့ကို ကျွဲစားကျက် ကျယ်ကျယ်ပေးသိုက်တာ ယခုဆက်ဆိ ဘောင်ကြားတောရ၏ အရှေ့ဖက်မနီးမဝေးမှာ "ငမောက်ကျွဲစားကျက်" ဆိုတာရှိသေးတယ်။ နန်းစဉ်ပဘ္ဘာမြားငမောက် ဆိုတာ အဲဒီနေရာကဆွက်ဘာ။ "ငမောက်" ဆိုဘာက လူနာမည်၊ အဲဒါ အလိုချင်မှားနေလို့ ကျွဲစားကျက်ရတာ ရသင့်ရဆိုက်ဘာကိုလိုချင်ရမှာ သတ္တဝါကိုယ်စိတ်ကျွေးရာ လိုချင်နေတာ။ ဒီတော့ အလိုချင်မှားနေတာပေါ့။ ပြီးတော့ အညာက ထန်းသမားတယောက်က ငါ ရှင်ဘုရင်ဖြစ်ချင်လိုက်တာကွာလို့ ပြောတော့ ကျန်တဦးက မင်းရှင်ဘုရင်ဖြစ်တော့ ဘာလုပ်မှာလဲကွလို့ မေးတဲ့အခါ၊ ဟ-ငါရှင်ဘုရင်ဖြစ်ရင် ထန်းကောင်းကောင်း ရွေးတက်မှာပေါ့ကွလို့ ပြန်ပြောသတဲ့။ ဒီတော့ စိတ်ဆိုတာ မခက်ပေဘူးလား။ တခါ "ဓနဥ္ဇယ သူဌေးကြီး" ဝတ္ထုမှာလဲ ပစ္စေကဗုဒ္ဓါကို ဆွမ်းလှူပြီးတဲ့အခါကျတော့ ဆုအသီးသီး ဘယ်လို တောင်းကြသလဲဆိုရင် သူဌေးကြီးက ဆံပင်ဖြန့်ချလို့ ကောင်းကင် မှာ ကြည့်လိုက်ရင် "စီ" ထဲမှာ အလိုလို စပါးမိုး ရွာပြီးတော့ စပါးတွေ ပြည့်ပါစေသား။ သူဌေးကတော်ကလဲ ထမင်းအိုးတလုံး ချက်ထားရင် ဘယ်လောက်ကျွေးကျွေး ခွံးလို့ ယောက်မရာမထင်ပါစေသား။ သားကလဲ ငွေတဆောင်အိတ်ကိုင်ပြီးတော့ လာသမျှလူကိုပေး၊ ဒီတဆောင်အိတ် မလျော့ပါစေသား၊ ချွေးမကလဲ စပါးတတင်း ရွှေ့မှာချပြီး လာသမျှလူကိုပေး၊ ဒီစပါးတတင်း မလျော့ပါစေသားလို့ ဆုတောင်းကြတော့ အဲဒါတွေ့ အသီးသီးပြည့်ကြတယ်။

ကျွန်မောင်ပုဏ္ဏာ ကျတော့ ဘာ ဆုတောင်းသလဲဆိုရင် ထွန်တကြောင်းထွန်လိုက်ရင် ထွန်နှစ်ကြောင်းရာ ထင်ပါ့စေသားလို့ အဲဒီလို ဆုတောင်းလိုက်ဘယ်။ ဒီဝဋ္ဌဆုမှာ ရနိုင်ဘဲ့အကျိုးများ ဆုတောင်းအားလျော်စွာ စိတ်သားအားလျော်စွာ ရကြပေမဲ့၊ စိတ်ထားအောက်ကျနေတော့ အကျိုးလဲအောက်ကျနေတာပေါ့။ ဒီတော့ ဘယ်တော့မှ စိတ်သားကိုတော့ အောက်တန်းချမထားနဲ့ နှလုံးသွင်း မမှားစေနဲ့၊ အလိုချင် မမှားစေနဲ့။ ဒါဖြင့် ဘာကို လိုချင်ရမလဲ။ သာသနာတော်နဲ့ ကြုံကြိုက်တဲ့အခါ သာသနာသီလ၊ သဒ္ဓသနာသမာဓိ၊ သာသနာပညာ ရဘို့ရာ အခြေခံဖြစ်တဲ့ "သတိကုသိုလ်"ကို ရအောင်လိုချင်တဲ့စိတ်နဲ့ အဓိကထားပြီး လုပ်ရမယ်။

မိမိကိုယ်ကိုပြန်ပြီး မေးကြည့်ပါ။ ငါဟာ ယခုသာသနာတော်နဲ့ တွေ့နေပြီ၊ သာသနာသီလ ငါ့မှာဖြစ်ပလား၊ သာသနာသမာဓိ ငါ့မှာဖြစ်ပလား၊ သာသနာပညာ ငါ့မှာဖြစ်ပလား။ လမ်းစစ် လမ်းမှန်သွားလိုတဲ့ ယောဂီပုဂ္ဂိုလ်တိုင်း အဲဒီလို ပြန်၍ မိမိကိုယ်ကိုပြန်၍ မေးကြည့်ပါ။

အဲဒီလမ်းမှန်အတိုင်း သွားနိုင်အောင် ဘာကို အရင်းတည်ပြီး လုပ်ရမလဲဆိုရင် ပင်ရင်းဖြစ်တဲ့ ဝေဒနာကို အရင်းတည်ပြီး လုပ်ရမယ်။ ဘာပြုလို့ အရင်းတည်ပြီး လုပ်ရသလဲ။ အဲဒီသဘာဝသက်သက်ဖြစ်တဲ့ ဝေဒနာကို အာရုံပြုရတာကိုက သတိပညာကို ဖြစ်စေတတ်လို့ အရင်းတည်ပြီး လုပ်ရတယ်။ အဲဒီဝေဒနာကို အာရုံပြုလို့ ရတဲ့သတိ ပညာကမှ သာသနာသီလ၊

သာသနာသမာဒိ၊ သာသနာပညာဆိုတဲ့ လမ်းမှန်ကို သွားမှာ ဖြစ်တယ်။ ဒါဖြင့် သတိ၊ သမာဓိ၊ ပညာကို ရနိုင်တဲ့ ဝေဒနာကို အာရုံပြုနိုင်ဘို့ရာ ဘာကိုအခြေခံရမလဲဆိုရင် အာနာပါနကိုအခြေခံရမယ်။ဘာပြုလို့ အာနာပါနကို အခြေခံရသလဲ။ ပကတိရိုင်းနေတဲ့စိတ်နဲ့ ဝေဒနာသဘာဝသက်သက်ထိအောင် ဘယ်နည်းနဲ့မှ အာရုံမပြုနိုင်ပါဘူး။ အဲဒီ အာနာပါနကို စိတ်အားကောင်းလာအောင်၊ သတိအားကောင်းလာအောင် စိတ်အား သတိအား ကောင်းလာသည်အထိ အာနာပါနကို အာရုံပြုရပါသေးတယ်။ ဒါကြောင့် "အာနာပါန"ကို အခြေခံရတာ။ ဒါဖြင့် အဲဒီ သတိဟာ ဘာရှိမှုရမလဲ။ ဝိရိယ၊ခန္ဓိရှိမှုရမယ်။ ဝိရိယခန္ဓိရှိမှု ရနိုင်တာဖြစ်ခြင်းကြောင့် ဝိရိယကိုဖြစ်စေတတ်တဲ့ စကြ်ံန်ကို များများ လျှောက်ပေးပါ။ စိတ်အား တက်လာသည်အထိ လျှောက်ပေးပါ။ ဤရိယာပုတ်လေးပါးထဲက စကြ်ံန်လျှောက်တဲ့ ဤရိယာပုတ်သည် ဝီရိယကို များစွာပင်ဖြစ်စေပါတယ်။

စကြ်ံန်ဘယ်လိုလျှောက်ရမလဲ၊ ကြမ်းနဲ့ခြေဖဝါး တိုက်ဆိုင်တဲ့ အခါတိုင်းမှာဖြစ်ပေါ်လာတဲ့ ထိ-ဆဲခဏ ထိဆဲခဏတိုင်းကို သိ သိလို့ သတိမလစ်အောင်သိပေးပါ။အမှန်က အောက်ကကြမ်းကလဲ ပညတ်၊ အပေါ်က ခြေဖဝါးကလဲပညတ်၊ ဒီပညတ်ဖြစ်တဲ့ ကြမ်းခြေဖဝါးတို့ကို အာရုံမပြုဘဲ တိုက်ဆိုင်ဆဲခဏမှာ ဖြစ်ပေါ်လာတဲ့ ထိမှုသဘာဝ ပရမတ်ကိုသာ သိပေးဘို့လိုပါတယ်၊ သို့သော် ပထမ စလုပ်ခါစ ယောဂီပုဂ္ဂိုလ်ဟာ သတိအားနှင့် မကောင်းသေးမီ ကြမ်းနှင့် ခြေဖဝါးတို့ကို ထိမှုနှင့် ရောပြီး၊ အာရုံပြုမိကောင်း ပြုမိနေပါလိမ့်ဦးမည်။ ဘယ်လိုဘဲ ဖြစ်စေ၊

(ရောချင်ရောပါစေ) ထိမှုကိုသာ အခိကသားပြီး သိပေးလို့ သတိအားကောင်းလာတဲ့ အခါကျတော့ ပညတ်ဟာ သူ့အလိုလို ကွာသွားပြီး ဖြစ်ပါလိမ့်မယ်။ လျှောက်တဲ့အင္ဂါ သိမလွတ်စေဘဲ စိတ်အားကောင်းလာအောင် နာရီဝက်၊ တနာရီ စသည်ဖြင့် မြန်မြန်လျှောက်ပေးပါ။ အဲဒီစင်္ကြံန်ကို အာနာပါန မလုပ်မီဖြစ်စေ၊ ဝေဒနာကို သိပြီးသောအခါမှာဖြစ်စေ၊ တရားမထိုင်သောအခါမှာ ဖြစ်စေ၊ လျှောက်ဖို့ မျှားစွာလိုပါတယ်။ အဲဒီ စင်္ကြံန် လျှောက်ပြီးတဲ့အခါမှာ အခြား ဘာကိုမှမလုပ်ဘဲ ထိုင်တဲ့ဣရိယာပုတ်ကို မိမိတို့ (တရားအားထုတ်သူတိုင်း) ထိုင်တတ်သော ကြာရှည်စွာ ထိုင်နိုင်မည့် ဣရိယာပုတ်မျိုးဖြင့် ဘယ်ဖက်လက်ဖဝါးပေါ် ညာဖက်လက်ဖဝါးတင်ပြီး ထိုင်ပါ။ ဒီအခါမှာ နောက်က ပြောခဲ့ပြီးသည့်အတိုင်း အာနာပါနနှင့် ဝေဒနာကိုလုပ်ပါ။ ဝေဒနာကို လုပ်တဲ့အခါမှာ အထူး သတိထားဘို့ရာက လျှာလည်လာအောင် (သို) အသံထုတ်ပြီး လိုက်ပေးပါ။ ဝေဒနာပေါ်သို့ စိတ်ရောက်ချင်လဲရောက် မရောက်ချင်လဲ နေပါစေဦး။ ပထမ သိ-သိကို လျှာလည်လာသည့်အဆင့် သို့ရောက်အောင် စိတ်အား ထက်သန်လာသည့်အဆင့်သို့ ရောက်အောင်အားစိုက်ပြီး လုံးပမ်းပေးပါ။ သိ-သိလိုက်သည့်လျှာသည် ပဋိလဗျာပါရလွတ်ကင်းပြီး သူ့အလိုလို လည်လိုက်လာသည့် အခါကျတော့ သိ-သိသိ-သိနှင့်တကွ အားကောင်းလာတဲ့ စိတ်တို့ဟာ ဝေဒနာပေါ်သို့ တင်းပြည့်ကျပ်ပြည့် ရောက်နေပါလိမ့်မည်။ ဒါဖြင့်-

ပထမစင်္ကြံန်လျှောက်ဘို့(သတိအခြေခံတဲ့ဝိရိယရဘို့ နှုတိယ အာနာပါနအားထုတ်ဘို့(သတိဦးစီးတဲ့သမာဓိရဘို့)

တတိယ ဝေဒနာလုပ်ဘို့ (သတိရှေ့ဆောင်တဲ့ ပညာရဘို့)

ဒို့လုပ်ငန်းစဉ်ဖြစ်တဲ့တရားမှာ များများစားစား မရှိပါဘူး။ ဒီသုံးခုဘဲ ရှိပါတယ်။ အဲဒီသုံးခုလုပ်လို့ အထမြောက်လာတဲ့ အခါကျတော့ သာသနာတော်နှင့်ဆိုင်တဲ့ သီလ၊သမာဓိ၊ ပညာတို့ဟာ အလိုလို ရင်ထဲ နှလုံးထဲ ရောက်ရှိလာကြပြီး၊ သာသနာနဲ့ ကြုံတွေ့ရတဲ့အတွက် လူဖြစ်ကျိုးနပ်ပြီ အပါယ်တံခါးပိတ်ပြီလို့ မှတ်ပါ။ ဘာပြုလို့လဲ အခြေခံဖြစ်တဲ့ သတိ၊ ပညာ ထမြောက်အောင်မြင်လာလို့ပင် ဖြစ်ပါတယ်။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဓမ္မပဒပါဠိတော်မှာ-

ပထဗျာ ကေရဇ္ဇေန၊ သဂ္ဂဿ ဂမနေနဝါ။
သဗ္ဗလောကာဓိ ပစ္စေန၊ သောတာပတ္တိဖလံ ဝရံ။
သောတာပတ္တိဖလံ၊ သောတာပန်ဖြစ်ရခြင်း၏ အကျိုးသည်။ ဝရံ၊ မြတ်၏။

ဘယ်လောက် မြတ်သလဲဆိုရင် သဗ္ဗာလောကာဓိပစ္စေန ပုထုဇဉ်အဖြစ်နဲ့ တလောကလုံးကို အစိုးရနေတဲ့ဗြဟ္မာ မင်းကြီးထက်မြတ်တယ်။ ဘာပြုလို့လဲဆိုရင်၊ ဒီကအိုးတလုံး ဖျာတချပ် သာရှိတဲ့ သောတာပန် ပုဂ္ဂိုလ်က အပါယ်တခါးပိတ်သွားလို့ဖြစ်တယ်။ သက္ကာယဒိဋ္ဌိ တန်းလန်းကြီး ရှိနေသေးတဲ့ ပုထုဇဉ် ဗြဟ္မာကြီးကတလောကလုံးကိုအစိုးရနေပေမယ်လို့ သံသရာနဲ့ စာရင်တချိန်မှာ "ဗြဟ္မာ့ပြည်မှာ တဝင်းဝင်း ဝက်စားကျဉ်းမှာ တ

ရှုတ်ရှုတ်" ဆိုတဲ့အတိုင်း အပါယ်သံသရာကို ပြန်ရအုံးမှာ။ တခါသာ သာဂ သာဂမနေနဝါ၊ ပုထုဇဉ်အဖြစ်နဲ့ နတ်ပြည် ရောက်ရတာထက်လဲမြတ်တယ်။ ပြီးတော့ ပထဗျာ ကေရဠေနဲ့ ပုထုဇဉ်အဖြစ်နဲ့ ကောဏ္ဍဉ်မင်း ဖြစ်ရတာထက်လဲ မြတ်တယ်လို့ အဲဒီလိုသောတာပန်ဖြစ်ရခြင်း၏ အကျိုးကိုဟောတော်မူထားတာ ရှိပါတယ်။ **ဒီ**တော့ ဆိုလိုရင်းက အိုးတလုံးဖျာတချပ်သာရှိတဲ့သောတာပန်လူဆင်းရဲ ပဂ္ဂိုလ်က မိမိဘဝဆိုင်ရာ ယခုတဘဝကလေးမှာ အသက်တန်းကျကျ၊ လူစည်းစိမ်၊ နတ်စည်းစိမ်၊ ဗြဟ္မာစည်းစိမ်တွေကို ခံစား စံစားနေကြတဲ့ ပုထုဇဉ် ပဂ္ဂိုလ်တွေထက် မြတ်တယ်လို့ဆိုပါတယ်။ ဘာပြုလို့၊ အပါယ်မကျလို့။

ဒီတော့ သာသနာတော်နဲ့ ကြုံကြိုက်ပါလျက် အပါယ်သံသရာမှာ ပြန်ကျရအုံးမယ်ဆိုရင် သာသနာတော်နဲ့ တွေ့ရကျိုး လူဖြစ်ရကျိုး မနပ်တော့ပါဘူးလို့မှတ်ပါ။ ဒါကြောင့် မဟာသောတာပန်အဖြစ်သို့မရောက်သေး စေကာမူ "တိဟိတ် ဒွိဟိတ်" ရယ်လို့ ရွေးချယ်မနေရဘဲ၊ အားထုတ်သူမှန်သမျှ ဘယ်လို ပဂ္ဂိုလ်မျိုးမဆို ရနိုင်ပြီ၊ ပြောခဲ့ပြီးတဲ့ အကျိုးတရား ငါးပါးမှတဖန် အောက်သို့ပြန်၍ မဆုတ်ကောင်းတော့တဲ့ စုဋ္ဌသောကာပန်အဖြစ်ကိုတော့ သာသနာတော်နဲ့ တွေ့ကြုံကြရဆဲ-လူဖြစ်လာဆဲ အချိန်အခါတွေ့ကြုံရကျိုး၊ ဖြစ်လာရကျိုး နပ်ကြရလေအောင် မသေမီ ကာလအဘောအတွင်း "သတိကုသို်လ်" ကို ထမြောက် အောင်မြင်သည်အထိ ရဘို့ရာ နေ့ရောညပါ အထူးကြိုးစား အားထုတ်နိုင်ကြပါ စေကုန်သတည်း။

သာဓု-သာဓု-သာဓု ပါဘုရား။

မြောင်းမြမြို့ ဝေဠုဝတီ ကမ္မဋ္ဌာန်းတိုက်၌
၁၃၃၁-ခု ဒုတိယဝါဆိုလပြည့်နေ့တွင် ဓားဂူးရှင်
ဝေဠုဝတီ ဆရာတော်ဘုရား ဟောကြားတော်မူအပ်သော
မဟာသတိပဋ္ဌာန် တရားတော်

သတိပဋ္ဌာန် အကျိုး ငါးပါးနှင့်
သတိပဋ္ဌာန်ဓလေးပါး

ဘာဝယိတ္ထာန ဗောဇ္ဈင်္ဂါ၊ ပတ္ထေဘတံ ဒေသကံ နမေ
သတိပဋ္ဌာန် ဘုရာ ရှိခိုး သတိပဋ္ဌာန်ပဏာမ

မြတ်စွာဘုရားဟာ ဘာဖြစ်လို့ ဘုရားအဖြစ်သို့ ရောက်သလဲတဲ့၊ ဘာဝယိတ္ထာန ဗောဇ္ဈင်္ဂါ၊ ဗောဇ္ဈင်္ဂါ၊ ဗောဇ္ဈင် ၇ ပါး အမြတ်တရားတို့ကို။ ဘာဝယိတ္ထာန၊ တိုးတက် စည်ကားဖြစ်ပွားစေတော်မူ၍၊ ပတ္တောဝါ၊ ဘုရားစင်စစ် သဗ္ဗညု အဖြစ်သို့ ရောက်တော်မူရလေပြီ၊ ဘုရားစင်စစ် သဗ္ဗညုအဖြစ်သို့ ရောက်တော်မူတယ်ဆိုတာ ဗောဇ္ဈင် တရား ၇ ပါး ရင်ထဲနှလုံးထဲမှာ စည်စည်ကားကား တိုးပွားလာလို့တဲ့၊ ပွားတယ်ပွားတယ်ဆိုတဲ့ စကားဟာ ဖြစ်တာကိုပြောတာ၊ ရင်ထဲမှာဗောဇ္ဈင် ၇ ပါးဖြစ်လို့ ဗောဇ္ဈင် ၇ ပါး စည်စည်ကားကား တိုးပွားလာလို့ သဗ္ဗညုဘုရား အဖြစ်သို့ ရောက်တော်မူတာတဲ့။

(၁) သတိသည် ပေါဇဉ်တပါး။
(၂) ပညာသည် ပေါဇဉ်တပါး။
(၃) ဝီရိယသည် ပေါဇဉ်တပါး။
(၄) ပီတိသည် ပေါဇဉ်တပါး။
(၅) ပဿဒ္ဓိသည် ပေါဇဉ်တပါး။
(၆) သမာဓိသည် ပေါဇဉ်တပါး။
(၇) ဥပေက္ခာသည် ပေါဇဉ်တပါး။

အဲဒီပေါဇဉ် ၇ပါးကို ရင်ထဲနှလုံးထဲမှာ တိုးပွားအောင် လေ့ကျင့်လို့၊ ပေါဇဉ်တရား ၇ပါးသည်ရင်ထဲနှလုံးထဲမှာစည်စည် ကားကားကြီး တိုးပွားလာလို့ ဘာဖြစ်တယ် ဘုရားဖြစ်တော်မူတယ်၊ ဒီတော့ ရင်ထဲမှာ သတိဖြစ်အောင်လုပ်ခြင်း၊ ရင်ထဲမှာ ပညာပေါ် အောင် လုပ်ခြင်း၊ ရင်ထဲမှာ ပညာ ဝီရိယပေါ် အောင် လုပ်ခြင်းလို့ဆိုတော့၊ သတိ၊ ပညာ၊ ဝီရိယ၊ ဘယ်နှစ်ပါးရမလဲ(၃)ပါး၊ သတိ ပညာဝီရိယ(၃)ပါးတို့တွင် သတိက ပေါဇဉ်တပါး၊ ပညာက ပေါဇဉ်တပါး၊ ဝီရိယက ပေါဇဉ်တပါး၊ အဲဒီသတိတို့ ပညာတို့ ဝီရိယတို့ဟာရင်ထဲမှာဖြစ်လာရမယ်၊ သတိကလဲ လုပ်တဲ့သတိ ဖြစ်တဲ့သတိ၊ ပညာကလဲ လုပ်တဲ့ ပညာ ဖြစ်တဲ့ပညာ၊ ဝီရိယကလဲ လုပ်တဲ့ ဝီရိယ ဖြစ်တဲ့ ဝီရိယ၊ အဲဒါကိုခွဲထားကြ၊ လုပ်တဲ့သတိက လူကလုပ်နေရတာ၊ ဖြစ်တဲ့သတိကျတော့ လူကမလုပ်ရဘူး အလိုလိုထင်နေတယ် အဲဒီလိုလုပ်တဲ့သတိက ဖြစ်တဲ့သတိရောက်နေရင် ပေါဇဉ် တိုးပွားလာပြီ၊ လုပ်နေရသေးရင် ပေါဇဉ်မရောက်သေးဘူး၊ ရင်ထဲမှာ ပညာက

လဲ ဒီလိုဘဲ၊ လုပ်ရတဲ့ပညာက ဖြစ်လာတဲ့ပညာရောက်ရင် လူနဲ့မ
ဆိုင်တော့ဘူး၊ သူ့ဟာသူ သိစရာအာရုံကို သူသိသွားတာဘဲ၊
ဝိရိယကလဲ လုပ်ရတဲ့ ဝိရိယ ဖြစ်လာတဲ့ ဝိရိယလို့ ၂မျိုး၊
လုပ်ရတဲ့ ဝိရိယက လူကဘဲ အားထုတ် အားထုတ်နေရတယ်၊
ဖြစ်လာတဲ့ဝိရိယကျတော့လူကအားမထုတ်ရတော့ဘူး၊ သူ့ဟာသူ
အလိုလို၊သည့်ပြင်သမာဓိ၊ပညာစသောတရားတွေ့ကိုအထမြောက်
အောင် သူက ဆောက်ပန့်ပြီး သွားတယ်၊ တထာပဲဂ္ဂဟိတံ
စိတ္တံ၊ တထာ ပဲဂ္ဂဟိတံ၊ ဂိုဏိုဝိရိယသည် ဆောက်ပဲန့်အပ်
သော။ စိတ္တံဒိတ်ကို ဥပေက္ခာဝသေန၊ တတြမဇ္ဈတ္တာ ပေက္ခာ၏
အစွမ်းအားဖြင့် ဥပေက္ခာတိ၊ လျစ်လျူရှုနေတော့၏၊ ဝိရိယဲ
တကယ်ဆောက်ပဲန့် လာတယ်ဆိုရင် ယောဂီပုဂ္ဂိုလ်က ဝိပဲဿနာ
စိတ်ကိုဂရုမစိုက်ခတော့ဘူး၊ ဝိရိယအဆောက်အပဲန့်နဲ့ဘဲ ဝိပဲဿ
နာ စိတ်ဟာ အလိုလိုအချိုးကျပြီး သူ့အာရုံနဲ့သူ သွားတော့
ဒါဘဲ။ အဲဒါ ဝိရိယဖြစ်လာတဲ့လက္ခဏာ၊ ဒီတော့ သတိဖြစ်
လာတယ်၊ ပညာဖြစ်လာတယ်၊ ဝိရိယဖြစ်လာတယ်၊ ဒါဘာ
ဖြစ်တာခေါ်သလဲ၊ ဗောဇ္ဈင် ဖြစ်ဘာတဲ့။

အေး.... အဲဒီလို သတိ ပညာ ဝိရိယ ဗောဇ္ဈင်
၃-ပါးဖြစ်လာပြီးတော့မှ ပီတိဖြစ်လာတယ်၊ သမာဓိ ဖြစ်လာ
တယ်။ တကယ်ရင်ထဲမှာ သတိဖြစ်လာပြီ၊ တကယ်ပညာ ဖြစ်လာ
ပြီ၊ တကယ်ဝိရိယ ဖြစ်လာပြီဆိုရင် ဒီပုဂ္ဂိုလ်ဟာ နှစ်သက်ခြင်း
ပီတိမဖြစ်ဘဲ မနေနိုင်ဘူး။ နှစ်သက်ခြင်းပီတိ ဖြစ်လာတယ်၊
နှစ်သက်ခြင်းပီတိ ဖြစ်လာရင် ပဿဒ္ဓိ မငြိမ်းအေးဘဲ မနေနိုင်
ဘူး၊ ကိုယ်ရော စိတ်ရော ငြိမ်းအေးပြီး နေတယ်။ ကိုယ်ရော

စိတ်ရော ငြိမ်းအေးတာ ပဿဒ္ဓိသမ္ဗောဇ္ဈင်၊ စိတ်ထဲမှာ နှစ်သက်တာ ပီတိသမ္ဗောဇ္ဈင်၊ ပီတိကလဲ နှစ်သက်တယ်၊ ပဿဒ္ဓိကလဲ ငြိမ်းအေးတယ်၊ ပဿဒ္ဓိငြိမ်းအေးခြင်းဖြစ်ပြီဆိုလျှင် သမာဓိစိတ်ဟာ တည်ငြိမ်တော့တာဘဲ။ထားချင်တဲ့အာရုံမှာထား၊ ဒီအာရုံပေါ်မှာ စိတ်မနေဘူးလို့ မရှိတော့ဘူး၊ လွှတ်ထားရတယ်ဆိုရင် မနေဘူး၊ တော်တော်ကြာရင် ထင်သွားရင်း တော်တော်ကြာရင် ပျံ့လွင့်သွားရင်း။ သမာဓိဖြစ်လာပြီဆိုရင် လွှတ်မလုပ်ရတော့ဘူး၊ ဒီအာရုံနဲ့ စိတ်နဲ့ အလိုလို သွားပြီးကပ်နေတော့တာဘဲ၊ ဒီတော့ သတိကို အသာထားလိုက်အုံး။ သတိကတော့ သူလိုရင်း၊အားလုံးကုန်နဲ့ ဆက်ဆံတဲ့တရား၊ ပညာ ဝိရိယ ပီတိ ပဿဒ္ဓိ သမာဓိ ဥပေက္ခာ- အဲဒီ(၆)ပါးအရင်မှတ်၊ အေး... ဥပေက္ခာဆိုတာလဲ တတြမဇ္ဈတ္တုပေက္ခာ။

အဲဒီပေါ့ဆွင်(၇)ပါးထဲပါတဲ့ဥပေက္ခာက ဘာအာရုံနဲ့ဘဲဖြစ်ဖြစ် လျစ်လျူရှုနိုင်တယ်။ ချစ်တာကို မချစ်ဘဲ လျစ်လျူရှုနိုင်တယ်၊ မုန်းတာကို မမုန်းဘဲ လျစ်လျူရှုနိုင်တယ်၊ စိုးရိမ်သောက ဖြစ်နေတာကို မစိုးရိမ်ဘဲ လျစ်လျူရှုနိုင်တယ်၊ ဘယ်အာရုံအတွက်နဲ့မှ စိတ်မှာ အနှောင့်အယှက် မဝင်ဘူး၊ ထိုထိုအာရုံ၌ လျစ်လျူရှုနိုင်တယ်၊တတြမဇ္ဈတ္တုပေက္ခာသည် ဥပေက္ခာသမ္မောဇ္ဈင်တဲ့၊ ဥပေက္ခာသမ္မောဇ္ဈင်ဆိုတာ သုခ-ဒုက္ခ-ဥပေက္ခာဆိုတဲ့ဝေဒနာဥပေက္ခာမဟုတ်၊ တတြမဇ္ဈတ္တတာ စေတသိက်ကို ဥပေက္ခာလို့ခေါ်တယ်၊ ဒီတော့ ၂ပါးစီး၊ ၂ပါးစိတဲ့မှတ် ပညာ ဝိရိယ-၂ပါး၊ ပီတိ-ပဿဒ္ဓိ-၂ပါး၊ သမာဓိ- ဥပေက္ခာ-၂ပါး၊ အေး-သမာဓိ ဆိုတာဟာ စိတ်တည်ငြိမ်တာ၊ ဥပေက္ခာဆိုတာ

လျစ်လျူရှုနိုင်တာ၊ဘယ်အပေါ်မှာ ကြောင့်ကြမရှိ- လျစ်လျူရှုနိုင်တယ်၊ ချစ်တဲ့အပေါ်လဲကြောင့်ကြမရှိဘူး၊ မုန်းတဲ့အပေါ်လဲကြောင့်ကြမရှိဘူး၊ စီးပွားရေးလဲ - ကြောင့်ကြမရှိဘူး၊ ဘာကြောင့်ကြမှ မထားတဲ့ ဥပေက္ခာကို ဥပက္ခာ သမ္မောဇ္ဈင်လို့ခေါ်တယ်၊ ဟို- သုခဝေဒနာ- ဒုက္ခဝေဒနာ- ဥပေက္ခာဝေဒနာ-ဆိုတဲ့ ဥပေက္ခာ မဟုတ်ဘူး၊ ဒီဥပေက္ခာ သမ္မောဇ္ဈင်က တကြွမဇ္ဈတ္တ၊ ပေက္ခာကိုခေါ်တယ်။

အဲဒီတော့-ပညာ ဝိရိယ-က ၂ပါး၊ ပီတိ-ပဿဒ္ဓိက-၂ပါး၊ သမာဓိ-ဥပေက္ခာက-၂ပါး၊ အေး-(၆)ပါး၊ ပညာက အမှန်သိတာ၊ ဝိရိယက- လုံးလဝိရိယကောင်းတာ၊ ပီတိက နှစ်သက်တာ၊ ပဿဒ္ဓိကငြိမ်းအေးတာ၊ သမာဓိကစိတ်တည်ငြိမ်တာ၊ ဥပေက္ခာက လျစ်လျူရှုနိုင်တာ၊ အဲဒီတော့ ပထမသတိ သမ္မောဇ္ဈင်က အားလုံးကုန်နဲ့ ဆက်ဆံတယ်၊ သတိမပါရင် ဘယ်တော့မှမပြီးဘူး၊ ဒီတော့ သတိသမ္မောဇ္ဈင်ကို အရင်းခံထားပြီးတော့၊ ဒင့်ပြင် ဗောဇ္ဈင် (၆)ပါးနဲ့ ပေါင်းလိုက်၊ ဗောဇ္ဈင် (၇)ပါး၊ အဲဒီဗောဇ္ဈင်(၇)ပါးအထမြောက်ခြင်းကြောင့် ဘုရားအဖြစ်သို့ရောက်တယ်။

ဒါဖြင့် ရဟန္တာအဖြစ်သို့ ရောက်တဲ့ ပဋိပဒါလမ်းကော ဒီဗောဇ္ဈင် (၇)ပါး အထမြောက်မှ ရဟန္တာအဖြစ်သို့ ရောက်တယ်၊ ဒါဖြင့် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ပဋိပဒါလမ်းတွေကော၊ ဗောဇ္ဈင်-(၇)ပါး ထိုက်သည့်အားလျော်စွာ မဖြစ်ဘဲနဲ့၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ဖြစ်နိုင်ပါ့မလား- မဖြစ်နိုင်ဘူး၊ဒါကြောင့် ဗောဇ္ဈင်(၇)ပါး အထမြောက်အောင်

လုပ်ရမယ်၊ ဗောဇ္ဈင် (၇)ပါး အထမြောက်အောင် လုပ်လို့၊ သောဘာပန်၊ သကဒါဂါမ်၊ အနာဂါမ် ဖြစ်ပြီလို့ ဆိုရင်၊ ဒီပဋိပဒါလေ့ကျင့်ရဲ့ ရင်ထဲမှာ ဗောဇ္ဈင်(၇)ပါး ကင်းနိုင်ပါအုံးမလား မကင်းနိုင်တော့ဘူး။ မကင်းနိုင်တော့ ကိုယ့်ရင်ထဲမှာဖြစ်တဲ့ ဗောဇ္ဈင် (၇)ပါးကို အာရုံပြုပြီးတော့၊ ပွားများနေရတာဟာ အရိယာပုဂ္ဂိုလ်တို့မှာ အင်မတန်အဘိုးတန်တယ်၊ အင်မတန်မြင့်မြတ်တယ်၊ ဗောဇ္ဈင် ၇-ပါးကို အမြဲ မပြတ် အာရုံ ပြုပြီးတော့ နေချင်တယ်၊ ဘယ်လိုနေရလို့ ရှိရင် ဗောဇ္ဈင် ၇ပါးကို အာရုံ ပြုပြီး နေရပါမလဲ ဒီလိုပြန်ပြီးစဉ်တ်ကူးချက်ရှိတယ်။

ဒါကြောင့် ဝိသာခါကျောင်းအမကြီးဟာ သူ့ကျောင်း လာပြီးတည်းတဲ့အာဂန္တုတွေကိုအာဂန္တုကဘတ်ဆွမ်းကပ်တယ်၊ ဆွမ်းလှူတယ်၊ သူ့ကျောင်း လာတည်းတဲ့ ကိုယ်တော်တွေကို သက်နှံးကပ်တယ်၊ သူ့ကျောင်းမှာနေတဲ့ ကိုယ်တော်တွေကိုတော့ မပြောပါနဲ့တော့၊ ခဏခေတ္တလာတဲ့ ကိုယ်တော်တွေကိုတောင်မှ သူ့ဆွမ်း သူ့သက်နှံးနဲ့ မကင်းစေရဘူးတဲ့၊ ဝိသာခါကျောင်းအမကြီးလှုပ်လေ၊ ဒါဖြင့် ဝိသာခါ ကျောင်းအမကြီးဟာကျောင်းရောက်သမျှအာဂန္တုကိုယ်တော်တွေကိုဆွမ်းသက်နှံးကပ်တယ်၊ သြော်- အာဂန္တုလာတိုင်းဆွမ်းသက်နှံးကပ်တာ သင့်မှာ ဘာရည်ရွယ်ချက်နဲ့ လုပ်သလဲဟု ဘုရားက မေးတယ်လေ၊ တပည့်တော်မရည်ရွယ်ချက်ကတော့တခြားဟုတ်မလားဘုရားတဲ့၊ ဟိုတောရွာ တရွာမှာ ရဟန္တာတပါး ပရိနိဗ္ဗာန်စံတယ်လို့ ကြားလိုက်ရရင်ဘဲ လာသမျှအာဂန္တုကို မလွတ်အောင် ဆွမ်းကပ်တယ်၊ လာသမျှ အာဂန္တုကို မလွတ်အောင် သက်နှံးကပ်ထား

တော့၊ ယခု ပရိနိဗ္ဗာန် စံတော်မူတဲ့ ရဟန္တာဟာ၊ ငါ့ဆွမ်းဘုန်းပေးဘူးတဲ့ရဟန္တာ၊ ငါသက်နှံး ဝတ်ဘူးတဲ့ရဟန္တာ၊ အဲဒီလိုဆိုပြီး တပည့်တော်မ အလှန် ဝမ်းမြောက် ပါတယ်ဘုရားတဲ့ ဒီပြင်တခြားမှာ ရဟန္တာတပါး ပရိနိဗ္ဗာန်စံတယ်လို့ ကြားလိုက်ရပြန်ရင်လဲ ဟာဒီကိုယ်တော်ဟာ ငါသက်နှံး ဝတ်ဘူးတဲ့ ဘုန်းကြီးဖြစ်ရမယ်ဆိုပြီး အဲဒီလို ရဟန္တာ ပရိနိဗ္ဗာန်စံတယ်လို့ ကြားရတိုင်း တပည့်တော်မ အလှန်ဝမ်းမြောက်ပါတယ်၊ ဝမ်းမြောက်တော့ဘာဖြစ်သလဲ၊ ဝမ်းမြောက်တော့ တပည့်တော်မမှာရှိတဲ့ သတိ၊ ပညာ၊ ဝီရိယ၊ ပီတိ၊ ပဿဒ္ဓိ၊ သမာဓိ၊ ဥပေက္ခာ ဆိုတဲ့ ဗောဇ္ဈင်တရားတွေကို ပွားများ ကောင်းလွန်းလို့ ဗောဇ္ဈင်တရားတွေ တိုးပွားခြင်းကို အလိုရှိပြီးတော့၊ တပည့်တော်မ ဒီဒါနတွေ လှူတာဘဲတဲ့၊ ဝိသာခါလှူပုံ၊ စိတ်ထားပုံလေ၊ လောကီဂုဏ်လိုချင်လို့လဲမဟုတ်ဘူး၊ ဒီဒါနအကျိုးခံစားချင်လို့လဲမဟုတ်ဘူး၊ ယခု လောလောဆယ် သူ့ရင်ထဲမှာရှိတဲ့ ဗောဇ္ဈင် တရားတွေကို အာရုံပြုကောင်းဘို့ရာ ဒီလို ရည်စူးပြီးတပည့်တော်မ လှူပါတယ်ဘုရားတဲ့။

ဒီတော့ ဗောဇ္ဈင်ဖြစ်ဘို့ဟာ အရေးမကြီးဘူးလား-ကြီးတယ်နော် ၇ ပါးလုံးမဖြစ်တောင်မှ - တပါးပါးတော့ဖြစ်ရမယ်၊ အနည်းဆုံး ဒီပြင်ဗောဇ္ဈင် မဖြစ်တောင် သတိမဖြစ်နိုင်ဘူးလား လုပ်ရင်ဖြစ်နိုင်ပါတယ် ခုဟာက ပဲစပ်ကပဲ၀ါ တကယ်မဖြစ်ပဲ၀ါဘူးဘာဖြစ်လို့လဲ မေ့မေ့နေတာချည်းဘဲ။သတိဖြစ်တယ်ဆိုတာလူကလုပ်ရတာမဟုတ်ဘူး သတိသဘောက အာရုံကို ထင်ထင်ရှားရှား တွေ့နိုင်တယ်၊ ဘယ်လောက် သိမ်မွေ့တဲ့အာရုံဘဲ ဖြစ်ဖြစ်

ဘယ်ဘုံးကတွေ့တဲ့ အာရုံဘဲဖြစ်ဖြစ် ဘယ်လောက်ဝေးဝေးဘယ်လောက် သိမ်မွေ့သိမ်မွေ့ အာရုံမှန်သမျှကို သတိဖြစ်လာရင်ထင်ထင်ရှားရှား တွေ့နိုင်တယ်။အေးခုတော့ကြာရင်မေ့ပျောက်သွားရော သိမ်မွေ့ရင်လဲ အာရုံပြုလို့ မရတော့ဘူး ဒါသတိဖြစ်တယ်ဆိုလို့ဟုတ်မလား။စက်သူဌေးက တရားနာနေရင်း စက်သွားအမှတ်ရတာ သတိလွှားလို့၊ သဘော်ပိုင်ရှင်က သဘော်ပြန်အမှတ်ရနေတာကော သတိလွှားလို့ အေးဒါသတိမဟုတ်ဘူးနော် သတိကဘာလဲ သတိက မိမိခန္ဓာကိုယ်ထဲမှာ ဖြစ်နေတဲ့ သဘာဝတွေကို သတိရနေတာ အဲဒါသတိအစစ်ဘဲ နော် ဒါဖြင့်ဝိရိယကော မဖြစ်သင့်ဘူးလား ဖြစ်သင့်ပါတယ် ခုလုပ်နေတဲ့လူတွေ သတိဖြစ်ရမယ် ဝီရိယဖြစ်ရမယ် ဒါဖြင့် တရားလုပ်လို့ကောင်းရင် ပီတိကော မဖြစ်နိုင်တော့ဘူးလား ဖြစ်နိုင်ပါတယ် ပီတိဖြစ်ရင် ပဿဒ္ဓိကကော သေချာနေပြီ ကိုယ်၏ငြိမ်းအေးခြင်းလေ၊ ဟော ပဿဒ္ဓိဖြစ်ရင် သမာဓိကလဲ ဖြစ်နိုင်တာဘဲ သမာဓိတည်ကြည်လာရင် စိတ်က အရာရောကော လျစ်လျူမရှုနိုင်ဘူးလား ဒီလို လျစ်လျူရှုနိုင်ရင် ဟုတ်ကဲ့ ရန်ကုန်သွားလို့ဆိုပြီး ကျောင်းမလာဘဲ နေနိုင်ပါအုံးမလားလျစ်လျူရှုနိုင်ရင် ပြောပါတယ် ခုတော့ မရှုနိုင်သေးလို့ ဖြစ်ရမှာပေါ့နော်။

ပဿမတစ် နုံပါတ်ကဘာလဲ သတိ သမ္ဗောဇ္ဈင်၊ပြီးတော့မှ ပညာဝိရိယနှစ်ပါး၊ ပြီးတော့မှ ပီတိ ပဿဒ္ဓိနှစ်ပါး။ ပြီးတော့မှ သမာဓိ ဥပေက္ခာနှစ်ပါး၊ အဲဒီတော့ဗောဇ္ဈင် ၇ပါး၊ ရင်ထဲမှာ ၇ပါးလုံးမဖြစ်သော်လည်း ဖြစ်တန်သလောက်တော့ ဖြစ်ရမယ်၊ ဗောဇ္ဈင်မဖြစ်ရင် ဘယ်နည်းနဲ့မှ တရားမရဘူးနော်၊

ပေါဇဉ်မြင်မဖြစ်ဘဲနဲ့ တရားရနိုင်ပါ့မလား၊ ဘုရားကိုယ်တော်မြတ်ကြီးဟောင် ပေါဇဉ်ဖြစ်လို့ ဘုရားအဖြစ်သို့ ရောက်တော်မူတယ်ဆိုမဟုတ်လား ဒီတော့ ပေါဇဉ်ဖြစ်အောင် ဘာလုပ်ရမလဲ တရားအားထုတ်ရမယ် အာနာပါန ဝင်သိ ထွက်သိ ဆိုတဲ့အသိဟာ ဝိရိယတို့ သတိတို့နဲ့ ကင်းလို့ ဖြစ်နိုင်သလား၊ မဖြစ်နိုင်ဘူးအားထုတ်မှ ဝိရိယက ဝိရိယသမ္ဗောဇ္ဈင်၊ ဝင်တိုင်းထွက်တိုင်း သိတဲ့သတိက သတိသမ္ဗောဇ္ဈင် အနည်းဆုံး ဒီနှစ်ပါးတော့ဖြစ်ရမှာပေါ့၊ ပေါဇဉ် တရားဆိုတာ ပေါဇဉ် ပရိတ်ကိုနာတာနဲ့ တောင်ရောဂါ ဝေဒနာပျောက်တယ်ဆို၊ ပေါဇဉ်တရားနာတာနဲ့ အနာရောဂါ ပျောက်ချင် ပေါဇဉ်တရား ရင်ထဲ နှလုံးထဲရောက်အောင် အားထုတ်တဲ့ပုဂ္ဂိုလ်မှာ အနာရောဂါ မပျောက်နိုင်ဘူးလားလို့ ပေါဇဉ်ဟာ အင်မတန် အကျိုးများတယ်။

ဘုရားကိုယ်တော်မြတ်ကြီး၏ ဘုရားအဖြစ်သို့ ရောက်တော်မူတာ ဘာဖြစ်လို့ ပေါဇဉ်တရားတိုးပွားလို့ ရင်ထဲနှလုံးထဲမှာ ပေါဇဉ် ၇ ပါးဖြစ်အောင် ကိုယ်တော်မြတ်သည် ဘာအခြေခံသလဲ၊ "ကတ္တာသတိံ ဥပဋ္ဌိတံ" သတိ၊ သတိတရားကို။ ဥပဋ္ဌိတံ၊ ကောင်းစွာထင်ရှားသည်ကို။ ကတ္တာ၊ ပြုတော်မူ၍။ ဘုရားအဖြစ်သို့မရောက်မီ ဘုရားလောင်း အဖြစ်မှာတုံးက ကိုယ်တော်မြတ်ဟာ သတိကိုထင်ရှားအောင်အားထုတ်တော်မူတယ်တဲ့၊ သတိကို ထင်ရှားအောင်အားထုတ်လို့ သတိ ထင်ရှားတော့မှ ပေါဇဉ် ၇ ပါးဖြစ်တာ၊ ဒါဖြင့် သတိထင်ရှားအောင် အားထုတ်တဲ့အခါ အဆမြောက်ဘို့ရာက ဘာလိုသလဲ၊ "ပဉ္စနိဝရဏော ဟိတ္ဝာ" နိဝရဏငါးပါး ပယ်ရမယ်၊နိဝရဏငါးပါးက ဖုံးထား

တယ်၊ အဲဒီအဖုံးကိုလှုပ်ရမယ်၊ နိဝရဏအဖုံး ငါးပါးမလှုပ်ဘဲနဲ့ သတိမဖြစ်နိုင်ပါဘူး၊နိဝရဏငါးပါးကဘာလဲ ကာမဆန္ဒကာမက အလိုရှိအပ်သည်ကို ဆန္ဒက လိုလားတောင့်တတယ်၊ ကာမဆန္ဒ အလိုရှိအပ်သည်ကို လိုလားတောင့်တ အဲဒီ အလိုရှိတာကို လိုလားတောင့်တတဲ့လောဘ ရင်ထဲမှာရှိနေရင် အဲဒီလောဘဟာ တရားကို မဖုံးဘူးလား ဖုံးတယ်၊ ဖုံးသောကြောင့် နိဝရဏ၊ အလိုရှိသည်ကို လိုလားတောင့်တတဲ့ ကာမဆန္ဒနိဝရဏနော်— ဌင်းကာမဆန္ဒ နိဝရဏသည် အဖုံးတရားဖြစ်သောကြောင့် အလို ရှိအပ်သည်ကို တောင့်တတဲ့စိတ်ကို ပယ်ပါတဲ့၊ အိမ်ကျတော့ မပယ်ရပါဘူး။ တရားနာတဲ့အခိုက်, တရားအားထုတ်တဲ့အခိုက်၊ ကုသိုလ်ကောင်းမှု ပြုတဲ့အခိုက်တော့ သူကိုယ် ပယ်ထားရမယ်၊ အမြဲပယ်ရမယ်ဆိုရင် မင်းတို့နဲ့ ငါနဲ့ ရန်ဖြစ်ရမှာပေါ့၊ အမြဲ မပယ်ရပါဘူး၊ ပယ်သင့်တဲ့အခါ ပယ်ထားရမယ်နော်၊

ပြီးတော့ကော ဗျာပါဒ၊ ဗျာပါဒ ဆိုတာ ဘာတုံး၊ ဗျာပါဒဆိုတာ ဖျက်ဆီးတဲ့စိတ်၊ ဖျက်ဆီးခြင်းဒေါသ စိတ်ဆိုးနေတဲ့ လူတယောက် ဒေါသထွက်နေတဲ့ လူတယောက်ဟာ ကိုယ်ကိုကောမဖျက်ဆီးဘူလား၊ ဒီလူက တပါး လူကိုကော မဖျက်ဆီး ဘူးလား၊ အဲဒီလို ဖျက်ဆီးတတ် သောကြောင့် ဒေါသကို ဗျာပါဒ လို့ ခေါ်တယ်၊ အဲဒီ ဒေါသခေါ်တဲ့ ဗျာပါဒ ဗျာပါဒခေါ်တဲ့ ဒေါသသည် တရားကို ဖုံးသောကြောင့် နိဝရဏ၊ အလိုရှိသည်ကို လိုလားတောင့်တတဲ့ ကာမဆန္ဒလဲ တရားကိုဖုံးသောကြောင့် နိဝရဏ၊ မိမိနှင့် သူတပါး ၂ ဦးသားကို ဖျက်ဆီးတတ်သောဒေါသသည် တရားကိုဖုံးသော

ကြောင့် နိဝရဏ ဟုတ်လား၊ ဒီဒေါသကလဲ အလွန်များတာ အချာချာမှာ အဆင်မပြေလို့ စိတ်မချမ်းသာမှုဟာလဲ ဒေါသဘဲ၊ တယောက်နှင့်တယောက် မုန်းထားတာလဲ ဒေါသဘဲ၊ အေး— ဒေါသမှန်ရင် ဘယ်ဒေါသဖြစ်ဖြစ် ကိုယ်လဲ ဖျက်ဆီးတာဘဲ၊ သူတပါးလဲဖျက်ဆီးတာဘဲ၊ အလိုဒုါသည်ကို လိုလားတောင့်တတဲ့ ကာမဆန္ဒသည် တရားကို ဖုံးလွှမ်းသောကြောင့် နိဝရဏ၊ မိမိ သူတပါးနှစ်ဦးသားကို ဖျက်ဆီးတတ်သောဒေါသလဲ တရားကို ဖုံးလွှမ်းသောကြောင့် နိဝရဏ၊ ဒါဖြင့် ကာမဆန္ဒ နိဝရဏ၊ ဗျာပါဒနိဝရဏ နှစ်ပါးပြီးသွားပြီနော်။

ထိုင်းမှိုင်း လေးလံခြင်း ထိနမိဒ္ဓ ထိနက ထိုင်းတယ်၊ မိဒ္ဓက မှိုင်းတယ်၊ အေး— နှစ်ခုတဲ့လိုက်တော့ ထိနမိဒ္ဓ ထိုင်းမှိုင်းတယ်၊ ထိုင်းမှိုင်းလို့ရှိရင် စိတ် ပေါ့ပေါ့ပါးပါး ကြည်ကြည်လင်လင် သက်သက်လက်လက် ရှိသေးခဲ့လား မရှိပါဘူး၊ အဲဒီ ထိနမိဒ္ဓနှစ်ပါးသည် တရားကို ပုံးတတ်သောကြောင့် နိဝရဏ၊ ဒါဖြင့် ကာမဆန္ဒနိဝရဏ ဗျာပါဒနိဝရဏ ထိနမိဒ္ဓနိဝရဏ သုံးပါးရှိသွားရော။ ဥဒ္ဓစ္စ၊ စိတ်မငြိမ်သက်ဘူး၊ စိတ် ပျံ့လွင့်တယ်၊ ကုက္ကုစ္စ စိတ်ပူပန်တယ် စိတ်မငြိမ်းအေးဘူး။ နောင်တ တဖန် ပူပန်ခြင်းဖြစ်တယ်၊ ဥပုသ်နေ့က ဥပုသ်မစောင့်တာ မှားသကွာ၊ ကုသိုလ်ကောင်းမှု လုပ်သင့်တဲ့အခါ မလုပ်လိုက်ရရင် နောင်တ တဖန်ပူပန်ခြင်းမဖြစ်ဘူးလား၊ အဲဒါ ကုက္ကုစ္စနော်— ဒါဖြင့် မတော်တာလုပ်မိတာကော ငါလုပ်မိတာ မှားလိုက်တာကွာလို့ ဒီလို နောင်တဖန် ပူပန်ခြင်းကိုပြောတာ၊ အဲဒီလို ကိုယ်လုပ်မိတဲ့

အလုပ်ဟာ နောက်ခါမှ နောင်တရရင်လဲ ကုက္ကုစ္စဘဲ၊ နောင်တ တဖန်ပူပန်ခြင်းလေ၊ စိတ်ပုံ့လှုံ့တာ ဥဒ္ဓစ္စ၊ နောင်တတဖန် ပူပန်ခြင်းဖြစ်တာက ကုက္ကုစ္စ၊ ဥဒ္ဓစ္စ ကုက္ကုစ္စ နှစ်ပါးစလုံးရှိနေရင် တရားကို မဖုံးဘူးလား ဖုံးတယ်။

ဒါဖြင့် ဝိစိကိစ္ဆာ ယုံမှားမကင်း သို့လော သို့လော တွေးတော ကြံစည်ခြင်း ဘုရားမှ ဟုတ်ကဲ့လား၊ တရားမှ ဟုတ်ကဲ့လား၊ သံဃာမှ ဟုတ်ကဲ့လား၊ အင်း.... နိဗ္ဗာန်ဆိုတာ တကယ်မှ ရှိရဲ့လား၊ သစ္စာလေးပါး ဆိုတာ ဟုတ်မှ ဟုတ်ကဲ့လား၊ ဘုရား တရား သံဃာနှင့်ပတ်သက်လို့ ယုံမှားသံသယ နော်— ပဂ္ဂိုလ်သတ္တဝါ ငါသူတပါး ယောကျ်ား မိန်းမမရှိ ရုပ်နာမ်နှစ်ပါး အစုအဝေးမျှသာ ဖြစ်တယ်ဆိုတာ ဟုတ်မျှား ဟုတ်လေသလား၊ ဒီလိုကော မဖြစ်နိုင်ဘူးလား၊ ဒါလဲ ဝိစိကိစ္ဆာဘဲ၊ ဝိစိကိစ္ဆာဆိုတာ သို့လော သို့လော တွေးတော ယုံမှားမကင်းတာ အဲဒီဝိစိကိစ္ဆာကကော တရားကိုမဖုံးဘူးလားဖုံးတယ်၊ ဖုံးသောကြောင့် နီဝရဏ၊ ဒါကြောင့် အဖုံးငါးပါး နီဝရဏ တရားဘို့ကို။ ဟိဘ္ဘာ၊ ပယ်တော်မူ၍ ဘာနဲ့ပယ်တယ်၊ သမထနဲ့ ပယ်တယ်၊ ဒါကြောင့် အာနာပါန လုပ်ရတယ် ဟုတ်လား အာနာပါနလုပ်လို့ စိတ် ငြိမ်သက်သောတဲ့အခါမှာ ဒီနီဝရဏ ငါးပါးကပ်နိုင်ပါအုံးမလား မကပ်နိုင်ပါဘူး၊ အေး-နီဝရဏကို သမထနဲ့ပယ်တယ်၊ အဲဒီနီဝရဏ ၅ ပါးကို ဥပမာနဲ့ပြောရရင် လိုလားဘောင့်တတဲ့ အဲဒီကာမဆန္ဒနီဝရဏဟာ ကြွေးမြီတင်တဲ့ လူနဲ့တူတယ်၊ ဘယ်လိုတူပါလိမ့်၊ ကြွေးမြီတင်တဲ့လူဟာ ကြွေး မဆပ်နိုင်တော့ ကြွေးရှင်ပြောတိုင်း မခံရဘူးလား ခံရပါတယ်၊

လိုလားတောင်းတချက်ရှိနေတဲ့ ပုဂ္ဂိုလ်တယောက်ဟာ ဒီလိုလား တောင့်တချက်အတွက်နဲ့ ငုံ့ခံနေရတယ် မခံရဘူးလား၊ ကိုယ် တွေ့ ခံနေရတယ်မဟုတ်လား၊ ဆဲချင်တိုင်းဆဲ ဆိုချင်တိုင်းဆို ဘယ်လူနှပစကနှပစက လိုလားတောင့်တချကက ရှိနေတဲ့ အိမ်မပြန်ဘဲ မနေနိုင်ဘူး၊ လိုလားတောင့်တချက်ကရှိနေတဲ့ စက်မသွားဘဲ မနေနိုင်ဘူး၊ မနေနိုင်တဲ့ကိစ္စတွေလေ။ အဲဒါတွေ မကောင်းဘူးလို့ မထင်ဘူးလား ထင်တယ်၊ ထင်ပေမယ့်လို့ ကြေးမဆပ်နိုင်တဲ့လူဟာ ကြေးရှင်မျက်နှာ မော်ကြည့်ရသလို့ ကိုယ်က လိုလားတောင့်တချက် မပြည့်နိုင်တော့ ဘာကို မော့ ကြည့်နေသလဲ၊ ဒီတော့ ကာမဆန္ဒနိဝရဏက ဘာနဲ့တူတယ်၊ ကြေးမကင်းတဲ့လူနဲ့တူတယ်၊ ကြေးမကင်းတဲ့လူဟာ ကြေးရှင် ပြောသမျှကို ငုံ့ခံနေရသလို ဟုတ်လား ကိုယ် အလိုရှိတဲ့ တောင့်တချက်တခုခု ရှိနေတဲ့အတွက် အဲဒါလို ငုံ့ခံနေရတာ ပေါ့၊ ရလိုရငြားလေ ငုံ့မခံရဘူးလားလို့။

ဩဿဲ.... ဗျာပါဒနိဝရဏက ဘာနဲ့တူတယ် ခံတွင်း ပျက်တဲ့ လူမမာနဲ့တူတယ်၊ ခံတွင်းပျက်တဲ့လူဟာ ဘယ်လောက် ဟင်းကောင်းကောင်း စားလို့ ကောင်းရဲ့လား မကောင်းဘူး ဟုတ်လား၊ စိတ်မချမ်းသာနေတဲ့လူ စိတ်ဆင်းရဲနေတဲ့လူ စိတ် ဆိုးနေတဲ့လူ ဘယ်တရားမှ ရင်ထဲမရောက်ဘူး၊ တရားကောင်း လေ— သူနဲ့မတွေ့လေဘဲ၊ တွေ့ပါမလား မတွေ့ပါဘူး၊ ဒါဘာ ကြောင့်လဲ ဗျာပါဒနိဝရဏ၊ စိတ်မချမ်းသာမှု၊ စိတ်ဆင်းရဲမှု၊ စိတ်ဆိုးမှု၊ စိတ်ညစ်ရှိနေရင် တရားမဝင်နိုင်တော့ဘူး ဟုတ်လား၊ ထိနမိဒ္ဓ နိဝရဏက မြို့ထဲ ရွာထဲ ပဲ့ကျင်းပနေတုန်း အချုပ်

အနှောင် ခံရတဲ့သူနဲ့ တူတယ်တဲ့ ထိနမိဒ္ဓနော်၊ မြို့ရွာထဲမှာ ပဲခင်း ကျင်းပြီး ပျော်ကြပါးကြနေတုံး ကိုယ်မှာအချုပ်ခံရပြီး ထောင် ထဲဝင်နေရတော့ ဒီပဲနဲ့ သူနဲ့ ဆိုင်သေးသလား၊ အေး—မဆိုင် တော့ဘူး၊ ထိနမိဒ္ဓနိဝရဏကလဲ ဒီလိုဘဲ တရားပဲကြီးနဲ့ ကြုံလို့ တရားသွားပြီးနာပေမယ်လို့ အိပ်ချင် ငိုက်မျည်းနေတော့ ဘာ မှန်းသိသေးသလဲ၊ ထိနမိဒ္ဓလေ၊ တရားပဲနဲ့ သူနဲ့ ဆိုင်သေး သလား အချုပ်အနှောင်ခံရတဲ့ သူနဲ့ တူတဲ့ ဥဒ္ဓစ္စ၊ ကုက္ကုစ္စက စိတ်ပို့လွှင့်ခြင်း နောင်တ တဖန်ပူပန်ခြင်းနော်.... ဒဲ့ဒီလိုရှိနေတဲ့ ပဋိပက္ခလ်ဟာ သူတပါး ကျေးကျွန်နဲ့ တူတယ်၊ သူတပါး၏ ကျေး ကျွန်ဟာ သခင်၏အလိုကို မလိုက်ရဘူးလား လိုက်ရပါတယ်၊ အေး.... သူတပါးကျေးကျွန်ဟာ သခင်၏အလိုကို လိုက်ရတယ်၊ ထိုနည်းတူစွာ စိတ်ပို့လွှင့်ခြင်း ဥဒ္ဓစ္စ၊ နောင်တတဖန်ပူပန်ခြင်း ကုက္ကုစ္စ၊ ဟုတ်လား၊ ဒီတရားနှစ်ပါး ရင်ထဲရှိနေတဲ့ပဋိပက္ခလ်ဟာ ဒီတရားနှစ်ပါး ပျောက်ငြိမ်းရာ ပျောက်ငြိမ်းကြောင်း ဆရာ လိုက်ရှာရတယ်။ ဘယ်လိုလုပ်မှ စိတ်ပို့လွှင့်ခြင်း ငြိမ်းပါ့မလဲ၊ ဘယ်လိုလုပ်မှ နောင်တတဖန် ပူပန်ခြင်းငြိမ်းပါ့မလဲဆိုတာ ဆရာ လိုက်ရှာတယ် ဟုတ်လား၊ သူတပါးအလိုသို့ လိုက်ရတယ်။

ဝိစိကိစ္ဆာနိဝရဏက ဥစ္စာထုပ်နဲ့ ခရီးသွားရတဲ့လူနဲ့ တူတယ်၊ ဥစ္စာထုပ်နဲ့ ခရီးသွားရတဲ့အခါကျတော့ ဘယ်နေရာ သူခိုးနဲ့တွေ့ပါမတုံး၊ ဘယ်နေရာ ထားပြန်တွေ့ပါမတုံး စိုးရိမ်မှု ကြောင့်ကြွမှုတန်းလန်းနဲ့ မသွားရဘူးလား။ အဲဒီလို ဝိစိကိစ္ဆာ နိဝရဏရှိနေတဲ့ ပဋိပက္ခလ်ဟာ ကြောင့်ကြမှု၊ စိုးရိမ်မှုတန်းလန်းနဲ့ သံသရာခရီး သွားရလိမ့်မယ်တဲ့၊ လုတ်မြောက်နိုင် ပါ့မလား

မလွတ်နိုင်ဘူး၊ ဒါကြောင့် ဒီနိဝရဏငါးပါးကို သမာဓိနဲ့ ပယ်ရမယ်၊ ဒီအာနာပါနလုပ်၊ အာနာပါနလုင်လို့ စိတ်ငြိမ်သွားတဲ့အခါ ဒီနိဝရဏငါးပါး ကပ်နိုင်အုံးမလား မကပ်နိုင်ဘူး။ အေး.... အဲဒါ နိဝရဏပယ်လို့ နိဝရဏငါးပါး မကပ်နိုင်တဲ့ ပုဂ္ဂိုလ်ဟာ သတ်ပဋ္ဌာန်အလုပ်ကို လုပ်ခဲ့သော် သတိဖထင်ရှားပေဘူးလား ထင်ရှားပါတယ် ထင်ရှားပြီးတဲ့နောက် ဒီပုဂ္ဂိုလ်ရဲ့ ရင်ထဲမှာ ဗောဇ္ဈင် ၇ ပါးရောက်ရင် ဘုရားတောင် ဖြစ်သေးတာကွာ၊ သောတာပန်လောက်တော့ အပြောပေါ့နော်။ပတ္တာ၊ နိဝရဏပယ်ရင်၊ သတိထင်၍၊ ဗောဇ္ဈင်ပွားများ၊ ဘုရားစင်စစ်၊ သဗ္ဗညုအဖြစ်သို့ ရောက်တော်မူ၍။ ဒေသက်၊ သတိပဋ္ဌာန် ဒေသနာကို၊ သေချာဂန္၊ နိဗ္ဗာန်ရအောင်၊ ဟောပြတော်မူနိုင်ပေသော။ တံဗုဒ္ဓံ၊ ထိုမြတ်စွာဘုရားကို။ နမေ၊ လက်အုပ်အဥ္ဇလီ၊ တင်ချီ ရွှောက်မိုး၊ ဦးညွတ် ကျိုးကာ၊ ရှိခိုးပါ၏ ဘုရား။

ဘုရားရှိခိုးမဟုတ်လား ရှိခိုးတဲ့ပုဂ္ဂိုလ်က ဘယ်သူ။ အဟံ၊ တပည့်တော်သည်။ ဘယ်လိုတပည့်တော်လဲ။ အဟံ၊ သတိပဋ္ဌာန်ယာဉ်၊ မဂ္ဂင်ရထား၊ စီးသွားမြန်မြန်၊ မြတ်နိဗ္ဗာန်သို့၊ ရောက်ရန် ရည်ရော်၊ တပည့်တော်သည်။ ဒီလိုရည်ရွယ်တဲ့ ပုဂ္ဂိုလ်ရှိခိုးတာကြုံလို့ အပျင်းပြေတရားနာတဲ့ပုဂ္ဂိုလ်နဲ့ မဆိုင်ဘူး၊ သတိပဋ္ဌာန်ယာဉ် မဂ္ဂင်ရထား စီးသွားမြန်မြန် မြတ်နိဗ္ဗာန်သို့ ရောက်ရန် ရည်ရော် တပည့်တော်သည်။ နမေ၊ လက်အုပ်အဥ္ဇလီ တင်ချီ ရွှောက်မိုး ဦးညွတ်ကျိုးကာ ရှိခိုးပါ၏ ဘုရား။ ဒါဘာတုံး သတိပဋ္ဌာန် ဘုရားရှိခိုးနော်— ရှေ့ဆက်ကြအုံးစို့။

ဒေံ မေ သုတံ။

ဒေံ၊ ဤသို့။ မေ၊ အကျွန်ုပ်သည်။ သုတံ၊ ကြားနာလိုက်ရပါသည်ဘုရား။ ပဌမ သံဂါယနာ တင်စဉ်က အံ့ရှင်မဟာကဿပကြီးက အရှင်အာနန္ဒာကို မေးတယ်။ ငါ့ရှင်အာနန္ဒာ-သတိပဋ္ဌာန် ဒေသနာတော်ကို မြတ်စွာဘုရား ဘယ်တုံးက ဟောခဲ့သလဲတဲ့၊ အဲဒီလိုမေးလို့။

အရှင်အာနန္ဒာက ဒီလို ပြန်လျှောက်တယ်။ဘဒ္ဓန္တ၊ အရှင်ဘုရားကဿပ။ဒေံ၊ ဤသို့။ မေ၊အကျွန်ုသည်။ သုတံ၊ ကြားနာလိုက်ရပါသည်ဘုရားတဲ့၊ တပည့်တော်ဘုရားရှိတုံးက ဘုရားရှင်မျက်မှောက်မှာဒီလိုနာလိုက်ရပါတယ်တဲ့၊ ဒါကိုပြောတာ။

ကံသမယံ ဘဂဝါ ကုရုသု ဝိဟရတိ။

ကံ၊ တပါးသော။ သမယံ၊ အခါ၌။ ဘဂဝါ၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကုရုသု၊ကုရုတိုင်းတို့၌။ ကမ္မာသခမ္မံနာမ၊ ကမ္မာသဒမ္မမည်သော။ ကုရုနံ၊ ကုရုတိုင်းသူတို့၏။ နိဂမော၊ နိဂုံးသည်။ အတ္ထိ၊ ရှိ၏။ တတ္ထ၊ ထိုကမ္မာသဓမ္မ နိဂုံး၌။ ဝိဟရတိ၊ သီတင်းသုံး စံနေတော်မူတယ်။

ကုရုတိုင်းမှာ ကမ္မာသဓမ္မ အမည်ရှိသော နိဂုံးရွာကြီးရှိပါတယ်၊ အဲဒီနိဂုံးမှာ မြတ်စွာဘုရား သီတင်းသုံးတော်မူပါတယ်၊ ရှေးက မန္ဒာတု စကြာမင်းကြီးဖြစ်စဉ်အခါက စကြာရတနာကြီးနဲ့ လေးကျွန်းလုံး လှည့်တယ်၊ စကြာကြီးနဲ့ လေးကျွန်းလုံးလှည့်တော့ အနောက်ကျွန်းကလူတွေလဲ ဒီ စကြာရတနာကြီးနောက် ပါလာတယ်၊မြောက်ကျွန်းကလူတွေလဲ ဒီ စကြာ

ရတနာကြီးနေ၃က် ပါလာကြတယ်၊ အရှေ့ကျန်းကလူတွေလဲ ဒီစကြာရဘနာကြီးနောက် ပါလာကြတယ်၊ နောက်မန္ဒာတု စကြာမင်းကြီး တာဝတိံသာနတ်ပြည်တက်ပြီး စိုးစံတော်မူတော့ စကြာရတနာမရှိတော့ဘူး မရှိတော့ သူတို့ကျန်းသူတို့ မပြန်နိုင်ကြဘူး၊ အနောက်ကျန်းက လူတွေ၊ မြောက်ကျန်းက လူတွေ၊ အရှေ့ကျန်းကလူတွေ သူတို့ကျန်းသူတို့ မပြန်နိုင်လို့ မြောက်ကျန်းကလူတွေ စုပြီးနေတဲ့နေရာကို ကုရုတိုင်းလို့ ဒီလိုနာမည်ပေးတယ်၊ အဲဒီကုရုတိုင်းမှာ ကမ္မာသမ္မေအမည်ခံတဲ့ နိဂုံးကြီးရှိတယ်၊ အဲဒီနိဂုံးကြီးမှာ မြတ်စွာဘုရား ဟောတော်မူတယ်၊ ကုရုတိုင်းမှာ ဘာဖြစ်လို့ မြတ်စွာဘုရား သီတင်းသုံးတော်မူသလဲ မြတ်စွာဘုရား ကုရုတိုင်း သီတင်းသုံးတဲ့အခါမှာ ဘာဖြစ်လို့ သတိပဋ္ဌာန်တရား ဟောကြားသလဲ မြောက်ကျန်းသူမြောက်ကျန်းသားတို့ရဲ့ နေရာဥာနဖြစ်တော့ အစား အစာကောင်းတယ်၊ ညတုကောင်းတယ်တဲ့၊ အဲဒီကုရုတိုင်းမှာ အစာအာဟာရကောင်းခြင်း ညတုကောင်းခြင်းကိုအကြောင်းပြု၍ သတိပညာ ဖွံ့ဖြိုးကြတယ်၊ ဒီကုရုတိုင်းမှာနေတဲ့ လူတွေဟာ သတိပဋ္ဌာန် မလုပ်တဲ့လူရယ်လို့ မရှိဘူး။

မိန်းမတွေဟာ စုဝေးပြီး ထိုင်စကားပြောကြရင် ညီးဘာသတိပဋ္ဌာန် လုပ်သလဲလို့ မေးတယ်၊ ငါဘယ်သတိပဋ္ဌာန်ကိုမှ မလုပ်ပါဘူးအေလို့ ပြန်ပြောလိုက်ရင် ညီးမသေပေမဲ့ ညီးနဲ့ လူသေကောင်နဲ့ ဘာထူးသေးသလဲ၊ လူသေကောင်ဟာ ကိုယ့်အလုပ်ကို ဘာလုပ်သလဲ ဘာမှမလုပ်ပါဘူး အဲဒီလိုဘဲ ညီးလဲဘဲ ကိုယ့်အလုပ်ကိုယ်မလုပ်ဘူး၊ လူဆိုတာ သတိပဋ္ဌာန် တခုခု

ကို လုပ်ရတယ်အေ့ အဲဒီလိုပြောသတဲ့၊ နောက်တခါ မိန်းမတ
ယောက်ကိုမေးပြန်တယ်၊ ညီးကော ဘာသတိပဋ္ဌာန် လုပ်သလဲ၊
ဟာ ကျုပ်တော့ ကာယာနုပဿနာ လုပ်ပါတယ်၊ တယောက်
က ဝေဒနာသတိပဋ္ဌာန် လုပ်ပါတယ်နဲ့ ကိုယ်လုပ်တဲ့ သတိ
ပဋ္ဌာန် ကိုယ်ပြောကြတယ်၊ အဲဒီလိုပြောလို့ ရှိရင် ကောင်းလိုက်
တာ ကောင်မရယ် အဘိုးတန်လိုက်တာ၊ မြတ်စွာဘုရားပဲ့တော်
မှုလာဘာ ညီးတို့လိုမိန်းမတွေအဘို့ အကျိုးမျာ ဘို့ ပဲ့တားဘဲ၊
ညီးလူဖြစ်ရတာ တယ်အဘိုးတန်ပါကလား၊ အဲဒီလိုသတိပဋ္ဌာန်
လုပ်တဲ့လူကျတော့ ဝိုင်းပြီး ချီးမွမ်းကြတယ်၊ အထူးအားဖြင့်
သတိပဋ္ဌာန်ကို အလေ့အလာလုပ်ကြတယ်၊ ဒါကို အကြောင်း
ပြုပြီး ကိုယ်တော်မြတ်ဟာ သတိပဋ္ဌာန်တရားကို ကရုတိုင်းမှာ
ဟောတော်မူတယ်။

တတြဲခေါ၊ ထိုကုရုတိုင်း ကမ္မာသခမ္မနိဂုံးတွင် နေတော်
မူရာ အခါ၌။ ဘိက္ခဝေါတိ၊ ရဟန်းတို့ဟု။ ဘဂဝါ၊ မြတ်စွာ
ဘုရားသည်။ အာမန္တေသိ၊ ခေါ်တော်မူ၏။ မြတ်စွာဘုရားက
ရဟန်းတို့ကို ဘယ့်နယ်ခေါ်တယ်။ ဘိက္ခဝေါတိ၊ ရဟန်းတို့ဟု
အာမန္တေသိ၊ ခေါ်တော်မူ၏။ ခေါ်တော်မူတော့ ရဟန်းတို့က
ဘယ်လိုထူးတယ်၊ တောဘိက္ခူ၊ ထိုရဟန်းတို့သည်။ ဘဒ္ဒန္တေတိ၊ အ
ရှင်ဘုရားဟု။ ဘဂဝတော၊ မြတ်စွာဘုရားအား။ ပစ္စဿောသုံ၊
ပတိအဿောသုံ၊ စကားတုံ့ပြန် စကားကို နာခံသောအားဖြင့်
ဝန်ခံကြလေကုန်၏။ မြတ်စွာဘုရား ခေါ်တော်မူတာကို အရှင်ဘု
ရားလို့ စကားတုံ့ပြန်ပြီးထူးကြတယ်ပေါ့၊ ဘဂဝါတေဒဝေါစ၊
ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဧတံ၊ ထိုဆိုလတံ့သောစကားကို။

အဝေါစ၊ ဟောတော်မူပါတယ်ဘုရားလို့ အရှင် အာနန္ဒာက အရှင် မဟာကဿပကြီးကို လျှောက်တဲ့စကား၊ ဒါကြောင့် ဒါနိုဒါန်း ဇဝံမေသုတံကစ၍ ဘဂဝါးတဒ ဝေါစတိုင်အောင် ဘာစကား၊ နိဒါန်း၊ အေးနိဒါန်းစကာ၊ ဘယ်သူပြောတဲ့ နိဒါန်းစကားလဲ အရှင်အာနန္ဒာနော်။ အေး မြတ်စွာဘုရားလက်ထက်တုံးက ဒီလို တပည့်တော် နာရပါဘယ်ဆိုပြီး ပဌမ သံဂါယနာတင်ပဲ့မှာ အရှင်အာနန္ဒာက လျှောက်ထားတဲ့ စကားတဲ့၊ မြတ်စွာဘုရားက သတ္တိပဋ္ဌာန်တရားကို ဟောတော့မယ်ကြံတော့ ဘာကို အရင်းတည်ဟောသလဲ။

ကောယနုဲ့ အယံ ဘိက္ခဝေ မဂ္ဂါ သတ္တာနံ ဝိသုဒ္ဓိ
ယာ သောကပရိဒေဝါနံ သမတိက္ကမာယ ဒုက္ခဒေါမနဿာနံ အတ္ထင်္ဂမာယ ဉာယဿ အဓိဂမာယ နိဗ္ဗာနဿ သစ္ဆိကိရိယာယ ယဒိဒံ စတ္တာရော သတိပဋ္ဌာနာ။ ဒါဘာစကားလဲ သတိပဋ္ဌာန် အကျိုး ငါးပါးပြတဲ့ စကား ဟုတ်လား။

ဘိက္ခဝေ၊ ရဟန်းတို့။ သတ္တာနံ၊ သတ္တဝါတို့၏။ ဝိသုဒ္ဓိ
ယာ၊ စင်ကြည်ခြင်းငှာငုံ။ သောကပရိဒေဝါနံ၊ စိုးရိမ်ခြင်း ငိုကြွေးခြင်းကို။ သမတိက္ကမာယ၊ ကောင်းစွာ လွန်မြောက်ခြင်းငှာ ငုံ၊ ဒုက္ခဒေါမနဿာနံ၊ ကိုယ်ဆင်းရဲခြင်း စိတ်မချမ်းသာခြင်း တို့၏။ အတ္ထင်္ဂမာယ၊ ကင်းချုပ်ခြင်းငှာငုံ။ ဉာယဿ၊ မဂ်ဉာဏ်ကို။ အဓိဂမာယ၊ ရရန်အလို့ငှာငုံ။ နိဗ္ဗာနဿ၊နိဗ္ဗာန်ကို။ သစ္ဆိကိရိယာယ၊ မျက်မှောက်ပြုခြင်းငှာငုံ၊ ယဒိဒံ စတ္တာရော သတိ

ပဋ္ဌာနာ ယင်းသတ္တိပဋ္ဌာန် လေးပါးဟူသော။ အယံမဂ္ဂေါ ဤ ခရီးသည်။ ကောယနုပဿီ၊ တကြောင်းတည်းသော ခရီးတည်း။

ကောယနုပဿီ ကေအယနုပဿီ၊ ကေက တကြောင်းတည်း၊ အယနုက ခရီး၊ ကောယနုပဿီ၊ တကြောင်းတည်းသော ခရီး၊ နိဗ္ဗာန်သွားဘို့ခရီးဟာ တကြောင်းတည်းတဲ့။ တနည်းအားဖြင့် ကေ တယောက်တည်းသွားရသော၊ အယန၊ခရီး၊ နိဗ္ဗာန်သွားတဲ့ခရီးဆိုတာ အပေါင်းအဖော်တွဲနဲ့ မသွားရဘူး၊ တယောက်တည်းသွားရတယ်နော်၊ တနည်းအားဖြင့် ကေ သဒ္ဒါ အမြတ်ဟော၍ ကေ မြတ်တော်မူသော ဘုရား၏ အယန ခရီး၊ မြတ်တော်မူသော ဘုရားကိုယ်တော်မြတ်၏ ခရီးတဲ့၊ ကေ တခုတည်းသောနိဗ္ဗာန်သို့ အယန သွားရာခရီး၊ ကေ က ခရီးတကြောင်းကိုလဲ ဟောတယ်၊ ကေ က သွားဘဲ့လူတယောက်ကိုလဲ ဟောတယ်၊ ကေ က သတိပဋ္ဌာန်ကိုလဲ ဟောတယ်ဟုတ်လား၊ ကေ က တခုတည်းသော နိဗ္ဗာန်ကိုလဲဟောတယ်၊ ကေ-က မြတ်စွာဘုရားကိုလဲဟောတယ်၊ ကေ-က ကိုယ်ဟောချင်ရာဟော၊ သို့ပေမဲ့ အယနကတော့ ခရီးဘဲနော်။ အဲဒီခရီးသည် သတ်ပဋ္ဌာန်ဆိုတဲ့ ပါဠိကို မြန်မာလိုပြန်တော့ သတိပဋ္ဌာန်ဆိုတဲ့ စကားဟာ ဗမာ့စကားအစစ်မဟုတ်သေးဘူး၊ ပဋ္ဌာနံ အာရုံထဲ၌ စဲဝင်တတ်သော။ သတိ သတိသည်။ သတိပဋ္ဌာနံ၊သတိပဋ္ဌာန်မည်၏။

အာရုံထဲ၌ စဲဝင်တတ်သော သတိကို သတိပဋ္ဌာန်ခေါ်တယ်၊ ပဋ္ဌာန်ဆိုတဲ့စကားနဲ့သတိဆိုတဲ့စကား အဓိပ္ပါယ်အတူတူဘဲ။ သတိသည်ပင် အာရုံထဲ၌စဲဝင်တတ်တယ်၊ အာရုံထဲ၌စဲဝင်

တတ်သော တရားသည်ပင်သတိ၊ သတိနဲ့ပဋ္ဌာန။ ကဲ့ပြားသေး သလား၊ မကဲ့ပြားဘူးနော်၊ ဒါကြောင့် ပဋ္ဌာန်၊ အာရုံထဲဥ္စ စွဲဝင်တတ်သော။ သတိ၊ သတိသည်။ သတိပဋ္ဌာန် သတိပဋ္ဌာန်မည်၏။ ဒါဖြင့် သတိပဋ္ဌာန်ဆိုတဲ့စကားကို အာရုံထဲဥ္စွဲဝင်တတ်သောသတိလို့ ဒီလိုအခိပ္ပါယ်ပြန်၊ သတိက သတိအတိုင်းဘဲ ပဋ္ဌာန်က အာရုံထဲဥ္စ စွဲဝင်တတ်သော သဘောကို ခေါ်တယ်၊ အာရုံထဲဥ္စ စွဲဝင်တတ်သော သတိကိုသတိပဋ္ဌာန် အဲဒီအာရုံထဲဥ္စွဲဝင်တတ်သော သတိပဋ္ဌာန် ဟူသောခရီးသည် နိဗ္ဗာန်သွားဘို့ရာ တကြောင်းထဲတဲ့၊ နှစ်ကြောင်းမရှိဘူး၊ ဒီလိုဆိုဘာ မဟုတ်လား။ အေး ဒါကြောင့် ယဒိဒိ စတ္တာရော သတိပဋ္ဌာနာ၊ ယင်း သတိပဋ္ဌာန် လေးပါးဟူသော။ အယ်မရွေ၊ ဤခရီးသည်။ ကောယနော၊ တကြောင်းတည်းသော ယနော၊ တကြောင်တည်းသော ခရီးတည်းလို့ ဟော်တော်မူတယ်။

ဒါဖြင့် အဲဒီတကြောင်းတည်း ဖြစ်သော သတိပဋ္ဌာန်သည် ဘာအကျိုးရှိသလဲ သူ့ရဲ့အကျိုးကိုဖော်ပြလို၍ သတ္တာနံ ဝိသုဒ္ဓိယာ သတ္တဝါတို့ကို စင်ကြယ်စေတတ်တဲ့ အကျိုးရှိတယ်တဲ့၊ ယခုသတ္တဝါတွေဟာ ညစ်ပတ်နေသလား စင်ကြယ်နေသလား၊ ညစ်ပတ်နေပါတယ်၊ အဲဒီညစ်ပတ်နေတာ စင်ကြယ်ချင်လို့ ရှိရင် ဘာလုပ်ရမယ်၊ သတိပဋ္ဌာန်လုပ်ရမယ် ဟုတ်လား၊ မစင်ကြယ်ချင်ရင် အိမ်ပြန်ပေါ့။ စင်ကြယ်ချင်ရင် သတိပဋ္ဌာန်လုပ် ဒီနှစ်လမ်းဘဲရှိတယ်နော်၊ စင်ကြယ်အောင် ဘာကိုလုပ်ရမည်ဆိုတာထားအုံး၊ သတိပဋ္ဌာန်ဥ္စ(သဿ္ဘာနံ ဝိသုဒ္ဓိယာ) သတ္တာနံ၊ သဿ္ဘဝါတို့၏။ ဝိသုဒ္ဓိယာ စင်ကြယ်ချင်းဌာ အယ်မရွေ၊ ဤသတိပဋ္ဌာန်ခရီးသည်။ ကောယနော၊ တကြောင်းတည်းသော

ခရိုးတည်း။ ဒီလိုဆိုတော့ သတ္တိပဋ္ဌာန်ခရီးဟာ စင်ကြယ်စေတတ်တဲ့ခရီး။

ဒီလိုမဟုတ်လား ဂင်္ဂါဝါဋ္ဌ၊ သဲစုမက ပဋ္ဌံတော့မှုကြွတဲ့ကိုယ်တော်မြတ်တွေ့ ပစ္စေကဗုဒ္ဓါတွေ့ ရဟန္တာတွေ့ စင်ကြယ်ပြီးတော့ နိဗ္ဗာန်ရောက်မသွားကြဘူးလား ရောက်သွားကြတယ်၊ အေး အဲဒါ သတ္တိပဋ္ဌာန်ရဲ့အကျိုး မစင်ကြယ်တဲ့ပုဂ္ဂိုလ် နိဗ္ဗာန်ရောက်ပါ့မလား မရောက်ပါဘူး၊ ကိုယ်တော်မြတ်တွေ့ နိဗ္ဗာန်ရောက်သွားတာ ဘာဖြစ်လို့ စင်ကြယ်လို့ ဘာဖြစ်လို့ စင်ကြယ်သလဲ သတိပဋ္ဌာန်တရား အာဒုံတ်လို့ နော် အေး သတ္တိပဋ္ဌာန်အာဒုံတ်လို့ စင်ကြယ်တယ် စင်ကြယ်လို့ နိဗ္ဗာန်ရောက်သွားကြတယ် ဒီတော့ သတ္တိပဋ္ဌာန်သည် စင်ကြယ်စေတတ်တယ်၊ ဒီလိုမဟုတ်လား ဒါဖြင့် အိမ်ပြန်ရင် ညစ်ပတ်တတ်တယ် ညစ်ပတ်တာနဲ့ စင်ကြယ်တာ ဘယ်ဟာကြိုက်သလဲ စင်ကြယ်တာ ကြိုက်ပါတယ် ပါးစပ်က အဲဒါလေးထည့်ပေါ့၊ ညစ်ပတ်တာနဲ့ စင်ကြယ်တာ ဘယ်ဟာကြိုက်သလဲ စင်ကြယ်တာ ကြိုက်ပါတယ် ဒါပါးစပ်ကနော် ဘာဖြစ်လို့ မပြန်ဘဲ နေမှာမှမဟုတ်ဘဲ ဒီတော့ စင်ကြယ်ချင်ရင် ဘာကိုလုပ်ရမယ် သတိပဋ္ဌာန်ကိုလုပ်ရမယ် အေး ဒါအကျိုးတပါးနော်၊ (သောက ပရိဒေဝါနံ သမတိက္ကမာယ) သောကပရိဒေဝါနံ စိုးရိမ်ခြင်း ငိုကြွေးခြင်းတို့ကို သမတိက္ကမာယ လွန်မြောက်ခြင်းငှာ စိုးရိမ်ခြင်းသောက ငိုကြွေးခြင်း ပရိဒေဝတို့ကို လွန်မြောက်ချင်ရင် ဘာလုပ်ရမယ် သတိပဋ္ဌာန် လုပ်ရမယ်နော်။

မြတ်စွာဘုရားလက်ဆက်က သန္တိ အမတ်ကြီးဟာ လူစတ်လူစားနဲ့ ဘာဖြစ်သွားသလဲ ရဟန္တာဖြစ်သွားတယ်၊ ဖြစ်

ပြီးတော့ ပရိနိဗ္ဗာန် စံသွားတယ် အဲဒီ သန္တိအမတ်ကြီးဟာ ကောသလမင်းကြီးရဲ့ အမတ်ကြီး သူပုန်တွေ သွားတိုက်လို့နိုင်လာခဲ့တယ် နိုင်လာခဲ့တော့ ကောသလမင်းကြီးကသူ့ကို ခုနစ်ရက် မင်းစည်းစိမ် ပေးတယ်။ ယနေ့ကစ၍ ခုနစ်ရက်ပတ်လုံး မင်း ရှင်ဘုရင်လုပ်ပေတော့။ အဲဒီမင်းစည်းစိမ် ရသည့်နေ့ကစပြီးတော့ ငါပျော်တော့မယ် ပါးတော့မယ် ရှင်ဘုရင့်စည်းစိမ် အာဇာရအောင် ငါခံစားတော့မယ် ဆိုပြီးတော့ ရေဆိပ်ကို ဆင်စီးပြီး ဆင်းတယ်၊ ရေဆိပ်ဆင်းပြီးတော့ ရေဆိပ်မှာ ရေချိုးပြီး ပျော်ပါးပြီးတော့မှ ညနေကျတော့ ပြန်တက်ပြီး ဥယျာဉ်မှာ သူပျော်ပဲ့ ကျင်းပမယ်ပေါ့ အဲဒီစိတ်ကူးနဲ့ ရေဆိပ်ကို ဆင်စီးဆင်းတယ် မြတ်စွာဘုရားကလည်း ဆုမ်းငဲ့ကြွလာ ဆင်ပေါ်ကနေပြီးတော့ မြတ်စွာဘုရားကို ရှိခိုးလိုက်တယ်တဲ့ ဆင်ပေါ်ကနေပြီး ဦးညွတ်ရှိခိုးလိုက်တော့ မြတ်စွာဘုရားက ပြုံးတော်မူတယ် ပြုံးတော်မူတော့ အရှင်အာနန္ဒာက လျှောက်သတဲ့ ဘုရားကအရှေ့က အရှင်အာနန္ဒာက နောက်က ဘုရားပြုံးတာ ဘာကြောင့်သိသလဲ နောက်ဘက်ကဆင်းပြီး မြင်သလား မြတ်စွာဘုရားခဲ့ စွယ်တော်လေးဆူက ဖေးဖေးဖြူနေတယ် ပြုံးလိုက်လို့ နှုတ်ခမ်းတော်က စွယ်တော်ကို မဖုံးလိုက်ရင် စွယ်တော်အရောင်က ရှေ့ကိုဓာတ်မီးထိုးလိုက်သလို ဝင်းပြီးထွက်သွားတယ်။

အဲဒါနဲ့ နောက်ကနေရင်း ဘုရားပြုံးတော်မူဘာ သိတော့။ အရှင်ဘုရား ဘယ်အတွက် ပြုံးတော်မူပါသလဲလို့ အရှင်အာနန္ဒာကလျှောက်တယ် ပြုံးတာသိချင်သလား ရယ်ချင်လို့ပေါ့တဲ့၊ တခြားမဟုတ်ဘူးဟတဲ့ အဲဒီ သန္တိအမတ်ကြီးဟာ

ကနေ့ငါ့ထံလာပြီး လူဝတ်လူစားနဲ့ ရဟန္တာဖြစ်ရမယ် အဲဒါ အကြောင်းပြုပြီးတော့ ငါဘုရားပြုံးတာဘဲ ဒီတော့ မိစ္ဆာဒိဋ္ဌိ တွေက ဒီလောက် မူးရူးနေတဲ့အကောင်ကြီးဟာ ဘယ်လို လူဝတ်လူစားနဲ့ ရဟန္တာဖြစ်မလဲ ဂဂါတမ သူ့ပါးစပ်ထဲတွေတာ သူပြောချင်တာ ပြောတာဘဲ၊ သမ္မာဒိဋ္ဌိတွေကလဲ မြတ်စွာဘုရား ပြောတော်မူတဲ့စကားဟာမမှားနိုင်ဘူး ကန္တာ ဖြစ်ရမယ် ဆိုပြီး အဲဒီညနေကျတော့ သာဝတ္ထိပြည်တပြည်လုံး သမ္မာဒိဋ္ဌိရော မိစ္ဆာဒိဋ္ဌိရော အကုန်လုံး ကျောင်းတော်လာပြီး စုဝေးကြတယ် ဟိုက ဘသားက ရေဆိုးကာ တက်လာပြီးတော့ ညယျာဉ်မှာ သောက်စားပျော်ပါးမယ်လို့ ကချေသည်မကလေး အကခိုင်းတော့ ကချေသည်မကလေးဟာ လေဖြတ်ပြီး ငြုံးကနဲ သေသွားတယ် အဲဒီမှာ ယူကြုံးမရဖြစ်ပြီး စိုးရိမ်ခြင်း ဖြစ်တယ် စိုးရိမ်ခြင်းဖြစ်တော့ ငါ့ရဲ့စိုးရိမ်ခြင်းသောကကို ဘယ်သူဖျောက် နိုင်ပါမလဲလို့ စဉ်းစားလိုက်တော့ မြတ်စွာဘုရားမှတပါး ဖျောက် နိုင်တဲ့သူမရှိဘူး ဘုရားသာလျှင် ငါ့ရဲ့စိုးရိမ်ခြင်းကို ဖျောက်နိုင် မှာဘဲဆိုပြီး ဘုရားဆီပြေးတယ် အရက်တွေ့သောက်ထားလို့ မူးနေရာမှ ကချေသည်မကလေးသေလို့ သောက ဖြစ်လိုက်တော့ ဒီအမူးဟာပြေသွားတယ် အမူးပြေသွားတော့ စဉ်းစားနိုင်တာ ပေါ့ ဒီသောကကို မြတ်စွာဘုရားမှ ပယ်ဖျောက်နိုင်မယ်ဆိုပြီး ဘုရားထံပြေးလာပြီးတော့ အရှင်ဘုရား တပည့်တော်မှာ ဒီလိုအကြောင်းဖြစ်လို့ ဒီလိုစိုးရိမ်မကင်း ဖြစ်လာခဲ့ပါတယ်၊ ပယ် ဖျောက်တော်မူပါဘုရားလို့ လျှောက်တော့၊အေး သန္တတိ အာမတ်ကြီး မင်းဟာပယ်ဖျောက်နိုင်တဲ့ ပုဂ္ဂိုလ်ထံရောက်လာတာဘဲ ပျောက်ရမှာပေါ့ကွာ၊ ဒီကလေးမအတွက်နဲ့ မင်းငိုရတာ မင်း

မျက်ရည်ဟာ သမုဒ္ဒရာလေးစင်းမျှမကပါဘူးတဲ့၊ ဒီဘဝသာလျှင်မင်း ဒီလိုဖြစ်ရတာမဟုတ်ဘူး ရှေးရှေးကလဲ ဖြစ်ခဲ့ပေါင်း များလှပါပြီ၊ ဒီတော့ ငါပြောမယ်။

ယံ ပုဗ္ဗေ တံ ဝိသောဧဟိ၊ ပစ္ဆာ တေ မာဟု ကိဉ္စနံ။
မဇ္ဈေ စေ နော ဂဟေဿသိ၊ ဥပသန္တော စရိဿသိ။

ဒီဂါထာကလေး ဟောလိုက်တာယ်၊ ဟေ့ သန္ဓတိ အမတ်ကြီး။ ပုဗ္ဗေ၊ ရှေးအခါ၌ယံ၊ အကြင်စိုးရိမ်ခြင်းသည်၊ ဇာတံ ဖြစ်၏၊ တံ၊ထိုစိုးရိမ်ခြင်းကို ဝိသောဧဟိ ခမ်းခြောက်သွားအောင် ဖျောက်ပစ်လိုက်ပါတဲ့၊ပစ္ဆာ၊ နောက်တခါ တေ၊သင့်အား ကိဉ္စနံ၊ တစုံတခုသော ကြောင့်ကြခြင်းသည်၊ မာဒါဟု မဖြစ်စေနဲ့၊ ရှေးက ဖြစ်ပြီးသော စိုးရိမ်ခြင်းကိုလဲ ပယ်ဖျောက်လိုက်၊ နောက်ထပ်လဲ စိုးရိမ်ခြင်းမဖြစ်စေနဲ့၊ မဇ္ဈေ၊ အလယ်၌၊အာရမ္မဏံ၊ စိုးရိမ်စရာအာရုံကို၊နော စေဂဟေဿသိ၊ အကယ်၍ မယူဘဲစွန့်လွှတ်လိုက်ငြားအုံ၊ ဧဝံသတိ၊ ဤသို့ စွန့်လွှတ်နိုင်ခဲ့သည် ရှိသော်၊ တွံ၊သင်သည်။ဥပသန္တော၊ ကိလေသာမီး ငြိမ်းအေးသည်ဖြစ်၍။ စရိဿသိ၊နေရလတံ့၊ ရှေးကစိုးရိမ်ခြင်းကိုလဲ ပယ်ဖျောက်လိုက်၊ နောက်ထပ် စိုးရိမ်ခြင်းကိုလဲ မဖြစ်စေနဲ့၊ ယခုလဲစိုးရိမ်စရာအာရုံကိုလဲ မတွေးနဲ့။ ဒီသုံးချက် လုပ်လိုက်ရင် ကိလေသာမီးငြိမ်းအေး၍၊ မင်း ချမ်းချမ်းသာသာ နေရလိမ့်မယ်တဲ့၊ ဒီဂါထာကလေးကိုလဲ ဟောလိုက်ရော၊ သန္ဓတိအမတ်ကြီး ရဟန္တာဖြစ်သွားရော၊ ဒီတော့၊ ဒီဂါထာကလေး ဟောလိုက်လို့ ရဟန္တာဖြစ်သွားတာဟာ၊ ဘယ်မလဲ သတ္တိပဋ္ဌာန် အားထုတ်မှုလို့

မေးစရာမဟုတ်လား၊ ရဟန္တာဖြစ်တဲ့ အချိန်အခါမှာ သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိဆိုတဲ့ သမာဓိကွန့် မဂ္ဂင်သုံးပါးတို့တွင် သမ္မာသတိမဂ္ဂင်တပါး မပါဘူးလား၊ အဲဒီသမ္မာသတိဆိုတဲ့ မဂ္ဂင်ရင်ထဲမှာဖြစ်လာတဲ့ အခါကျတော့ ကာယာနုပဿနာ၊ ဝေဒနာနုပဿနာ၊ စိတ္တာနုပဿနာ၊ ဓမ္မာနုပဿနာဆိုတဲ့ သတိပဋ္ဌာန် လေးပါးကိစ္စ ပြီးစီးသောအနေနဲ့ သမ္မာသတိမဂ္ဂင် အဆမြောက်တာ၊ ဒါကြောင့် တရားနာရင်း ရဟန္တာဖြစ်သွားတဲ့ပဋိဂိုလ်မှာ သတိပဋ္ဌာန်လေးပါးလုံး ပါသွားပြီးဖြစ်သောကြောင့် သောက စိုးရိမ်ခြင်း ကင်းရုံမျှမက၊ ရဟန္တာအဖြစ်သို့ လူဝတ်လွှာနဲ့ ရောက်တယ်တဲ့ အဲဒီအချိန်မှာ—

သမ္မာဒိဋ္ဌိရော မိစ္ဆာဒိဋ္ဌိရော၊ ပရိသတ်အားလုံး ကျောင်းလာပြီးစုဝေးကြတယ်၊ မြတ်စွာဘုရားက သန္တိဏီတိ အမတ်ကြီးရေ မင်းရဟန်းကိစ္စပြီးသွားပြီ၊ အဲဒီပရိသတ်ကြီးရဲ့ ကုက္ကုစ္စသံသယကို မင်းပယ်ရှင်းခဲ့အုံးလို့၊ မိန့်တော်မူလိုက်တော့၊ ထန်းခုနစ်ဆင့်မြင့်အောင် တက်တယ်တဲ့၊ ထန်းတဆင့်မြင့်အောင် ကောင်းကင်တက်လိုက် ဘုရားပြန်ပြီးရှိခိုးလိုက်။ နောက် ဒုတိယ တဆင့်မြင့်အောင် တက်လိုက် ဘုရား ပြန်ပြီးရှိခိုးလိုက်၊ ခုနစ်ကြိမ်ခုနစ်ခါ၊ ကောင်းကင်တက်လိုက်၊ ဘုရားပြန်ရှိခိုးလိုက်လုပ်ပြီး၊ ထန်းခုနစ်ဆင့်မြင့်တဲ့ နေရာကမှ၊ တစော ကသိုဏ်း ဝင်စားပြီးတော့ ပရိနိဗ္ဗာန်စံပြီး၊ ဓာတ်တော်တွေအောက်ချလိုက်တယ်။

ဒီတော့ မူးနေတဲ့ သန္တိဏီ အမတ်ကြီးဟာ ဘယ်နည်းနဲ့ ရဟန္တာဖြစ်နိုင်မလဲဆိုတဲ့ လူတွေရဲ့ စကားလည်း ပျောက်

သွားတာပေါ့၊ သန္ဓေတိအမတ်ကြီး လူဝတ်နဲ့ ရဟန္တာဖြစ်တယ်. ဆိုတာလဲ၊ အားလုံး ပရိသတ်တွေမှာ ထင်ရှားသွားတာဖေါ့၊ ခုပြောလိုရင်းက ဘာတုံး၊ သတိပဋ္ဌာန်သည် သောက၊ စိုးရိမ် ခြင်းကို၊ သမတိက္ကမ-လွန်မြောက် နိုင်တယ်၊ ဆိုတဲ့ အကြောင်း ကိုပြောလိုရင်းဘဲ၊ ပရိဒေဝ၊ ငိုကြွေးခြင်းကို၊ သမတိက္ကမ၊ လွန် မြောက်နိုင်တာယ်၊ ဆိုလိုတာကဘော့၊ ဒါ ပဋ္ဌာစာရိဝတ္ထုမှာ၊ ပဋ္ဌာစာရိဟာ၊ ငိုကြွေးတယ် မဟုတ်လား၊ ငိုကြွေးပြီးတော့၊ ဘုံခြားထံခေါက်မသွားဘူးလား၊ ရောက်သွားတယ် ရောက်သွား တော့ မြတ်စွာဘုရား က၊ ဘာဟောသလဲ၊

နသန္တိ ပုတ္တာ တာဏာယ၊ နပိတာ နာပိဗန္ဓဝါ။
အန္တကေနာဓပန္နဿ၊ နတ္ထ ညာတိသု တာဏတာ။

ပဋ္ဌာစာရေ၊ ချစ်သမီးပဋ္ဌာစာရီ။ တာဏာယ၊သေဘေးမ ရောက်အောင်၊ စောင့်ရှောက်ခြင်းငှာ၊ ပုတ္တာ၊ သားသမီးတို့သည်း နသန္တ-လောကကြီးမှာမရှိကုန်၊ သေဘေးမရောက်အောင်စောင့် ရှောက်နိုင်တဲ့ သားသမီးရယ်လို့ ဘယ်မှာရှိသလဲ၊ ချစ်သမီး ဘဲယ်သားသမီးမျှ သေဘေးမရောက်အောင် မစောင့်ရှောက်နိုင် ပါဘူး၊ ပဋ္ဌာစာရေ၊ ချစ်သမီး — ပဋ္ဌာစာရီ၊ တာဏာယ။ သေဘေး မရောက်အောင်စောင့်ရှောက်ခြင်းငှာ ဖိတာမိဘဲသည်၊ နတ္ထိ— မရှိလေ၊ ဘဲယ်အမေ - ဘယ်အဖေမှလဲ မသေ အောင် မတတ်နိုင်ပါဘူးတဲ့ ပဋ္ဌာစာရေ၊ ချစ်သမီး-ပဋ္ဌာစာရီ၊ တာဏာယ၊ သေးဘေး မရောက်အောင် စောင့်ရှောက်ခြင်းငှာ။ ဗန္ဓဝါအပါ၊ စိတ်နှလုံး ချစ်ကျွမ်းဝင်တဲ့ဆွေမျိုး၊ မိတ်ဆွေတို့

သည်လည်း နသန္တ°–ဘ်ယ်မှာမှမရှိကုန်၊ သေဘေးမရောက်အောင် စောင့်ရှောက်နိုင်တဲ့ ဆွေမျိုးခင်ပွန်း၊ ဘယ်မှာမှမရှိဘူး၊ အန္ဆကေန၊ သေးမင်းယုတ်သည်၊ အဓိပန္နဲသ၊ လွမ်းမိုးနိုပ်စက်ခံရသော၊ သတ္တဝါအား လူမမာအား သေမင်းနှိပ်စက်တော့မယ်၊ ဒီတခါသေရာ ညောင်စောင်း လျောင်းစက် ရပြီ သေတော့မယ်၊ ဆိုတဲ့သေမင်း အနှိပ်စက်ခံရသော သတ္တဝါအား၊ ညာတီသူ၊ ဆွေမျိုးတို့၌။ တာဒ္ဓဲဘာယ၊ သေဘေးမရောက်အောင် စောင့်ရှောက်နိုင်သော အဖြစ်သည်၊ နတ္ထိ–မရှိလေ။

သေဘေးမရောက်အောင် စောင့်ရှောက်နိုင်တာ အဘယ်မှာမှ ရှာလို့မရဘူး ချစ်သမီးတဲ့၊ ဒါကြောင့် ငါ့သမီးသည် နိဗ္ဗာန်သွားရာမဂ္ဂင်ခရီးကိုသာသုတ်သင်ပါလို့၊ ဘုရားကိုယ်တော် မြတ်က ဒီလိုဟောလိုက်တော့ ငိုကြွေးခြင်း ပရိဒေဝပျောက်ရုံမကဘူး၊ သောတာပန်အဖြစ်သို့ ရောက်သွားတယ်၊ ပဋ္ဌာစာရီမြတ်စွာဘုရားထံသို့ ရောက်တော့ အရှုးလဲပျောက်တယ်၊ ငိုကြွေးခြင်း ပရိဒေဝလဲပျောက်တယ်၊ သောတာပန်လဲဖြစ်တယ်၊ ဒီဝတ္ထုမရှိဘူးလား–ရှိပါတယ်။

ဒီတော့ သန္တတိ အမတ်ကြီးက သောကပျောက်တယ်၊ ပဋ္ဌာစာရိက ပရိဒေဝပျောက်တယ်၊ အဲဒီတော့ သောကပရိဒေဝ လွန်မြောက်ချင်ရင် ဘာကိုလုပ်ရမလဲ၊ အေး-သောကပရိဒေဝ လွန်မြောက်ချင်ရင် သတိပဋ္ဌာန်ကိုလုပ်၊စိုးရိမ်ရတာလဲအရသာရှိသား၊ ငိုရတာလဲအကောင်းသား၊ ဖျောက်မပစ်ကြနဲ့နော်၊ စိုးရိမ်ရတာလဲအရသာရှိတယ်၊ ငိုရတာလဲ ကောင်းတယ်ဆိုပြီး၊ ဒါ

တော့ပျောက်အောင် မလုပ်ဘဲမနေကြနဲ့၊ သတိပဋ္ဌာန်ကိုသိတ်လုပ်နေရင် စိုးရိမ်စရာလဲ မစိုးရိမ်၊ ငိုကြွေးစရာလဲ မငိုကြွေး၊ မျက်နှာ ပြောင်တိုက်လိုက်တာ။ မျက်ရည်ကလေးတောင် တပေါက်မှမကျဘူး၊ ဒီလိုကဲ့ရဲ့ခံချင်သလား၊ အေး မျက်ရည်ကလေး သုတ်ခါ သုတ်ခါနဲ့ ငိုကြွေးရတာမကောင်းဘူးလား လို့။

သောက ပရိဒေဝါနံ သမတိက္ကမာယ၊ စိုးရိမ်ခြင်းသောက ငိုကြွေးခြင်း ပရိဒေဝတို့ကို လွန်မြောက်အောင် ဘာကိုလုပ်ရမလဲ သတိပဋ္ဌာန်ကို လုပ်ရမယ်၊ ဒါဖြင့် သတိပဋ္ဌာန်က သတ္တဝါကို စင်ကြယ်စေတတ်တယ်၊ စိုးရိမ်ခြင်း သောက ငိုကြွေးခြင်း ပရိဒေဝကို လွန်မြောက်စေတတ်တယ်၊ ဒုက္ခဒေါမနဿာနံ အတ္ထင်္ဂမာယ၊ ဒုက္ခဒေါမနဿာနံ။ ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်းတို့၏ အတ္ထင်္ဂမာယ၊ ကင်းချုပ်ခြင်းငှာ၊ ကိုယ်ဆင်းရဲကင်းချုပ်တယ်၊ စိတ်ဆင်းရဲကင်းချုပ်တယ်တဲ့၊ သတိပဋ္ဌာန် ရင်ထဲဖြစ်လာရင် ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ကင်းချုပ်သွားရော၊ တရားကယ်လုပ်ဘူးတဲ့ပုဂ္ဂိုလ် တွေ့မှာပေါ့၊ သတိနဲ့ အာရုံနဲ့ သွားမကပ်လိုက်နဲ့၊ ကပ်လိုက်ရင် ဖြုတ်ခနဲ ချုပ်သွားတာဘဲ၊ ရှိပါအုံးမလား၊ ဒါလက်တွေ့လုပ်ဘူးတဲ့သူဟဲ့ သိကြမှာပေါ့၊ ဘယ်လိုဘဲ ဝေဒနာပြင်းထန်နေနေ၊ ဘယ်လိုဘဲစိတ်ဆင်းရဲနေနေ၊ စိတ်ဆင်းရဲရင် ရင်ထဲစိုက်၊ ကိုယ်ဆင်းရဲရင် ဆင်းရဲတဲ့နေရာကို စိုက်၊ စိုက်လို့ သတိနဲ့ဝေဒနာနဲ့ ကပ်မိပါစေ၊ ကပ်မိရင်မခံနိုင်ဘူး၊ ဒီဝေဒနာချုပ်သွားတာဘဲ။

သတိပဋ္ဌာန်က ဒုက္ခချုပ်စေတတ်တယ်၊ သတိပဋ္ဌာန်က ဒေါမနဿချုပ်စေတတ်တယ်၊ ဒုက္ခဒေါမနဿ–၂ပါးကိုချုပ်စေ

တတ်တယ်၊ ဥာဃသဿ အခိုဂမာယ၊ အရိယာ မဂ်ကိုရခြင်း အကျိုးလဲရှိတယ်၊ အရိယာမဂ် ရတယ်ဆိုတာဘာလဲ။ သောတာပန်။ သကဒါဂါမ်။ အနာဂါမ်၊ ရဟန္တာဖြစ်တယ်။ သောတာပတ္တိမဂ်။ သကဒါမိမဂ်။ အနာဂါမိဂ်၊ အရဟတ္တမဂ်။ အဲဒီမဂ်လေးပါးကို အရိယာမဂ်ခေါ်တာ။ အဲဒီအရိယာ မဂ်လိုချင်ရင် ဘာလုပ်ရမယ် သတိပဋ္ဌာန်လုပ်ရမယ်။ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ ချုပ်ချင်ရင်သတိပဋ္ဌာန်လုပ်ရမယ်၊ နိဗ္ဗာနသဿ သစ္ဆိကိရိယာယ၊ နိဗ္ဗာန်ကိုမျက်မှောက်ပြုချင်ရင် ဘာလုပ်ရမလဲ သတိပဋ္ဌာန်လုပ်။ ဒါဖြင့် နိဗ္ဗာန်မျက်မှောက်ပြုချင်ရင်လဲ သတိပဋ္ဌာန်လုပ်။ အရိယာမဂ်ရချင်ရင်လဲ၊ သတိပဋ္ဌာန်လုပ်။ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ ချုပ်ချင်ရင်လဲ သတိပဋ္ဌာန်လုပ်၊ စိုးရိမ်ခြင်းသောက၊ ငိုကြွေးခြင်း ပရိဒေဝလွန်မြောက်ချင်ရင်လဲ သတိပဋ္ဌာန်လုပ်၊ ကိလေသာ-သံသရာနှစ်ဖြာမှ စင်ကြယ်ခြင်းအကျိုးကို အလိုရှိရင်လဲ သတိပဋ္ဌာန်လုပ်၊ ဒါဖြင့် သတိပဋ္ဌာန်ဟာ ဒီအကျိုးငါးပါးကို ရစေနိုင်တဲ့ သတိပဋ္ဌာန်ပေါ့၊ ဒီအကျိုး ငါးပါးမလိုချင်တဲ့လူ ဒီအထဲပါသေးသလား မပါပါဘူး၊ အကုန်လုံးဘယ်သူမှ မလိုချင်ဘူး၊ ပါးစပ်ကပြောတာ၊

သတိပဋ္ဌာန် အကျိုးငါးပါး ပြီးတော့၊ သတိပဋ္ဌာန် လေးပါး။

၁။ ကာယာနုပဿနာသတိပဋ္ဌာန်
၂။ ဝေဒနာနုပဿနာ သတိပဋ္ဌာန်
၃။ စိတ္တာနုပဿနာ သတိပဋ္ဌာန်
၄။ ဓမ္မာနုပဿနာ သတိပဋ္ဌာန်

ကာယ-အနုပဿနာ=ကာယ-ကိုယ်ကောင်အပေါင်းအစု ကို တခုခြင်းကဲ့အောင်၊အနု-အဖန်တလဲလဲ။ ပဿနာ-ရှုခြင်း၊ ကာယာနုပဿနာ၊ ကိုယ်ကောင်အပေါင်းအစုကို တခုခြင်းကဲ့ အောင် အဖန်တလဲလဲရှုခြင်း။ ကာယ-အဓိပ္ပါယ်က ကိုယ် ကောင်အပေါင်းအစုကို တခုခြင်းကဲ့အောင်၊ အနုက အဖန်တ လဲလဲ။ ပဿနာက ရှုခြင်း၊ ပေါင်းလိုက်တော့ ကိုယ်ကောင် အပေါင်းအစုကို တခုခြင်း ကဲ့အောင် အဖန် တလဲလဲရှုခြင်း၊ ကာယာ နုပဿနာ ၊ကိုယ်ကောင်အပေါင်းအစုကို တခုခြင်းကဲ့ အောင် အဖန်တလဲလဲရှုခြင်း ဟုတ်ပြီလား။ ပြီးတော့....

ဝေဒနာနုပဿနာ၊ ခံစားခြင်း၊ စိတ္တာနုပဿနာမှာ စိတ်က သိဘယ်၊ ဓမ္မာနုပဿနာမှာ ဓမ္မက သဘာဝ၊ ပညတ် အစိုင်အခဲ အကောင်အထည်မဟုတ်၊ သဘာဝသက်သက် အဲဒီ သဘာဝသက်သက်ကို ဘာခေါ်တယ်၊ ဓမ္မ ဟုတ်လား ဒီတော့ ကာယလဲ သဘာဝသက်သက်၊ ဝေဒနာလဲ သဘာဝသက်သက်။ စိတ်လဲ သဘာဝသက်သက်ပါဘဲ၊ အပေါင်းအစုတွေကို ကာယ ခေါ်တယ်၊ ဝေဒနာလဲဘဲ သဘာဝသက်သက် ခံစားခြင်းဘဲ၊ ဝေဒနာ မလဲဘဲ အဆိုင်အခဲရှိသလား မရှိဘူး၊အဲဒါလဲဘဲ သ ဘာဝဘဲ၊ စိတ်ကလဲ သိခြင်းမျှဘဲ၊ စိတ်ကော အကောင် အ ထည်ရှိသလား မရှိဘူး၊ သို့ပေမယ့်လို့ သဘာဝတွေ အများထဲ က ဒီသဘာဝ ၃-ပါးကို ဖယ်ထား၍ ကျန်တဲ့တရားစုကို ဓမ္မာ နုပဿနာလို့ခေါ်တယ်၊ ကာယ သဘာဝ၊ ဝေဒနာ သဘာဝ၊ စိတ္တ သဘာဝ၊ ဒီ ၃-ပါးကို ဖယ်ထား၍ ကျန်သမျှ ဓမ္မ သ ဘာဝနော်။

ဒီတော့ ရင်ထဲနှစ်လုံးထဲမှာ တပ်နှစ်သက်ခြင်း လောဘ ဖြစ်တယ်၊ အဲ့ဒါသဘာဝ အဲဒီ လောဘ သဘာဝသည် ဓမ္မ။ ဒေါသဖြစ်တယ် အဲဒီ ဖြစ်တဲ့ ဒေါသ သည်ဓမ္မ။ကောင်းတဲ့ဘက် က သဒ္ဓါဖြစ်တယ် သတိဖြစ်တယ် ပညာဖြစ်တယ်၊ အဲဒီဖြစ်တဲ့ သဒ္ဓါ သတိ ပညာ သည် ဓမ္မ ဒီတော့ ကာယ သဘာဝရယ်၊ ဝေဒနာ သဘာဝရယ်၊ စိတ္တသဘာဝရယ်နှုတ်လိုက်၊ ကျန်သမျှ အစိုင်အခဲအကောင်အထည်မဟုတ်တဲ့ သဘာဝမှန်သမျှ ဓမ္မချည်းဘဲနော်၊ ဒါကြောင့် သတိပဋ္ဌာန်လေးပါးမှာ ကာယ ဝေဒနာ စိတ္တ ဓမ္မ၊ ဒီလိုတိုတိုမှတ် အဲဒီလေးပါးဟာ သတိပဋ္ဌာန်လေးပါး၊ ကာယကအပေါင်းအစု၊ ဝေဒနာက ခံစားခြင်း စိတ္တက သိခြင်း ဓမ္မက သဘာဝ အဆိုင်အခဲ အကောင်အထည် သဏ္ဌာန်ဖြပ် မဟုတ်ဘာကို သဘာဝ သိဘာကိုစိတ်၊ ခံစားတာကို ဝေဒနာ၊ အပေါင်းအစုကို ကာယ၊ ကာယဆိုရင် အပေါင်းအစု၊ ဝေဒနာဆိုရင် ခံစားခြင်း၊ စိတ်ဆိုရင်သိမှု။ ဓမ္မဆိုရင် သဘာဝနော်။ အဲဒီလေးပါးကို သတိပဋ္ဌာန် လေးပါးခေါ်တယ်။ ဒါဖြင့် တရားအားထုတ်တဲ့ ယောဂီတယောက် ခန္ဓာကိုယ်ထဲ စိုက်လိုက်စမ်း။ ပူခြင်း အေးခြင်း မာခြင်း ပျော့ခြင်း စသော ရုပ်အပေါင်းအစုကို တွေ့မလား။ ခံစားမှုဝေဒနာကို တွေ့မလား။ သိမှုစိတ်တို့တွေ့မလား။ လောဘ ဒေါသ စတဲ့ စေတသိက်တွေ့ တွေ့မလား။ ခန္ဓာကိုယ်ထဲစိုက်လိုက်ရင် ဒီလေးခု တခုခုတော့ တွေ့ရမယ်။ တွေ့နိုင်ဘူးလား။ အေး ဒီလေးခုတခုခုတော့ တွေ့နိုင်ပါတယ်။လောဘ ဒေါသ သဒ္ဓါသတိအစရှိသော စေတသိက်တွေ့ တွေ့ရင် ဓမ္မ၊ သိမှုတွေ့ရင်စိတ္တ၊ ခံစားမှုတွေ့ရင် ဝေဒနာ

မာမှု ပျော့မှု ပူမှု အေးမှု စိုမှု ခြောက်မှုကိုတွေ့ရင်ကာယ ဒီတော့ ကာယဆိုတာ ရုပ်အပေါင်းအစုနော်။

ဒါဖြင့် တရားအားထုတ်သည့် ယောဂီပုဂ္ဂိုလ်သည် သတိပဋ္ဌာန်ကို ငါ ဘာသတိပဋ္ဌာန် လုပ်ရမယ်လို့ ဒီလို ပိုင်းခြားနေဘို့ လိုသေးလား မလိုဘူး၊ ခန္ဓာကိုယ်ထဲ စိတ်စိုက်ပြီးတော့ တွေ့တဲ့ သတိပဋ္ဌာန်လုပ်၊ လောဘတွေ့ လောဘလုပ်၊ ဒေါသတွေ့ ဒေါသလုပ်၊ ၎င်တွေ့ စိတ်လုပ်၊ ဝေဒနာတွေ့ ဝေဒနာလုပ်၊ တွေ့တာသာလုပ်နော် ခန္ဓာကိုယ်ထဲမှာ တွေ့တာလုပ်ဘို့ရာ ခန္ဓာကိုယ်ထဲကတော့ အမြဲမပြတ် ဖြစ်ပြီးတော့ နေပါရဲ့၊ ကိုယ်က စိတ်အားညံ့နေတော့ မတွေ့နိုင်ဘူး၊ အင်မတန် စိတ်အားကညံ့နေတယ်၊ သတိပညာမရှိဘူး၊ သတိပညာမရှိလို့ စိတ်အားကညံ့နေတော့ ခန္ဓာကိုယ်ထဲက အမြဲမပြတ် ဖြစ်နေပေမဲ့ မတွေ့နိုင်ဘူး၊ ဒီတော့ တွေ့နိုင်လောက်အောင် သတိကိုတိုးပွားအောင် အာနာပါန လုပ်ပေးပါ အာနာပါန လုပ်ပေးတော့ကာ သတိတိုးပွားပြီး စိတ်အားကောင်းလာတယ်၊ အဲဒီ စိတ်အား ကောင်းလာတဲ့အခါ ခန္ဓာကိုယ်ထဲက ဖြစ်မှုကို စိုက်လိုက်ရင် မသိဘူးလား သိပါတယ်သိပေမဲ့လို့ သိကာမတ္တာဘဲ ရှိနေသေးတယ်၊ သတိပညာအားမကောင်းသေးရင်ထင်ထင်ရှားရှားမပိုင်းခြားနိုင်သေးဘူး။ ဒါက ပူတယ် ဒါက အေးတယ် ဒါက နာတယ် စသည်ဖြင့် တွေ့တော့ တွေ့ပါရဲ့ တွေ့ပေမဲ့ ဒီနာကျင်ကိုက်ခဲမှု ပူမှုတွေ့ကို ထင်ထင်ရှားရှား ပိုင်းပိုင်းခြားခြား သိပြီလားဆိုတော့ မသိနိုင်သေးဘူး။ ဒါဘာဖြစ်လို့ သတိပညာအားသေး သေးလို့ အားသေးသေးရင် ဆက်လုပ် အမှန်က ထင်ထင်ရှားရှား ပိုင်းပိုင်းခြားခြား

တွေ့ရမယ်၊ ထင်ထင်ရှားရှား ပိုင်းပိုင်းခြားခြား တွေ့တယ်ဆိုတာ ဘာလဲ ခန္ဓာကိုယ်ကို တခုစီကဲ့အောင် အဖန်တလဲလဲရှု၊ ဒါ ခေါင်းရယ် ကိုယ်ရယ် လက်ရယ် အကောင်ကြီးရယ် ထင်နေလို့ လောဘ ဒေါသ ကိုလေသာတွေ ဖြစ်နေတာ အမှု အများတွေ ထင်လာရင် လောဘ ဒေါသတွေ ဖြစ်နိုင်ပါအုံးမလား။

အေး သတိအားကောင်းလို့ စိုက်လိုက်ရင် အာရုံတခုခုနဲ့ ဒီသတိပညာနဲ့ သွားပြီးဟပ်မိလိုက်ရင် အများကြီးမသိတောင် ဒီဟပ်မိတဲ့ အာရုံတော့ သိမှာဘဲ အေး အများကြီး ရှောက်သိတာ မဟုတ်ဘူး ဟပ်မိတဲ့ အာရုံဘဲသိတယ်နော် အဲဒီ ဟပ်မိတဲ့ အာရုံကို သိတာက အမှန်သိတာ အများကြီးသိတာက အမှန် သိတာ မဟုတ်ဘူး စိတ်ကူး စဉ်းစား တွေးတော ကြံစည်ပြီး ရှောက်သိနေတာ အမှန်မသိဘူး စိတ်နဲ့ဟပ်မိတဲ့ သဘာဝက လေးသိတာက အမှန်သိတာ ဘာကိုဘဲလုပ်လုပ် စိတ်ကို ကပ်အောင်လုပ် အာနာပါနလုပ်ရင်လဲ နှာခေါင်းဝ စိတ်ကပ် ပါစေ ဝေဒနာလုပ်ရင်လဲ ဒီစိတ်ဟာ ဝေဒနာသွားကပ်ပါစေ ကပ်မှ သတိ သမာဓိအားကောင်းဘာ ခုပကတိစိတ်နဲ့လဲ သိတာပေါ့ ဝင်သိသွက်သိလုပ်နေရင် သိပေမဲ့ စိတ်က နှာခေါင်း ကပ်နေတာမဟုတ်ဘူး ဝင်တာ သိတာ ထွက်တာ ဝင်တဲ့ထွက် တဲ့ စိတ်ဟာ နှာခေါင်းမှာ ကပ်နေအောင်မသိဘူး သတိ သမာဓိ အား ကောင်းလာတော့ စိတ်ပါနှာခေါင်းမှာ ကပ်နေတာတွေ့ ရတယ်။ စိတ်က နှာခေါင်းမှာ ကပ်နေတာတွေ့တဲ့ ယောဂီကျ တော့ ငါ့စိတ်ဟာ နှာခေါင်းနဲ့ တော်တော်ကွာသွားပြီ တမိုက် လောက်ကွာသွားပြီ လေးသစ်လောက် ကွာသွားပြီ တခါ ပြန်

ကပ်လာရင် ဟာ ပြန်ကပ်သွားပြီ အဲဒီလို နှာခေါင်းနဲ့ စိတ်နဲ့ ကွာမှု ကပ်မှုကိုတောင် သိနိုင်တယ်။ သမာဓိအား ကောင်းလာတဲ့အခါ ခုတော့ စိတ်က ဘယ်နေရာကနေ သိမှန်းတောင် မသိဘူးဟုတ်လား။ ဒေါသ စိတ်နဲ့ အာရုံနဲ့ ကပ်မိအောင် လုပ်ရမယ် ဒါဖြင့် ဝေဒနာကို အာရုံပြုပြန်ရင်လဲ ထိုနည်းတူဘဲ။ ဝေဒနာနဲ့ စိတ်နဲ့ ကပ်သွားရမယ် နာတယ်နာတယ် ဆိုပေမဲ့ အဝေးကနာနေတာ စိတ်က ဝေဒနာသွားကပ်တာ မဟုတ်ဘူး။ ဝေဒနာသဘာဝတခုကို စိတ်ကသွားကပ်လိုက်ရင် ဝေဒနာတခုထဲသာသူသိတယ်။ ကျန်တဲ့အာရုံတွေ သူသိအုံးမလား သူ့ဟာသူ ကဲ့သွားတော့တာဘဲ ဟုတ်လား။ ဝေဒနာတခုထဲသိတာကလဲ သာမည်စိတ်နဲ့ သိတာမဟုတ်တော့ အင်မတန်မှ ပေါ်ပေါ်လွင်လွင် ထင်ထင်ရှားရှား ပိုင်းပိုင်းခြားခြားသိတယ်၊ ဝေဒနာရှု့နောက် ပတ်ဝန်းကျင် ဘာနဲ့မှမစပ်ဘဲနဲ့ ပိုင်းပိုင်းခြားခြားသိတယ်။ အဲဒီသဘာဝတခု ဖြစ်ဆဲခဏကို ပိုင်းပိုင်းခြားခြား တွေ့သိလိုက်ဘို့လိုတယ်။ အများကြီးရှောက်ပြီးသိနေဘို့ မလိုပါဘူး။ သဘာဝတခု၏ ဖြစ်ဆဲခဏကို ပိုင်းပိုင်းခြားခြား တွေ့လိုက်ရင် တလောကလုံး ရှိသမျှအကုန် သဘောပေါက်သွားရော။

အဲဒီ သဘာဝတခုကို သေသေချာချာ ပိုင်းပိုင်းခြားခြား သိပြီးလို့ တလောကလုံး သဘောပေါက်ပြီးတော့မှ ဟာ ဘာမှမဟုတ်ဘဲကို အကုန်လုံး ဖြစ်မှ ပျက်မှုချည်းတွေ ပါကလား။ တွေ့ပြီးတဲ့ ပဋိပုဂ္ဂလိက သဘောပေါက်လို့ ပြောတာ။ ခုစိတ်ကူးသမားတွေက တွေ့လဲမတွေ့သေးဘဲနဲ့ တလောကလုံး ဘာမှမဟုတ်သေးဘူးပြောနေတယ်။ သူတို့ဟာ မဟုတ်ဘူးလားဆိုတော့ ဟုတ်

တော့ဟုတ်ကဲ့ သူတို့ဟာ အပေါ်ရံတွင် တွေ့နေတာ ဒီထက်ရှေ့တိုးပြီး သူတို့မသိဘူး။ တွေ့ပြီးမှပြောတဲ့ ပဋိဂါလ်က ဘာမှမဟုတ်ဘူးလို့ ပြောတဲ့စကားဟာလဲ အပေါ်ရံပြောတာ့ အပေါ်ရံ ပြောဖြစ်ရုံကလေးပြောတာ တကယ် သူတွေ့သလို ပြောဖြစ်တာမဟုတ်တော့ တလောကလုံး ဘာမှမဟုတ်ဘူးလို့ အများသိလောက်အောင် ပြောဖြစ်သလို ပြောတာ။ ဘာမှမဟုတ်ဘူးလို့ ပြောဘဲ့ စကားလုံးချင်းတူပေမယ်လို့ အသိချင်းမတူဘူး။ စာထဲပေထဲကြည့်ပြီး စိတ်ကူးကြံစည်ပြီး ပြောတဲ့လူကလဲ ဘာမှမဟုတ်ဘူးတော့ပြောတာဘဲ သို့ပေမဲ့ သူတို့က အမျာ့ဖြန့်ဖြူးပြီး ပြောတာ စိတ်ကူးသိ တကယ်သိတဲ့ပဋိဂါလ်က တခုတည်းသော သဘာဝ၏ ဖြစ်မှုကို ဖြုတ်ခနဲတခြိန်ကလေး သိလိုက်ပြီးတော့မှ ဘာမှမဟုတ်ဘူးလို့ သဘောပေါက်ပြီးမှ ပြောတာ ဘာမှမဟုတ်ဘူးပြောတာချင်းတူပေမဲ့ မတူသေးဘူး။

ယခုသိပ္ပံပညာသည်တွေက ပြောနေတယ် မဟုတ်လား၊ တခုသောမြစ်ကို နှစ်ခါကူးရှု မရဘူးတဲ့။ မြစ်ရေက အလျင်းမပြတ် စီးနေတာကို ပထမကူးတုံး မြစ်ရေက နောက်တခါ ပြန်ကူးမယ်လုပ်တော့ ဒီရေမဟုတ်တော့ဘူး၊ ဒီတော့ တခုသောမြစ်ကို နှစ်ခါကူးရှု မရဘူးဆိုတာ သူတို့စကား တော်တော်မဟုတ်နေတာ၊ သို့ပေမဲ့ ဘုရားသာသနာ့အသိက ဒီလိုမှသိတာ မဟုတ်ဘဲ၊ ဟိုပထမပင်ရင်းသိတာက တခုသောသဘာဝ၏ ဖြစ်ဆဲခဏကို ကပ်ပြီးတော့ ဘုံးကန်၊ ဖြုံးကန် သိပြီးတော့မှ တလောကလုံး ဒီအတိုင်းချည်းပါကလားလို့ ဒီလိုသိရတာ အသိချင်းမကွာဘူးလား၊ ဒါက ဝိစ်နဲ့ဆိုတာ၊ ဟိုဟာက ဉာဏ်နဲ့သိတာ

ဥာဏ်နဲ့သိတော့ ဒီဥာဏ်က ဘယ်လိုသိတာလဲ၊ မြင်သလိုသိတာ၊ ခု မျက်စေ့နဲ့ကြည့်တော့ မျက်စေ့ရှေ့မှာ အာရုံတခုခုကို မမြင်ဘူးလား။ မြင်ပါတယ်၊ အေး... ထိုနည်းတူစွာ ဥာဏ်စက္ခု ပေါ်လာတဲ့အခါကျတော့၊ မျက်စေ့မှိတ်ထား၊ အဲဒီမှိတ်ထားရုံး ဥာဏ်စက္ခုက သိစရာအာရုံကို မြင်ပြီးတော့ သိတာ၊ ဒါကြောင့် စက္ခုဉဒပါဒိ၊ အေး... စက္ခုဥာဏ်မျက်စေ့သည်လို့ ပြောတာ၊ စက္ခုမျက်နှာမှာရှိတဲ့ မျက်စေ့လို့ ပြောတာမဟုတ်ဘူး၊ မျက်စေ့ကသာ မြင်နိုင်တယ်လို့ မှတ်ပြီး၊ စိတ်ကမြင်နိုင်တယ်လို့ လူတွေက သည်လိုသဘောမပေါက်ဘူး၊ ဥာဏ်စိတ်ကျတော့ မျက်စေ့မြင်နိုင်သည်ထက် ပိုပြီးမြင်နိုင်ပြန်တယ်၊ အားကောင်းရင် ကောင်းသလို မြင်နိုင်တယ်၊ စက္ခုဉဒပါဒိ၊ အဲဒီ စက္ခုအရှိဟာ ပကတိမျက်စေ့ကို ပြောသည်မဟုတ်၊ ဥာဏ်နဲ့မြင်တဲ့ ဥာဏ်မျက်စေ့ကိုပြောတာ။

အဲဒီဥာဏ်ကလဲဘဲ ပကတိမျက်စေ့ မြင်သလို၊ ပကတိမျက်စေ့မြင်တာထက်မက ပိုပြီးမြင်နိုင်တယ်၊ ဥာဏစက္ခု၊ ဒိဗ္ဗစက္ခု၊ ဒါတွေဟာ နတ်မျက်စေ့ကဲ့သို့ပင် မြင်နိုင်တယ်၊ အဲဒီဥာဏစက္ခု၊ ဒိဗ္ဗစက္ခု မရတဲ့ပုဂ္ဂိုလ်တွေက ပကတိမျက်စေ့ကိုဘဲ မျက်မြင်လုပ်ပြီး လေ့လာပြီးတော့ ဒုက္ခတွေဖြစ်လို့ လ သွားရတာနဲ့ ကြံယ် သွားရတာနဲ့ သူတို့မှာ ပကတိမျက်မြင်ဘဲ အဟုတ်ကြီးမှတ်ပြီးတော့ သူတို့ကတော့ လုပ်ချင် လုပ်ပါစေအုံးတော့၊ သူတို့ရည်ရွယ်ချက်နဲ့သူဘိုကို ဘေးကလူတွေက အဟုတ်မှတ်ပြီး ရှောက်လုပ်နေတယ်၊ ဖြစ်ရပုံလေ၊ စင်စစ်တော့ သူတို့လိုလဲ ကိုယ်မလုပ်တတ်ဘူး၊ ယခုလုပ်နေတဲ့လူတွေလို ကိုယ်သိဆလား

မသိဘူး ဒါဖြင့် ဘုရားဟောတော့ ဘုရားဟောတဲ့အတိုင်းကော ကိုယ်သိသလား မသိဘူး၊ ဒါဖြင့် ကုလာပြောတဲ့အဘိုင်းလဲ ကိုယ်မသိ၊ ဘုရားဟောတဲ့အတိုင်းလဲ ကိုယ်မသိ၊ ဘုရားယုံမလား၊ ကုလားယုံမလား၊ ဘုရားယုံရင်လဲ သူတို့ဟာတွေ အနှောင်ကြိုးပြိုးပြောနေစရာမလိုပါဘူး၊ ဘုရားက ဒီဗွစက္ခုနဲ့ဟောတာ၊ ဉာဏစက္ခုနဲ့ဟောတာ၊ သူတို့က ပကာဘိမျက်စေ့နဲ့ မှန်ပြောင်းနဲ့ကြည့်ပြောတာ၊ ကိုင်း.... ဘယ်လောက်နှာခြားသလဲကွာ။

ဟောဒီသစ်ပင်မှာ ရုက္ခစိုးနတ်မရှိဘူးလား၊ ရုက္ခစိုးနတ်ရှိရင် ရုက္ခစိုးနတ်နေတဲ့ ဗိမာန်မရှိဘူးလား ရှိတယ်၊ ဒီဗိမာန်နဲ့ ဒီနတ်ကိုမြင်ရသလား မမြင်ရဘူး ဘာဖြစ်လို့လဲ၊ ဒီဗွစက္ခုအရာကို။ ပကတိမျက်စေ့နဲ့တော့ သင်ပင်မြင်ရတယ်၊ ဒီဗွစက္ခုက နတ်ဗိမာန်လဲမြင်ရတယ်။ နတ်လဲမြင်ရတယ်၊ အဲဒီလို ပကတိမျက်စေ့နဲ့ မမြင်နိုင်တဲ့အရာမျိုးကိုမြင်ရမှ သာသနာ ပကတိနားနဲ့မကြားနိုင်တာ ကြားရမှ သာသနာ၊ ဒီတော့ သာသနာနဲ့လောကမှာဖြစ်နေမှုနဲ့ ဘာမှနှိုင်းစာလို့မပြောနဲ့၊ နှိုင်းလို့မရဘူး။ ဘုရားက ပကတိမျက်မြင် ပကတိနားကြားကို တခုမှမဟောဘူး၊ ဒီဗွစက္ခု၊ ဒီဗွဘောတ-လေ၊ လ-ဟာ ဘယ်လောက်ရှိသလဲ၊ အဝန်းအဝိုင်းအားဖြင့် ၁၄၇ ယူဇနာ၊ ဖီလာအားဖြင့် ၄၉ ယူဇနာ မဟုတ်လား၊ လဗိမာန်အတွင်းက-မြရောင်၊ အပြင်က ငွေရောင်၊ အဲဒီဗိမာန်ကြီးထဲမှာ နတ်သား နတ်သမီးတွေနေတယ်၊ ဒီဗိမာန်ကြီးကို တွေ့သလား၊ ဒီဗိမာန်ကြီးထဲမှာနေတဲ့ နတ်သား နတ်သမီးတွေကို တွေ့သလား၊ သူတို့တွေ့တာက ရှုံတုံးတွေ့တာဘဲ၊ ဒီတော့ ဒါမျိုး အဆင်ကြိုးစရာလိုသလား၊ သို့သော် သူတို့နည်းနဲ့ သူတို့

တော့ ဟုတ်မှာပေါ့။ သို့ပေမဲ့ ဘုရား စကားလောက်တော့ ယုံစရာမဟုတ်ပါဘူး၊ သတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောကလို့ လောကသုံးပါး ဘုရားဟောတယ်။ လောကဝိဒူ ဂုဏ်တော်မှာ သို့ပေမဲ့လို့ ဒီလဗိမာန်တို့ နေဗိမာန် တို့ဆိုတာ ဩကာသလောက၊ သတ္တဝါတွေက သတ္တလောက၊ ဒါတွေ ဘာကြောင့်ဟောရသလဲ၊ ကိုယ်တော်မြတ်၏ ဉာဏ်တော်ဟာ ဒီကျအောင်သိတယ်လို့ သတ္တဝါတွေကို သိစေလိုတယ်၊ သို့ပေမဲ့ ဒါလို့ဂုဏ်းလားဆိုတော့ မဟုတ်ဘူး။ ဒီသတ္တဝါဟာလဲ ပညတ်တွေ၊ ဒီဩကာသလောက အဇည်ဝတ္ထုတွေလဲ ပညတ်တွေ။ အမှန်က ရုပ်နာမ်, ဓမ္မ,သင်္ခါရသာလျှင် အမှန် ရုပ်နာမ်ဓမ္မ, သင်္ခါရသည် ဒုက္ခသစ္စာ၊ ဒီဒုက္ခသစ္စာဟာ သမုဒယကြောင့် ဖြန်ဖြစ်ဘယ်။ ဒီ ဒုက္ခ သမုဒယနှစ်ပါး ချုပ်ငြိမ်းရင် နိဗ္ဗာန်၊ ဒီနိဗ္ဗာန်ရောက်ကြောင်း သီလ, သမာဓိ,ပညာကိုလုပ်ကြ၊ ဒီလို့ သစ္စာလေးပါးဟောချင်လို့ သတ္တလောက ဩကာသလောကကို ဟောတာ၊ ဒါကွေ့ အုံဩနေဘို့ ချီးမွမ်းနေဘို့ ဘုရားကဟောတာ မဟုတ်ဘူး။ ပညတ်မှန်ရင်ဖြင့် ဘုရားကတော့ အကုန်လုံး အလကားချည်းဘဲ။ သတ္တဝါလဲ အလကားဘဲ၊ သတ္တဝါရဲ့ တည်ရာဘုံဌာနလဲ အလကားဘဲ၊ ရုပ်-နံဝမ် ဓမ္မ-သင်္ခါရ သာလျှင် အမှန်။

ဒီတော့ ရုပ်-နာမ်-ဓမ္မ-သင်္ခါ-က ဘာအမှန်လဲ၊ ဒုက္ခအမှန်၊ ဒီဒုက္ခအမှန်ဟာ သမုဒယကြောင့်ဖြစ်တယ်။ ဒီ ဒုက္ခ-သမုဒယနှစ်ပါး လွတ်ကင်းရင် နိဗ္ဗာန်၊ ဒါကြောင့် နိဗ္ဗာန်ရောက်မှ အေးကြမယ်။ နိဗ္ဗာန်ရောက်ကြောင်းဖြစ်တဲ့ သီလ, သမာဓိ, ပညာ, သီလမဂ္ဂင်, သမာဓိမဂ္ဂင်, ပညာမဂ္ဂင်ကိုသာ အားထုတ်

စေလိုတယ်၊ ဘုရားဒါလိုတော်က ဒါကြောင့် ဒီပြင်ဟာတွေ အလကား၊ နတ်ကရာ ကျိုးမောဆိုသလို သူတပါးတွေ လုပ်တာလိုလဲ ကိုယ်မဖြစ်ဘဲနဲ့ အလကား ဒုက္ခများနေကြတယ်၊ ဒီတော့ ဘုရားအလိုရှိတဲ့ သီလ,သမာဓိ, ပညာကိုသာ ကြိုးစား အားထုတ်နိုင်ကြပါစေသတည်း။

သာဓု... သာဓု....သာဓုပါဘုရား။

မြောင်းမြမြို့ ဝေဠုဝတီ ကမ္မဋ္ဌာန်းတိုက်၌ ၁၃၃၁-ခု ဒုတိယဝါဆိုသပြည့်ကျော်-ဂ ရက်နေ့တွင် ကျေးဇူးရှင် ဝေဠုဝတီ ဆရာတော်ဘုရားကြီး ဟောကြားတော် မူအပ်သော

ဒုတိယ အကြိမ် မြောက်
မဟာသတိ ပဋ္ဌာန် တရား တော်

သဘိပဋ္ဌာန် ပါဠိတော်၏ နိဒါန်း အစမှာ

(၁) ဝိသုဒ္ဓိယာက အကျိုးတပါး၊
(၂) သောက ပရိဒေဝါနံ သမတိက္ကမာယက အကျိုး တပါး။
(၃) ဒုက္ခဒေါမနဿာနံအတ္ထင်္ဂမာယကအကျိုးတပါး
(၄) ဉာယဿ အဓိဂမာယက အကျိုးတပါး၊
(၅) နိဗ္ဗာနဿ- သစ္ဆိကိရိယာယကအကျိုးတပါး၊

အဲဒီလို အကျိုး ငါးပါး ရှိတယ်၊ အဲဒီ ငါးပါးထဲက ဒီစဆုံး စင်ကြယ်ရမယ်လို့ ဟောတော်မူပါလျက် သတ္တဝါတွေ ဘာကြောင့် မစင်ကြယ်ကြသလဲ၊ ဒီဥ္စိ နှောင့်ယှဲထားလို့ ဒါကြောင့်။

ဒီဥ္စိပန္နနပန္နာ တေ၊ တဏှာ သောတေန ဝုယ္ဟရေ။
တဏှာ သောတေန ဝုယ္ဟန္တာ၊ န တေ ဒုက္ခာ ပမုစ္စရေ။

ဒီဋ္ဌိပန္နနပန္နာ-ဒီဋ္ဌိအနှောင်အဖွဲ့ဖြင့်မလွှတ်နိုင်အောင် ချည်တုတ် ခံနေရကုန်သော၊ တေသတ္တာ၊ ထိုသတ္တဝါ အပေါင်းတို့သည်၊ တဏှာသောတေန၊ တဏှာတည်းဟူသော ရေအယဉ်ဖြင့်။ ဝုယ္ဘရော၊ မျောပါး၍ နေကြကုန်၏။။

ရင်ထဲနှလုံးထဲမှာ ဒီဋ္ဌိအဖွဲ့ အချည်ဖြင့် ဖွဲ့ချည်ထားတဲ့၊ သက္ကာယဒိဋ္ဌိတန်းလန်း၊ အတ္တဒိဋ္ဌိတန်းလန်းနဲ့ ပုဂ္ဂိုလ်တွေဟာ တဏှာတည်းဟူသော ရေယဉ်ကြောမှာ မျောနေကြတယ်၊ စဉ်းစားကြည့်ကြစမ်းပါ၊ အဆင်းအာရုံကို မျက်စေ့ကမြင်တဲ့အခါ အဆင်းကိုမသိဘဲနဲ့၊ အဆင်းအာရုံကို အကြောင်းပြုပြီးတော့၊ ယောကျ်ား၊ မိန်းမ၊ ချောတယ်၊ လှတယ်၊ ကောင်းတယ်၊ ဆိုးတယ် စသည်ဖြင့် သက္ကာယဒိဋ္ဌိလမ်းကနေပြီး လိုက်သွားတော့၊ အဲဒီအဆင်းအာရုံနောက် ပါသွားရော၊ အဲဒါ အဆင်းရေယဉ်ကြောမျောပါသွားတာ အဲဒီလိုအဆင်းကို တပ်နှစ်သက်တဲ့ရေယဉ်ကြောမှာ ဘာပြုလို့ မျောရပါသလဲဆိုတော့။ ဒီဋ္ဌိကပုဂ္ဂိုလ်သတ္တဝါ အနေနဲ့ ယောကျ်ား၊ မိန်းမအနေနဲ့ဖွဲ့ထားလို့ မြောရတာ၊ ဒီဋ္ဌိကဖွဲ့ထားတော့တကယ်ဘဲ၊ ယောကျ်ား၊ တကယ်ဘဲမိန်းမတကယ်ဘဲ ခေါင်း၊ ကိုယ်၊ ခြေ၊ လက်၊ အဲဒီလို ထင်နေရတယ်၊ ထင်နေတော့ ထင်တဲ့အတိုင်း နှစ်သက်တဲ့ တဏှာကပေါ်လာပြီး အဲဒီတဏှာ ရေယဉ်ကြောမှာ မျောလိုက်သွားတယ်၊ အဆင်းအာရုံနောက် မျောလိုက်သွားသလို၊ ထိုနည်းတူစွာ ဒီဋ္ဌိအဖွဲ့ခံရတဲ့ ပုဂ္ဂိုလ်သည် သဒ္ဒအသံတည်းဟူသောအာရုံကို အာရုံပြု၍ တဏှာတည်းဟူသော ရေယဉ်ကြောမှာ မျောလိုက်သွားတယ်၊ လိုရင်းမှာတော့ အဆင်း ကောင်းကောင်း၊

အသံ ကောင်းကောင်း ကြိုက်သည်၊ အဆင်း ကောင်းကောင်း၊ အသံ ကောင်းကောင်း ကြိုက်တာကို ဘာခေါ်ကြတယ်၊ တဏှာဘဲ၊ မျက်စေ့ဖြင့် မြင်ကာမျှအဆင်း၊ နားနှင့်ကြားကာမျှ အသံကို အဆင်း အသံဟာ သဘာဝသက်သက်ကိုမယဘဲ ဒီဝိ က ပုဂ္ဂိုလ် သဘ္ဘာဝဟု ခဲ့ပစ်လိုက်ဘယ်၊ ခဲ့ပစ်လိုက်တော့ ဒီ ပုဂ္ဂိုလ်ခဲ့အဆင်းလှတယ်၊ အသံကောင်းတယ်၊ ဒီပုဂ္ဂိုလ်ရဲ့ အ ဆင်း မလှဘူး၊ အသံ မကောင်းဘူးနဲ့ လိုက်သွားပြန်ရော၊ ကောင်းတယ်ဆင်တော့ လောဘ၊ မကောင်းဘူး ထင်တော့ ဒေါသ၊ လောဘဖြစ်မှတော့ ဒေါသကလဲမနေဘူးပေါ့၊ ပြီးတော့ နှခေါင်းက အနံ့ကလေးကို နံလိုက်လို့ရှိရင် အနံ့မျှဟု သဘာဝ သက်သက်လို့ မယူဘဲ၊ ပန်းအနံ့၊ ရေမွှေးအနံ့ဟု အနံ့၏မှိုရာဝတ္ထုနောက် ပါသွားတယ်၊ ရသာရုံ ရေယဉ်ကြော လဲဒီလိုဘဲ၊ လျှာပေါ်မှာ သိဘဲ့ အချို အချဉ် အဖန်အခါး စသည်လဲဖြစ်ပြီး ပျက်သွားတဲ့ သဘာဝသက်သက် မရောက်ဘဲနဲ့၊ ဝက်သား ကောင်းတယ်၊ ကြက်သားကောင်းတယ်နဲ့ ဖြစ်သွားပြန်ရော၊ အဲဒါအရသာနဲ့စပ်တဲ့-တဏှာတည်းဟူသော ရေယဉ်ကြော မျောလိုက်သွားတာ၊ အင်္ဂတ္ထအထိ ကောင်းပြန်တော့လဲ နှုးညံ့သိမ်မွေ့တဲ့မှိုရာ ဝတ္ထုနောက်ပါပြီး၊ အတွေ့အထိ ရေယဉ်ကြောမျောလိုက်သွားပြန်တာဘဲ၊အဲဒီလို အဆင်းစသောရေယဉ်ကြောမျောလိုက်သွားနဲ့အာရုံငါးပါး၊ကံဝမဂုဏ်တရားတို့၌ မျောနေကြတာပဲ၊ အဆင်းရူပါရုံကာမဂုဏ်၊ အသံသဒ္ဒါရုံကာမဂုဏ် အနံ့ဂန္ဓာရုံကံဝမဂုဏ်၊ အရသာရသာရုံကာမဂုဏ်၊ အတွေ့ဖောဋ္ဌဗ္ဗာရုံကာမဂုဏ်ဆိုတဲ့ အဲဒီအာရုံငါးပါး၊ ကာမဂုဏ်တရားမှာ တပ်နှစ်သက်ဘဲ့ တဏှာကလဲ သတ္တဝါတဦးမှာ တမျိုးမျိုးလွန်ကဲ

တယ်။ အချို့သတ္တဝါက အဆင်းရှုပါရုံ၌တဏှာလွန်ကဲတယ်။ အချို့သတ္တဝါကအသံ သဒ္ဒါရုံ၌၊ အချို့သတ္တဝါက အရသာရသာရုံ၌တဏှာလွန်ကဲတယ်အချို့သတ္တဝါက အတွေအထိ ဖောဋ္ဌဗ္ဗာရုံ၌ဖောဋ္ဌဗ္ဗာ တဏှာလွန်ကဲတယ်၊အဲ ဒါကျမ်းဂန် မှာတော့။ တေလပတ္တဇာတ်ခေါ်တယ်။ ယခု လောကဲမှာတော့ အာရုံငါးပါးဇာတ်လို့ ခေါ်တယ်။

ဘုရားလောင်းဟာ ဘီလူးပေါတဲ့ တောလမ်းက ငယ်ကျွန်တော်ငါးယောက်နဲ့ ဖြတ်သွားတဲ့အခါ စောစော ကတဲ်ကဲပြောထားတယ်၊ ဒီတောထဲမှာ ဘီလူးပေါတယ်၊ ဘီလူးတွေက အာရုံငါးပါးနဲ့ ဖြားယောင်း ကြလိမ့်မယ်၊ မပါကြနဲ့၊ ပါမှာဖြင့်ယခုကဘဲက မလိုက်ခဲ့ကြနဲ့လို့ ဘုရား အလောင်းက ပြောတော့၊ မပါပါဘူး ဘုရားဆိုပြီး၊ အာမခံနှုတ်လူငါးယောက်ပါသွားကြတယ်၊ ပထမ ဘီလူးမတွေ့က၊ အဆင်းနဲ့ ဖြားယောင်းတယ်၊ အဆင်းနဲ့ဖြားယောင်းတော့၊ ဟိုလေးယောက်ကတော့ တောင့်ခံတယ်၊ ရှုပတဏှာလွန်ကဲတဲ့ တယောက်ကတော့ မခံနိုင်ဘူး၊ ဒီအဆင်းမျိုးသာ ကြည့်နေရမယ်ဆိုရင် သေချင်သေပါစေတော့ ဆိုတဲ့စိတ်ဖြစ်လာတယ်၊ အသက် စွန့်တော့တယ်။ ရှုပတဏှာလွန်ကဲလို့ အဆင်းအာရုံ ကောင်းကောင်းနဲ့ တွေ့တဲ့အခါ အသေခံရဲတယ်။

ဘုရားလောင်းနဲ့ ငယ်ကျွန်တော် လေးယောက်နဲ့ ဧရိုးဆက်သွားတဲ့အခါ သူကတော့ နောက်က မမြဲတလှမ်းမြဲတလှမ်းနဲ့ မလိုက်ချင် လိုက်ချင်နဲ့ လာပြီးမှ နောက်ကျန် နေရစ်ခဲ့တယ်၊ ကျန်နေရစ်တော့ဘီလူး စားခံပြီးသေရတယ်၊ နောက်တနေရာကျ

တော့ အသံနဲ့ဖြားယောင်းတယ်၊ အဆင်းနဲ့ ဖြားယောင်းဘုံး က ခံနိုင်တဲ့လူလေးယောက်က အသံနဲ့ဖြားယောင်းတော့ တ ယောက်သော်သူက မခံနိုင်ဘူး၊ သူလဲကျန်နေရစ်တယ်၊ ကျန် နေရစ်တော့ဘီလူးစားခံရတယ်၊ ဒီအသံမျိုးသာ နားထောင်နေ ရရင် သေပေစေတော့လို့ အသက်စွန့်လုက်တယ်၊ လွန်လွန်ကက နှစ်သက်ထာကို၊ လွန်လွန်ကဲကဲ နှစ်သက်လာပြီ ဆိုရင်ဖြင့် အသက် သေမှာကို မကြောက်တော့ဘူး။

တခါရှေ့ဆက်သွားပြန်တော့၊ အနံ့နဲ့ဖြားယောင်းတယ်၊ ဒီအနံ့မျိုးသာ နမ်းရှူနေရရင်ဖြင့် သေပါစေတော့ဆိုတဲ့စိတ်ဖြစ် လာတယ်၊ နောက်တနေရာကျတော့ အရသာနဲ့ဖြားယောင်းတယ်၊ ဒီအရသာမျိုးသာ စားနေရရင် သေဘာဖြစ်သေးသလဲ၊ သေရ ကျိုးနပ်တာယ်၊ နောက်တနေရာကျတော့အတွေ့၊ ဖောဋ္ဌဗ္ဗအာရုံ နဲ့ဖြားယောင်းတယ်၊ ဒီလိုကောင်းတဲ့အတွေ့မျိုးသာ တွေ့နေရ လို့ရှိရင် သေချင်သေပါစေတော့ ဆိုတဲ့စိတ်ဖြစ်လာတယ်၊ ငယ် ကျွန်တော် ငါးယောက်စလုံး ကျန်နေရစ်ခဲ့တယ်။

အဲဒီဇာတ်မှာ ငယ်ကျွန်တော် ငါးယောက်ကျန်နေတာ ဟာ အဆင်းကိုတပ်နှစ်သက်တဲ့ ရူပတဏှာလွန်ကဲတဲ့လူ၊ အသံကို တပ်နှစ်သက်တဲ့ သဒ္ဒတဏှာလွန်ကဲတဲ့လူ၊ အနံ့ကိုတပ်နှစ်သက် တဲ့ ဂန္ဓတဏှာ လွန်ကဲတဲ့လူ၊ အရသာကိုတပ်နှစ်သက်တဲ့ ရသ တဏှာလွန်ကဲတဲ့လူ၊ အတွေ့အထိကို-တပ်နှစ်သက်တဲ့ ဖောဋ္ဌဗ္ဗ တ ဏှာလွန်ကဲတဲ့လူလို့၊ လူငါးယောက်ကဲ့သဲ့းတယ်၊ တေလ ပတ္တ ဇာတ်ဆိုတာကချစ်သား ရဟန်းတို့ ခွက်ကြီးတလုံးနဲ့ ဆီတွေ့

ကို အပြည့်ထည့်ပြီး ကိုင်သွားရတဲ့လူဟာ လမ်းခရီးမှာလဲ ဇနပဒကလျာဏီ အမည်ရှိသော မင်းသမီးက-ကနေတယ်၊ မကြည့်ဘဲမနေနိုင်ဘူးတဲ့၊ လူတွေဝိုင်းကြည့်နေကြတယ်၊ ကိုယ့်မှာလဲဆိုခွက်ကြီးဟာ အပြည့်ကိုင်ထားရတော့ ဒီဆိုခွက်ကြီးကို မဖိတ်အောင် အငြိမ့်မင်းသမီးကို မကြည့်ဘဲနဲ့ သွားဘို့ဟာ မလွယ်ဘူးတဲ့။

တေလပတ္တဇာတ်က ဒီလိုပြောတာ။ ဆိုခွက်ကြီးကိုမဖိတ်အောင် ကိုင်ထားရသလို အဲဒီလို အာရုံငါးပါးကို လွှန်မြောက်အောင် သတိနဲ့သွားရဘို့ဟာ အလွန်ခဲယဉ်းတဲ့ ကိစ္စ၊ မလွယ်ဘူးတဲ့။ ဒါကို အကြောင်းပြုပြီး တေလပတ္တဇာတ် ဒေါ်တယ်။ ဇနပဒ ကလျာဏီ အမည်ရှိသော အလှန်တရာ အဆင်းလှတဲ့ အလှန်တရာ အကကောင်းတဲ့ အငြိမ့်မင်းသမီး အနား ကပ်ပြီးတော့ အပြည့်အလျှံ ထည့်ထားတဲ့ ဆီခွက်ကြီး မဖိတ်မယှဉ်အောင် သွားရဘိသကဲ့သို့ အခြင်း, အသံ, အနံ, အရသာ, အတွတ် အထိဆိုတဲ့ အာရုံငါးပါးနဲ့ ဖြားယောင်းတဲ့ တောထဲကို ဖြတ်သွားရတဲ့ လူတွေဟာ ဆီခွက်ကဲ့သို့ သတိကို မျက်ခြေမပြတ်ထားရသည့်အတွက် တေလပတ္တဇာတ်လို့ဆိုတာ။ယခုပေါ်ပေါ်လွင်လွင်ကြတော့ အာရုံငါးပါးဇာတ် ဒေါ်တယ်။ တချို့လဲကားတွေရေးထားတယ်။ သတိပညာ အားကောင်းသည့်အတွက် ဘုရားလောင်း တပါးတည်းသာလျှင် ဒီအာရုံငါးပါးက ကျော်လွှန်နိုင်တယ်။

ဒီငါးပါး ကျော်လွှန် သွားပြီးတော့ ဘုရားလောင်း နောက်လဲ ဘီလူးမတယောက်လိုက်လာတယ်။ ရှင်ဘုရင်ဖြစ်ရမဲ့

တက္ကသိုလ် တိုင်းပြည်ကျတော့ ဘုရားလောင်းက ဇရပ်ပေါ်မှာ တက်နေပြီး ပရိတ်ချည် ပရိတ်သဲတွေနဲ့ တားထားလို့ သူလဲ ဇရပ်ပေါ် မတက်နိုင်ဘူး။ မတက်နိုင်တော့ အဲဒီဇရပ်အောက်က ထိုင်နေတယ်။ ထိုင်နေတဲ့ ဘီလူးမကို တက္ကသိုလ် ဘုရင်မင်းမြတ်က တပ်နှစ်သက်ခြင်းဖြစ်တော့ သာမိကလား.... အသာမိကလား။ အရှင်ရှိသလား.... အရှင်မရှိဘူးလား မေးစမ်းဆိုလို့ သွားမေးတော့ အရှင်ရှိပါတယ်.... ဇရပ်ပေါ်ကလူဟာ ကျုပ်လူပါဘဲ။ ဟိုက ဘုရားလောင်းက မဟုတ်ဘူး.... ဘီလူးမပါလိမ်ပြောတာ။ သူကလဲ ဟုတ်ပါတယ်.... လင်နဲ့မယားစိတ်ဆိုးတဲ့အခါ ဒီလိုပြောကြတာပေါ့... သူက စိတ်ဆိုးလို့ ပြောတာပါ။ အမှန်မှာ ဇရပ်ပေါ်က လူဟာ ကျုပ် ယောကျ်ားပါဘဲ။ ဇရပ်ပေါ်ကလူကကော ဟုတ်သလား....မဟုတ်ပါဘူး။သုံးကြိမ်တိုင်တိုင်မေးတယ်။

ကိုင်း.... မင်းစကားနဲ့မင်း ရှိပေစေနော် မဟုတ်ဘူးနော်.... ရှင်ဘုရင်က လိုချင်တာကို။ ဟိုက မဟုတ်ဘူးဆိုတော့ အဲဒီဘီလူးမ ဆင်ပေါ် တင်ပြီး ခေါ်သွားရော။ ဆင်ပေါ် တင်ပြီး ခေါ်သွားလို့နှန်းတော်ကျတော့ မိဖုရားမြောက် မိဖုရားမြောက်တော့ ဘီလူးမက အခွင့်အရေးတောင်းတယ်။ မျက်စေ့သူငယ်နဲ့ ကျွန်မမှာ တယောက်ထည်း ဒီမြို့ဒီရွာမှာ လာနေရပါတယ်။ ဒီမြို့ဒီရွာမှာ အခြံနှမရှိး ဝင်ခွင့် ထွက်ခွင့် ပေးပါ။ တမြို့လုံး အပိုင်စားပေးပါဟု ဒီလို ရှင်ဘုရင်ထံ တောင်းတော့ ဒီလိုငါမပေးနိုင်ဘူး။ မပေးနိုင်လို့ရှိရင် ဒီနန်းတော် တနန်းတော်လုံး အခြံနှမရှိး ဝင်ခွင့်- ထွက်ခွင့်နှင့်တကွ အပိုင်စား

ပေးပါလို့ဆိုတော့ အဲဒီ နန်းတော်ကျတော့ ပေးလိုက်ရော ပေးလိုက်တာတော့ ဒီရှင်ဘုရင်အိပ်ပျော်တဲ့အခိုက် ဘီလူးတိုင်းပြည် ထသွားပြီး ဘီလူးတွေ ခေါ်လာပြီး တနန်းတော်လုံး စားပစ်လိုက်တယ်။ နံနံဂ်ကျတော့ နန် တော်တံခါး မဖွင့်ပါလားလို့ စောင့်ပြီး နေကြတာ ကြာတော့ မဘတ်နိုင်ဘူး နန်းတော်တံခါးကို အဘင်း ရိုက်နှက်ဖွင့်ပြီးကြည့်တော့ တနန်းတော်လုံး လူအရိုးတွေချည်းဘဲ ဖြစ်နေတယ်။

အဲဒီတော့မှ ဇရပ်ပေါ်က ပြောတဲ့လူဟာ အမှန်ပြောတာဘဲ၊ သူဟာဘီလူးမဟဲ၊ ဒီလူဟာ ပညာရှိတဲ့လူဘဲ၊ ဒီလူကို ရှင်ဘုရင်မြောက်မှဘဲဆိုပြီး နန်းတော်ကို ဆေးကြောသုတ်သင်ပြီး ဘုရားလောင်းကို ရှင်ဘုရင် မြောက်တယ်တဲ့၊ အဲဒီ ဝတ္ထုကို ကြည့်ပြီးတော့ ကိုယ် စိတ်ကိုယ် အကဲခတ်ကြည့်၊ အဆင်းတဏှာလွန်ကဲသလား၊ အသံတဏှာလွန်ကဲသလား၊ အနံ့တဏှာလွန်ကဲသလား၊ အရသာတဏှာလွန်ကဲသလား၊ အတွေ့အထိ တဏှာလွန်ကဲသလား၊ အဲဒီ အာရုံငါးပါးမှာ ငါးပါးစလုံးတော့ တပ်နှစ်သက်တာချည်းဘဲ၊ တဏှာက၊ သို့ပေမယ်လို့ အသက်စွန့်လောက်အောင် တပ်နှစ်သက်တဲ့ လွန်ကဲမှု ရှိတတ်သေးတယ်။ ဒီတော့ ဒီတဏှာဟာ ဘာပြုလို့ လွန်ကဲရသလဲ၊ အကြောင်းရှာလိုက်တော့ ဒီဌိကဖဲ့ထားလို့ ဒီဌိကဘယ်လောက်များဖဲ့သလဲ၊ ကြည့်စမ်း လူမဟုတ်တဲ့ ဘီလူးမတောင် လူထင်တာကိုး၊ လူကျတော့ကော ဒီဌိဖဲ့လို့ လူထင်နေတာ၊ ဒါမိန်းမဘဲ၊ ဒါယောကျ်ားဘဲ, ဒါခေါင်းဘဲ, ကိုယ်ဘဲ, ခြေဘဲလို့ ထင်နေကြတာ အထင်မှန်လား၊ အဆင်မှားလား၊ ဘယ်သူကလိမ်ထားတယ်၊ ဒီဌိကလိမ်ထားတယ်။

ဒီဠိကလိမ်ထားလို့ အထင်မှားတော့ နှစ်သက်တာပေါ့။ လှတယ်ဆိုရင်လဲ နှစ်သက်တယ်၊ မလှဘူးဆိုရင်လဲစိတ်ပျက်တယ်။ စိတ်ပျက်တာနဲ့ နှစ်သက်တာဟာ အပြန်အလှန်ဘဲ၊ ကြပ်ကြပ်စိတ်ပျက်ရင် ကြပ်ကြပ်နှစ်သက်တယ်၊ ဒီအခါရုံ ကြပ်ကြပ် စိတ်ပျက်တဲ့လူဟာ ဟိုအခါရုံကျတော့ ကြပ်ကြပ် နှစ်သက်တယ်။ ဟိုအခါရုံ ကြပ်ကြပ်နှစ်သက်တဲ့လူဟာ ဒီအခါရုံကျတော့ ကြပ်ကြပ် စိတ်ပျက်တယ်၊ နှစ်သက်တာနဲ့ စိတ်ပျက်တာ ဇလာဘနဲ့ဒေါသ၊ ဆန့်ကျင်ဘက်တလမ်းစီ၊ တခုနဲ့တခု ပကတ္တုပန်းသယ သတ္တိနဲ့ ကျေးဇူးပြုတယ်၊ ယှဉ်ဘော်ယှဉ်ဖက်တော့ မဟုတ်ဘူး၊ ယှဉ်ဘော်ယှဉ်ဖက် မဟုတ်ပေမယ်လို့ တဏှာအားကြီးရင် ဒေါသအားကြီးအောင်၊ ဒေါသအားကြီးရင် တဏှာအားကြီးအောင်၊ ဒီလို တခုနဲ့တခု ကျေးဇူးပြုတယ်၊ ဒါကို ပကတ္တုပန်းသယခေါ်တယ်၊ ဟာ- ဒေါသ သိပ်အားကြီးတာဘဲ၊ လောဘတော့ မရှိပါဘူး၊ ဒီလိုမအောက်မေ့နဲ့၊ လောဘအားကြီးရင် ဒေါသလဲ အားကြီးတာဘဲ၊ ဟာ... ငါဒေါသတော့ အားကြီးတာဘဲ၊ ငါလောဘ မရှိပဲါဘူး၊ ဒီလိုမအောက်မေ့နဲ့၊ ဒေါသအားကြီးရင် လောဘလဲ အားကြီးတာဘဲ၊ ဒီအခါရုံ ကြပ်ကြပ်မုန်းတဲ့လူ, ကြပ်ကြပ် စိတ်ပျက်တဲ့လူ၊ ဟိုအခါရုံကျတော့ ပိုချစ်တယ်၊ ဟိုအခါရုံကို ကြပ်ကြပ်ချစ်တဲ့လူ၊ ကြပ်ကြပ်နှစ်သက်တဲ့လူ၊ ဒီအခါရုံကျတော့ ပိုမုန်းတယ်၊ အဲဒီလို လောဘနဲ့ ဒေါသဟာ တော်တော်ခက်တယ်။

ဒါကြောင့်- သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာလို့ ဝေဒနာသုံးမျိုးမှာ သုခဝေဒနာကတော့ တဏှာဖြစ်ချင် ဖြစ်ပါစေတော့၊ ဒုက္ခဝေဒနာက ဘာလို့တဏှာ ဖြစ်သ

လဲလို့ ဒီလိုတွေးစရာရှိတယ်၊ ဒုက္ခဝေနာကလဲ တဏှာဖြစ်ခြင်းရဲ့ အကြောင်းဘဲ၊ ဒီဒုက္ခကို ကျပ်ကျပ် ကြောက်လို့ရှိရင် ဒုက္ခ ကင်းငြိမ်းတဲ့ သုခကို ပိုပြီးနှစ်သက်လာမယ်၊ ဒါကြောင့် ဒုက္ခ ဝေဒနာလဲ တဏှာဖြစ်ခြင်းရဲ့ အကြောင်းဘဲ၊ ဝေဒနာမှန်ရင် တဏှာဖြစ်စေရမှာချည်းဘဲ၊ အဲဒီတော့ ဆိုးနေတာက ဘယ်သူ့ ဆိုးနေသလဲဆိုတော့ ဒီဌိနဲ့တဏှာ နှစ်ပါးဆိုးနေတာတဲ့။

ဒီဌိက မဟုတ်တာ အဟုတ်ဖြစ်အောင် လှည့်၊ တဏှာက နှစ်သက်၊ ဒီဌိက မဟုတ်တာ အဟုတ်ဖြစ်အောင် လိမ်ပြ၊ တဏှာကနှစ်သက်၊ ဒီတော့ ဒီဌိနဲ့တဏှာဆိုးနေဘယ်၊ ဒါကြောင့် တရားမှာ တဏှာသတ်တရား၊ ဒီဌိသတ်တရားလို့ နှစ်မျိုးထားတယ်၊ ဒီတော့ အငြင်းရှိနေတာက တခို့က ဒီဌိသာ သတ်ရမယ်၊ တဏှာကိုမသတ်ရဘူး။ ဟာ....တခို့က တဏှာသာ သတ်ရမှာပေါ့။ အဲဒီလိုငြင်းနေကြတယ်။ အမှန်က တဏှာရော၊ ဒီဌိရော၊ နှစ်ခုစလုံး သတ်ရမယ်။ သဟဇေကဋ္ဌ၊ ပဟာနေကဋ္ဌလို့ တဏှာနဲ့ဒီဌိက နှစ်မျိုးရှိတယ်၊ သဟဇေကဋ္ဌဆိုတာ တဏှာနဲ့ ဒီဌိဟာ အတူတကွဖြစ်ပြီးတော့ တည်တယ်တဲ့၊ ဒီဌိမကင်းသေးတဲ့ ပဋိပက္ခိုလ်မှာ တဏှာသည်ဒီဌိနဲ့တကွဖြစ်ပြီးတည်တယ်တဲ့၊ ဒါဘာလဲ သဟဇေကဋ္ဌတဏှာ၊ သဟဇ အတူတကွ ဖြစ်တယ်၊ ဇကဋ္ဌက တည်တယ်၊ နှစ်ခုပေါင်းလိုက်တော့ အတူတကွဖြစ်၍တည်တယ်။ အေး.... အဲဒါကို သဟဇေကဋ္ဌတဏှာ ခေါ်တယ်။

ပဟာနေကဋ္ဌဆိုတာက သောတာပတ္တိမဂ်နဲ့ ဒီဌိကို ပယ်လိုက်တဲ့အခါ ဒီဌိနဲ့ယှဉ်ဘော်ယှဉ်ဘက်ဖြစ်တဲ့ တဏှာဟာ ပါ

သွားတယ်၊ ဒိဋ္ဌိပယ်ရင် ပါသွားတဲ့တဏှာဟာ ပဟာနေကဋ္ဌ တဏှာ၊ ဒီတော့ ဒိဋ္ဌိနဲ့ သဟဇေကဋ္ဌဖြစ်သော တဏှာ၊ ဒိဋ္ဌိနဲ့ ပဟာနေကဋ္ဌဖြစ်သောတဏှာ၊ ကိုင်း... တဏှာလဲ ပယ်ရမယ်၊ ဒိဋ္ဌိလဲပယ်ရမယ်၊ ဟာ- တဏှာကိုသာပယ်ရမယ်၊ ဒိဋ္ဌိကိုမပယ်ရဘူး။ ဒိဋ္ဌိကိုသာပယ်ရမယ်၊ တဏှာကိုမပယ်ရဘူးဆိုတဲ့ စကားတွေဟာ အစွန်းမလွတ်တဲ့စကားတွေ၊ အမှန်က ဒိဋ္ဌိနှင့်တဏှာသည် ကိလေသာဖြစ်ခြင်းကြောင့် ပဟာတဗ္ဗကိစ္စ ရှိသည်ဖြစ်၍ နှစ်ခု စလုံး ပယ်ရမည်။ ဒါဖြင့် ဘာဝေတဗ္ဗကိစ္စရှိတဲ့ ပွားများရမဲ့ တရားက ဘယ်သူလဲ။ မဂ္ဂင်(၈)ပါး၊ အဲဒီမဂ္ဂင်(၈)ပါး အထဲမြောက်အောင် ရှေးဦးစွာ အားထုတ်ရမှာက ကာယ, ဝေဒနာ စိတ္တဓမ္မဆိုတဲ့ သတိပဋ္ဌာန်လေးပါး စင်စစ် ဒါလဲ သတိပဋ္ဌာန်လေးပါး မဟုတ်သေးဘူး၊ သတိပဋ္ဌာန်၏ ဖြစ်ရာအာရုံလေးပါးဘဲ၊ ကာယက သတိပဋ္ဌာန်၏ ဖြစ်ရာအာရုံ၊ ဝေဒနာက သတိပဋ္ဌာန်၏ ဖြစ်ရာအာရုံ၊ စိတ်က သတိပဋ္ဌာန်၏ ဖြစ်ရာအာရုံ၊ ဓမ္မက သတိပဋ္ဌာန်၏ ဖြစ်ရာအာရုံ၊ သတိပဋ္ဌာန်၏ ဖြစ်ရာအာရုံလေးပါလို့ ဆိုလိုပါတယ်။

သတိပဋ္ဌာန်က တပါးထဲရှိတယ်၊ အာရုံသို့စုံဝင်၍ တည်တတ်သော သတိသည် သတိပဋ္ဌာန်၊ ဒီတော့ သတိပဋ္ဌာန် ဘယ်နှစ်ပါးရှိသလဲ၊ တပါးထဲရှိပါတယ်၊ အဲဒီတပါးထဲရှိတဲ့ သတိပဋ္ဌာန်က ကာယအာရုံမှာစုံဝင်၍ တည်သော သတိပဋ္ဌာန်၊ ဝေဒနာအာရုံမှာ စုံဝင်၍တည်သော သတိပဋ္ဌာန်၊ စိတ်အာရုံမှာ စုံဝင်၍ တည်သောသတိပဋ္ဌာန်၊ ဓမ္မအာရုံမှာစုံဝင်၍ တည်သော သတိပဋ္ဌာန်လို့ အာရုံက လေးပါးပြားလိုက်တော့ သတိပဋ္ဌာန်လဲ

လေးပါးဖြစ်သွားကာယ်၊ အမှန်က သတိပဋ္ဌာန်က တပါးထဲ၊ သဘိပဋ္ဌာန်သတိ, ဣန္ဒြေသတိ, ဗိုလ်သတိ, ဗောဇ္ဈင်သတိ၊ မဂ္ဂင်သတိလို့ ဗောဓိပက္ခိယတရားမှာ သတိချည်းဘဲငါးမျိုးလာတယ်၊ ဖြစ်ပုံအခြင်းအရာကို စဉ်ပြီးတော့ ငါးမျိုးဟောရတယ်။ သတိပဋ္ဌာန် ဆိုဟာက အာရုံထဲမှာ စဉ်ဝင်၍ တည်တတ်သောကြောင့် သတိပဋ္ဌာန်လို့ ခေါ်တယ်၊ သဒ္ဓိန္ဒြေ, ဝီရိယိန္ဒြေ, သတိန္ဒြေ, သမာဓိန္ဒြေ, ပညိန္ဒြေဆိုတဲ့ ဣန္ဒြေငါးမျိုးထဲမှာ သတိန္ဒြေမပါဘူးလား၊ ပါပါတယ်၊ အဲဒီသတိကို ဘာလို့ ဣန္ဒြေခေါ်သလဲ၊ သူနဲ့ယှဉ်ဘော်ယှဉ်ဘက်ဖြစ်တဲ့ သဒ္ဓါ အစရှိသော တရားစုကို အုပ်စိုးနိုင်သောကြောင့် သတိဣန္ဒြေ, သတိကသတိ, ဣန္ဒြေက အုပ်စိုးခြင်း အဲဒီလိုအုပ်စိုးနိုင်တဲ့သတိကို သတိဣန္ဒြေခေါ်တယ်။

တခါ သဒ္ဓါဗိုလ် ဝီရိယဗိုလ် သတိဗိုလ် သမာဓိဗိုလ် ပညာဗိုလ်ဆိုတဲ့ ဗိုလ်ငါးပါးထဲမှာ သတိမပါဘူးလား ပါ-ပါတယ် အဲဒီသတိကို ဘာလို့ခေါ်သလဲ အားရှိတဲ့သတိတဲ့။ မဥ္ဇ္ဈသစ္စအစရှိသောသူ၏ ဆန့်ကျင်ဘက်ဖြစ်သော ကိလေသာကို တွန်းလှန်နိုင်အောင် အားရှိသောကြောင့် သတိဗိုလ်၊ သူနဲ့ယှဉ်ဘော်ယှဉ်ဘက် တရားစုကို အုပ်စိုးနိုင်သောကြောင့် သတိဣန္ဒြေ သတိသည်ပင် ဣန္ဒြေ သတိသည်ပင် ဗိုလ်ဘဲ။

သမ္မောဓိဿအင်္ဂံ သမ္မောဇ္ဈင်္ဂံ၊ သမ္မောဓိဿ၊ အဉ်ဿာဏ် ရရာရကြောင်းကို အားထုတ်နေသော ယောဂီပုဂ္ဂိုလ်၏။ အင်္ဂံအကြောင်းတည်း။သမ္မောဇ္ဈင်တရားဆိုတာ သမ္မောဇ္ဈင်ဆိုတဲ့ ယောဂီမှာရှိရမယ်, အကြောင်းအင်္ဂါတဲ့၊ ယောဂီပုဂ္ဂိုလ်မှာ

သတိရှိရမယ်။ ယောဂီပုဂ္ဂိုလ်မှာ ဓမ္မဝိစယဆိုတဲ့ ပညာရှိရမယ်၊ ယောဂီပုဂ္ဂိုလ်မှာ ဝိရိယရှိရမယ်၊ ယောဂီပုဂ္ဂိုလ်မှာ ပီတိရှိရမယ်။ ယောဂီပုဂ္ဂိုလ်မှာ ပဿဒ္ဓိရှိရမယ်။ ယောဂီပုဂ္ဂိုလ်မှာ သမာဓိရှိရမယ်၊ ယောဂီပုဂ္ဂိုလ်မှာ ဥပေက္ခာရှိရမယ်၊ အဲဒီယောဂီပုဂ္ဂိုလ်မှာ ရှိသင့်ရှိထိုက်ဘဲ့ အင်္ဂါ (၇)ပါးကို သမ္မောဇ္ဈင်တရားခေါ်တယ်။

သမ္မောဓိသအင်္ဂံ၊ သံဗောဇ္ဈင်္ဂံ။ သမ္မောဓိသာ၊ သမ္မောဓိ မည်သော ပုဂ္ဂိုလ်၏။ အင်္ဂံ၊ အကြောင်း အင်္ဂါ။ အေး ယောဂီပုဂ္ဂိုလ်မှာ ရှိရမဲ့ အကြောင်းအင်္ဂါ ဘယ်လိုရှိရမလဲ၊ ဖြစ်သော အားဖြင့်ရှိရမယ်။ သင်္ဘာဗောဇ္ဈင်္ဂ၊ ခုနစ်ပါးကုန်သော ဗောဇ္ဈင် တို့ကို။ ဘာဝယိတ္ဘာ၊ ဖြစ်ပွားစေ၍။ မိမိရင်ထဲ နှလုံးထဲမှာ အဲဒီ တရားခုနစ်ပါးကို ဖြစ်အောင်လုပ်ရမယ်၊ ဖြစ်စေရမယ်၊ ငါ့ရင်ထဲမှာ ဘယ်သမ္မောဇ္ဈင် ဖြစ်သလဲလို့ သိရမယ်၊ သတိသမ္မောဇ္ဈင် ဖြစ်သလား မဖြစ်သေးဘူးလား၊ ဖြစ်ရင်ဖြစ်တယ်လို့သိ၊ မဖြစ် သေးရင် မဖြစ်သေးဘူးလို့သိ၊ ဖြစ်တယ်လို့သိရင်လဲဘဲ ဗောဇ္ဈင် ဓမ္မာနုပဿနာ သတိပဋ္ဌာန်ဘဲ၊ ငါ့ရင်ထဲမှာ သတိမဖြစ်သေးဘူး လို့သိရင်လဲဘဲဗောဇ္ဈင် မှောနုပဿနာ သတိပဋ္ဌာန်ဘဲ၊ ဖြစ်ရင် ဖြစ်မှန်းသိ၊ မဖြစ်ရင် မဖြစ်မှန်းသိ၊ ဒီလိုဆိုတာ့။ ငါ့ရင်ထဲမှာ ဓမ္မဝိစယပညာ ဖြစ်ပြီလား၊ မဖြစ်သေးဘူးလား၊ မဖြစ်သေးရင် လဲ မဖြစ်သေးမှန်းသိ၊ ဖြစ်ပြီးရင်လဲသိ၊ ဝိရိယ ဖြစ်ပြီးပလား၊ မဖြစ်သေးဘူးလား၊ ပီတိ ဖြစ်ပြီးပလား၊ မဖြစ်သေး ဘူးလား၊ ပဿဒ္ဓိဖြစ်ပြီးပလား၊ မဖြစ်သေးဘူးလား၊ သမာဓိဖြစ်ပြီးပလား၊ မဖြစ်သေးဘူးလား၊ ဥပေက္ခာဖြစ်ပြီးပလား၊ မဖြစ်သေးဘူးလား ဖြစ်ပြီးရင် ဖြစ်ပြီးပြီလို့သိ၊ မဖြစ်သေးရင် မဖြစ်သေးဘူးလို့သိ။

ဗောဇ္ဈင်ဘရားကဖြစ်မှ ပဉ္စများရတာမဟုတ်၊ သတိပ
ဋ္ဌာန်က အဲဒါအဘိုးတန်ဘာ၊ မဖြစ်လဲ မဖြစ်မှန်းသိရင် သတိ
ပဋ္ဌာန်ဘဲ၊ ဖြစ်လဲဖြစ်မှန်းသိအောင် ပဉ္စများ၊မဖြစ်လဲမဖြစ်မှန်း
သိအောင်ပဉ္စများ။ အဲဒီတော့ ယောဂီပုဂ္ဂိုလ်၏ သန္တာန်မှာ
သတိ၊ ဓမ္မဝိစယ၊ ဝီရိယ၊ ပီတိ၊ ပဿဒ္ဓိ၊ သမာဓိ၊ ဥပေက္ခာ
ဆိုဘဲ့ ဗောဇ္ဈင်တရားခုနစ်ပါး ဖြစ်မဖြစ်ဟာ သိနိုင်ပါတယ်၊
အောင် ငါ့မှာ ဥပေက္ခာကတော့ တော်တော်ဖြစ်လာပြီ၊ တော်
လျစ်လျူရှုနိုင်ဘီ- (ဟုတ်ကဲ့) ရန်ကုန်သွားပေမဲ့ ငါ ကနေ
မပြန်ဘဲနေနိုင်ဘီ၊ ဥပေက္ခာနဲ့ လျစ်လျူရှုလိုက်ဘာကိုး မဟုတ်
ဘူးလား၊ အရာရာမှာလျစ်လျူရှုနိုင်တာ- ဘာ၊ ဥပေက္ခာသ
မျှောဇ္ဈင်တဲ့၊ အာရုံတခုမှာ တည်ငြိမ်ငြိမ်ထားနိုင်တာ သ
မာဓိသမျှောဇ္ဈင်။ ကိုယ်၏ငြိမ်းအေးခြင်း၊ စိတ်၏ငြိမ်းဒေးခြင်းနဲ့
ပြည့်စုံတာဟာ၊ပဿဒ္ဓိသမျှောဇ္ဈင်၊ နှစ်သက်မှုစိတ်နဲ့ ပြည့်စုံတာ
ဟာ ပီတိသမျှောဇ္ဈင်၊ တရားကိုအာရုံပြုတဲ့အခါ စိတ်ထက်သန်
လာတာ ဝီရိယ သမျှောဇ္ဈင်၊ တရားသဘော ဆင်ခြင်ပဉ္စများမှ
ဟာ ဓမ္မဝိစယသမျှောဇ္ဈင်၊အရာရာမှာ သတိထင်တာ သတိသမျှော
ဇ္ဈင်၊ ဒီတော့ ဗောဇ္ဈင်ခုနစ်ပါးဟာအမြဲဖြစ်မနေပေမဲ့ ဖြစ်တဲ့
အခါဖြစ်ပါကလားလို့ မသိနိုင်ဘူးလား၊ သိနိုင်ပါတယ်၊ ဘာ
ဖြစ်လို့လဲ၊ သမျှောဓိဆိုတာ ယောဂီပုဂ္ဂိုလ်ကို ခေါ်တယ်တဲ့၊
အေး သမျှောဓိအမည်ရတဲ့ ယောဂီပုဂ္ဂိုလ်မှာ ဗောဇ္ဈင်ခုနစ်ပါး
ဖြစ်သင့်တဲ့ ဗောဇ္ဈင်ဖြစ်ရမယ်တဲ့၊ သို့ပေမဲ့ ဗောဇ္ဈင်ကောသလ္ဟ
ညာဏ်လို့ ရှိရသေးတယ်။

တရားအားထုတ်ဆဲ ယောဂီပုဂ္ဂိုလ်မှာ ဝီရိယ လွန်တယ်၊
သမာဓိလွန်တယ်လို့ နှစ်မျိုးရှိတယ်၊ ဝီရိယလွန်တဲ့အခါ စိတ်မ

ငြိမ်မသက်ဖြစ်တယ် ခွေးခြေမီးလောင်သလိုဘဲ ငြိမ်ငြိမ် မနေနိုင်ဘူး၊ တော်တော်ကြာရင် ဆင်းပြေးရင်း၊ တော်တော်ကြာရင် တက်လာရင်း၊ စိတ်မငြိမ်သက်ဘူး၊ ဒါဘာလဲ ဝိရိယလွန်တာ၊ သမာဓိလွန်တဲ့ပဂ္ဂိုလ်ကျတော့ ငြိမ်နေတယ် မလှုပ်ဘူး၊ ဒီနေရာက ဘယ်မှလဲမသွားချင်ဘူး၊ ဘာမှလဲမလုပ်ချင်ဘူး၊ ဘယ်သူနဲ့မှလဲ စကားမပြောချင်ဘူး၊ ဒီတော့ တရားအားထုတ်တဲ့ပဂ္ဂိုလ်မှာ ဝိရိယလွန်၊ သမာဓိလွန်လို့ နှစ်မျိုးမရှိဘူးလား၊ ဝိရိယလွန်တဲ့အခါမှာ ပဿဒ္ဓိရယ်၊ သမာဓိရယ်၊ ဥပေက္ခာရယ်၊ ဒီသုံးမျိုး အားထုတ်ရမယ်။

စိတ်ငြိမ်းအေးအောင် ထားရမယ်၊ စိတ်ကို တည်ကြည်အောင်ထားရမယ်၊ အရာရာလျစ်လျူရှုရမယ်၊ သမာဓိ လွန်တဲ့အခါမှာ မမှိုဝိစယ သမ္မောဇ္ဈင်၊ ဝိရိယသမ္မောဇ္ဈင်၊ ပီတိသမ္မောဇ္ဈင် ပွားများကြရမယ်၊ တရားသဘောကို ဆင်ခြင်ပွားများလို့ စိတ်အား တက်အောင်လုပ်၊ ပီတိစိတ်ကို နှစ်သက်အောင်လုပ်၊ အဲဒီဥာဏ်ကို ပေါ့ဖျင်္ဂကောသလ္လဥာဏ် ခေါ်တယ်၊ သမာဓိလွန်တဲ့အခါလုပ်ရမဲ့ ပေါ့ဖျင်သုံးပါး အဲဒါလဲမှတ်ထားကြ၊ ပေါ့ဖျင်ကောသလ္လ ဥာဏ်ရှိရမယ်၊ သမာဓိလွန်ပြီးတော့ ပဿဒ္ဓိတွေ့ သမာဓိတွေ့၊ ဥပေက္ခာတွေ့လုပ်နေရင် ဒီလူရှုးရော၊ ဝိရိယလွန်တော့ ဓမ္မဝိစယတွေ့ ဝိရိယတွေ့ ပီတိတွေ့ အဲဒါတွေ့ လုပ်နေရင် ဒီလူရှုးရော၊ ဒီတော့ ဝိရိယလွန်တဲ့အခါလုပ်ရမဲ့ သမ္မောဇ္ဈင်၊ သမာဓိလွန်တဲ့အခါ လုပ်ရမဲ့သမ္မောဇ္ဈင်၊ အဲဒီလိုလဲ သိထား၊ သတိကတော့ လွန်တယ်လို့ မရှိဘူးတဲ့၊ သတိကတော့ ဘယ်အခါမဆိုလုပ်ရမယ် ဟိုခြောက်ပါးကတော့ သူ့အခါနဲ့သူ လုပ်ရမယ်၊ အဲဒီလိုပြောတာ။

ကဲဒီတော့ ခုဘယ်ကထွက်သွားတယ်၊ သတိကနေ ထွက်သွားတယ်၊ သတိပဋ္ဌာန် သတိ၊ ဣန္ဒြေသတိ၊ ဗိုလ်သတိ၊ ဗောဇ္ဈင်သတိ၊ မဂ္ဂင်သတိ ဆိုတဲ့ သတိ ၅-မျိုးတို့တွင် နိဗ္ဗာန်ကို အာရုံပြု၍ဖြစ်တဲ့ မဂ္ဂင်ရှစ်ပါးထဲမှာ သမ္မာသတိပါတယ်၊ ဒါကြောင့် ဘယ်တရားနဲ့ဘဲ နိဗ္ဗာန်ရောက်ရောက်၊ ဘယ်တရားနဲ့ဘဲ မင်္ဂလာရရ၊ သတိပဋ္ဌာန်ကင်းလို့ မရနိုင်ပါဘူး၊ တရားနာရင်း တရားရသွားတဲ့ပုဂ္ဂိုလ်တွေဟာ ဘယ်လိုရသွားကြသလဲ၊ သတိပဋ္ဌာန် အလုပ်ကိုတော့ အားထုတ်မနေဘူးတဲ့၊ မဂ္ဂင်ရှစ်ပါး ဖြစ်ပေါ်တဲ့ အခါပါတဲ့ သမ္မာသတိမဂ္ဂင်က သတိပဋ္ဌာန်ကိစ္စ ပြီးပြီးသား အနေနဲ့ပါလာလို့တဲ့၊ ဒီတော့ ဘယ်တရားနဲ့ရရ သတိပဋ္ဌာန် မကင်းဘူးနော်။ သတိပဋ္ဌာန်နဲ့ဘဲ သာသနာမှာ တရားရကြတယ်လို့ အားတက်ပြီး ကြိုးစားပြီး အားထုတ်ကြရမယ်။

အရင်အပတ်တုံးက သောကပရိဒေဝါနဲ့ သမတိက္ကမာယ၊ စိုးရိမ်ခြင်းသောက၊ ငိုကြွေးခြင်း ပရိဒေဝဆိုကို လွန်မြောက်ခြင်းငှာ၊ သတ္တိပဋ္ဌာန်သည် တကြောင်းတည်းသောခရီးလို့ မဆိုဘူးလား၊ အေး သတ္တိပဋ္ဌာန်သည် တကြောင်းတည်းသော ခရီးဆိုတော့ ဘာကိုပြသလဲ။ သန္တတိအမတ်ကြီးနှင့် ပဋ္ဌာစာရီတို့ကို ပြပါတယ်၊ ပရိဒေဝလွန်မြောက်ပုံကို ပဋ္ဌာစာရီ ဝတ္ထု၊ သောကလွန်မြောက်ပုံကို သန္တတိအမတ်ကြီး ဝတ္ထုနဲ့ ပြတယ်မဟုတ်လား၊ (ဒုက္ခဒေါမနဿာနံ အဘ္ဘင်္ဂမာယ) ဒုက္ခဒေါမနဿာနံ၊ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်းတို့ကို အဘ္ဘင်္ဂမာယ ကင်းချုပ်စေခြင်းငှာ အယံ မဂ္ဂေါ ဤသတိပဋ္ဌာန် ခရီးသည်။ ကောယနေဒါ၊ တဒကြောင်းတည်းသော ခရီးတည်း။

သူ့ဒုးကို သူ ကျောက်တုံးနဲ့ရိုက်ချိုးတဲ့ တိသ မထေရ် ကြီးဟာ ပစ္စည်းဥစ္စာ အင်မတန်ကြွယ်ဝတဲ့ သူဌေးသား တယောက်ဖြစ်တယ်၊ မြတ်စွာဘုရား၏ တရားစကား ကြားနာရတဲ့ အခါကျတော့ အိမ်ယာ တည်ထောင်တဲ့ ဤလူ့ဘောင်မှာ မနေလိုတော့ဘူး၊ ငါရဟန်းပြုတော့မယ်ဆိုပြီး ညီခေါ်ပြီး ပစ္စည်းဥစ္စာတွေ လွှဲအပ်တယ်၊ ညီကို ပစ္စည်းဥစ္စာတွေလွှဲပြီး ရဟန်းပြုသွားတယ်၊ ရဟန်း ပြုသွားတော့ ခယ်မလုပ်တဲ့ ပုဂ္ဂိုလ်က ဒီလောက် နှုးညံ့တဲ့ပုဂ္ဂိုလ်ဟာ ရဟန်းဝတ်နဲ့ တာရှည် နေနိုင်မှာ မဟုတ်ဘူး၊ ရဟန်းဝတ်တယ်ဆိုတာဟာ အင်မတန် ပင်ပန်းဆင်းရဲတယ်၊ တော်တော်ကြာ လူထွက်လာရင် သူ့ပစ္စည်းတွေ ပြန်ပေးရလိမ့်မယ်ဆိုပြီး ခိုးသားငါးရောင်းပြီးတော့ တောရကျောင်းမှာ တရားအားထုတ်နေတဲ့ ခဲအိုကို အသတ်ခိုင်းတယ်တဲ့၊ ဒီဝတ္ထုကလေ၊ ခယ်မများလဲ ကြောက်စရာ အကောင်းသားဘဲ နော်။ သူ့ပစ္စည်းတွေ ဒီ့ပြန်ပေးရလိမ့်မယ်ဆိုပြီး အသတ်ခိုင်းတယ်၊ အသတ်ခိုင်းတော့ ခိုးသားတွေက လာပြီး သတ်မယ်လုပ်ကြတဲ့အခါ သူက မင်းတို့ ဘယ်အကြောင်း ဘယ်ကိစ္စလဲဆိုတော့၊ အရှင်ဘုရားခယ်မက အသတ်ခိုင်းလို့ပါလို့ ပြောတော့ အသတ်ခိုင်းလို့ ရှိရင်လဲ တည်တော့ ဆိုင်းကြပါအုံးကွယ်၊ တဏှာတန်းလန်းနဲ့ ငါသေရမှာ ရှက်လွန်းလို့ပါလို့ မထေရ်ကပြောတယ်၊ ဒီတော့ ဒီစကားကို ဘယ်လိုစဉ်းစားရမလဲ၊ ရှိသမျှပစ္စည်းတွေ စွန့်လွှတ်ပြီး ရဟန်းပြုလာတဲ့ ပုဂ္ဂိုလ်မှာ တဏှာ ရှိနေသေးသလား၊ မရှိလို့ရှိရင် တဏှာတန်းလန်းနဲ့ ငါသေရမှာ ရှက်လွန်းလို့ ဆိုတဲ့ စကားဟာ ဘာ့စကားလဲ၊ ဒီလိုစဉ်းစားပါ။

ကိလေသာဆိုတာ အနုသယကိလေသာ၊ ပရိယုဋ္ဌာန ကိုလေသာ၊ ဝီတိက္ကမကိလေသာလို့ သုံးပါးရှိတယ်၊ တဏှာကိစ္စနဲ့ ကာယကံမှု ဝစီကံမှု ကျူးလွန်နေရင် ဝီတိက္ကမ၊ အဲဒီတိုသမထေရ်မှာ တဏှာကိစ္စနဲ့ ကာယကံမှု ဝစီကံမှု ကျူးလွန်ဘို့တော့ မရှိတော့ဘူး၊ ဝီတိက္ကမ ကိလေသာ တဏှာ ရှိသေးသလား မရှိတော့ပါဘူး။ ဒါဖြင့် ဒီပစ္စည်းတွေပေါ်မှာ တပ်မက်နေတဲ့ ပရိယုဋ္ဌာန ကိုလေသာ တဏှာကော ရှိသေးသလား မရှိပါဘူး၊ အပြီးဘဲ စွန့်လွှတ်ခဲ့တာဘဲ။ သို့ပေမယ်လို့ တရားမရဘဲ သေခဲ့လို့ ရှိရင် နောက်နောက်ဘဝတွေကျတော့ ဒီတဏှာက မပေါ်ဘူးလို့ ဆိုနိုင်ပါ့မလား။ ဘာဖြစ်လို့လဲ၊ အနုသယ ကိလေသာ တဏှာ ရှိနေသေးတယ်၊ တရားရမှ အနုသယ တဏှာကင်းမှာ ဟုတ်ဘူးလား၊ ယခု မဖြစ်ပေမယ်လို့ နောင်ဖြစ်မှာ စိုးရိမ်ရတယ် ဦးဘသန့်။

ယခုတရားနာနေတဲ့အခါမှာ စက်ကြီး အပေါ်တွယ်တာတဲ့ တဏှာစိတ် ရှိနေမလား၊ ရှိမယ်မဟုတ်ပါဘူး၊ အိမ်ရောက်သွားတော့ ရှိချင်ရှိမှာပေါ့၊ ဟုတ်လား၊ တွယ်တာတဲ့တဏှာဖြစ်နေသေးရင် (ဒါပရိယုဋ္ဌာန) သို့ပေမဲ့ အာရုံနဲ့ တွေ့တဲ့အခါပေါ်လာနိုင်တယ်၊ မနိုင်သေးဘူး၊ ဒါကဘာဖြစ်လို့ (အနုသယ) ရှိနေတာကိုး၊ အဲဒီ အနုသယကိလေသာ တဏှာရှိနေလို့၊ ယခုဖြစ်ဆဲမဟုတ်သော်လဲဘဲ၊ တရားမရလို့ရှိရင် ငါတနေ့နေ့ကျဖြစ်ရလိမ့်အုံးမယ်၊ အဲဒီအနုသယကိလေသာ တဏှာတန်းလန်းကြီးနဲ့ သေရမှာ ကြောက်လွန်းလို့ပါ၊ ရွက်လွန်းလို့ပါ၊ လောကကြီးထဲမှာ ငါတဏှာတန်းလန်းနဲ့ သေရမှာသိတ်ရွက်တာဘဲ၊ မင်းတို့နဲ့

နဲ့နဲ့ကလေးမက္ခာဘူးလား၊ တဏှာတန်းလန်းကြီးနဲ့သေရမှာ တခါကလေးမျှား ရွက်ဘူးရဲ့လား၊ တခါမှမရွက်ဘူးဘူး၊ ရွက်စရာ တော်တော် ကောင်းတာဘဲ၊ သူတော်ကောင်းတို့ အဖို့မှာ၊ တဏှာတန်းလန်းကြီးနဲ့ သေရမှာ အလွန်ရွက်တယ်။

ဒီတည်တော့ ဆိုင်းကြပါအုံး၊ တဏှာကိုငါသေအောင် သတ်ပါရစေအုံး၊ လူသေတာအရေးမဟုတ်ဘူး၊ တဏှာသေဘို့ အရေးကြီးနေတယ်၊ ဟာ-ကိုယ်တော်ထက်ပြီးတော့ ဘယ်နှယ်လုပ်မလဲ၊ ငါထက်မပြေးနိုင်အောင် မင်းတို့ယုံကြည်လောက်တဲ့ ပဋိညာဉ်ပေးမပေါ့ကွာဆိုပြီး၊ အနားမှာရှိတဲ့ကျောက်တုံးကောက်ပြီးဒုန်ရိုက်ချိုးတော့၊ ဒုံးကျိုးသွားရော၊ ကိုင်းမပြေးနိုင်တော့ဘူးဆိုတာ လုံလောက်ပြီ မဟုတ်လားကွာ၊ မင်းတို့သိကြဘီ မဟုတ်လား၊ သိရင် အဲဒီတည်တော့ ဆိုင်းကြပါအုံး၊ ဆောင်းလဲဆောင် တုင်းကြီးကို၊ အဲဒီလူဆိုးတွေက မိုးဖိုပြီးမိုးလုံရင်းစောင့်နေကြတယ်၊ သူကလဲ သူ့ဒုံးသုရိုက်ချိုးပြီး တရားကိုနင်းကန်အားထုတ်တော့ ဒုံးရိုက်ချိုးတဲ့ တိသမထေရ်ကြီးဟာ အာရုံလဲတက်ရဟန္တာလဲ ဖြစ်သွားသတဲ့၊ ရဟန္တာ ဖြစ်သွားတဲ့အခါကျတော့ ဒီပုဂ္ဂိုလ်ဟာ ဒုံးရိုက်ချိုးတဲ့ ဝေဒနာချုပ် ငြိမ်းမသွားဘူးလား၊ ချုပ်ငြိမ်းသွားပါတယ်၊ အေး ဝေဒနာချုပ်ငြိမ်းစေတတ်တယ်လို့ ဆိုလိုတာနော်။

ကျွန်းပစပ်ထဲမှာ ရဟန္တာဖြစ်သွားတဲ့ကိုယ်တော် ကျွန်းချီသွားတော့ အဖေ့ရဟန်းတော့က လိုက်ကြတယ်၊ ကျွန်းကဟိုတဘက် ချောင်းကမ်းပါးကို ခုန်ပြီးပြေးလို့မလိုက်နိုင်တော့။

ဒီဘက်က ကိုယ်တော်တို့က ငါ့ရှင်ယခုအခါမှာ ယောကျ်ားကောင်းတို့၏ စုန်းရည်သတို့ သိရဘို့ဟာ အခါကောင်းဘဲ၊ ဒို့တော့မလိုက်နိုင်တော့ဘူး၊ ဒို့လိုက်နိုင်တဲ့ နေရာမဟုတ်တော့ဘူး၊ ကိုယ်တော်ဟာ ကိုယ်တော် အားထုတ်ပေတော့လို့ လိုက်တဲ့ရဟန်းတွေက သတိပေးတော့မှ၊ သောတာပန်ဖြစ်တယ်၊ ကျားပါးစပ်ထဲမှာ တရားအာ့းထုတ်တာ ခြေကျဉ်း ဝတ်ကုန်တော့ သောတာပန်ဖြစ်တယ်၊ ဒုးရောက်တော့ သကဒါဂါမ်ဖြစ်တယ်၊ ခါးရောက်တော့အနာဂါမ်ဖြစ်တယ်၊ချက်အထက်နား နှလုံးသားမဝါးခင်၊ နှလုံးသားဝါးခါနီး၊ ကျားစားခံရင်း ကျားပါးစပ်ထဲမှာ ရဟန္တာ ဖြစ်သွားတယ်တဲ့၊ အဲဒီဝတ္ထုကတဝတ္ထု၊ အဲဒီပဋိပဒါလ်ကော ရဟန္တာ ဖြစ်သွားပြီးတဲ့နောက် ကျားစားတဲ့ဝေဒနာ ချုပ်ငြိမ်း မသွားဘူးလား၊ ချုပ်ငြိမ်း သွားပါတယ် ဘုရား၊ ဒုက္ခဒေါမနဿာနံ အတ္ထင်္ဂမာယ မဟုတ်ဘူးလား။

ဒေါမနဿချုပ်ငြိမ်းတာက-သိကြားမင်းဝတ္ထု ဟောနေကျမဟုတ်လား၊ သိကြားမင်းဟာ သေခါနီးတဲ့အခါကျတော့၊ ပဋ္ဌနိမိတ်ထင်လားလို့၊ ငါသေရတော့မယ်လို့ သိတဲ့အခါ သေရမှာ ငါဒီလောက်မကြောက်ဘူး၊ ဒီမိဖုရားတွေနဲ့ ဒီစည်းစိမ်ကြီးစွန့်လွှတ်သွားရမှာ၊ ငါခက်လှခြရဲလို့။ သေရမှာမကြောက်ဘူး၊ ခဲရမှာကြောက်တယ်နော်၊ သေတာကတော့ ဓမ္မတာဘဲ၊ သေလဲသေရောပေါ့ ခဲဘို့ကျတော့ ဓမ္မတာဘဲမချနိုင်ဘူး၊ ချနိုင်သေးရဲ့လား၊ ခုနေအခါ တိုးလိုးတန်းလန်းကြီးနဲ့ သေရတာခက်တာဘဲ၊ ရှင်းရှင်း လင်းလင်းတော့ သေဝံ့သပေါ့၊ သားတွယ်တာ သမီးတွယ်တာ စက်တွယ်တာ သဘော်တွယ်တာ

တွယ်တာစရာတွေ အမျိုးမျိုးရှိကြမှာပေါ့၊ ကိုယ့်ဟာနဲ့ကိုယ် လေ အဲဒီတွယ်တာမှုတွေရှိနေတော့ ခဲရမှာနဲ့သေရမှာ ဘယ်ဟာ ခက်တယ် အင်း ခဲရမှာခက်လို့နော် အဲဒါတွေနဲ့ မခဲရအောင် ငါဘယ်လိုလုပ်ရပါမလဲဆိုပြီး ဘုရားထံဆင်းပြီး ဘုရားလျှောက်ထားလို့ ဝေဒနာ ကမ္မဋ္ဌာန်း ဟောတော့ ခဲရမှာကြောက်တဲ့စိတ်မချမ်းသာမှုဟာ ဝေဒနာ ကမ္မဋ္ဌာန်း၏ အဆုံးမှာ ပြေပျောက်သွားတယ်၊ ဘာလို့ပြေပျောက်သလဲ သောတာပန်ဖြစ်လို့ သောတာပန်လဲဖြစ်တယ်၊ သိကြားအသစ်လဲဖြစ်တယ် မခဲရတော့ဘူးနော် အဲဒီသကြားဝတ္ထုမှာတော့ဘာချုပ်တယ် ဒေါမနဿချုပ်တယ် ဒုးရိုက်ချိုးတဲ့ ဝတ္ထုမှာတော့ ဒုက္ခချုပ်တယ်။

ဒီတော့ (ဒုက္ခဒေါမနဿနဲ့ အတွက်မာယ) ဒုက္ခဒေါမနဿ ချုပ်ငြိမ်းခြင်းဌာန၊ ယဒိဒံ စတ္တာရော သတိပဋ္ဌာန၁ ယင်းလေးပါးသော သတိပဋ္ဌာန်ဟူသော အယံမဂ္ဂေါ၊ ဤခရီးသည်ကောယနော၊ တကြောင်းတည်းသော ခရီးပေတည်း ဉာယဿ အဓိဂမာယ ကတော့ဝတ္ထုတွေ့မျှားလွန်းတယ် မထုတ်နိုင်တော့ဘူး၊ အရိယာမဂ်ရသမျှပုဂ္ဂိုလ်ဟာ သတိပဋ္ဌာန်နဲ့ ချည်းရတယ် ဆိုမဟုတ်လား ဒါကြောင့် ဘုရားတဆူတဆူမှာ နှစ်ဆယ့်လေးသခေါ်နဲ့ ကုဋ္ဌေခြောက်ဆယ် ဗိုလ်ခြေ တသိန်း ကျတ်တမ်းဝင်ကြတဲ့ ပုဂ္ဂိုလ်တွေကို အရိယာမဂ်ရလို့ ကျတ်တမ်းဝင်တယ်ခေါ်တာ မင်းတို့လိုညာနေတဲ့ ယောဂီတွေကို ကျတ်တမ်းဝင်တဲ့အထဲ မထဲ့ဘူး အဲဒီလိုသတိပဋ္ဌာန်နဲ့ အရိယာ မဂ်ရတဲ့အခါကျတော့ နိဗ္ဗာန်ကိုမျက်မှောက် မပြုဘူးလား၊ ပြုပါတယ် နိဗ္ဗာန်ကို အရိယာမဂ်နဲ့မှ မျက်မှောက်ပြုနိုင်တာ။

ပကတိစိတ်နဲ့ မျက်မှောက်မပြုနိုင်ဘူး။ တကိုယ်လုံးတကောင်လုံးမီးပူလောင်ခံရတဲ့ လူတယောက်လေ၊ မီးပူတာဟာကိုယ်တွေ့ခံမနေရဘူးလား၊ ဒါဖြင့် မီးပူပျောက်ကြောင်း ဇဆေးဝါးကောင်းနဲ့ တွေ့တဲ့အခါ ဒီမီးပူဟာ ဖြုန်းကနဲ ငြိမ်းအေးသွားတယ်ဆိုပါတော့၊ အမယ်လေး ခုမှ အေးတော့တယ်။ ခုဒင်းကဆင်းရဲလိုက်တာ၊ ခုတော့ ဖြုန်းကနဲ ငြိမ်းအေးသွားပြီ။ မီးပူလောင်ခံရတဲ့ ဒုက္ခလဲ ကိုယ်တွေ့၊ ငြိမ်းအေးသွားတဲ့ သုခလဲ ကိုယ်တွေ့ဘဲ ဟုတ်ဘူးလား။

မီးပူငြိမ်းအေးသွားတဲ့အခါ သုခကို ကိုယ်တွေ့တွေ့သလို ယောဂီပုဂ္ဂိုလ်၏ ဝိပဿနာဉာဏ်မှာ ကာမဘုံ, ရူပဘုံ, အရူပဘုံဆိုတဲ့ ဘုံသုံးပါးမှာ တဟုန်းဟုန်း မီးတွေလောင်နေတယ်။ တနေရာမှ အေးချမ်းတဲ့နေရာ မရှိဘူးတဲ့။ မင်္ဂလာနိဗ္ဗာန် ယောဂီပုဂ္ဂိုလ် ဉာဏ်ထဲမှာလေ- ဒီတော့ ခုဒင်းက တကိုယ်လုံး မီးလောင်ခံရတဲ့လူနဲ့ ယောဂီပုဂ္ဂိုလ်၏ဉာဏ်ထဲမှာ တလောကလုံး မီးလောင်နေတယ်လို့ ထင်တာနဲ့ ထူးသေးသလား မထူးပါဘူး။ ဒီတော့ ဒီအပူဟာ ဒီယောဂီပုဂ္ဂိုလ်မှာ ကိုယ်တွေ့ဖြစ်မနေဘူးလား။ ဒါဖြင့် နိဗ္ဗာန်ရယ်လို့ မျက်မှောက်ပြုလိုက်တဲ့ အခါကျတော့ အဲဒီကိုယ်တွေ့ဖြစ်တဲ့ တလောကလုံးပူနေတဲ့ အပူကြီးဟာ ဖြုန်းကနဲ ငြိမ်းမသွားပေဘူးလား ငြိမ်းသွားပါတယ်။ ဒါဖြင့် ရုပ်တွေ, နာမ်တွေ ခန္ဓာတွေ ပူလောင်နေတာလဲ ဒီယောဂီပုဂ္ဂိုလ်မှာ ကိုယ်တွေ- (အတွေ့ဆိုတာ အဲဒါပြောတာ)။

နိဗ္ဗာနဟာ သစ္ဆဲကိရိယာယ၊ နိဗ္ဗာနဟာ၊ ငြိမ်းအေးရာနိဗ္ဗာန်ကို။ သစ္ဆဲကိရိယာယ၊ မျက်မှောက်ပြုနိုင်ရန် အကျိုးဌာ

မျက်မှောက်ပြုတယ်ဆိုတာ ဘာလဲ၊ မျက်မှောက်ပြုတယ်ဆိုတာ ကိုယ်တွေ့ကိုပြောတာ၊ နိဗ္ဗာန်ကိုမျက်မှောက်ပြုတယ်၊ နိဗ္ဗာန်ကို အာရုံပြုတယ်လို့ နှစ်မျိုးမရှိဘူးလား၊ နိဗ္ဗာန်ကို မျက်မှောက်ပြုတာတခြား။ နိဗ္ဗာန်ကို အာရုံပြုတာတခြား၊ နိဗ္ဗာန်ကိုအာရုံပြုတာက အဝေးမှလဲလှမ်းပြုလို့ရတယ်။ နိဗ္ဗာန်ကို မျက်မှောက်ပြုတာက ကိုယ်တွေ့မဖြစ်နိုင်တယ်။ အေး.... ကိုယ်တွေ့ ဉာဏ်မြင်ရောက်မှ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တာ၊ အဲဒီလို တကယ် ဒုက္ခတွေ့တွေ့နေတဲ့ ပဂ္ဂိုလ်ဟာ ဒီဒုက္ခငြိမ်းအေးခြင်း၊ ကိုယ်တွေ့ဖြစ်ဘိသကဲ့သို့ ရုပ် နာမ် ခန္ဓာကို ဒုက္ခကြီးလို့ ထင်နေတဲ့ပဂ္ဂိုလ်မှာ အဲဒီ ရုပ် နာမ် ခန္ဓာကြီး ချုပ်ငြိမ်းမှုတွေ့လိုက်တော့ ငြိမ်းအေးမှုဟာ ကိုယ်တွေ့ဖြစ်မသွားဘူးလား။ နိဗ္ဗာနဆိုသစ္စာကိုရယာယ၊ နိဗ္ဗာန်ကို ကိုယ်တွေ့ မျက်မှောက်ပြုရန်အလို့ငှာ။ ယဒိဒံစတ္တာရော သတိပဋ္ဌာနာ၊ ယင်း သတိပဋ္ဌာန်လေးပါးဟူသော့။ အယံမဂ္ဂေါ၊ ဤခရီးသည်။ ကောယနော၊ တကြောင်းတည်းသော ခရီးပေတည်း။

စောကစောဘဲကွ အလုပ်ကအလုပ်ဘဲ။ ကာယ၊ ဝေဒနာ၊ စိတ္တာ၊မေ့ဆိုတဲ့ သတိပဋ္ဌာန်အာရုံလေးပါးရှိတယ်။လေးပါးရှိတော့ စာအလိုက ၎ကာယာနုပဿနာ သတိပဋ္ဌာန်ကို လုပ်မယ်။ ဝေဒနာနုပဿနာ သတိပဋ္ဌာန်ကို လုပ်မယ်၊ စိတ္တာနုပဿနာ လုပ်မယ်၊ ဓမ္မာနုပဿနာ သတိပဋ္ဌာန်ကိုလုပ်မယ်၊ ဒီလို တခုခုသော သတိပဋ္ဌာန်ကို ပိုင်းခြားပြီးလုပ်ရမှာလို့လို ရေးထားတယ်၊ ၎ါသဘောမပေါက်တဲ့ ပဂ္ဂိုလ်အဘို့ကလေ၊ ကာယဖြင့် ကာယဖိလုပ်, ဝေဒနာဖြင့် ဝေဒနာဖိလုပ်, စိတ်ဖြင့် စိတ်ဖိလုပ်, ဓမ္မဖြင့်

ခမ္မဖိလုပ် တခုခုလုပ်ရမလိုလိုရေး မထားဘူးလား ရေးထားပါ တယ်။

လုမ်ထုံးတကယ်လုပ်ရာကျတော့ ဘယ်လိုလဲ၊ ခန္ဓာကိုယ် ထဲမှာ သတိမြဲအောင်လုပ်၊ ခန္ဓာကိုယ်ထဲမှာ သတိမြဲလို့ရှိရင် ပူခြင်း, အေးခြင်း, မာခြင်း, ပြောင့်ခြင်း အစရှိတဲ့ရုပ်ကို တွေ့ မလား၊ ဝေဒနာကိုတွေ့မလား, စိတ်ကိုတွေ့မလား, သဘာဝကို တွေ့မလား၊ ဒီလေးခု ခန္ဓာကိုယ်ထဲ သတိနဲ့စိုက်လိုက်ရင် တခုခု မတွေ့ဘူးလား တွေ့ပါတယ်၊ တွေ့တာကိုလုပ်၊ ဘယ်ဟာကို ငါလုပ်ပါမယ်လို့ ပိုင်းခြားမလုပ်နဲ့၊ ခန္ဓာကိုယ်မှာ စိတ်စိုက်မိ အောင်စိုက်၊ စိုက်ပြီးတော့ တွေ့တဲ့ဟာလုပ်နော် -၊ ရုပ်တွေ့ရင် ရုပ်လုပ်၊ ဝေဒနာတွေ့ရင် ဝေဒနာလုပ်၊ စိတ်တွေ့ရင် စိတ်လုပ်၊ သဘာဝတွေ့ရင် သဘာဝလုပ်၊ ဘယ်ဟာတွေ့မယ်လို့ ကန့် သတ်ပါသလား မသတ်ပါဘူး၊ ကိုယ့်စိတ်ကိုယ်နိုင်တာမှ မဟုတ်ဘဲ။

အဲဒီတော့ "ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မ၊ ဤလေးဝထဲ၊ သတိမြဲက၊ ဖြစ်ဆဲရုပ်နမ်၊ အမြင်ဉာဏ်၊ ကေန် ရနိုင်သည်" ခန္ဓာကိုယ်ထဲ, သတိမြဲနေလို့ရှိရင် ရုပ်နာမ်ဖြစ်ဆဲကို မတွေ့နိုင် ဘူးလား၊ တွေ့နိုင်ပါတယ်။ ကာယဆိုတာ ဘာလဲ၊ (ရုပ်) ဝေဒနာဆိုတာ(နာမ်)၊ (စိတ်) ဆိုတာ (နာမ်)၊ ဓမ္မဆိုတာ ရုပ်နာမ်နှစ်ပါး၊ သတိပဋ္ဌာန်လေးပါးမှာ ရုပ်နာမ်ကနေခဲ့ရင် ဒီလိုမဟုတ်ဘူးလား၊ အေး.... ဒီလို သတိပဋ္ဌာန်ဆိုတာ ဘာလဲ၊ နာမ်ရုပ်ဘဲ၊ ဒီတော့နာမ်ရုပ်ကို မတွေ့နိုင်ဘူးလားတွေ့နိုင်ပါတယ်။

အေး.... ရုပ် နာမ်မြင်ဘို့ အရေးကြီးနေက "ရုပ် နာမ် ကိုမြင်, ဒီဋ္ဌစင်, လမ်းစဉ်မှန်တော့သည်။ ရုပ်နာမ်မသိ, ဒီဋ္ဌတန်း

လန်း၊ ဆင်ကန်းတောတိုး၊ သဘောမျိုး၊ ဟုတ်နိုးထင်တတ်သည့် ရုပ်နာမ်မသိ သက္ကာယဒိဋ္ဌိကြီး တန်းလန်းနဲ့ ရုပ်ငါသိတယ်၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ငါသိတယ် လုပ်နေကြတာလေ။ အဲဒါ ရုပ်နာမ်မသိ, ဒိဋ္ဌိတန်းလန်း, ဆင်ကန်းတောတိုး သဘောမျိုး ဖြစ်နေကြတာနော်-၊ ဒါဖြင့် ဘာလုပ်ရမလဲ၊ ရုပ်နာမ် အရင် မြင်အောင် လုပ်ရမယ်၊ ရုပ်နာမ်မြင်ရင် သက္ကာယဒိဋ္ဌိ စင်မသွားဘူးလာ၊ သက္ကာယဒိဋ္ဌိစင်ရင် လမ်းစဉ်မှားအုံးမလား မမှားပါဘူး။

ဒီတော့ ရုပ်နာမ်မြင်အောင် ဘာလုပ်ရမယ်၊ ခန္ဓာကိုယ်ထဲ စိတ်စိုက်ပြီး သတိပဋ္ဌာန် လေးပါးပွားများ၊ ခန္ဓာကိုယ်ထဲ စိတ်စိုက်ပြီး သတိပဋ္ဌာန် ပွားများ ပါဆိုပေမယ်လို့ စိတ်ကအင်မတန်ရိုင်းနေတော့ မပွားများနိုင်ဘူးနော်။ဒါကြောင့်စိတ်ကိုယ်ဉ် ကျေးအောင် သတိပဋ္ဌာန်လုပ်နိုင်အောင် အာနာပါနကို အခြေခံခိုင်းနေတာ၊ သတိပဋ္ဌာန်က ခုလုပ်ခုဖြစ်တာမဟုတ်ဘူး သို့ပေမဲ့ ကာယာနုပဿနာကလဲ သတိပဋ္ဌာန် အလုပ်ထဲပါနေတာဘဲနော်၊ အဲဒီလိုလုပ်လို့ သတိရင့်ကျက်ပြီး ဉာဏ်မှန်ပေါ်တဲ့အခါ ရုပ်နာမ်ကိုမြင်ပြီး သက္ကာယ ဒိဋ္ဌိကင်းသွားပါလိမ့်မယ်၊ အဲဒီအခါကျတော့၊ ငါဘဲ၊သူဘဲ ယောကျ်ားဘဲ၊ မိန်းမဘဲ ကိုယ်ဘဲ၊ ခြေဘဲဆိုတဲ့ ဒိဋ္ဌိအနှောင်အဖဲ့ မခံရတော့ပါဘူး။ သက္ကာယဒိဋ္ဌိ အနှောင်အဖဲ့ မခံရလို့ ရှိရင် ခေါင်း၊ ကိုယ်၊ ခြေလက်ပုံသဏ္ဌာန်နဲ့၊ ယောကျ်ား၊ မိန်းမဆိုတဲ့ အကောင်ကို အစဲပြုပြီးတော့ တလှော ရေယဉ်ကြော မျောနိုင်ပါ့အုံးမလား၊ မမျောနိုင်ပါဘုရား၊ ဒိဋ္ဌိဗန္ဓန–ဗန္ဓာ၊ ဒိဋ္ဌိအနှောင်အဖဲ့ဖြင့် မလွှတ်နိုင်အောင် ချီတုတ် ခံနေရကုန်သော တေ၊ ထိုသတ္တဝါ အပေါင်းတို့သည်း

တဏှာသောတေန၊ **တ**ဏှာတည်းဟူသော ရေအယဉ်ဖြင့်။ **ဝ**ှယ့် ရေးမျောပါး၍ နေကြလေကုန်၏။ တဏှာရေယဉ်ကြော မျော နေတယ်ဆို၊ "တဏှာနှင့်ရည်၊ မြစ်နဒီပြိုင်ညီတုဘက်ကွာ" ဘယ် မြစ်မှ သတ္တဝါကို တဏှာကို မမျောနိုင်ဘူးတဲ့နော်၊ မြစ်ကြီးငါး သွယ် မြစ်ငယ်ငါးရာက စီးတဲ့ရေတွေဟာ ဘယ်ထိအောင်မျော မယ်၊ သမုဒ္ဒရာထက် ရွှေမျောနိုင်ပါအုံးမလား၊ မမျောနိုင်ပါ ဘူး၊ တဏှာကတော့၊ အနမတဂ္ဂ သံသရာကစ၍ ယနေ့ထက် တိုင်အောင်၊ ကာမဘုံ၊ ရူပဘုံ၊ အရူပဘုံ၊ အကုန်လုံး ရှိရှိသမျှ၊ တဏှာမရောက်တဲ့ နေရာရယ်လို့ ရှိသလား၊ ဒီတော့ မြစ်တွေထက် တဏှာကသာတယ်။ ဒါကြောင့် "**တ**ဏှာနှင့်ရည် မြစ်နဒီပြိုင်ညီတု ဘက်ကွာ" ဟုတ်လား ဘယ်မြစ်ရေ အယဉ်မှ တဏှာတည်းဟူ ရေအယဉ်ကို **မှီ**အောင်မမျောနိုင်ဘူးတဲ့ **တ**ဏှာရေယဉ်ကြော မျောပါသွားရင် ဒုက္ခဆင်းရဲမှု မလွတ်နိုင်ပါဘူး၊ ဒီတော့မျော မပါအောင် စက်ထဲမှာထိုင်နေ မမျောတော့ဘူး ဟုတ်လား။

တဏှာသောတေန ဝုယ္ဟန္တာ၊ နတေဒုက္ခာ ပမုစ္စရေ။ **တ**ဏှာသောတေန၊ တဏှာတည်းဟူသော ရေအယဉ်ဖြင့်၊ ဝုယ္ဟန္တာ မျော၍နေကုန်သော၊ တေ ထိုသတ္တဝါအပေါင်းတို့သည် ဒုက္ခာ ဆင်းရဲမှ၊ နပမုစ္စရေ၊ မလွတ်ကင်းနိုင်ကြကုန်၊ တဏှာရေယဉ် ကြောမျောနေလို့ ရှိရင်ဖြင့်၊ ဒုက္ခဆင်းရဲမှ မလွတ်နိုင်ကြ၊ ဘာ ဖြစ်လို့လဲ၊ **တ**ဏှာက သမုဒယသစ္စာ၊ သမုဒယသစ္စာတဏှာရှိမှ တော့ ဒုက္ခဖြစ်ရောပေါ့။

ဒါကြောင့် ပါဠိတော်မှာ—ဒုက္ခဆိုတာ ဒုက္ခသစ္စာကို ဆိုလိုသည်၊ တဏှာရေယဉ်ဆိုတာ သမုဒယသစ္စာကိုဆိုလိုသည်၊

သမုဒယသစ္စာ အရင်းရှိဆားရင် ဒုက္ခနဲ့တွေ့ချင်လဲ ကောန်တွေ့ရ
မည် သမုဒယသစ္စာတဏှာ ပြုတ်သွား ရင်ဖြင့် ဒုက္ခသစ္စာနဲ့ မ
တွေ့နိုင်ပါဘုရား ဒီတော့ ဒုက္ခနဲ့မတွေ့နိုင်မှာ စိုးလို့ရှိရင် တ
ဏှာကိုဖြုတ်မပစ်နဲ့ တဏှာကိုဖြုတ်ပစ်ရင် ဒုက္ခနဲ့မတွေ့တော့
ဘဲကို၊ အေးအေး ချမ်းချမ်း နေရမယ်မဟုတ်လား၊ အဲဒီတော့
ပျင်းစရာကြီး မဖြစ်ဘူးလား၊ ထင်ခေါင် ဆရာတော်ကြီး က
ပြောတယ်ဆို" ဟာ-သတ္တဝါတွေ့ တဏှာရှိလို့ဟေ့! တဏှာမ
ရှိရင် ပျင်းခြောက်သေကုန်မှာဘဲတဲ့" အဲဒီတော့ တဏှာမရှိလို့
ပျင်းခြောက်သေမှာစိုးရင်လဲ တဏှာကို လက်မလွှတ်နဲ့ ပေါ့နော်
ဆင်းရဲလွတ်ချင်လို့ ရှိရင်ဖြင့် တဏှာကိုဖြုတ်ရမယ် တဏှာဖြုတ်
တဲ့သတိပဋ္ဌာန်က၊ ကာယာနုပဿနာသတိပဋ္ဌာန်၊ ဒါကြောင့်
ကာယာနုပဿနာသတိပဋ္ဌာန်ကို အခြေခံ၍ ခန္ဓာကိုယ်ထဲစိတ်
စိုက်ပြီး သတိပဋ္ဌာန် လေးပါးစလုံး ပေါ်ရာကို နှလုံးသွင်း၍
ပွားများကြပြီးလျှင်၊ သတိပညာရင့်ကျက်၍ ဉာဏ်မှန်ရပြီး၊ ဒီ
ဋ္ဌိအနှောင် အဖွဲ့မှကင်းရာ၊ တဏှာရေအယဉ် မရောက်ရာဖြစ်
သောနိဗ္ဗာန်ကို အလွယ်တကူ ရနိုင်ကြပါ စေကုန် သတည်း။

သာခဲ့ သာခု-သာခဲ့- ပါဘုရား။

မြောင်းမြမြို့ ဝဋ္ဋဝတီကမ္ဘာန်းတိုက်၌ ၁၃၃၁ ခု ဒုတိယဝါဆို လကွယ်နေ့ကွင် ကျေးဇူးရှင် ဝဋ္ဋဝတီ ဆရာတော်ဘုရားကြီး ဟောကြားတော်မူအပ်သော-

တတိယအကြိမ်မြောက်

မဟာသတိပဋ္ဌာန်တရားတော်

ကာယာနုပဿနာ သတိပဋ္ဌာန်က (၁၄)ပိုင်း ရှိတယ်။ ဝေဒနာနုပဿနာ သတိပဋ္ဌာန်က (၁) ပိုင်း၊ စိတ္တာနုပဿနာ သတိပဋ္ဌာန်က(၁)ပိုင်း၊ ဓာယ်နှစ်ပိုင်းရှိပြီလဲ၊ ၁၆-ပိုင်း၊ မြွာနုပဿနာ သတိပဋ္ဌန်က(၇)ပိုင်း၊ ပေါင်းလိုက်တော့ ၂၁ ပိုင်း အဲဒီသတိပဋ္ဌာန် ၂၁ ပိုင်းမှာ ယနေ့ကမ်းတဲ့စာရွက်ဟာ အပိုင်းတိုင်း အပိုင်းတိုင်းမှာ သူပါတယ်။ ဒါ သတိပဋ္ဌာန်အချုပ်ဘဲ။ ကာယာနုပဿနာ(၁၄)ပိုင်းမှာလဲ(၁၄)ပိုင်းစလုံး အဲဒီ နိဂုံးစကားပါတယ်။ ဝေဒနာမှာလဲ ပါတယ်၊ စိတ္တာနုပဿနာမှာလဲ ပါတယ်၊ ဓမ္မာနုပဿနာ ၁ါးပိုင်းစလုံးမှာလဲ ပါတယ်၊ အဲဒါကြောင့် သတိပဋ္ဌာန် (၂၁)ပိုင်းလုံးပါတဲ့စကားဖြစ်လို့ သတိပဋ္ဌာန် အကုန်လုံးရဲ့အချုပ်ဘဲ။ အဲဒီစကားဟာ ရှည်သွားချင်လဲ သွား၊ မသွားချင်လဲ ဒီဒင်ဘဲ သတိပဋ္ဌာန် အကုန်လုံးအတွက် နှံ့စပ်နေပြီ။

အရင်စာရွက် ပါကြသေးလား၊ အရင်စာရွက်ပါရင် ပဏာမဆိုကြစမ်းပါ။ ပဋ္ဌနိဝရဏော ဟိတ္ထာ....။

ဇေတဝန်ကျောင်းတကာ အနာထပိဏ် သူဌေးကြီး၏ သားရဲ့အမည်က ကာလတဲ့၊ ဗမာလိုဆိုရင်တော့ မောင်နက်ပေါ့။ ကာလဆိုတာ အနက်ကိုပြောတာ။ အနာထပိဏ် သူဌေးကြီးရဲ့ သား ကာလဟာ ကျောင်းလဲ မသွားဘူး၊ ကျောင်းဒကာ သားသာဖြစ်တယ်။ ဥပုသ်လဲမစောင့်ဘူး။ မြို့ထဲရွာထဲ ရှောက်လယ်ပြီး ပေတေတေနေတာဘဲ၊ ဒီတော့ အနာထပိဏ်သူဌေးကြီးက ငါကဲ့သို့သော ပုဂ္ဂိုလ်တဦးရဲ့သား ဖြစ်ပါလျက်ကနဲ့ ဥပုသ်သီဘင်းလဲ မစောင့်၊ ကျောင်းလဲ မသွား။ တရားပေစာလဲ မနာ။ ဒီအကောင်အဘုက်နဲ့ ငါတော့ နာမည်ပျက်တော့မှာဘဲ။ ဒီအကောင်ကို ဘယ်လိုလုပ်ရပါမလဲလို့ သူဌေးကြီးက တွေးပြီးတော့၊ လာအုံး ဟေ့ သားရေ- မင်း ကနေ့ ဥပုသ်နေ့နဲ့ကြုံတယ်။ ကျောင်းသွားပြီး ဥပုသ်စောင့်၊ ညကျတော့ တရားနာ၊ နာပြီးတော့မှ မင်းမနက်ကျတော့ ပြန်လာခဲ့။ ရှေးက ဘုရားလက်ဆက်က ဥပုသ်စောင့်လို့ရှိရင် မနက်ကတဲက သွားစောင့်၊ ညကျဘော့တရားနာ၊ ညကျောင်းအိပ်ပြီး မနက်ကျမှ ပြန်ရုံးထုံးစံ ရှိပုံရတယ်၊ အဲဒီလို ဥပုသ်စောင့်သွားလို့ရှိရင် မင်းကို ငါငွေတရာပေးမယ်၊ သူဌေးကြီးက သူတော်ကောင်းဖြစ်တော့ သားကိုဖြားရောင်းတယ်၊ ဒါဖြင့် ကောင်းပါပြီဘခင်ကြီးဆိုပြီးတော့၊ ကျောင်းသွားဥပုသ်စောင့်၊ ဥပုသ်စောင့်ပြီး သူတော်ဘဲနေရာကအိပ်ပြီး မနက်ကျတော့ ပြန်လှော်တယ်၊ ဘာတလုံးမှ မမှတ်မိဘဲနဲ့ ပြန်လာပြီးတော့ အိမ်ရောက်ရောက်ခြင်း ငွေတောင်းတယ်၊ ထမင်းကျွေးတာတောင် ထမင်းမစားသေးဘူးတဲ့၊ ငွေပေးလို့ ငွေတရာရမှ ထမင်းစားမယ်ဆိုလို့ သူ့ကို ငွေတရာပေးလိုက်ရတယ်။

ဒါနဲ့ နောက်တခါ သားရေ ၊ ကိုင်း-မင်း ဒီတခါသွား အုံး။ တရားကို မင်း မှတ်မိအောင်နာခဲ့။ တရား တလုံးလောက် မှတ်မိရင်တော့ မင်းကို ငါ ငွေတဆောင်ပေးမယ်။ တရားမမှတ် မိဘဲ ပြန်လာရင်တော့ မင်းကို ငါ ငွေတထောင် မပေးနိုင်ဘူး။ အဲဒီလို ပြောလွှတ်လိုက်တော့ နောက်တခေါက် သွားပြန်တယ်။ ညတရားပဲ့ကျတော့ တရားမှတ်မိအောင် မှတ်ထားလိုက်၊ ပျောက် သွားလိုက်၊ နောက်တခါသတိထားပြီး မှတ်မိအောင်နာလိုက်၊ ပျောက်သွားလိုက်၊ သူမှတ်ထာက ငွေတထောင်လိုချင်လို့ မှတ် တာကိုး၊ တရားလိုချင်လို့ တော့မဟုတ်ဘူး၊ အဲဒါနဲ့ မှတ်မိအောင် မှတ်မိအောင်နဲ့ နာလိုက်လို့ တရားကလေးက မှတ်မိသွားတော့ တဖြည်းဖြည်းကျေးဇူးပြုပြီး အဲဒီဘရားပဲ့မှာ 'သူ' သောတာပန် ဖြစ်သွားတယ်။

ဒီတော့တရားဆိုတာ မှတ်မိအောင်နာမှ အကျိုးများတယ်၊ အပျင်းပြေနာလို့ ဘာလုပ်မှာလဲ၊ တရားဆိုတာ မှတ်မိ အောင် နာရတယ်၊ မှတ်မိအောင်နာပြီး အဲဒီ မှတ်မိတဲ့အတိုင်း ကျင့်ရတယ်။

(၁) အလဂဒူပမာ စာသင်နည်း။
(၂) နိဿရဏတ္ထ စာသင်နည်း။
(၃) ဘဏ္ဍာဂါရိက စာသင်နည်းလို့ စာသင်နည်း သုံးမျိုးရှိတယ်။

အလဂဒူပမာ စာသင်နည်းဆိုတာက လောကကြောင်းကို ရည်စူးပြီးတော့ သင်ကြတယ်။ ပြောတတ်ဆိုတတ်ရှိတယ်။ သူ

လိမ်မာဘယ်နဲ့ လူချီးမွမ်း ခံချင်လို့၊ လူအောက် မကျချင်လို့။ အဲဒီလို သင်တဲ့နည်းက အလဂဒ္ဒုပမာ သင်နည်းတဲ့။ မြွေဖမ်းယောကျ်ားနဲ့ ဥပမာပြာဘယ်၊ မြွေဖမ်းယောကျ်ားသည် မြွေကို ဇက်ကိုင်ပြီး မကိုက်နိုင်အောင်ဖမ်းရမှာ။ ကိုယ် သွားကိုင်တော့ မြွေက လှည့်ကိုက်မှာ။ အဖမ်းမတတ်ဘဲ့ မြွေကိုက်ခံရတယ်တဲ့။ ထိုနည်းတူစွာ မြတ်စွာဘုရား ဟဲ့ကြားတော်မူတဲ့ဘချားတွေကို သင်ကြားတဲ့ပုဂ္ဂိုလ်မှာ မာန်မာန တက်ဘို့ရာရယ်လို့ လောကကြောင်းကို မျှော်ကိုးပြီးတော့ သင်ကြားလို့ရှိရင်ဖြင့် အဲဒါ အလဂဒ္ဒုပမာ သင်နည်းခေါ်တယ်။ တော် တော် ကြာ အဲဒီတတ်တဲ့စာပေကဘဲ ကိုယ့်ကို အပါယ်ရိက္ခာ လုပ်တတ်ဘယ်၊ အဲဒီစာပေအကြောင်း ပြုပြီး တဏှာမာနတွေပွားပြီး အပါယ် ကျတာဘာဘယ်။

နိဿရဏဘဏ္ဍ သင်နည်းဆိုတာက ဒီစာထဲ ပေထဲက ဘုရားစကားတွေ နားလည်အောင်သင် သင်ပြီးတော့ နားလည်တဲ့အဘိုင်း ရှောင်တန်တာရှောင်၊ ကျင့်တန်တာကျင့်၊ ဒီစာတတ်တာ အကြောင်းပြုပြီး ငါမင်္ဂလာဖြစ်ဖို့လ်ဉာဏ် ရစေရမဟဲ့ လောကကြီးမှ ထွက်မြောက်စေရမဟဲ့လို့ လောကကြီးမှ ထွက်မြောက်လိုတဲ့ စိတ်နဲ့ အဲဒီလို သင်တာကိုနိဿရဏတ္ထ သင်နည်းခေါ်တယ်၊ သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ရာ ထွက်မြောက်ကြောင်းကို စာသင်ကတဲ့ကိုက အာရုံပြုနေတာ။

ဘဏ္ဍာဂါရိက စာသင်နည်းဆိုကာက ရဟန္တာတွေသင်ကြတယ်၊ မြတ်စွာဘုရားရဲ့ ဘဏ္ဍာတော်နဲ့ တူတဲ့ ပရိယတ်၊ ပဋိပတ်၊ ပဋိဝေဓဆိုတဲ့ တရားတွေ မပျောက်ပျက်အောင်၊ သီလ

သမာဓိ၊ ပညာဆိုတဲ့ တရားတွေ မဲပျောက်ပျက်အောင် သတိပဋ္ဌာန်၊ သမ္မပ္ပဓာန် အစရှိတဲ့ ဗောဓိပက္ခိယ တရားတွေမပျောက်ပျက်အောင်၊ ဒါတွေကို ငါတို့ ထိန်းသိမ်းမယ်၊ စောင့်ရှောက်မယ်၊ လုံခြုံအောင် ထားမယ်ဆိုပြီးတော့၊ အဲဒီလို ရဟန္တာများစာသင်တာကျတော့၊ ဘဏ္ဍာဂါရိုက စာသင်နည်းတဲ့။ ဘဏ္ဍာတိုက်မှာ ဘဏ္ဍာစိုးများ ရှေ့ဆောင်ကို မပျောက်အောင် စောင့်ရှောက်သကဲ့သို့ မြတ်စွာဘုရား၏ တပည့် သားတော် တွေက မြတ်စွာဘုရားရဲ့ တရားတော်တွေကို မပျောက်အောင် စာသင်ကြတယ်၊ အဲဒါ ဘဏ္ဍာဂါရိုက စာသင်နည်းတဲ့။

အဲဒီလို စာသင်နည်း သုံးမျိုးရှိတယ်၊ ဒါကတော့ စာမှာဘဲ ရှိပါတော့တယ်၊ ယခု ခေတ်မှာတော့ နိဿရဏတ္ထသင်နည်းတွေ ပျောက်နေပြီ။ ဘာလို့ ပျောက်နေသလဲဆိုတော့ စာမေးပွဲအောင်ဘို့၊ လက်မှတ်ရဘို့၊ လခရဘို့၊ ဒီကနေပြီး တက်နေကြတာကိုး။ နိဿရဏတ္ထ သင်နည်းတောင်းတယ် မရှိတော့ဘူး၊ အလင်္ကာပမာ သင်နည်းတွေများနေတယ်။ ဒါကြောင့် ယခု မွာစရိယခေတ်မှာ လူထွက်လိုက်တဲ့ ဘုန်းကြီးတွေ မပြောပါနဲ့တော့၊ တော်တော်ကို များကုန်ပြီ။ သင်ကတဲ့ကိုက လောကကြောင်း ရည်စူးပြီးတော့ သင်တာကိုး၊ မြတ်စွာဘုရား တရားတော်ကို သင်အံ့ လေ့လာကြရာမှာဝင့်ဆင်းရဲမှု ထွက်မြောက်လိုတဲ့ စိတ်ထားနဲ့ သင်အံ့လေ့လာရတယ်၊ ငါတရားနာမယ်၊ မှတ်မိအောင်နာမယ်၊ သိအောင် နာမယ်၊ သိတဲ့အခါ မှတ်မိတဲ့အခါကျတော့ ရှောင်သင့်တာ ရှောင်မယ်၊ ကျင့်သင့်တာကျင့်မယ်၊ သို့မှသာလျှင် သံသရာဝဋ် ဆင်း

ရဲမှ ထွက်မြောက်မယ်၊ ဒီလိုသံသရာဝဋ္ဋ ဆင်းရဲမှ ထွက်မြောက်စေလိုတဲ့ စိတ်ကိုအရင်းခံ ထားပြီးတော့၊ အဲဒီလို လိုက်စားမှုအကျိုးများတယ်၊ လေ့ကကြောင်းလောက် အာရုံပြုလို့တော့ အကျိုးမများကြဘူး။

ကိုင်းပဥ္စနိဝရဏော၊ နိဝရဏငါးပါး အဖုံးတရားတို့ကို ဟိတ္ဝာ၊ပယ်စွန့်တော်မူ၍(ဦးမောင်သာ)နိဝရဏငါးပါး သိတယ် မဟုတ်လား၊ သိပါဘုရား၊ ရေတွက်ပြီး ပြောစမ်းပါ၊ မပြောတတ်ဘူး၊ အဲဒီလို သိယောင်ကား တွေများနေတယ်၊ သေသေချာချာမသိဘူး၊ ရေတွက်ပြီးပြောပါ၊ အနက်အဓိပ္ပါယ် ပြန်ပြစမ်းပါ။ အဲဒီလိုဆိုတော့၊ ရေလဲ မရေတွက်တတ်ဘူး၊ အနက်အဓိပ္ပါယ်လဲပြန်မပြတတ်ဘူး။သိယောင်ကားနဲ့လူတတ်လုပ်နေကြတယ်။ ဒါတာယောက်ထဲ မဟုတ်ပါဘူး၊အားလုံးကုန် ဒီလိုချည်းဘဲ များတယ်။ ဒီတော့ တရားနာတယ်ဆိုတာ ခုဒင်က ကာလလို မှတ်မိအောင် နာကြစမ်းပါ။

ကာမစ္ဆန္ဒနိဝရဏကို ပါဠိလိုခေါ်လိုက်တော့ စလုံးနဲ့ဆလိမ်ဆင့်လိုက်၊ မကို စသတ်တော့၊ မစ်။ ဒါကြောင့် ကာမစ်ဆန္ဒလို့ခေါ်တာ။ အမှန်ပင်ရင်းကတော့၊ ကာမဆန္ဒ၊ ကာမကအလို ရှိအပ်သော အာရုံကို ဆန္ဒက လိုလှား တောင့်တတယ်။ ဒီတော့ အလိုရှိအပ်သော အာရုံကို လိုလားတောင့်တခြင်းသည် ကာမဆန္ဒ သူကဘဲ အဓိပ္ပါယ် ပိုရှင်းတယ်။ ကာမဆန္ဒ ဆိုတဲ့စကားသည် ပါဠိစကား၊ အလိုရှိအပ်သော အာရုံကို လိုလားတောင့်တတယ် ဆိုတဲ့စကားသည် ဗမာစကား၊ အဲဒီပါဠိစကား

ဗမာစကား နှစ်ခုတို့ဖြင့် ပြအပ်သော အနက်ကား မိမိရင်ထဲ နှလုံးထဲမှာ လိုလားတောင့်တနေတဲ့စိတ် အဲဒီလိုလားတောင့် တနေတဲ့စိတ်ကို ပါဠိလို ကာမဆန္ဒလို့ ခေါ်တယ်၊ ဗမာလိုက ကိုယ်အလိုရှိတဲ့အာရုံကို လိုလားတောင့်တခြင်းလို့ ခေါ်တယ်၊ အမှန်က လိုလားတောင့်တတယ်ဆိုတဲ့ သဘောဟာ ရင်ထဲမှာ ဖြစ်ရမယ်၊ အဲဒီကိုယ်အလိုရှိတဲ့ အာရုံကို လိုလားတောင့်တတဲ့ ရင်ထဲက စိတ်ကိုသိရမယ်။ အော် ငါ့ရင်ထဲမှာ အာရုံတခုခုကို လိုလားတောင့်တ နေပါကလားလို့ သိလိုက်ရင်၊ ကာမဆန္ဒ ဆိုတဲ့ တောင့်တခြင်းသဘောကို သိရာမကျဘူးလား။ စာကတ မျိုး၊ အနက်ကတမျိုး။

ဥပမာ ပုရိသယောကျ်ား ဆိုပါတော့ ပုရိသဆိုတာ ပါဠိစကား၊ ယောကျ်ားဆိုတာ ဗမာစကား၊ ပါဠိသဒ္ဒါဗမာ သဒ္ဒါတို့ဖြင့် ဟောအပ်သော အနက်ကား ယောကျ်ားကောင် ကို လက်ညှိုးထိုးပြရတယ်၊ အဲဒီ ယောကျ်ားကောင်က အနက် နော်၊ ခုထင်နေကြတာက ပါဠိအနက်ဆိုတော့ နိဿကို အ နက်ထင်နေကြတယ်၊ နိဿကမြန်မာပြန် အနက်မဟုတ်သေးဘူး၊ အနက်အဓိပ္ပါယ် အထည်ကိုယ်ဆိုတာက အဲဒီလိုသဘာဝဆိုက်ရ မယ်။ ပုရိသကပါဠိ သဒ္ဒါ၊ ယောကျ်ားက ဗမာသဒ္ဒါ။ အဲဒီ ဗမာသဒ္ဒါ ယောကျ်ား ပါဠိသဒ္ဒါ ပုရိသတို့၏ ဟောအပ်သော အနက်ကား ယောကျ်ားကောင်လို့ သုံးမျိုးသုံးပါးရှိပါတယ်၊ ဒီမှာလဲ ကာမက အလိုရှိအပ်သော အာရုံကို ဆန္ဒက လိုလား တောင့်တသည်။ အေး- အလိုရှိအပ်သော အာရုံကို လိုလား တောင့်တခြင်းသည် ကာမစ္ဆန္ဒနော် အလိုရှိအပ်သော အာရုံကို

လို့လားတောင့်တခြင်းဆိုတဲ့ စကား၊ ကာမဆန္ဒဆိုတဲ့စကားက ရင်ထဲမှာ လို့လားတောင့်တနေတဲ့ စိတ်ကိုပြောတဲ့ စကားနော်။ အေး–ဓမ္မာနုပဿနာ သတိပဋ္ဌာန် ပွားများတဲ့ အခါကျတော့ ရင်ထဲက သဘာဝဆိုက်အောင် ပွားများရတယ် ဒါကြောင့် သတိပဋ္ဌာန်ဟာအင်မတန်အဘိုးတန်ပါတယ်။ဘာဖြစ်လို့လဲ၊အလို့ရှိအပ်သော အာရုံကို လို့လား တောင့်တ နေတဲ့ စိတ်က လူတိုင်းမှာရှိပါတယ်။အော်....ငါ့ရင်ထဲမှာ ဘယ်ဟာကို လို့လား တောင့်တ နေတဲ့စိတ် ဖြစ်နေပါ ကလားလို့ ဒီလို သိလိုက်ရင် ဓမ္မာနုပဿနာ သတိပဋ္ဌာန်ဖြစ်တယ်၊ လို့လား တောင့်တနေတဲ့ လောဘစိတ် မဖြစ်ရဘူးလို့ ဘုရားက မဟောဘူး။ ဖြစ်တာကို ဖြစ်မှန်းသိလို့ ဟောတာ။ အေး....ငါ့သန္တာန်မှာ လို့လားတောင့်တနေတဲ့ ကာမစ္ဆန္ဒ နိဝရဏဆိုတဲ့စိတ် ဖြစ်နေပါ ကလားလို့။ ကိုယ့်ရင်ထဲစိုက်ပြီးတော့ သိလိုက်စမ်းပါတဲ့ နော်-။

ယခု လူတွေမှာမရှိတဲ့တရားကို သတိပဋ္ဌာန်ကမဟောဘူး။ လူတွေသန္တာန်မှာ ဖြစ်နေတဲ့တရားကို ဟောတာ။ အင်မတန် အဘိုးတန်တယ်၊ မင်းတို့ ပကတိစိတ်ကတော့ဟာ ငါ မတော်တဲ့ ဟာတွေ လို့လားတောင့်တတဲ့စိတ်ဖြစ်နေရင် ငါတော့ အပြစ်တွေ ဖြစ်နေပြီ။ ငရဲတွေကြီးကုန်ပြီ၊ မတောင့်တဘဲကလဲ မနေနိုင်၊ ကိုင်း.... ဒုက္ခရောက်မနေဘူးလား၊ အဲဒီလို့မဟုတ်ဘူး။ တရား အလုပ်က မတော်တဲ့အာရုံကို လို့လားတောင့်တတဲ့စိတ် ရင်ထဲမှာ ဖြစ်နေသော်လည်း အဲဒီ လို့လားတောင့်တတဲ့စိတ်ကို စိုက်ပြီး မင်းတို့ သိနေလိုက်ပါကွာတဲ့။ ဒါဟာ ဘာသတိပဋ္ဌာန်။ ဓမ္မာနုပဿနာသတိပဋ္ဌာန်။ ဓမ္မာနုပဿနာသတိပဋ္ဌာန်မှာ နိဝရဏပဗ္ဗ

ဆိုတာပါတယ်၊ နိဝရဏဆိုတဲ့စကားက ဘာကို ပြောသလဲ၊ တရားကို ဖုံးပိတ်တတ်သောကြောင့် နိဝရဏတဲ့။ အာရုံတခုကို လိုလားတောင့်တတဲ့စိတ် မွေစ်ပြီတော့၊ ဒီအာရုံဆီ စိတ်ရောက်နေလို့ ရှိရင် ဒီပဋိပက္ခိုလ်မှာ တရားရှိပါဘုံးမလား၊ မရှိနိုင်တော့ဘူး၊ အပြင်အာရုံဆီ စိတ်ကထွက်နေတာကိုး။ အဲဒီလိုတရားကို ဖုံးပိတ်တတ်သောကြောင့် နိဝရဏခေါ်တာ နော်-။

အဲဒီလို ဖုံးပိတ်တတ်သောကြောင့် နိဝရဏ ခေါ်ပေမယ်လို့ ကိုယ်သန္တာန်မှာ နိဝရဏဖြစ်နေတာကိုး။ သတိမထားတဲ့ပဋိက္ခိုလ်အတွက် ဖုံးတယ်လို့ ပြောတာ။ ကိုယ်သန္တာန် နိဝရဏဖြစ်နေတာကို၊ ငါ့သန္တာန်မှာ လိုလားတောင့်တတဲ့စိတ် အားကြီး ဖြစ်နေပါကလားဟေ့လို့သိရင် စက်တလုံးမကဘူး သုံးလုံးတည်တာတောင် ငရဲမကြီးဘူး၊ (ဦးဘသန်းရဲ့) ဘယ်လောက်ကောင်းသလဲဆို သတိပဋ္ဌာန် ကောင်းပုံကလေ၊ အဲဒါကိုယ့်သန္တာန် ဖြစ်နေတဲ့ မကောင်းတာပေမယ်လို့ တရားဖြစ်အောင်လုပ်ရင် ရတယ်၊ အေး.... ဒါကြောင့် သတိပဋ္ဌာန်ကောင်းတာ၊ အဲဒီ ကာမစ္ဆန္ဒနိဝရဏကို ဗမာလိုပြန်တော့ အလိုရှိအပ်သည်ကို လိုလားတောင့်တမှု၊ ကာမက အလိုရှိအပ်သည်ကို ဆန္ဒက လိုလားတောင့်တသောစိတ် ဟုတ်ဘူးလား၊ အလိုရှိအပ်သည်ကို လိုလားတောင့်တတဲ့စိတ်ဆိုရင်ဖြင့် အကျယ်ဖွင့်ပြောဘို့ မလိုတော့ပါဘူး၊ အလိုရှိတာတွေကို မရေတွက်နိုင်ဘူး နော်-။

အဲဒီကာမစ္ဆန္ဒနိဝရဏတော့ အဓိပ္ပါယ်သိပါပြီ၊ ကာမစ္ဆန္ဒနိဝရဏ ဖြစ်လာတဲ့အခါ စိတ်ကို ရင်ထဲ စိုက်ပြီးတော့ သိရ

မယ်။ ကြာကြာသိရလေ ကောင်းလေဘဲ၊ ဟဲ့ဘရိုး ဟောစဉ် ကာမစ္ဆန္ဒနီဝရဏတရားကိုယ်က လောဘဖြစ်ခြင်းကြောင့် ဒီလောဘနဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ အသုဘကို ကာမစ္ဆန္ဒနီဝရဏ ကင်းပျောက်အောင် ပွားများရမယ်၊ အသုဘကို ပွားများရမယ် ဆိုသဖြင့် သုဘက စသိဘို့လိုတယ်၊ သုဘဆိုတာဘာလဲ၊ နှစ်သက်တယ် လှုပတယ် တင့်တယ်တယ် တပ်မက်စရာ ကောင်းတယ်၊ ဒီလိုထင်တာကို သုဘခေါ်တာ အဲဒီသုဘကို ရှေ့က "အ" တလုံးထည့်လိုက်တော့ အသုဘနော်၊ မတင့်မတယ် စက်ဆုပ်ရှဴ ရှာဘူယ်လို့ အာရုံပြုပါတဲ့၊ မတင့်မတယ် စက်ဆုပ်ရှဴ ရှာဘူယ်လို့ အာရုံပြုဘော့၊ ဒါဟာ မတင့်တယ်ဘူး ဒါမလှုပဘူး ဒါမကောင်းဘူး ဒါနှစ်သက်စရာ မဟုတ်ဘူးလို့ စိတ်ဖြစ်လာရင် ဒီအာရုံပေါ် တပ်မက် ပါအုံးမလား၊ မတပ်မက်တော့ဘူး၊ အေး ဒါကြောင့် အသုဘနဲ့ပယ်လို့ ပြောတာနော်၊ ဒို့ကြိုက်တာကတော့ အသုဘနဲ့ ပယ်တာထက် ဖြစ်နေတဲ့ ကာမစ္ဆန္ဒနီဝရဏ ကို စိုက်ရှုနေတာ ပိုကြိုက်ဘယ်၊ ဒါသတိပဋ္ဌာန် အလုပ်လဲ ဖြစ်တယ်။

အာရုံပေါ်မှာက အမျိုးမျိုး မကောင်းတဲ့စိတ်တွေ များလှသကွာ ကိုင်း ဒီစိတ်တွေ ပျောက်သွားအောင် ထ ပုတီးစိတ်လိုက်အုံးမယ် ဘုရားရှိခိုးလိုက်အုံးမယ် စသည်ဖြင့် ထိုထိုကောင်းသော အာရုံတွေကို အာရုံပြုပြီးတော့ ကုသိုလ်တွေကို လုပ်လိုက်တယ်ဆိုပါတော့ မကောင်းတဲ့ စိတ်တွေဟာ ငြိမ်မသွားဘူးလား ပျောက်မသွားဘူးလား ပျောက်သွားတယ်၊ ပျောက်သွား ငြိမ်သွားပေမယ်လို့ နောက်တခါ မဖြစ်ဘဲမနေဘူး၊ အဲဒါမျိုးဟာ နောက်တခါဖြစ်တော့ ပိုဖြစ်တတ်တယ်၊ အဲဒီမကောင်းတဲ့ စိတ်

ဖြစ်ခဲ့လို့ရှိရင် မကောင်းတဲ့စိတ်တွေကို သတိနဲ့ ရင်ထဲမှာစိုက်ပြီးတော့ သိသိ သိသိ သိသိနဲ့ ကြာကြာကြီးသိနေစမ်း သတိနဲ့ကပ်မိလျှင် ပျောက်သွားလိမ့်မယ်၊ ပျောက်သွားလို့ နောက်တခါဖြစ်တော့လျှော့ဖြစ်တယ် အဖြစ်ချင်းမတူဘူး၊ အာရုံပြောင်းပြီးပျောက်တာက နောက်တခါဖြစ်ရင် ပိုပြီးဖြစ်တတ်တယ်၊ ဘာဖြစ်လို့လဲ ပြန်ပေါင်းဆိုတော့ ပိုလွန်းတယ်ဆို နောက်တခါဖြစ်တော့ ပိုဆိုးတတ်ဘယ်။ သူ့ကို ဒါရိုက်သာ အာရုံပြု၊ ပျောက်မသွားစေနဲ့၊ လေ့ဘဖြစ်ရင်လဲ လောဘကိုသာ အမြဲရှုနေ သိနေကြာကြာကြီး သိရလေ ကောင်းလေ၊ လောဘဟာ ရုပ်လား၊ နာမ်လား (နာမ်တရား)၊ အေး ဒါမမှာနုပဿနာ သတိပဋ္ဌာန်ဖြစ်တာဘဲ၊ ဒေါသ ဖြစ်နေရင်ကော ဒေါသကို ကြာကြာကြီးသိနေ ကြာကြာကြီးသိရလေ ကောင်းလေဘဲ ဘာဖြစ်လို့ ကောင်းသလဲ ဒီလောဘ ဒီဒေါသကို သိပါများတော့ တဖြည်းဖြည်းသေးသေးပြီးတော့ သူကပျောက်သွားတယ်၊ ဒါကြောင့်ကောင်းတာနော်၊ ဒီပြင် အာရုံနဲ့ အာရုံပြောင်း ပျောက်တဲ့ နည်းကတော့ ပျောက်တော့ပျောက်ဘယ် နောက်တခါဖြစ်တော့ တိုးတိုးပြီးလာတတ်တယ်၊ နောက်ကျတော့ မနိုင်မနင်း ဖြစ်လာရော၊ မနိုင်မနင်း ဖြစ်လာတဲ့ အခါကျတော့ ကမ္မဋ္ဌာန်းလူထွက် ဖြစ်လာရော၊ အဲဒါမှ သာဆိုးတာ ကမ္မဋ္ဌာန်းလူထွက်က လူရိုးရိုးထက်ဆိုးကယ်၊ လုပ်ထုံးနေရာမကျရင် အခက်နော်။

ကိုင်း ကာမစ္ဆန္ဒနိဝရဏ မှတ်မိလောက်ပြီ မဟုတ်လားနော်၊ အေး အလိုရှိသည်ကို လိုလားတောင့်တတာ ကာမစ္ဆန္ဒနိဝရဏ၊ ဒီကာမစ္ဆန္ဒနိဝရဏကို ကျမ်းဂန်က ဘာနဲ့ပယ်ဖျောက်

ရမလဲဆိုတော့ အသုဘနဲ့ ပယ်ဖျောက်၊ ဒါဖြင့် ကိုယ့်ကိုယ်ကို အသုဘ ထင်လို့ ရိုရင်ဒီပြင်ဟာတွေကော တပ်မက်ပါအုံးမလား မတပ်မက်ပါဘူး ကိုယ့်ကိုယ်ကို အသုဘမထင်လို့ ဒီပြင်ဟာတွေ တပ်မက်တာနော်၊ ကိုင်း နဲနဲ ကလေးတော့ ဆို ကြစမ်း ပါအုံး။

"သုံးဆယ့်နှစ်ဖြာ ကောဋ္ဌာသာ ရွံရှာ စက်ဆုပ်ဘွယ်" ကိုယ့်ကိုယ်ကို စိတ်ကစိုက် အသံကို စိုက်မနေနဲ့။

"သုံးဆယ့်နှစ်ဖြာ ကောဋ္ဌာသာ ရွံရှာ စက်ဆုပ်ဘွယ်" ကိုယ့်ကိုယ်ကို စိတ်ကစိုက်ပြီးဆို။

အဲဒါမျှား တခုခြင်းကွဲအောင် ထင်လိုက်ရင်လေ အောင်မယ်လေး ဘယ်လောက် ကောင်းလိုက်မလဲဆိုတာ သုံးဆယ့်နှစ်ခုစလုံး စာကသာဆိုရဘာ အမှန်က လုပ်ရာကျတော့ တခုခု သဘောပေါက်အောင် လုပ်ရတာ။

ဆံမင်ဖြင့် ဆံပဲင်တခုတည်းကို စက်ဆုပ်ရွံရှာဘွယ် ထင်လာအောင် တခုခုလုပ်ရမယ်၊ အားလုံးကုန် ရွှောက်လုပ်နေလို့ ထင်မလာရင်လဲ အလကားဘဲ၊ တခုထင်လာရင် ကျန်တာတွေကော ကောင်းတယ် ထင်ပါအုံးမလား မထင်တော့ပါဘူး။

"သုံးဆယ့်နှစ်ဖြာ ကောဋ္ဌာသာ ရွံရှာစက်ဆုပ်ဘွယ်" တခုခုကို စိုက်ပြီး လုပ်ရတယ်နော်။

ကိုယ်စိတ်ထဲမှာ အားရတဲ့ဟာ ကိုယ်စိတ်ထဲမှာ ထင်လှုယ်တဲ့ဟာ တခုခု စိုက်လုပ်ရတယ်၊ အမယ်လေးစက်ဆုပ် စရာကောင်းလိုက်တာ ရွံစရာကောင်းလိုက်တာ ထင်လာတဲ့ဟာလေ ဆံပင် မွေးညှင်း ခြေသည်း လက်သည်း အူဝှေး အရေအသား အကြော အရိုး ရိုးတွင်းခြင်ဆီ အညို့ နှလုံး အသည်း အမွေး အဖျဉ်း အဆုပ် အူမ အူသိမ် အစာသစ် အစာဟောင်း ဦးနှောက် သည်းခြေ သလိပ် ပြည် သွေး ချေး အဆီခဲ မျက်ရည် ဆီကြည် တံတွေး နှပ် အစေး ကျင်ငယ် လို့ သုံးဆယ့်နှစ်ပါး အစုအဝေးခဲ့ထားလို့ သုံးဆယ့်နှစ်ပါးသော ကောဋ္ဌာသလို့ ပြောတာ သုံးဆယ့်နှစ်ပါးသော ကောဋ္ဌာသထဲက တခုခုသော အစုအဝေးကို ခန္ဓာကိုယ်ထဲမှာ စက်ဆုပ်ရွံရှာဘွယ် ထင်လာရင် ဒီပြင်ဟာတွေလဲ စက်ဆုပ်ရွံရှာဘွယ်တွေ ဆိုတာ ပါသွားတော့တာပေါ့။

ဤကိုယ်ခန္ဓာ၊ ပုပ်ညီစွာ၊ ရွံရှာစက်ဆုပ်ဘွယ်။

တကိုယ်လုံး တကောင်လုံးဟာ ရုပ်ရာ ရှိသေးရဲ့လား၊ စက်ဆုတ်ဘွယ် ရွံရှာဘွယ်ချည်း မဟုတ်လား။ အဲဒီလိုမိုက်ကိုယ် ခန္ဓာမှာ စက်ဆုတ် ရွံရှာဘွယ်ချည်းလို့ ထင်လိုက်လို့ရှိရင်၊ တပါးသောဟာတွေကော စဲလမ်းပါအုံးမလား။ အေး မစဲလမ်း နိုင်တော့ဘူး။ ဒါကြောင့် လောဘတရားကိုယ်ဖြစ်တဲ့ ကာမဆန္ဒ နိဝရဏကို အသုဘနဲ့ ဖျောက်လို့ ကျမ်းဂန်မှာပြတာ။

ကိုင်း ကာမဆန္ဒ နိဝရဏပြီးတော့ ဘာနိဝရဏလဲ၊ ဗျာပါဒနိဝရဏ။ အေး သူတပါးကို ပျက်စီးစေလိုသောစိတ်၊ သူ

တပါးကို အမြင်ကပ်တဲ့စိတ်။ သူတပါးကို မုန်းထားတဲ့စိတ်၊ အဲဒီစိတ်ဟာ ဗျာပါဒစိတ်။ တရားကိုယ်ကဒေါသတဲ့။ ဒုဿတိ တိဒေါသော၊ သူတပါးကို ပြစ်မှားတတ်သောကြောင့် ဒေါသ။ သူတပါးကို ထိခိုက်တတ်သောကြောင့် ပဒိုသ။ သူတပါးကို ပျက်စီးစေလိုသောကြောင့် ဗျာပါဒ။ သူ့ကိုဘဲ အမျိုးမျိုးသုံးနေတယ်၊ ဒေါသဆိုလဲသူဘဲ၊ ပဒိုသဆိုလဲသူဘဲ၊ ဗျာပါဒဆိုလဲသူဘဲ။ ဒီတော့ ဘယ်လိုဘဲ ပြောပြော၊ အမှန်ကဘယ်သူလဲ၊ ဒေါသ။ ကာမဆန္ဒ ဆိုတာက လောဘ-ဗျာပါဒ ဆိုတာက ဒေါသ။

ဒီတော့-ကာမဆန္ဒလဲ နိဝရဏ ဗျာပါဒလဲဘဲနိဝရဏ။ ဗျာပါဒနိဝရဏကျတော့ ဘာနဲ့ပယ်ဖျောက်ရမလဲဆိုရင်၊ သတိပဋ္ဌာန်လုပ်ထုံးလုပ်နည်းနဲ့ ကျင့်တော့ ဗျာပါဒ နိဝရဏကိုလဲစိုက်သာရှု။ သူတပါးကို ပျက်စီးစေလိုသောစိတ်၊ သူတပါးကို မုန်းထားတဲ့စိတ်၊ သူတပါးကို မကြည့်ချင်သောစိတ်၊ အဲဒီစိတ်တွေ့ရင်ထဲမှာ ဖြစ်နေရင် မလွတ်စေနဲ့၊ သိသိသိသိသိသိ နဲ့ရင်ထဲမှာ သာစိုက်ရှုနေ၊ အဲဒါအကောင်းဆုံးဘဲ၊ ဒါသတိပဋ္ဌာန်လုပ်ထုံး။ ကျမ်းဂန်နည်းကတော့ ဗျာပါဒဖြစ်လာရင် မေတ္တာနဲ့ပယ်ရမယ်တဲ့၊ မေတ္တာနဲ့ ပယ်တယ်ဆိုတာ လွယ်တယ်မှတ်လို့လား။ ဘာလို့မလွယ်သလဲ၊ ကိုယ့်ကိုယ်ကို မေတ္တာမရှိကြဘူး။

"နင့်ကိုနင်စစ် နင်ချစ်ကဲ့လား၊ နင့်အရေး နင်မေး ကြည့်ပါလား"

ဆိုတဲ့စကားလေ ကိုယ့်ကိုယ်ကို ချစ်တဲ့လူ အင်မတန်ရှားတယ်။ ချစ်ပါတယ်-မေတ္တာချစ်မှမဟုတ်ဘဲ၊ တဏှာချစ်ကြီး

ဘဲ၊ အေး-ကိုယ်.ကိုယ်ကို မေတ္တာချစ်နဲ့ ချစ်တဲ့လူက အင်မတန် နဲပါတယ်။ မေတ္တာဆိုတာ-အစီးအပွားကို လိုလားသောစိတ်။ ကိုယ်.ကိုယ်ကို စီးပွာ ရှိတာကိုသာ လိုလားတယ်၊ ကိုယ်.ကိုယ် ကို အနစ်နာမခံဘူး။ မေတ္တာအစစ်ကလေ။ ဒါကြောင့် ကိုယ်. ကိုယ်ကို မေတ္တာရှိအောင် လုပ်စမ်းပါ။ အဟံအဝေရောဟောမိ။ အဗျာပဇ္ဈောဟောမိ။ အနီဃောဟောမိ။ သုခီအတ္တာနံ ပရိဟရာမိဆိုတဲ့ မေတ္တာလေးချက်နဲ့ ကိုယ်.ကိုယ်ကို မေတ္တာပို့ပါ။ ငါသည် ဘေးရန်ကင်းချင်၏၊ ငါသည် ကြောင့်ကြကင်းချင်၏။ ငါသည် ဆင်းရဲကင်းချင်၏၊ ငါသည်ချမ်းသာချင်၏လို့ မေတ္တာ လေးချက်နဲ့ ဟုတ်လား-ပို့ပြီးတော့ ငါဘေးရန်ကင်းအောင် များလုပ်ကဲ့လားလို့ အဲဒီလိုကိုယ်.ကိုယ်ကိုပြန်စစ်ပါ၊ဟုံအပြင်ပ၊ ဗဟိဒ္ဓ ဘေးရန်ကင်းငြာ သော်လည်း ကိုယ်တွင်း အင်္ဂါတွေ ကကီလေသာဘေးရန်တွေ အနိုပ်စက်ခံမနေရဘူးလား အပြင်ဘေးရန် ထက်၊ အတွင်းဘေးရန်က ပိုမဆိုးဘူးလား။ အတွင်းကိုလေသာ ဘေးရန်တွေ အနိုပ်စက်ခံနေရမှန်း သိလျက်ကနဲ့၊ ပစပ်က ငါ သည် ဘေးရန်ကင်းချင်၏ လုပ်တာကတော့ ဘေးရန်များဘို့ ချည်းဘဲလုပ်နေတယ်။ဟုတ်လား-သတ္တဝါတွေ ဖြစ်နေကြပုံလေ။

“ချမ်းသာတခု၊ မက်မောမှုကြောင့်၊ ပုပုရွရွ၊ ကြိုးပမ်း ကြဆည်း၊ ဒုက္ခပင်လယ်၊ ကျယ်ထက်ကျယ်သည်၊ ရွယ်တိုင်းမ မြောက်ပါတကား”။

ချမ်းသာတခုမက်မောပြီးတော့ အဆင်းရဲအပင်ပန်းခံပြီး လုပ်မနေကြဘူးလား။ ဒါတွေဟာ ဘေးရန်များကြောင်းတွေမ

ဟုတ်ဘူးလား။ ဒီတော့ ဘေးရန်များကြောင်းလုပ်နေတဲ့ ပုဂ္ဂိုလ်က ကိုယ် ကိုယ်ကို ဘေးရန် ကင်းချင်ပါတယ်လို့ ဆိုလို့ကော ဟုတ်ပမလား၊ အဗျာပဇ္ဈောဟောမိ၊ ငါသည် ကြောင့်ကြခမ်းသိမ်းကင်းငြိမ်းချင်၏ ဆိုပြီးတော့ ကြောင့်ကြခပ်သိမ်း ကင်းငြိမ်းတဲ့ အလုပ်လုပ်သလား။ ကြောင့်ကြများတဲ့ အလုပ်လုပ်နေကြတယ်၊ ကြောင့်ကြများတဲ့ အလုပ် လုပ်နေရင်၊ ဒီပုဂ္ဂိုလ် ကိုယ် ကိုယ်ကို မေတ္တာရှိရာကျသေးရဲ့လား၊ မကျဘူး။ ငါသည် ဆင်းရဲကင်းချင်၏။ အဟံအနိဿောဟောမိ။ အဟံ၊ငါသည်၊ အနိဿော၊ ဆင်းရဲကင်းချင်သည်။ ဟောမိ၊ ဖြစ်ချလို၏ ဒါပစပ်ကဆိုတာ အလုပ်ကျတော့ ဆင်းရဲကင်းကြောင်း အလုပ်ကော လုပ်ရဲ့လား၊ သုခီအတ္တာနံ ပရိဟရာမိ၊ ငါသည် ချမ်းချမ်းသာသာ မိမိကိုယ်ကို ရွက်ဆောင်ရလို၏။

အတိုချုပ်တော့ ငါသည် ချမ်းသာလို၏ ပေါ့။ဒီတော့ ငါသည် ဘေးရန်ကင်းချင်၏၊ ငါသည် ချမ်းသာချင်၏ သူများ မပို့ပါနဲ့ ကိုယ် ကိုယ်ကိုပို့စမ်းပါ။ ဒီမေတ္တာလေးချက် ကိုယ် မှာရှိရဲ့လား၊ စစ်ကြည့် မရှိရင် ကိုယ် ကိုယ်ကို ချစ်ရာကျပါ့မလား။ ကိုယ် ကိုယ်ကို မချစ်တဲ့လူက သူများ မေတ္တာပို့တယ်ဆိုတာ အလကားပေါ့။ ဒီတော့ ကိုယ် ကိုယ်ကို ချစ်အောင် အရင်လုပ်။ ကိုယ် ကိုယ်ကို ချစ်တဲ့လူကကိုယ့် အကျိုးစီးပွားကို ရှာလိမ့်မယ်။ အကျိုးမဲ့လုပ်ပါအုံးမလား။ ကိုယ် ကိုယ်ကို ချစ်တဲ့လူက ကိုယ့် အကျိုးမဲ့ကို မလုပ်တော့ဘူး။ ကိုယ့် စီးပွားကိုရှာမှာနော်။ ဒီတော့ ကိုယ် ကိုယ်ကိုချစ်လို့၊ ကိုယ့် အကျိုးစီးပွားလိုလားတဲ့ ပုဂ္ဂိုလ်က သူတပါးအကျိုးစီးပွားကော မလိုလားနိုင်

တော့ဘူးလား။ လိုလားနိုင်ပါတယ်။ သူတပါးပျက်စီးကြောင်းကို လိုလားနိုင်ပါ့မလား မလိုလားနိုင်တော့ဘူး။ ဘာဖြစ်လို့လဲ ကိုယ်ချင်းစာတရား ဝင်လာပြီနော်။ အေး....ငါ ဘေးရန်ကင်းချင်သလို သူလဲ ဘေးရန်ကင်းချင်ရှာပေလိမ့်မယ်။ ငါကြောင့်ကြကင်းချင်သလို သူလဲ ကင်းချင်ရှာပေလိမ့်မယ်။ ငါဆင်းရဲကင်းချင်သလို သူလဲ ကင်းချင်ရှာပေလိမ့်မယ်။ ငါချမ်းသာချင်သလို သူလဲ ချမ်းသာချင်ရှာပေလိမ့်မယ်လို့ ကိုယ်ချင်းစာတရား ဝင်မလာပေဘူးလား။ ဝင်လာရင် အထူးတောင် မေတ္တာ မပို့ရပါဘူးဗျာ..။ အလိုလို မေတ္တာ ရောက်မလာဘူးလား၊ ခုတော့ ကိုယ်ကိုယ့်ကို မေတ္တာမရှိကြသည့်အတွက် သူတပါးပို့လဲ အလကား အရာမရောက်ဖြစ်နေကြတာနော်—။ ဒီတော့ ကိုယ့်ကိုယ်ကို ချစ်တဲ့မေတ္တာမျိုး ရှိနေလို့ရှိရင် သူတပါးကို ပျက်စီးစေလိုတဲ့ဗျာပါဒဖြစ်နိုင်ပါအုံးမလား၊ ဒါကြောင့် ဗျာပါဒကို မေတ္တာနဲ့ပယ်တဲ့။ ဒီတော့ ဗျာပါဒဆိုတဲ့တရားကလဲ နီဝရဏ နော်—။ သူတပါးကို ပျက်စီးစေလိုတဲ့ဗျာပါဒဖြစ်နေတဲ့ ပုဂ္ဂိုလ်ရင်ထဲမှာ တရားရောက်ပါအုံးမလား။ ဒီတော့ ဗျာပါဒလဲ တရားကိုဖုံးလွှမ်းတတ်တဲ့ တရားတခုဘဲ မဟုတ်လား။

(၁) ကာမစ္ဆန္ဒ နီဝရဏ။

(၂) ဗျာပါဒ နီဝရဏ ဟုတ်လား။

(၃) ပြီးတော့မှ— ထီနမိဒ္ဓ၊ ထိုင်းမှိုင်းခြင်းတဲ့။ ထီနက ထိုင်းတယ်၊ မိဒ္ဓက မှိုင်းတယ်၊ ထိုင်းမှိုင်းသောစိတ်ကို ထီနမိဒ္ဓ။ အဲဒီထိုင်းမှိုင်းတဲ့ နီဝရဏကိုတော့

ဝိရိယနဲ့ပယ်ရမယ်၊ (အာရဗ္ဘစေတ်) စ၍ အား ထုတ်ခြင်း၊ (နိက္ကမစေတ်) ပျင်းရိခြင်းမှ ထွက် အောင် အားထုတ်ခြင်း၊ (ပရက္ကမစေတ်) အဆင့် ဆင့် အားထုတ်ခြင်းလို့ စေတ်သုံးမျိုး ရှိတယ်။ စ အားထုတ်တဲ့ ဝိရိယကို အာရဗ္ဘစေတ် ခေါ် တယ်။ ပျင်းရိခြင်းမှ လွန်မြောက်အောင် ထွက် မြောက်အောင် အားထုတ်တဲ့ဝိရိယကို နိက္ကမစေတ် ခေါ်တယ်။ အဆင့်ဆင့်တက်တက်ပြီးတော့ အား ထုတ်ဘဲ့ ဝိရိယကို ပရက္ကမဒေတ်ခေါ်တယ်။ အဲဒီ ဝိရိယမျိုးတွေနဲ့ အားထုတ်နေလို့ရှိရင် ထိနမိဒ္ဓ မဝင်နိုင်ဘူး နော်။

သီဟိုဠ်ကျွန်းမှာ မုဆိုးတယောက် သားငါးတွေ ပစ်သတ် စားသောက်ပြီးတော့- ရေ ဆာဆာရှိတာနဲ့ တောကျောင်းနား သွား၊ တောကျောင်းကရေအိုးစဉ်မှာ ရေခတ်သောက်မယ်လုပ် တော့၊ ရေအိုးစဉ်မှာ ရေ တစက်မှ မရှိဘူးတဲ့၊ ရေ တစက်မှ မရှိတော့ သူက ညည်းလိုက်သတဲ့၊ အော်.... ဘုန်းကြီးတွေဟာ ပျင်းလိုက်တာ လွန်နေတာဘဲ။ ပျင်းလဲပျင်းပေမှာပေါ့၊ သူတို့က အစကလုပ်ကိုင်မစား၍လို့ ဘုန်းကြီးလုပ်တာကို။ မုဆိုးကလေ၊ အဲဒါနဲ့ မထေရ်ကြီးတပါးက ကြားတော့မှ သွား ကြည့်သတဲ့။ ရေအိုးစဉ် သွားကြည့်တော့ ရေတွေက ပြည့်နေတာတွေ့လို့ ဟာ- ဒကာ- မင်း ဘာလုပ်စားသလဲ၊ တပည့်လောင် မုဆိုးလုပ် စားပါတယ်ဘုရား။ ဟာ- နင် မသေခင်က ပြီတွာဖြစ်နေပါပေါ့ လား။ ဒီရေအိုးထဲ ရေတွေ အပြည့်မဟုတ်လား။ နင့်မှာ ရေ

တစက်မှ မတွေ့ဘူးဆိုတော့၊ နင် မသေခင်က ပြီတ္တာဖြစ်နေပြီ။ နင့်အကုသိုလ် ကြီးလှချည်ရဲ့ဆိုပြီးတော့ မထေရ်ကြီးက တရားဟော၊ တရားဟောတော့ သူ့လေးခွတို့ မျှားတို့ အကုန်လုံး စွန့်ပစ်ပြီးတော့ သင်္ကန်းဝတ်၊ သင်္ကန်းဝတ်ပြီးတော့မှ သူလုပ်ခဲ့တဲ့ အကုသိုလ်တွေကို အမယ်လေး.... ငါလုပ်ခဲ့တဲ့ အကုသိုလ်တွေ မနဲဘူးဟဲ့ နော်....။ ငါတော့ သေရင်ငရဲကျမှာဘဲ။ ငရဲမီးမျှား တော်တော်ပူသလားမသိဘူး၊ သူလုပ်ခဲ့တဲ့ အကုသိုလ်တွေ အာရုံပြုပြီး သူ ထိတ်လန့် ကြောက်ရွံ့ခြင်းဖြစ်လို့ ဆရာသွားလျှောက်၊ ဆရာကလဲ ရဟန္တာ ကိုး။

အရှင်ဘုရား ငရဲမီးမျှား တော်တော်ပူသလား။ ငရဲမီးပူတာ မင်းသိချင်လို့လား။ သိချင်ပါတယ်ဘုရား။ကိုင်း သိချင်ရင် ကိုရင်တွေ ကပ္ပိယတွေခေါ်သွား၊ တောထဲက ထင်းစိုတွေ ခုတ်ပြီးတော့ လှည်းနဲ့တိုက်၊ တိုက်ပြီးတော့ ဟောဒီကျောက်ဖျာကြီး ပေါ်ပုံ၊ ပုံပြီးတဲ့အခါ ငါ့လာလျှောက်လဲ့။ မထေရ်ကြီးက အမိန့်ချတော့ အဲဒီကိုယ်ရင်တွေ, ကပ္ပိယတွေ ခေါ်သွားပြီး တောထဲက ထင်းစိုတွေခုတ်၊ ခုတ်ပြီးတော့ ဒကျောက်ဖျာကြီး ပေါ်ပုံ၊ ပုံပြီးတော့ ဆရာသွားလျှောက်၊ လျှောက်တော့ ဆရာက မြေကြီးကိုလှန်ပြီးတော့ ငရဲမီးကလေ.... ပိုးစိမ်းဖြူလောက်ယူပြီး၊ အဲဒီ ထင်းစိုပုံပေါ်ပစ်ချလိုက်တယ်။ ငရဲမီးကလေး တင်းစိုပုံပေါ် ပစ်ချလိုက်တော့ လောင်တာမမြင်လိုက်ရဘူး။ မြိုက်ကနဲ ပြာကျသွားတယ်၊ ဘာဖြစ်လို့လဲ ထင်းအားနဲမီးအား မမျှဘူး။ မီးက အင်မတန်ထက်မြက်ပြီး၊ ထင်းက အားသေးနေတယ်။ ဒီထင်းစိုပုံထဲကို ငရဲမီးကလေး ပိုးစိမ်းဖြူလောက် ထည့်လိုက်တာနဲ့၊

လောင်တာမမြင်လိုက်ရဘူး ပြာကျသွားသတဲ့။ မြင်ပြီလား၊ အဲဒီ ငရဲမီးဟာ မင့် လောင်မဲ့ ငရဲမီးဘဲ၊ မင်း တရားအားထုတ်ရင် ထုတ်၊ မထုတ်ရင် ဒီငရဲမီးဟာ မင်း လောင်မှာ....။ ဆရာက ပြောတော့ အဲဒီ ငရဲမီးလောင်တာကို ကိုယ်တိုင် ဒီဌ မြင်ရ တော့မှ ကြောက်ပြီး တရားအားထုတ်လိုက်တာ။ ကောက်ရိုးကို ရေဆွတ်ပြီး ခေါင်းပေါ် တင်လိုက်တယ်၊ မအိပ်ချင်အောင်၊ ခြေထောက်နှစ်ချောင်း ရေထဲချ ရေစိမ်ပြီး တရားအားထုတ် တယ်၊ တုံးလုံးကိုမလှုပ်တော့ဘူး။ ကောက်ရိုးတွေက ရေတွေ စိုး ကျတော့ အိပ်ချင်အိုးမလား၊ အဲဒါမအိပ်ချင်အောင်ဆိုပြီးတော့ ပြင်းပြင်းထန်ထန် အားထုတ်လိုက်တာတဲ့။ ဘာဖြစ်လို့ ထုတ် သလဲ၊ ငရဲကြောက်လွန်းလို့ ဆရာလုပ်တဲ့ ပဂ္ဂိုလ်က ငရဲကို ကိုယ်တွေ့ ဒီဌပြတာကိုး၊ ပြတော့ လွန်လွန်မင်းမင်း အာရဒ္ဓ ခတ်၊ နိဂ္ဂမခတ် ပရက္ကမခတ်ဆိုတဲ့ အဆင့်ဆင့်သော ဝိရိယနဲ့ အားထုတ် မနေဘူးလား၊ အဲဒီအဆင့်ဆင့်သော ဝိရိယခတ် တွေနဲ့ အားထုတ်နေခိုက်မှာ ကိုရင်ကလေးတပါးက စာပြန် တယ်တဲ့။

အာရဒ္ဓထ နိက္ကမထ၊ ယုဉ္ဇထ ဗုဒ္ဓသာသနေ။
ဓုနာထ မစ္စုနော သေနံ၊ နဠာဂါရံ ဝ ကုဉ္ဇရော။

အာရဒ္ဓထ၊ စ၍ အားထုတ်ကြကုန်လော။ နိက္ကမထ၊ ပျင်းရိ ခြင်းမှ ထွက်မြောက်အောင် အားထုတ်ကြ ကုန်လော။ ဗုဒ္ဓ သာသနေ၊ ငါ ဘုရားသာသနာတော်၌၊ ယုဉ္ဇထ၊ မာန်စစ်မက် ကို တိုက်ဖျက်ကြကုန်လော။ ကုဉ္ဇရော၊ ဆင်ပြောင်ကြီးသည်။ နဠာဂါရံ၊ ကျူးထခံရချိန် အိမ်ဆွေးအိုကို။ ဓုနာတိ ဣဝ၊ မှုန့်

မှုန့် ညက်ညက်၊ ခြေဖျက်သကဲ့သို့။ မစ္စုနော၊ သေမင်းယုတ်၏။ သေနံ၊ လောဘ ဒေါသ စသော စစ်သည်များကို၊ ဓုနာထ၊ ဖျက်ဆီး၍ ပစ်ကြကုန်လော။

ဆိုတဲ့ ဝိရိယနဲ့ ပတ်သက်တဲ့ တရားစာ ပြန်သံကြားလိုက်တော့ ဟာ ... ဒီတရားဟာ ငါ့အတွက် ဟောသွားတဲ့ တရားပါလား။ ငါလို ဝိရိယရှိတဲ့ ပုဂ္ဂိုလ်ကိုဟောတဲ့ တရားပါလားလို့ အား တက်ပြီး ထုတ်လိုက်တာ အနာဂါမ် ဖြစ်သွားသတဲ့။ ခုဒင်က ငရဲကြောက်တဲ့ မုဆိုးကြီးဟာလေ။ အဲဒီ မုဆိုးကြီးလို ပြင်းပြင်း ထန်ထန် စိတ်နဲ့ အားထုတ်ခဲ့သော် ထိုနမိဒ္ဓ ထိုင်းမှိုင်းလေးလဲ ခြင်းစိတ် လာနိုင်ပါအုံးမလား၊ မလာနိုင်ပါဘူး။ ကာမစ္ဆန္ဒကို ပယ်ရမဲ့တရားက အသုဘ။ ဗျာပါဒကိုပယ်ရမဲ့ တရားက မေတ္တာ။ ထိနမိဒ္ဓကို ပယ်ရမဲ့ တရားက ဝိရိယ။

ပြီးတော့မှ ဥဒ္ဓစ္စဆိုတာ စိတ်မငြိမ်သက်ခြင်း၊ စိတ်ပျံ့လွင့်ခြင်း။ ကုက္ကုစ္စဆိုတာ စိတ်ပူပန်ခြင်း။ ဒီတော့ စိတ်မငြိမ်သက်ခြင်းက ဥဒ္ဓစ္စ။ စိတ်ပူပန်ခြင်းက ကုက္ကုစ္စ။ အဲဒီ ဥဒ္ဓစ္စ ကုက္ကုစ္စဆိုတဲ့ တရားဟာ ရင်ထဲမှာ မဖြစ်ဘူးလား။ ဖြစ်ရင် မဖြစ်ရဘူးလို့ ဖျောက်ပစ်ရမှာလား၊ ဖြစ်မှန်း သိရမလား။ အေး.... သတိပဋ္ဌာန် လုပ်ထုံးက ဖြစ်မှန်း သိရမှာ နော်။ ကျမ်းဂန်မှာ ပြတာက ဥဒ္ဓစ္စ ကုက္ကုစ္စ နိဝရဏ ဖြစ်လို့ရှိရင် ဘာနဲ့ဖျောက်ရမလဲဆိုတော့ သမာဓိနဲ့ ဖျောက်။ ဥဒ္ဓစ္စဆိုတာ စိတ်ပျံ့လွင့်တယ်မဟုတ်လား။ အာနာပါန အစရှိသော သမာဓိက အာရုံကခုခုကို စူးစိုက်လို့ စိတ်ဟာ ဖြုန်းကနဲ ငြိမ်သွားရင် ဥဒ္ဓစ္စ၊

ကုက္ကုစ္စ ရှိနိုင်အုံးမလား။ ဒါကြောင့် ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏကို ဘာနဲ့ ပယ်ရမယ်၊ သမာဓိနဲ့ ပယ်ရမယ်။

ဒေး ... နီဝရဏ လေးပါးပြီးသွားပြီ။

ကာမစ္ဆန္ဒ နီဝရဏ၊ ဗျာပါဒ နီဝရဏ၊ ထိနမိဒ္ဓ နီဝရဏ၊ ဥဒ္ဓစ္စ ကုက္ကုစ္စ နီဝရဏ။

(၁) ကာမစ္ဆန္ဒနီဝရဏကို ဖျောက်ရမဲ့တရားက အသုဘ။
(၂) ဗျာပါဒ နီဝရဏကို ဖျောက်ရမဲ့တရားက မေတ္တာ။
(၃) ထိနမိဒ္ဓ နီဝရဏကို ဖျောက်ရမဲ့တရားက ဝီရိယ။
(၄) ဥဒ္ဓစ္စ ကုက္ကုစ္စ နီဝရဏကို ဖျောက်ရမဲ့ တရားက သမာဓိ။

ပြီးတော့ ဝိစိကိစ္ဆာ.ဝိစိကိစ္ဆာဆိုတာဘာလဲ၊အာရုံကိုမဆုံးဖြတ်နိုင်မြင်း၊ ဒီဟာ ဟုတ်လေသလား၊ ဟိုဟာက ဟုတ်လေသလား၊ အာရုံကို တိတိကျကျ ဟုတ်ပြီ မှန်ပြီဟေ့လို့၊ ဒီလို မဆုံးဖြတ်နိုင်တာ ဝိစိကိစ္ဆာနော်၊ အခိုမောက္ခသဒ္ဒါဆိုတာရှိတယ်။ ဝေဒနာပစ္စယာပသာဒေါ၊ ပသာဒပစ္စယာ အခိုမောက္ခော။ ဒို့ဟောနေကျ တရား၊ ဝေဒနာကို သတိနဲ့ သွားပြီး မိမိရရစိုက်မိတဲ့အခါကျတော့ ဝေဒနာက အခံမခက်တဲ့အပြင် စိတ်က အထူးကြည်လင်လာပြီးတော့ ဝေဒနာနဲ့ သတိနဲ့ သွားကပ်နေတဲ့ ပဋိဂိုလ်ဟာ စိတ်ကြည်လင်နေတဲ့အတွက် ဒီဝေဒနာ ပျောက်သွားမှာတောင် စိုးသေးတယ်။ ဝေဒနာအလုပ်ကို လုပ်တဲ့ပဋိဂိုလ်အဖို့မှာ ဒီဝေဒနာ ပျောက်သွားရင် အလုပ်လက်မဲ့ ဖြစ်မသွားဘူးလား။

အဲဒါဘာလဲ၊ ဝေဒနာပစ္စယာ ပသာဒေါ၊ ဝေဒနာကိုအကြောင်းပြုပြီးတော့ ပသာဒသဒ္ဓါဖြစ်နေတာယ်။ စိတ်ကြည်လင်နေတယ်တဲ့နော်။ ပသာဒပစ္စယာ အဓိမောက္ခောလို့ ဆိုတဲ့အတိုင်း စိတ်ကြည်လင်ခြင်း ပသာဒသဒ္ဓါက အဆင့်ဆင့်တက်ပြီး အားကောင်းလာတော့ အဓိမောက္ခသဒ္ဓါ ဖြစ်လာတယ်တဲ့။ တဏှာ နေရာမှာ ပသာဒဝင်တယ်။ ဥပါဒါန်နေရာမှာ အဓိမောက္ခ ဝင်တယ်။ ပဋိစ္စသမုပ္ပါဒ် အစဉ်ကလေ ဝေဒနာပစ္စယာ တဏှာ။ တဏှာပစ္စယာ ဥပါဒါန် ကိုး။ တဏှာနေရာမှာ ပသာဒသဒ္ဓါ၊ဥပါဒါန်နေရာမှာ အဓိမောက္ခသဒ္ဓါ။ အဲဒီ အဓိမောက္ခသဒ္ဓါဝင်လာတဲ့ ယောဂီပုဂ္ဂိုလ်ဟာ ဘယ်မှာ တရားရှာစရာလိုတော့သလဲ၊ ဒီတရားက လမ်းမှန်ပါကလားလို့ တခါထဲ တထစ်ချ ဆုံးဖြတ်ချက်ချပစ်လိုက်နိုင်တယ်။

မှန်လိုက်တဲ့တရား၊ ဟုတ်လိုက်တဲ့ တရား၊ ဘာတရားမှ အထူးလိုက်ရှာနေစရာမလိုတော့ဘူး။ ဒီတရားမှဘုရားပေါ်ပြီးတော့ ဒီလို ဆုံးဖြတ်ချက် ချလိုက်လို့ရှိရင် ဝိစိကိစ္ဆာ ဖြစ်အုံးမလား။ အဲဒီလိုဆုံးဖြတ်ချက် ချနိုင်လောက်တဲ့ သဒ္ဓါရှိရမယ်။ ဘုရားနဲ့စပ်ရင်လဲ ဒီဘုရားမှ ဘုရား ဟ နော်။ အရဟံ သမ္မာသမ္ဗုဒ္ဓေါ။ ဝိဇ္ဇာစရဏ သမ္ပန္နော၊ သုဂတော လောကဝိဒူ အနုတ္တရော ပုရိသ ဒမ္မသာရထိ၊ သတ္ထာဒေဝ မနုဿာနံ ဗုဒ္ဓေါ ဘဂဝါ။ ဂုဏ်တော်ကိုးပါးလေ။ ဒီဂုဏ်တော်ကိုးပါး ဘာလုပ်ဘို့ ဟော ထားပါလိမ့်။ ရွှေများ စစ်မစစ် မှတ်ကျောက်ဘောင်ကြည့်ရတယ်။ မှတ်ကျောက် အတောင်ခံနိုင်တဲ့ရွှေမှ ရွှေစစ်တယ်။ မှတ်ကျောက် ပေါ်တောင်ကြည့်လိုက်ရင် ရွှေစစ်မစစ် မသိနိုင်ဘူးလား။

အေး လောကကြီးမှာ သူကလဲ ဘုရား ငါကလဲ ဘုရား နဲ့ ဘုရားတွေ များလိုက်တာနော်၊ အရဟံမှတ်ကျောက်၊ သမ္မာသမ္ဗုဒ္ဓ မှတ်ကျောက်၊ ဝိဇ္ဇာစရဏသမ္ပန္နံ မှတ်ကျောက်၊ သုဂတ မှတ်ကျောက်၊ လောကဝိဒူ မှတ်ကျောက်၊ အနုတ္တရောပုရိသဒမ္မ သာရထိ မှတ်ကျောက်၊ သတ္ထာဒေဝမနုသာနံ မှတ်ကျောက်၊ ဗုဒ္ဓ မှတ်ကျောက်၊ ဘဂဝါ မှတ်ကျောက် ဆိုတဲ့ မှတ်ကျောက် ကိုးလုံးနဲ့ တင်ကြည့်စမ်းပါ။ ဘုရားဟုတ်မဟုတ်၊ မှတ်ကျောက် အဘင်ခံနိုင်ရင်တော့ ဘုရားပေါ့၊ အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဆိုတဲ့ ဂုဏ်တော်တွေကို အလကား ဟောထားတာ မဟုတ်ဘူး၊ ဘုရား ဟုတ်မဟုတ်ကို မှတ်ကျောက် တင်ကြည့်ဘို့ ဟောထားတာ။ အရဟံ သမ္မာသမ္ဗုဒ္ဓ စသော ဂုဏ်တော်တွေကို အာရုံပြုစမ်း ပါတဲ့ အရဟံဝတ သောဘဂဝါ သောဘဂဝါ၊ ထိုမြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးသည် အရဟံဝတ ကိလေသာ ရန်သူကို သတ်တော်မူနိုင်ပါပေစ့ တကား စသည်ဖြင့် မြတ်စွာဘုရား၏ ဂုဏ်တော်တခုခုကို စူးစိုက်ပြီးတော့ အာရုံပြုနဲ့စမ်း။

မြတ်စွာဘုရား၏ ဂုဏ်တော်တခုခုကို စူးစိုက်ပြီးတော့ အာရုံပြုနေတော့ ဘယ်လိုဖြစ်လာမလဲ၊ ဟာ ဒါမှ ဘုရားစစ် ဘုရား မှန်ဟာ အဲဒီလို ဆုံးဖြတ်နိုင်လာပါလိမ့်မယ်၊ တရားဂုဏ်တော် တခုခုကို အာရုံပြုရင်လဲ ဒါမှ တရားစစ်တရားမှန်ဟာ၊ သံဃဂုဏ်တော် တခုခုကို အာရုံပြုရင်လဲ ဒါမှ သံဃာစစ်သံဃာမှန်ဟာ၊ အဲဒီလို ဆုံးဖြတ်နိုင်လာပါလိမ့်မယ်၊ သံဃာစစ်သံဃာမှန်က ဘယ်က စလာသလဲ၊ ဟော မြတ်စွာဘုရား ပဉ္စင်တော် မူပြီးနောက် ဓမ္မစက်ကြာတရားကို မဟောဘူးလား၊ ဓမ္မစက်ကြာတရားဟောတော့

ဘယ်သူစပြီး ဧဟိဘိက္ခု ရဟန်းဖြစ်သလဲ၊ ကောဏ္ဍည မထေရ် ဧဟိဘိက္ခုရဟန်း ဖြစ်တယ်မဟုတ်လား၊ အေး အဲဒါ သံဃာ အစနော်၊ နောက်လဆုတ် တရက် နှစ်ရက် သုံးရက် လေးရက် ထိအောင် တပါးစီတပါးစီ သောတာပန်ဖြစ်ပြီးတော့ ဧဟိဘိက္ခု ဖြစ်ဖြစ်သွားကြတယ် မဟုတ်လား၊ ငါးရက်မြောက်တဲ့ နေ့ကျတော့ ငါးပါးစလုံး ဆုံပြီးတော့ အနတ္တလက္ခဏသုတ်ကို ဟောလိုက်တော့ ရဟန္တာတွေ ဖြစ်မသွားဘူးလား၊ အဲဒါ သံဃာ အစ၊ ဒါမှ သံဃာစစ် ဒါမှ သံဃာမှန် သုံ့ဃာဆိုတာ အဲဒါ။

အေး ဒီကော့ ဘုရားမှန်ကို သိတယ် တရားမှန်ကိုသိတယ် သံဃာမှန်ကိုသိတယ် ဆိုတော့ ဒီပုဂ္ဂိုလ်ဟာ ဘုရား တရား သံဃာပေါ်မှာ မဆုံးဖြတ်နိုင်တဲ့ စိတ် လာပါအုံးမလား မလာတော့ဘူး ဒါဖြင့် မဆုံးဖြတ်နိုင်တဲ့ ဝိစိကိစ္ဆာစိတ်ကို ဘာနဲ့ ပယ်ရမလဲဆိုတော့ သဒ္ဓါနဲ့ပယ်ပါတဲ့၊ ဒါဖြင့် သဒ္ဓါရအောင် ဘယ်နယ် လုပ်မယ်၊ အေး သဒ္ဓါရအောင် ဘုရားဂုဏ် တရားဂုဏ် သံဃာဂုဏ် အဲဒီဂုဏ်တော်တွေကို အဖန်ဖန် အထပ်ထပ် အာရုံပြုရတယ်၊ ဒီလို ပုတီးလက်သုံးစွပ်ပြီးတော့ ရမ်းသလို ပုတီးပတ်ပေါင်း များများရတဲ့ဟာမျိုး မဟုတ်ဘူး။ ဂုဏ်တော် တခုခုကို အာရုံစိုက် ဘယ်ဂုဏ်တော်ကို ကိုယ် စိတ်ထဲက အထူးကြည် ညိုသလဲ အဲဒီ ကိုယ်ကြည်ညိုတဲ့ဂုဏ်တော်ကို အာရုံစိုက်ရတယ်။

ကိုလေသာ ရန်သူတို့မှ ဝေးတော်မူသော ကိုယ်တော် မြတ်ကြီးပါတကား၊ ကိလေသာရန်သူတို့ကို သတ်တော်မူနိုင်တဲ့ ကိုယ်တော် မြတ်ကြီးပါတကား၊ သစ္စာ ၄-ပါး မြတ်တရားကို

ကိုယ်တော်တိုင် ထိုးထွင်းချသိတော်မူသော ကိုယ်တော်မြတ်ကြီး ပါတကား၊ စသည်ဖြင့် တခုခုကို စိုက်ပြီးတော့ အာရုံပြုရတယ်၊ တခုခုကို စိုက်ပြီး အာရုံပြုလိုက်ရင် ကိုယ်တော်မြတ်ကြီးရဲ့ တန်ခိုးသတ္တိ ထွက်မလာဘူးလား၊ ကြည်ညိုဖွယ် သန်လာရင် ဒီပုဂ္ဂိုလ် သဒ္ဓါစိတ် မဖြစ်ဘဲနေအုံးမလား၊ ဒါမှဘုရားဟာဆိုတဲ့ ဆုံးဖြတ်နိုင်တဲ့ သဒ္ဓါစိတ် မလာဘူးလား၊ အဲဒါကြောင့် ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာဂုဏ် ဆိုတဲ့ ဂုဏ်ကို အဖန်ဖန် ပွားများရတယ်၊ ဒီဂုဏ်တွေက သဒ္ဓါကို ဖြစ်စေတတ်တဲ့ အနုဿတိ (၇) ပါး—

၁။ ဗုဒ္ဓါနုဿတိ
၂။ ဓမ္မာနုဿတိ
၃။ သံဃာနုဿတိ
၄။ သီလာနုဿတိ
၅။ စာဂါနုဿတိ
၆။ ဒေဝတာနုဿတိ
၇။ ဥပသမာနုဿတိ

ဆိုတဲ့ အနုဿတိ (၇) ပါးကို ပွားများရင် သဒ္ဓါဖြစ်စေတတ်တယ်နော်၊ ကနေ့တော့ အကျယ်တဝင့် ဟောဘို့ အချိန်မရတော့ဘူး ငါးနာရီ ထိုးသွားပြီ ဒီတော့—

၁။ ကာမစ္ဆန္ဒနီဝရဏာ
၂။ ဗျာပါဒနီဝရဏာ

၃။ ထိနမိဒ္ဓ နီဝရဏာ

၄။ ဥဒ္ဓစ္စကုက္ကုစ္စ နီဝရဏာ

၅။ ဝိစိကိစ္ဆာ နီဝရဏာ

ဆိုတဲ့ နီဝရဏာငါးပါးကို ရေဘွက်ဘုတ်ပြီမဟုတ်လား၊ အခိပ္ပါယ်ကို ပြောတတ်ပြီမဟုတ်လား။

(၁) ကာမစ္ဆန္ဒ နီဝရဏာက အလိုရှိသည်ကို လိုလား တောင့်တတဲ့ လောဘ။

(၂) ဗျာပါဒ နီဝရဏာက သူတပါးကို ပျက်စီးစေလိုတဲ့ ဒေါသ။

(၃) ထိနမိဒ္ဓ နီဝရဏာက ထိုင်းမှိုင်းလေးလံခြင်း။

(၄) ဥဒ္ဓစ္စကုက္ကုစ္စ နီဝရဏာက စိတ် မငြိမ်သက်ခြင်း၊ စိတ်ပူပန်ခြင်း။

(၅) ဝိစိကိစ္ဆာ နီဝရဏာက အာရုံကိုမဆုံးဖြတ်နိုင်ခြင်း။

အာရုံကိုမဆုံးဖြတ်နိုင်တော့ သို့လော သို့လော ဖြစ်တာပေါ့။ ဒီနီဝရဏာငါးပါးကို ပယ်မှသာလျှင် သတိဖြစ်နိုင်တော့မပေါ့။ နီဝရဏာငါးပါး မပယ်နိုင်ရင် ဘယ်နှယ်လုပ် သတိဖြစ်မလဲ။

ဒါကြောင့်- ကဲယေ ကာယာ နုပဿီ ဝိဟရတိ၊ အာတာပီ သမ္ပဇာနော သတိမာဝိနေယျလောကေ- အဘိဇ္ဈာ-

ဒေါမနဿံ၊ ဟုတ်လား။ အဘိဇ္ဈာဆိုတာက ကာမစ္ဆန္ဒနိဝရဏကိုပြောတာ၊ ဒေါမနဿ ဆိုတာက ဗျာပါဒနိဝရဏကိုပြောတာ၊ ဒီနိဝရဏနှစ်ပါးကို ပယ်ဖျောက်၍၊ ပယ်ဖျောက်သည်ရှိသော်-ပယ်ဖျောက်ခြင်းကြောင့်။ သတိမာ၊ သတိရှိတဲ့ပုဂ္ဂိုလ် ဖြစ်တယ်၊ ဒီလိုမဟုတ်လား။ ဒီနိဝရဏငါးပါးမှ မပယ်နိုင်ဘဲနဲ့ ဘယ်နယ် သဘိရှိတဲ့ပုဂ္ဂိုလ် ဖြစ်မလဲ။ သတိရှိတဲ့ပုဂ္ဂိုလ်မဖြစ်ရင် သတ္တိပဋ္ဌာန် ဘယ်လိုလုပ်မလဲ။

ဒီတော့ သတ္တိပဋ္ဌာန်လုပ်မဲ့ပုဂ္ဂိုလ်က ဘာကိုပယ်ရမယ်။ နိဝရဏကိုပယ်ရမယ်၊ နိဝရဏက ကာမစ္ဆန္ဒနိဝရဏ၊ ဗျာပါဒနိဝရဏ၊ ထိနမိဒ္ဓနိဝရဏ၊ ဥဒ္ဓစ္စကုက္ကုစ္စနိဝရဏ၊ ဝိစိကိစ္ဆာဆိုဘဲ့ နိဝရဏ - နိဝရဏ ၅ မျိုးတို့ဘွင် ဘယ်နိဝရဏဘဲဖြစ်ဖြစ် ကိုယ့်ရင်ထဲမှာဖြစ်လာရင် ကိုယ်မသိဘူးလား။ သိရင် ဒီပြင်ဟာ လုပ်မနေနဲ့တော့။ ရင်ဆဲစိုက်ပြီးတော့ သတိသာကြပ်ကြပ်လုပ်၊ ဒါသဘိပဋ္ဌာန်လုပ်ဆုံးလဲကျဘယ်။ သဘိပဋ္ဌာန်လုပ်ဆုံးကျတော့ လောဘဖြစ်တာ သိတယ်၊ ဒေါသဖြစ်တာ သိတယ်၊ ထိနမိဒ္ဓဖြစ်တာသိဘယ်၊ ဥဒ္ဓစ္စကုက္ကုစ္စဖြစ်တာသိတယ်၊ ဝိစိကိစ္ဆာဖြစ်တာသိတယ်ဆိုပါတော့။ ဒါတွေဟာ ပညတ်တွေလား၊ သဘာဝတွေလား၊ သဘဲဘာဝတွေပေါ့။ သဘာဝဖြစ်ရင် ရူပ်တွေလား၊ နာမ်တွေလား၊ နာမ်တွေပေါ့။ နာမ်တရားဆိုရင် ရူပ်နဲ့ကောကင်းလို့ ဖြစ်ပါမလား၊ ရူပ်မို့ ဖြစ်ရမှာမဟုတ်လား။ ဒါဖြင့်-

"ကာယဝေဒနာ၊ စိတ္တဓမ္မာ၊ ဤ လေးဝထဲ၊ သတိမြဲက၊ ဖြစ်ဆဲရူပ်နာမ်၊ အမြင်ဉာဏ်၊ အမှန်ရတော့သည်။"

ခန္ဓာကိုယ်ထဲ စိုက်လိုက်တော့ ဘဲဘဖြစ်သလဲ၊ ကားယ သို့မဟုတ် ဝေဒနာ၊ သို့မဟုတ် စိတ်၊ သို့မဟုတ် ကာမစ္ဆန္ဒ အစရှိသော သဘဝမှမွေတွေ့၊ ဒီလေးပါး တပါးပါးမတွေ့ပေဘူးလား။ တွေ့ရင် ဒါတွေဟာ ရုပ်နာမ်မဟုတ်ဘူးလား၊ အစတော့ သတိသမာဓိအား သေးသေးတော့ အပေါင်းလိုက်အစုလိုက်တွေ့တယ်၊ နောက် သတိသမာဓိအား ကောင်းလာတော့ ဉာဏ်ထက်လာတော့ ဟာ-ဒီလိုကိုးဆိုပြီးတော့ ဒါကဘာတဲ့၊ ဒါကဘာတဲ့လို့ တခုချင်းကဲ့ပြားအောင် တွေ့တယ်၊ အဲဒီတခုချင်းကဲ့ပြားအောင် တွေ့လို့ရှိရင် ယောဂီပုဂ္ဂိုလ်သည် ရုပ်နာမ်မြင်တဲ့ ဉာဏ်မပေါ်ဘူးလား။ ရုပ်နာမ်မြင်တဲ့ ဉာဏ်ပေါ်ရင် သက္ကဲ့ယဒိဋ္ဌိ မကပ်နိုင်ပါဘူး။ ရုပ်နာမ်မြင်တဲ့ ဉာဏ်မပေါ်ဘဲနဲ့ စိတ်ကူး စဉ်းစား ဉာဏ်မျိုးနဲ့တော့ ဘယ်နည်းနဲ့မှ သက္ကာယဒိဋ္ဌိ မကွာဘူး။ ဒါကြောင့် သက္ကာယဒိဋ္ဌိ ကွာချင်လို့ရှိရင် ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မဆိုတဲ့ သတိပဋ္ဌာန်လေးပါးဖြစ်ရာ ခန္ဓာကိုယ် အတွင်းမှာ စိတ်စိုက်ပြီးတော့ မပြတ်မလပ် အာဒုးထုတ်။ မပြတ်မလပ် အာဒုးထုတ်ရင် တခုခုတော့ တွေ့မယ်။ ခန္ဓာကိုယ်ထဲမှာ ရုပ်နာမ်ကလွဲရင် ဘာတွေ့အုံးမှာလဲ၊ ဘာမှမတွေ့ပါဘူး။ အဲဒီလိုရုပ်တွေ့နာမ်တွေ့ တကယ်သာတွေ့ရိုးမှန်ရင် ခေါင်း ကိုယ် ခြေ လက်အစရှိသော ပညတ် ဖြုတ်ခနဲ့လွတ်သွားလိမ့်မယ်၊ ခေါင်း ကိုယ် ခြေလက်အစရှိတဲ့ ပညတ် လွတ်သွားရင် သက္ကာယဒိဋ္ဌိ လွတ်မသွားဘူးလား။ သက္ကာယဒိဋ္ဌိကွာရင် တရားအလုပ်လုပ်တဲ့ ပုဂ္ဂိုလ်ဟာ လမ်းချော်သွားအုံးမလား။

ဒါကြောင့် ဒီစာကလေးကို ရေးထားတာ။

"ကာယဝေဒနာ၊ စိတ္တဓမ္မ၊ကျွှေလေးဝဲ၊သတိမြဲက၊ ဖြစ်ဆဲ ရုပ်နာမ်၊ အမြင်ဉာဏ် အမှန်ရတော့သည်။"

အေး.... ရုပ် နာမ် မြင်သော ဉာဏ်ရလိမ့်မယ်။ ရလို့ရှိရင် ဘာဖြစ်တယ်။

"ရုပ်နာမ်ကိုမြင်၊ ဒိဋ္ဌိစင်၊ လမ်းစဉ်မှန်တော့သည်။"

ဒိဋ္ဌိစင်ရင် ဒီလမ်းစဉ်ဟာ ဇောက်အုံးမလား။

'ရုပ်နာမ်မြင်သိ၊ ဉာဏ်မရှိဘဲ၊ ဒိဋ္ဌိတန်းလန်း၊ ဆင်ကန်းတောတိုး သဘောမျိုး-ဟုတ်နိုးထင်တတ်သည်၊"

ဒိဋ္ဌိမစင်ရင်ဖြင့် ငါသိတန်းလန်းနဲ့ မနေဘူးလား။ ဘာသိသလဲ၊ ရုပ်၊ ငါသိတယ်။ နာမ်၊ ငါသိတယ်။ ဒုက္ခနိစ္စ ငါသိတယ်။ ဒုက္ခ ငါသိတယ်။ အနတ္တ ငါသိတယ် ဟုတ်လား။ ဒီလိုဟောပြော မနေဘူးလား။ ဘယ်သူသိသလဲ၊ငါဟုတ်လား။ အဲဒီငါသိတန်းလန်းကြီးနဲ့ ဆင်ကန်းတောတိုး အသိမျိုးကို အဟုတ်ထင်ပြီးတော့ လူလယ်ခေါင် ပြောဇနဲ့တာ ဘယ်လောက် ရှက်စရာကောင်းသလဲ နော်။ ပြီးတော့မှ "ဒိဋ္ဌိကင်းစင်၊ လမ်းစဉ်မစောင်း၊ လုပ်ထုံးကောင်းကို ရင်ကြောင်းရရန်၊ ကျင့်လမ်းမှန်၊ ကေန်ရှာသင့်သည်။" အဲဒီလုပ်ထုံးကောင်း လမ်းစဉ်မစောင်းနိုင်တဲ့ ဒိဋ္ဌိကင်းစင်မဲ့ လုပ်ထုံးကောင်းကိုရှာသင့်သလား၊ မရှာသင့်ဘူးလား။ ရှာသင့်ပါတယ်။

အဲဒီလုပ်ထုံးကောင်းကိုရှာပြီးတော့ သက္ကာယဒိဋ္ဌိကွာနိုင်တဲ့ ရုပ်မြင် နာမ်မြင် တရားကို အားထုတ် နိုင်ကြပါစေ သတည်း။

သာဓု၊ သာဓု၊ သာဓုပါ ဘုရား။

၁၃၃၁-ခု ဝါခေါင်လဆန်း ဂ-ရက်နေ့တွင်
မြောင်းမြမြို့ ဝေဠုဝတီ ကမ္မဋ္ဌာန်းတိုက်
ကျောင်းရှင် ဝေဠုဝတီ ဆရာတော်ဘုရားကြီး
ဟောကြားတော်မူ အပ်သော-

စံတုတ္ထအကြိမ်မြောက်
မဟာသတိပဋ္ဌာန်တရားတော်

တရားကို ဖုံးအုပ်တတ်တာ ဘာလဲ၊ နီဝရဏပါ ဘုရား။ ၎င်းနီဝရဏသည် ဘယ်နှစ်ပါး၊ ငါးပါးပါဘုရား။ ၁။ ကာမစ္ဆန္ဒနီဝရဏ၊ ၂။ ဗျာပါဒနီဝရဏ၊ ၃။ ထိနမိဒ္ဓနီဝရဏ၊ ၄။ ဥဒ္ဓစ္စကုက္ကုစ္စ နီဝရဏ၊ ၅။ ဝိစိကိစ္ဆာ နီဝရဏ။

၁။ ကာမ-အလိုရှိသည်ကိုဆန္ဒ- လိုလားတောင့်တခြင်း။
၂။ ဗျာပါဒ-သူတပါးကို ပျက်စီးစေလိုသော ဒေါသဖြစ်ခြင်း။
၃။ ထိနမိဒ္ဓ- ထိုင်းမှိုင်းလေးလံခြင်း။
၄။ ဥဒ္ဓစ္စကုက္ကုစ္စ-ပျံ့လွင့်ခြင်း။
၅။ ဝိစိကိစ္ဆာ—သို့လော သို့လော တွေးတော ယုံမှားဖြစ်နေ၍ အာရုံကို တထစ်ချ မဆုံးဖြတ်နိုင်ခြင်း။

အဲဒီငါးပါး ရင်ထဲနှလုံးထဲမှာရှိနေရင် တရားကို ဖုံးအုပ်ပြီးတော့ ထားတယ်။ ဒါကြောင့် ဒီငါးပါးကို နီဝရဏ၊ တရားအလိုရှိတဲ့ပုဂ္ဂိုလ်ဟာ ဒီနီဝရဏကို အရင်ပယ်ထုတ်ရမယ်။

ကျမ်းဂန်ကတော့ ကာမစ္ဆန္ဒနိဝရဏကိုအသုဘ၊ ဗျာပါဒနိဝရဏကို မေတ္တာ၊ ထိနမိဒ္ဓနိဝရဏကို ဝီရိယ၊ ဥဒ္ဓစ္စကုက္ကုစ္စနိဝရဏကို သမာဓိ၊ ဝိစိကိစ္ဆာနိဝရဏကို သဒ္ဓါနဲ့သတ်။ အဲဒီလို ဆိုတယ်။ သတိပဋ္ဌာန်လုပ်ထုံးနဲ့တော့ ဖြစ်လာတဲ့ နိဝရဏကို ရှင်ထဲမှာစိုက်ပြီးရှု။

နိဝရဏပဗ္ဗမှာ သန္တံဝါအစ္ဆတ္တံ ကာမစ္ဆန္ဒံ အတ္ထိ မေ ကာမစ္ဆန္ဒောတိ ပဇာနာတိ။

ဖြစ်တဲ့နေရာ ဝိုက်ရှုလိုက်လို့ဆိုတာ။ အစ္ဆတ္တံ၊ မိမိအတွင်း သန္တောန်ဉ်။သန္တံဝါ၊ ဖြစ်သောအားဖြင့်ဆင်ရှားရှိသည်လည်းဖြစ်သော။ ကာမစ္ဆန်း၊ကာမစ္ဆန္ဒနိဝရဏသည်။အတ္ထိ၊ရှိ၍နေ၏။ကွတိ၊ ဤသို့။ ပဇာနာတိ၊သိအောင်အားထုတ်ရမည်။ ဟော-ပါဠိတော်တိုက်ရိုက် ဘာမှပြောနေစရာမလိုဘူး။ တစုံတခုသော အာရုံကို လိုလားတောင့်တနေတဲ့ လောဘ၊ ကိုယ့်ရင်ထဲဖြစ်နေတာ ကိုယ် မသိနိုင်ကြဘူးလား သိနိုင်ပါတယ်၊ အေး.... ဒီလိုသိနိုင်ရင် လောဘဖြစ်တာကို သိနေတဲ့စိတ် တခြားမထွက်စေနဲ့၊ ဒီပြင်တရားအထူးမလုပ်နဲ့တော့၊ အဲဒီလောဘကိုဘဲ ဂရုတစိုက် သတိထားပြီး သိနေလို့ဆိုလိုတယ်။ ဒေါသဖြစ်လဲဘဲ ဒီအတိုင်း၊ ဘယ်နိဝရဏဘဲဖြစ်ဖြစ် ဖြစ်လာတဲ့နိဝရကို သတိမလစ်စေနဲ့လို့ ဒါကိုပြောတာ။

အဲဒါကိုသိအောင် အားထုတ်လိုက်လို့ရှိရင် မကြာဘူး၊ ဘယ်နိဝရဏဘဲဖြစ်ဖြစ် ချက်ခြင်းပျောက်သွားတာဘဲ၊ အဲဒီလို ပျောက်သွားလို့ နိဝရဏကုန်တော့မှ သတိပဋ္ဌာန် ဆက်လုပ်၊

ဒါကြောင့်- ပဋ္ဌနိဒါရကော၊ နိဝရဏ အဖုံးတရားငါးပါးတို့ကို။ ဟိတ္ဝာ။ ပယ်စွန့်၍။ သတိ၊ ကာယဝေဒနာစိတ္တ၊ ဓမ္မဟူသော သတိလေးပါးကို။သုပဋ္ဌိတံ၊ ကောင်းစွာထင်ရှားသည်ကို။ ကတ္ဝာ၊ ပြု၍။ နိဝရဏကိုပယ်ပြီးတော့မှ သတိပဋ္ဌာန်လေးပါးကို ထင်ရှားအောင် လုပ်ပါတဲ့။ သတိပဋ္ဌာန်လေးပါး ထင်ရှားအောင်လုပ်တော့။ ကာယ၊ဝေဒနာ၊ စိတ္တ၊ ဓမ္မ ၄ပါးတို့တွင် ကာယသည် သတိပဋ္ဌာန်တပါး၊ ဝေဒနာသည် သတိပဋ္ဌာန်တပါး။ စိတ္တသည် သတိပဋ္ဌာန်တပါး။ ဓမ္မသည် သတိပဋ္ဌာန်တပါးလို့ အဲဒီလို ထင်နေလိမ့်မယ်။ ကာယ၌ စဲမြဲတည်နေသော သတိပဋ္ဌာန်တပါး၊ ဝေဒနာ၌ စွဲမြဲတည်နေသော သတိပဋ္ဌာန်တပါး၊ စိတ်၌ စွဲမြဲတည်နေသော သတိပဋ္ဌာန်တပါး၊ ဓမ္မ၌ စွဲမြဲတည်နေသော သတိပဋ္ဌာန်တပါးလို့ ကာယ၊ ဝေဒနာ စိတ္တ၊ ဓမ္မအားအာရုံအဖြစ်နဲ့ထား သတိပဋ္ဌာန်ဆိုတာက သတိ၊ သတိပဋ္ဌာန်နဲ့ အာရုံနဲ့ ကဲ့ပေစေ၊ သတိပဋ္ဌာန်ဆိုတာ သတိကိုဘဲ ပြောတာ။ ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မဆိုတာက အာရုံကိုပြောတာ။

အဲဒီတော့- ဒီသတိပဋ္ဌာန်လေးပါးတို့တွင် ပဌမ ဧဝံ-မေသုတံ-ကစ၍ တေဒဝေါစတိုင်အောင် အဲဒီ ပါဠိတော်ကို နိဒါန်းလို့ခေါ်တယ်။ဧဝံမေသုတံကစ၍ တေဒဝေါစတိုင်အောင် ဘာခေါ်တယ်၊ နိဒါန်းခေါ်တယ်။ ကောယနော အယံဘိက္ခဝေ မဂ္ဂေါကစ၍ ယဒိဒံစတ္တာရော သတိပဋ္ဌာနာတိုင်အောင် သတိပဋ္ဌာန် အကျိုးပြ။

သတိပဋ္ဌာန်မှာ ဒီအကျိုး ဒီဒးကျိုး ရှိတယ်။ သတ္တာနံ ဝိသုဒ္ဓိယာ ဉာယဿ အဓိဂမာယ နိဗ္ဗာနဿ သစ္ဆိကိရိယာယ၊

သတိပဋ္ဌာန်အားထုတ်လို့ ရှိရင် ဒီအကျိုးနဲ့ပြည့်စုံတယ်လို့ ပြော တာ၊ ကိလေသာစင်ကြယ်နိုင်တယ်၊ သောကပရိဒေဝ လွန် မြောက်နိုင်တယ်၊ ဒုက္ခဒေါမနဿ ချုပ်ငြိမ်းနိုင်တယ်၊ အရိယာ မဂ်ကိုရနိုင်တယ်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တယ်၊ သတိပဋ္ဌာန် အကျိုးဟာ ဒီလောက် များတယ်လို့ သတိပဋ္ဌာန်မဟောခင် သတိပဋ္ဌာန်၏အကျိုးကို ဖြတာ။

သတိပဋ္ဌာန်အကျိုး သိတော့မှ- အော်.... ဒီလောက် ကောင်းတဲ့ သတိပဋ္ဌာန် ပါကလားဆိုပြီး၊ လုပ်ချင်အောင် ပြီး တော့မှ ကတာမေးတွာရော ကစပြီးတော့မှ နောက်ဆုံးပိတ် ဓမ္မသု ဓမ္မာနုပဿီ ဝိဟရတိ သမ္ပဇာနော သတိမာ ဝိနေယျ-လောကေ အဘိဇ္ဈာ ဒေါမနဿံ တိုင်အောင် အဲဒီပါဠိတော်က ဥဒ္ဒေသပါဠိတော်၊ သတိပဋ္ဌာန်ခေါင်းစဉ်ကို ပြလိုက်တဲ့ ပါဠိ တော်တဲ့၊ ဥဒ္ဒေသဆိုတာ အကျဉ်းဘဲ။ အဲဒီတော့ ဘာပြောပြော နားလည်ပါပြီ။

ကာယာနုပဿနာသတိပဋ္ဌာန်၊ဝေဒနာနုပဿနာသတိပဋ္ဌာန်၊ စိတ္တာနုပဿနာ သတိပဋ္ဌာန်၊ ဓမ္မာနုပဿနာ သတိပဋ္ဌာန်လို့ သတိပဋ္ဌာန် ဘယ်နှစ်ပါး၊ လေးပါးပါဘုရား။ အေး.... သတိ ပဋ္ဌာန်လေးပါးရှိကြောင်းတော့ နားလည်ပါပြီ။ အဲဒီသတိပဋ္ဌာန် ကို လက်မလွတ်စေရဘူးတဲ့။ နေ့ရော, ညရော အမြဲမပြတ် ကာယ ဖြစ်ဖြစ်၊ ဝေဒနာဖြစ်ဖြစ်၊ စိတ္တဖြစ်ဖြစ်၊ ဓမ္မဖြစ်ဖြစ်၊ လေးပါး မဟုတ်ပေမယ်လို့ တခုခု ကာယပေါ် စိတ်ရောက်ချင်လဲရောက် မယ်၊ ဝေဒနာပေါ် စိတ်ရောက်ချင်လဲ ရောက်မယ်၊ စိတ်ပေါ် စိတ်ရောက်ချင်လဲ ရောက်မယ်၊ ဓမ္မပေါ်စိတ်ရောက်ချင်လဲရောက်

မယ်။ အဲ့ဒီဘခုခုသောအာရုံကို မပြတ်မလတ် အာရုံပြုပြီးနေရ တယ်။ မပြတ်မလပ်အာရုံပြုပြီးနေလို့ တရားရရောလား၊ မပြတ် မလပ် အာရုံပြုပြီး နေပေမယ်လို့ တရားကတော့ မရသေးဘူး။ တရားကိုက သတိပဋ္ဌာန်ဆိုတာ ပုဗ္ဗဘာဂမင်္ဂ၊ တရားမရမီ ရှေး အဘို့မှာ အားဆုတ်ရမဲ့ တရားလို့ ဆိုလိုတယ်။ သတိပဋ္ဌာန်ကို မပြတ်မလပ် လေ့ကျင့်နေတဲ့ပုဂ္ဂိုလ်ဟာ အကြောင်းတစုံတရာနဲ့ ဆုံလို့ သံဝေဂ ဖြစ်စရာနဲ့ ကြုံတော့ကာ အဲဒီမှာ နှင်လား ငါလား စွန့်ပြီးတော့ အားထုတ်သိုက်၊ အဲဒီအခါမှာ တရားရ တယ်။ တရားရချင်တဲ့ အခါမှာ တရားရဘို့ရာ ဒီက အလေ့ အကျင့်လုပ်ထားနှင့်ရမယ်လို့ ဆိုလိုတာ။

နမော တေ ပုရိသာ ဇညေ၊ နမော တေ ပုရိသုတ္တမ။
ယဿ တေ အာသဝါ ခီဏာ၊ ဒက္ခိဏေယ္ယောသိ မာရိသ။

ကဿကလိုက်မှာ သီတင်းသုံးတဲ့ အရှင်မိတ္တ မထေရ်တဲ့။ ကဿက ဆိုတာက လယ်တောပါဘဲ၊ လယ်တောမှာ လှိုက်ဂူ တခုရှိတယ်ဘဲ့။ အဲဒီလိုက်ဂူမှာ သီတင်းသုံးပြီးတော့ သတိပဋ္ဌာန် အလုပ်ကို အားထုတ်နေတဲ့ အရှင်မိတ္တမထေရ် ဘာလုပ်တယ်။ သတိပဋ္ဌာန်အလုပ် လုပ်နေပါတယ် ဘုရား။ အားထုတ် နေတဲ့ ဘာမထေရ်၊ အရှင်မိတ္တမထေရ်ပါဘုရား၊ အဲဒီအရှင်မိတ္တမထေရ် ကို သမီးကလေးတယောက်ရှိတဲ့ မုဆိုးမကြီးက အပြဲမပြတ် ကိုး ကွယ်ပြီးတော့ ဆွမ်းကပ် လှူဒါန်းနေတယ်။ သူကလဲ ဆွမ်းခံ သွားရင် အဲဒီ အိမ်ကိုဘဲ သွားတော့တာဘဲ၊ အဲဒီ ဆွမ်းခံအိမ် သွားလို့ရှိရင် ဒီအိမ်က ကောင်းကောင်းမွန်မွန် ချက်ပြုတ်ပြီး

လောင်းလိုက် လျှုံလိုက်၊ သူလဲ အမှတ်တမဲ့ စားသောက်နေတာဘဲ၊ သို့ပေမဲ့ အလှတ်ဇောမဟုတ်ဘူး၊ သူဘရားအားထုတ်နေတဲ့ ပုဂ္ဂိုလ်ဘဲ၊ သတိပဋ္ဌာန်ကို အမြဲမပြတ် လေ့လာနေပုံရတယ်။

အဲဒါ တနေ့သဋ္ဌကျတော့ အိမ်နားရောက်သွား၊ အိမ်နားရောက်သွားတော့ သပိတ်အိတ်ထဲက သပိတ်ကို ထုတ်နေတုံး၊ အိမ်အနီးအနားမှာ မတ်တတ် ရပ်နေတုံး၊ အမေလုပ်တဲ့ သူက သမီးကိုမှာတယ်၊ "ချစ်သမီး တို့အရှင်မိုးတွေ့ မဘေရ် ကြွလာလိမ့်မယ်၊ ကြွလာတဲ့အခါ ဆန်အိုးထဲမှာ ဆန်ရင်းသား သလေးဆန့်ရှိတယ်၊ အဲဒီ သလေးဆန်ကို ကောင်းကောင်းမွှန်မွှန်ဆုံးချက်ပြီးတော့ ထောပတ်တို့၊ ပျားတို့နဲ့ ရဲအောင်ဆန်းပြီးတော့ လောင်းလိုက်၊ အကြွင်းအကျန်တော့ ငါ့သမီးစား၊ အမေတော့ ညကကျန်တဲ့ ထမင်းခြမ်းခဲကလေးနဲ့ ဆန်ပုန်းရည်ကလေးနဲ့စားပြီးပြီ၊ ငါ တောသွားပြီး ထင်းခွေအုံးမယ်၊ ငါ တောက ပြန်လာတဲ့အခါ အမေစားဘို့တော့ ဆန်ကွဲနဲ့ ဟင်းရွက်ရောပြီး ကျိုထားလိုက်၊ ဝက်စာကျိုသလိုပေါ့၊ အဲဒီ ယာဂုကလေးကိုဘဲ အမေသောက်မယ်။" အဲဒီလိုသားအမိနှစ်ယောက် ပြောနေတာ သူက အိမ်နား ရောက်နေတော့ အမေမှာတဲ့ စကားကို ကြားတယ်၊ အဲဒီအခါမှ သူ ထိတ်လန့်ခြင်းဖြစ်တယ်။

အော်... သူကတော့ ထမင်းခြမ်းကို ပုန်းရည်နဲ့စားလို့၊ ငါတို့တော့ သလေးဆန်ရင်းကို ချက်ပြီးတော့ ထောပတ်၊ ပျားဆီတွေနဲ့ ကောင်းကောင်း မွှန်မွှန် လောင်းဟဲ့ ငါ့သမီးလို့ မှာနေတယ်၊ ဒီအမယ်ကြီးဟာ တကဲ့သဒ္ဓါတရားနဲ့ ကိုးကွယ်တဲ့အမယ်၊

ကြီးပါကလား၊ ဒီလို တကဲ့ သဒ္ဓါတရားနဲ့ အမယ်ကြီး ဆုမ်းကို ကိလေသာ အာသဝေါတရားနဲ့ စားလို့တော့ မတော်တော့ဘူး ဆိုပြီး အိမ်နားရောက်ပြီးတော့မှ တခါထဲပြန်လှည့်သွားသတဲ့၊ သတိပဋ္ဌာန်အလုပ် လုပ်နေတဲ့သူဟာ တခါတရံ အဲဒီလိုသံဝေဂ ဝတ္ထုနဲ့တိုးတက်တယ်။ ကျောင်းရောက်တော့ လိုဏ်ဂူထဲ ကတိုက် ကရိုက်ဝင်၊ သင်္ဘင်္ကလေး ကုတင်အောက်ထိုးထား၊ ခါးက သက်နှံကလေး တန်းပေါ်တင်၊ ဟာ.... နင်လား ငါလား၊ ဒီတခါတော့ သေပေစေတော့ဟာ၊ ဒီလောက် သဒ္ဓါတရားနဲ့လှူ။ ဒါနံးတဲ့ ဆုမ်းကို ကိလေသာ အာသဝေါတရားတွေနဲ့ ဘဉ်းပေးနေလို့ ကောင်းနိုင်တော့ပါဘူးလို့ဆိုပြီး အသက်စွန့်ပြီး အဲဒီမှာ ကြိတ်လိုက်တာ နေမလဲခင် မနက်ပိုင်းဘဲ ရဟန္တာဖြစ်သွားတယ်။ နကိုက အလေ အကျင့်က အမြဲလုပ်ထားတာကိုး၊ နေ့တာကလဲ တော ကျောင်းလိုဏ်ဂူမှာ နေပြီးတော့ သတိပဋ္ဌာန် အမြဲမပြတ် လုပ်နေတော့။

ဒီလို သံဝေဂဖြစ်စရာ အကြောင်းကလေး ဆုံလိုက်တဲ့အခါ ကျတော့ သံဝေဂဖြစ်ပြီး အဲဒီမှာ သက်စွန့်ကြိုးပမ်း ချလိုက်တာ ပဟိတတ္တစိတ်ဆိုတာ အဲဒါ။ ကိုယ်နဲ့အသက် ငဲ့ကွက်ခြင်း ကင်းတယ်၊ ဒီခဏမှာ ကိုယ်လဲမငဲ့ဘူး၊ အသက်လဲ မငဲ့ဘူး၊ ဖြစ်ချင်ရာဖြစ် သေချင်ရာ သေပေစေတော့ဆိုပြီး ပဟိတတ္တစိတ်နဲ့ စွန့်ချလိုက်တော့ ရဟန္တာ ဖြစ်သွားတယ်။ ဟောဒီ ပဋိုလ် ဘယ်မှာ အချင်းခပ်သိမ်း ပဟိတတ္တစိတ်ဖြစ်နေမလဲ၊ တခါတရံ အကြောင်းဆုံတဲ့အခါဖြစ်တာ၊ အဲဒီလို ရဟန္တာဖြစ်သွားတော့ အဲဒီလိုဏ် နားမှာရှိတဲ့ သင်္ဘင်္က ရုက္ခစိုးက-

နမော တေ ပုရိသာ ဇာဉ်၊ နမော တေ ပုရိသုတ္တမ။
ယာသာ တေ အာသာဝါ ခီဏာ၊ ဒက္ခိဏေ ယျာသိမာရိသ။

ဒီလို ရဂ္ဂစိုးနတ်က ရှိခိုးတယ်တဲ့၊ ပုရိသာ ဇာဉ်၊ ယောကျ်ားအာဇာနည်ဖြစ်တော်မူသော အရှင်မြတ်ဘုရား။ တေ၊ အရှင်ဘုရားအား။ နမော၊ ရှိခိုးပါ၏။ ပုရိသုတ္တံမ၊ ယောကျ်ားမြတ် ဖြစ်တော်မူသော အရှင်ဘုရား။ တေ၊ အရှင်ဘုရားအား။ နမော၊ အကျွန်ုပ် ရဂ္ဂစိုးနတ် ရှိခိုးပါ၏။ မာရိသ၊ မာန်ကို ပယ်သတ်အရှင်မြတ် ဘုရား။ ယာသာ တေ၊ အကြင် အရှင်ဘုရားအား။ အာသဝါ၊ အဝိဇ္ဇာကို မေ့မှောင်သော တရားတို့သည်။ ခီဏာ၊ ကုန်၍ သွားပါကုန်ပြီ။ သော တံ့၊ ထိုအရှင်ဘုရားသည်။ ဒက္ခိဏေယျော၊ မြတ်သောအလှူတို့ကို ခံထိုက်တဲ့ရဟန္တာပုဂ္ဂိုလ်သည်။ အာသိ၊ ဖြစ်တော်မူပါပြီဘုရား။

ရဂ္ဂစိုးနတ်က ရှိခိုးပြီးတော့ အရှင်ဘုရား ရဟန္တာ ဖြစ်သွားပါပြီ၊ အာသဝေါတရား ကုန်ခန်းသွားပါပြီ။ အရှင်ဘုရားကို ဆွမ်းလှူတဲ့ အမယ်အိုကြီးလဲဘဲ ဆွမ်းလှူရကျိုး နပ်ပါပြီ၊ အချိန်လဲ ရှိပါသေးတယ်၊ အရှင်ဘုရား ဆွမ်းခံကြွတော်မူပါဘုရားလို့ ရဂ္ဂစိုးနတ်က တိုက်တွန်းသတဲ့။ အဲဒါနဲ့ သူ ကတိုက်ကရိုက် ထပြီး ဂူတံခါးဖွင့်၊ နေ မော့ကြည့်လိုက်တော့ အချိန်လဲ စောသေးသကိုး ဆိုပြီးတော့ အဲဒီတော့မှ သူ ဆွမ်းခံသွားတယ်။ ဆွမ်းခံသွားတော့ ဟိုကလေးမကလဲ အမေမှာတဲ့အတိုင်း ချက်ပြုတ်ပြီးတော့ အရှင်မိတ္တာ ဆွမ်းခံကြွလာမဲ့ လမ်းကိုဘဲ မျှော်နေတယ်၊ ခါတိုင်းအချိန် ကြွလာတာလဲ့မဟုတ်၊ ဒီနေ့တော့ အလုပ်

ကရှိနေလို့ နေမြင့်နေတယ်၊ ဆုမ်းကိုချက်ပြုတ်ပြီးတော့မှ အာခန့်သင့် လာမဲ့လမ်း စောင့်မျှော်ပြီးနေခိုက် အရှင်မိတ္ထ ကြွလာတာမြင်ကတည်းက ကလေးမကဖြင့် အံ့သြနေပြီ၊ ကနေ့တော့ ခါတိုင်းနေ့နဲ့ မတူဘူး၊ ကြွလာတာကလဲ နောက်ကျတယ်၊ ကိုယ်တော်မြတ်၏ အရေအဆင်းကလဲ ကြည်လင်ပါဘိသနဲ့ မျက်စေ့မျက်နှာကလဲ ထန်းသီးမှည့်ကြီးများ မျက်နှာဝ ဝင်းနေသလို့ အရှင်မိတ္ထာမထေရ်ရဲ့ မျက်နှာကလဲဝင်းလို့။ မျက်နှာကလဲ ကြည်လိုက်ဘာ၊ ဣန္ဒြေကလဲ ရလိုက်တာ၊ ကနေ့ဘယ်လိုကြည်ညိုဖွယ်ကောင်းမှန်း မသိဘူးနော်လို့ အဲဒီလို ဝမ်းမြောက်ဝမ်းသာဖြစ်ပြီးတော့ ကိုယ်တော်ကိုစောင့်နေတယ်၊ ရောက်လာတော့ အမေမှာခဲ့တဲ့အတိုင်းချက်ပြုတ်ပြီး သပိတ်ထဲလောင်းပြီးတော့ သပိတ်ပြန်ကပ်၊ သပိတ်ပြန်ကပ်ပြီးတော့ အရှင်မိတ္တာ့ မထေရ်က သုခီဟောတု ကိုယ်စိတ်နှစ်ဖြာ၊ ချမ်းသာပါစေလို့ ဆုမ်းအနုမောဒနာပြုပြီး ပြန်ကြွသွားတယ်။

ဆုမ်းအနုမောဒနာပြုပြီး ပြန်ကြွသွားပြီးနောက် အမေက မကြာခင် တောင်းက ပြန်ရောက်လာတယ်၊ သမီးရေ.... သမီး၊ မောင်ကြီး ကနေ့လာခဲ့လား၊ ဆုမ်းခံ လာတော့ လာပါတယ် အမေရယ်၊ နို့လာတော့ ဘာဖြစ်သလဲ၊ နေ့တိုင်းအချိန်မဟုတ်ဘူး အမေ၊ ကနေ့ ကိုယ်တော်ကြွလာတာ တော်တော်ကလေးနောက်ကျတယ်၊ နောက်ကျပေမယ့်လို့ အံ့သြစရာကတော့ တော်တော်ကောင်းတယ် အစမရဲ့၊ သူ့မျက်နှာကလေ ထန်းသီးမှည့် မျက်နှာဝကြီးလိုဘဲ ဝင်းလို့၊ မျက်စေ့မျက်နှာကလဲကြည်လင်ပါဘိသနဲ့၊ ဣန္ဒြေကလဲ ရလိုက်တာ၊ ကနေ့ ကြည်ညိုစရာ

ဘယ်လိုကောင်းမှုနိမ်းမသိဘူး၊ အဲဒီလိုပြောတော့ အဖမလုပ်တဲ့လူက သမီး နှင့်မောင်ကြီး သားသနာတော်မှာ စိတ်ချရပြီ၊ လူမထွက်ခဲတော့ဘူး၊ သူ့ရင်ထဲနှလုံးထဲမှာ အားကိုးရာတရားရသွားပြီ၊ ငါ့သား သားသနာ့ဘောင် မြဲသွားပြီလို့ အမယ်ကြီးက အဲဒီလိုပြောတယ်၊ အမယ်ကြီးလဲ သာမည အမယ်ကြီး မဟုတ်ဘူး၊ တရားရတာကိုဘဲ သူသိတယ်၊ အမှုအရာကို မြင်သဖြင့် ငါ့ကိုယ်တော် တရားရပြီဆိုတာ သိတယ်၊ သမီးကို ဒီလိုပြန်ပြောတယ်။

ဒီခေတ့ မိမိအကျိုး သူတပါးအကျိုး ပွားတိုးခြင်းကို အလိုရှိသော အမျိုးကောင်းသား အမျိုးကောင်းသမီးသည် ကိုယ့်အကျိုး သူတပါးအကျိုးကို ရွက်ဆောင်နိုင်အောင်လုပ်ကြရတယ်တဲ့၊ အဋ္ဌကထာ ဆရာက ကိလေသာဆိုတဲ့ တရားဟာ ကိုယ်အကျိုးမဲ့ကိုလဲလုပ်တယ်၊ ကိလေသာရှိနေတဲ့ ပုဂ္ဂိုလ် ဘယ်နည်းနဲ့မှ ကိုယ့်အကျိုးမလုပ်နိုင်ဘူး၊ ကိလေသာ တန်းလန်းနဲ့ ကိုယ်ကျိုးလုပ်နေတယ် ထင်နေကြတယ်၊ ကိလေသာဟာ ဘယ်နည်းနဲ့မှ ကိုယ်ကျိုးမလုပ်ဘူး၊ ဒီတော့ ကိုယ်ကျိုး မလုပ်နိုင်တဲ့ ကိလေသာတွေ ဗလဘဋ္ဌနဲ့ လူတွေက သူများအကျိုး ဆောင်ရွက်တယ်ဆိုရင် ဟုတ်နိုင်ပါ့မလား၊ အဲဒါလဲ မဟုတ်နိုင်ဘူး၊ ဒီတော့ အကျိုးမဲ့ လုပ်တာ ဘယ်သူလဲလို့ ရှာရင် အကျိုးမဲ့ လုပ်တာ ကိုလေသာဘဲ၊ ကိလေသာက ဒီလောက်ဆိုးတာ၊ ဒါကြောင့် မိမိအကျိုး သူတပါးအကျိုးပွားတိုးခြင်းဌာ အလိုရှိသော အမျိုးကောင်းသား၊ အမျိုးကောင်းသမီးသည် အကျိုးကိုဆောင်လို့လို့ ဂုရုရင် ကိလေသာကိုပယ်ပါတဲ့၊ ကိလေသာဟာ အင်မတန်အပြစ်များတယ်။

ဒီတော့ သူတပါးအကျိုးဆောင် ကိုယ့်အကျိုးအောင်တယ်ဆိုတာ ဆွမ်းလှူတဲ့ အမယ်ကြီး သားအမိကိုဆိုတာ၊ အမှန်ကတော့ ဒီဆွမ်းမျိုးကို ကိလေသာ အာသဝေါတရားနဲ့ စားလို့မတော်ဘူး၊ ကိလေသာ အာသဝေါတရား ကုန်အောင် အားထုတ်ပြီး စားရင် ဒီဆွမ်းလှူတဲ့ ဒကာမကြီးမှာ အကျိုးများပေလိမ့်မယ်လို့ သူတပါး၏အကျိုးကို ရွက်ဆောင်လိုတဲ့စိတ်နဲ့ အားထုတ်လိုက်တာ။

လောကမှာ အပြစ်မှန်သမျှ ကိလေသာက လုပ်တာချည်းဘဲ၊ ပုဂ္ဂိုလ်ပေါ်ကို မချပါနဲ့၊ ဘယ်သူလာလုပ်လုပ် ကိလေသာ လုပ်တာချည်းဘဲ၊ သူ ကိလေသာ ရှိလို့ လုပ်သကို၊ ကိုလေသာရှိလို့ ပြောသကို၊ ကိလေသာပေါ်သာချ၊ ကိလေသာပေါ်မချလို့ ပုဂ္ဂိုလ်ပေါ်ချရင်တော့ အပြစ်က မဆုံးဘူး။ အမှန်က ကိလေသာလုပ်တာချည်းဘဲ၊ ကိုယ့်အကျိုး သူတပါးအကျိုးပွားတိုးလိုတဲ့ အကျိုးရွက်ဆောင်လိုတဲ့ ပုဂ္ဂိုလ်များဟာ ကိလေသာကိုပယ်ရမယ်၊ ကိလေသာကို မပယ်နိုင်ဘဲနဲ့ အကျိုးရွက်ဆောင်တယ်ဆိုတာကတော့ တောင်မင်း မြောက်မင်းမကယ်နိုင်သလို၊ ကိုယ့်အကျိုးမှ သည်ပိုးနိုင်တာမဟုတ်ဘဲနဲ့ သူများအကျိုးကို ရွက်ဆောင်တယ်ဆိုတာ ဘယ်ဟုတ်နိုင်မှာလဲ။

ဒါကြောင့် ကိလေသာကို ပယ်လိုလို့ရှိရင် သတိပဋ္ဌာန်ကို လက်မလွှတ်စေနဲ့၊ သတိပဋ္ဌာန်က ပုဗ္ဗဘာဂမင်္ဂလာဖြစ်သောကြောင့် တနေ့နေ့ကျ သံဝေဂရစရာနဲ့ ကြုံလိမ့်မယ်။ အဲဒီ အရှင်မိတ္တာတို့လို သံဝေဂဖြစ်စရာနဲ့ ကြုံတဲ့အခါကျတော့ အဲဒီမှာ ပဟိတတ္တစိတ်

ဖြင့် ကိုယ်နဲ့အသက်ငဲ့ကွက်ခြင်းကင်းပြီးတော့ စွန့်ချလိုက်တဲ့အခါ ကျတော့ သူယ်မှာ အကျိုးမများဘဲ နေနိုင်တော့မှာတုံး။ သူ့လို ရဟန္တာမဖြစ်တောင်မှ အနဲဆုံးသောတာပန်တော့ ဖြစ်ရမှာပေါ့။ သောတာပန်မဖြစ်တောင် စူဠသောတာပန်တော့ ဖြစ်မှာပေါ့။ တကယ်သာစွန့်ပြီးတော့ လုပ်စမ်းပါ။ ခုတော့ စွန့်ပြီး မလုပ်ကြလို့ မဖြစ်တာ။ တကယ်စွန့်လုပ်ရင် ဖြစ်ပါတယ်၊ ဘာဖြစ်လို့ ဖြစ်သလဲ၊ သတိပဋ္ဌာန်ပါဠိတော်က-

ဣဓ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယနုပဿီ ဝိဟရတိ၊
ဣဓ ဘိက္ခဝေ ဘိက္ခု ဝေဒနာသု ဝေဒနာနုပဿီဝိဟရတိ။
ဣဓ ဘိက္ခဝေ ဘိက္ခု စိတ္တေ စိတ္တာနုပဿီ ဝိဟရတိ။
ဣဓ ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ။

အဲဒီလေးခုဘဲ ကွဲတယ်။

အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျလောကေ-
အဘိဇ္ဈာ ဒေါမနဿံ။

အဲဒါကတော့ လေးပါးစလုံးမှာ သူအတူတူဘဲ။

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤဘာသာတော်၌။ ပဉ္စုပန္နကော၊ ကျင့်သော။ ယောဘိက္ခု၊ အကြင် ရဟန်းသည်။ ကာယေ၊ အပေါင်းအစုကာယ၌၊ ဆံပင်, ငယ်မွေးညှင်း, ခြေသည်း, လက်သည်း, သွားး, အရေ, အဓရေ, သွားခြေသည်း, လက်သည်း, မွေးညှင်း, ဆံပင် သုံးဆယ်နှစ်ကောဋ္ဌာသလုံး မဟုတ်သော်လည်း တစပဉ္စိကလောက်ကိုဘဲ လေ့လာ

ထားရင် ကောင်းပါတယ်။ ဆံပင်, မွေးညှင်း, ခြေသည်း, လက်သည်း, သွား, အရေ ဘယ်နှစ်ပါး၊ ငါးပါးပါ ဘုရား။ သွားအရေ, ခြေသည်း လက်သည်း, မွေးညှင်း, ဆံပင်, အနုလုံ ပဋိလုံ၊ အပြုန်အလှန်။ ရွေးက ကိုရင်ကလေးတော့ ခေါင်းငိုတ် တဲ့အခါ ဒီတစပဋ္ဌာက် ကမ္မဋ္ဌာန်း စီးဖြန်းရုံနဲ့ဘဲ သင်တုန်း၏ အဆုံးမှာ ရဟန္တာဖြစ်ကြတယ်တဲ့၊ အဲဒီတစပဋ္ဌာကနဲ့ပေမဲ့လို. မည်ပါဘူး။

သီဟိုဠ်ကျွန်းမှာ ကိုရင်ကလေးတပါး ခေါင်းရိတ်ရင်း-ကဲသာ လောမာ နခါဒန္တာ တစောပေါ့၊ ပါဠိလို၊ ဗမာလို ကတော့ ဆံပင်, မွေးညှင်, ခြေသည်း, လက်သည်း, သွား, အရေ, ဒီကမ္မဋ္ဌာန်းကို ဆရာက အစီးဖြန်းခိုင်းတော့ စီးဖြန်း လိုက်တာ ခေါင်းလဲရိတ်ပြီးရော ပါရမီမျှားက ရဲရဲတောက်ကိုး ရဟန္တာဖြစ်သွားတော့ ကိုရင်ကလေးက စိတ်ကူးသတဲ့၊ ဒီသာ သနာဖောက်မှာ ကနေသက်နဲ်းဝတ်၊ ကနေ့ရဟန္တာဖြစ်၊ ကနေ့ သီကြားမင်းရဲ့ ဝဇယန္တာ နန်းပြာဆင်ကို လှုပ်နိုင်ရှားနိုင်တဲ့ ပဋိလို သာသနာမှာ ရှိဘူးလေသလားလို့ ကိုရင်ကလေးက စဉ်းစားလိုက်ဘယ်၊ စဉ်းစားလိုက်တော့ အဲဒီပဋိလိမျိုး သူမတွေ့ ဘူး၊ မတွေ့သေးရင်ဖြင့် ငါလုပ်မှဘဲဆိုပြီး တာဝတိံသာနတ်ပြည် တက်သွားတယ်။ တာဝတိံသာနတ်ပြည် ဘာလုပ်ဘို့တက်သွား သတုံးဆိုတော့ ဝဇယန္တာ နန်းပြာဆင်ကြီးလှုပ်ဘို့ရာ တက် သွားတယ်။ တက်သွားတော့ နတ်သမီးတွေက သူလာတာမြင် တော့ ဟင် ... ကိုရင်ကလေးက အဓမ္မနို့ရည်တောင် မစင်သေး ဘူး။ ဝဇယန္တာ နန်းပြာဆင်ကြီး လှုပ်မလို့တဲ့လား၊ တို့ နတ်သမီးတွေက ဆီးလျောင်ကြတယ်၊ သွားလှုပ်ကြည့်လဲ လှုပ်လို့

မရဘူး၊ လူပ်လို့မရတော့ သူပြန်ဆင်းလာခဲ့တယ်။ ပြန်ဆင်းလာခဲ့ပြီး ဆရာပြန်လျှောက်တယ်၊ တပည့်တော် အဲဒီလိုစိတ်ကူးဂ အဲဒီလိုသွားလူပ်ပါတယ်၊ တပည့်တော်လူပ်လို့ မရပါဘူးဘုရား ဆရာလုပ်တဲ့သူက နွားချေးခြောက်ကောက်ပြီး ရေထပစ်ပြလိုက်ဘယ်၊ နွားချေးခြောက်ကောက်ပြီး ရေထဲပစ်ပြလိုက်တော့ နည်းရသွားတယ်။ ဒီအတိုင်းလူပ်လို့ ရတာဟုတ်ဘူးကိုရင်ခဲ့၊ ပထမ အာပေါကသိုဏ်းစီးဖြန်းရသေးတယ်၊ အာပေါကသိုဏ်း စီဖြန်းလိုက်လို့ ရေထဲမျောနေတဲ့ အဆောက်အဦကို လူပ်မှ လူယ်တာတဲ့၊ အဲဒီလိုနည်းပေးလိုက်တော့မှ ချက်ခြင်း ပြန်ဘက်သွားတယ်။ ပြန်တက်သွားတော့ နတ်သမီးတွေက ပြောမြဲပြောတယ်။ သိကြားမင်းက ဒီတခါမလောင်ကြနဲ့ဟေ့တဲ့ ဒီဘခါ သူ့မှာ နည်းရလာပြီတဲ့၊ ဝေဇယန္တာ နန်းပြာဆင်ကြီး တပြင်လုံးတည်တဲ့ နေရာဌာနမှာ အာပေါကသိုဏ်း ဝင်စားလိုက်တော့ ရေပြင်ကြီးဖြစ်သွားတယ်၊ အဲဒီရေပြင်ကြီး ဖြစ်တော့မှ အရှေ့ကနေ ခြေထောက်နဲ့ကန်လိုက် အနောက်ကို မျောသွားလိုက်၊ အနောက်ကနေ ခြေထောက်နဲ့ကန်လိုက် အရှေ့မျောသွားလိုက်နဲ့ ဒီတော့မှ လူပ်ချင်တိုင်း လူပ်လို့ရတာကိုး....။ တန်ခိုးဆိုပေမယ်လို့ စိတ်ကလူပ်တိုင်း ရတာမဟုတ်ဘူး၊ ဖြစ်ရာဖြစ်ခြင်းကို လူပ်ရသေးတာ။ အဲဒီ ဝတ္ထုထောက်တော့ အဆောက်အဦကြီးတခု လူပ်ချင်တယ်ဆိုရင် ဒီအဆောက်အဦကြီ နေရာ ရေဖြစ်အောင် ဖန်ဆင်းလိုက်ရတယ်။ မြေထဲငုတ်သွားချင်တယ်ဆိုရင် ဒီမြေပြင်ကို ရေပြင်ကြီးဖြစ်အောင်လုပ်ရတယ်၊ စိတ်က အဲဒီလို ရှုပါဝစရစ်တုတ္ထစျာန်, အဘိညာဏ်နဲ့ မြေကို

ရေဖြစ်အောင်, ရေကိုမြေဖြစ်အောင်, ကောင်းကင်ကို မြေဖြစ်အောင် ဒီလိုလုပ်ပြီးတဲ့နောက်မှ ဒီပါဒ် ပုဂ္ဂိုလ်တွေက တန်ခိုးအမျိုးမျိုးပြကြတယ်။

အဲဒီကိုရင်လေးလို ကသာ, လောမာ, နခါ, ဒန္တာ, တစော။ ။တစော, ဒန္တာ, နခါ, လောမာ, ကသာ ဗမာလို ဆိုရင်ဖြင့် ဆံပင်, မွေးညှင်း, ခြေသည်း, လက်သည်း, သွား, အရေ။ ။အရေ, သွား, လက်သည်း, ခြေသည်း, မွေးညှင်း, ဆံပင်။ဆံပင်သည်ငါမဟုတ်၊ ဆံပင်သာဟုတ်သည်။မွေးညှင်းသည် ငါမဟုတ် မွေးညှင်းသာဟုတ်သည်၊ ခြေသည်း လက်သည်းသည် ငါမဟုတ် ခြေသည်း လက်သည်းသာ ဟုတ်သည် သွားသည် ငါမဟုတ် သွားသာဟုတ်သည်၊ အရေထူအရေပါးသည် ငါမဟုတ် အရေထူအရေပါးသာ ဟုတ်သည်။ အဲဒီလို အဖန်ဖန် အာရုံပြုပြီးတော့ ကြည့်စမ်းပါ။ ဆံပင်, မွေးညှင်း, အစရှိတဲ့ သုံးဆယ့်နှစ်ကောဋ္ဌာသရှိတဲ့ အစုအဝေးတွေဟာ ပုဂ္ဂိုလ် သတ္တဝါ ဘာမှမဟုတ်ဘဲအကြောင်း ပေါ်လာပါလိမ့်မယ်။ ဆံပင်က ဆံပင်သတ်သတ်, မွေးညှင်းက မွေးညှင်းသတ်သတ်, ခြေသည်း လက်သည်းက ခြေသည်း လက်သည်း သတ်သတ်, သွားက သွားသတ်သတ်, အရေထူအရေပါးက အရေထူအရေပါး သတ်သတ် လူနဲ့ကို မရောမနှောဘဲ တခါထဲထင်လာမယ်။ လူနဲ့ကို မရောမနှောဘဲ ထင်လာအောင်။

ကာယာနုပဿီ· အပေါင်းအစုကို တခုခြင်းကဲ့အောင် အဖန်ဖန်တလဲလဲ ရှုသည်ဖြစ်၍ ခုတော့ ခေါင်းရော ကိုယ်ရော

ခြေရော့, လက်ရော့, ဆံပင် မွေးညှင်း, ခြေသည်း လက်သည်းရော့, တကိုယ်လုံး တကောင်လုံး ရှိသမျှအကုန်လုံး ငါဖြစ်နေတာကိုး။ တခုစီမှမကဲ့ဘဲ အဆိုင်လိုက်အခဲလိုက် အကောင်လိုက်ကြီး လုပ်ထားတာကုး .. !! ဆံပင်မွေးညှင်း အစရှိသော ကောဋ္ဌာသတွေ့ ထားပါအုံးတော့၊ ဝတ်ဆားတဲ့အင်တ်တောင် ငါထင်နေတာကို့ ... ။ သက္ကာယဒိဋ္ဌိက အဲဒီလောက်ဆိုးနေတာ၊ ဒါကြောင့်— ကာယေ၊ ကောဋ္ဌာသဖြစ်သော ဆံပင်, မွေးညှင်း, အပေါင်းအစုဌ် ကာယာနုပဿီ၊ ကောဋ္ဌာသအပေါင်းအစုကို တခုခြင်း ကွဲအောင် အဖန်ဖန်တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟာရတိ၊ နေ၏ နေစမ်းပါ။ အဲဒီလိုဥာဏ်မြဲသလောက် ဆံပင်,မွေးညှင်း,ခြေသည်း, လက်သည်း စသည်တို့ကိုတော့ ဥာဏ်မမြဲစရာ မရှိပါဘူး။

ဝိပဿနာ စခန်းကျတော့ ကာယေ၊ ဘူတရုပ် ဥပါဒါရုပ် အပေါင်းအစုဌ်။ ကာယာနုပဿီ၊ ဘူတရုပ် ဥပါဒါရုပ် အပေါင်းအစုကို တခုခြင်းကွဲအောင် အဖန်တလဲလဲ ရှုသည်ဖြစ်၍၊ ဘူဘရုပ် ဥပါဒါရုပ် အပေါင်းအစုလဲဟုတ်တာဘဲ ကိုယ်ဥာဏ်မြဲသလောက် ဆံပင် မွေးညှင်း အစရှိသော ကောဋ္ဌာသ အပေါင်းအစုကို ခွဲလို့ ပုဂ္ဂိုလ်သတ္တဝါ မဟုတ်ရင်လဲ ပြီးတာပါဘဲ။ သို့ပေမဲ့ကောင်းတာကတော့ ဘူတရုပ် ဥပါဒါရုပ်နဲ့ ခွဲလို့ ပုဂ္ဂိုလ် သတ္တဝါမဟုတ်မှ ပိုပြီးကောင်းတာ။

အဲဒီတော့ ဣဓ၊ ဤသာသနာတော်၌။ ယောဘိက္ခု၊ အကြင်ရဟန်းသည်။ ကာယေ၊ ဆံပင် မွေးညှင်း အစရှိသော ကောဋ္ဌာသ အပေါင်းအစုဌ်။ ကာယာနုပဿီ၊ ကောဋ္ဌာသ

အပေါင်းအစုကို တခုခြင်းကွဲအောင် အဖန်တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟာရတိ၊ နေ၏၊ နေ့ရော ညရော အချိန်ရသလောက် ကာလပတ်လုံး ဘယ်အခါမဆို ဆံပင်သည် ငါမဟုတ် ငါ့ဟာမဟုတ် ဆံပင်သာ ဟုတ်သည်၊ မွေးညှင်းသည် ငါမဟုတ် ငါ့ဟာမဟုတ် မွေးညှင်းသာ ဟုတ်သည်၊ ခြေသည်း လက်သည်းသည်ငါမဟုတ်၊ ငါ့ဟာမဟုတ် ခြေသည်း လက်သည်းသာဟုတ်သည်၊ သွားသည် ငါမဟုတ် ငါ့ဟာမဟုတ် သွားသာ ဟုတ်သည်၊ တကိုယ်လုံး ဖုံးအုပ်နေတဲ့ အရေထူအရေပါးသည် ငါမဟုတ် ငါ့ဟာမဟုတ် အရေထူ အရေပါးသာ ဟုတ်သည်လို့ အဲဒီလို အဖန်တလဲလဲ အာရုံပြုနေပါတဲ့။

ကဲယာ နုပဿနာ ကမ္မဋ္ဌာန်းကို စီးဖြန်းတဲ့ ယောဂီ ပုဂ္ဂိုလ်ဟာ အဲဒီလိုအာရုံပြုနေတော့ဘာဖြစ်လာမယ်၊ ဝိနေယျလောကေ အဘိဇ္ဈာ ဒေါမနဿံ။ သောဘိက္ခု၊ ထိုကာယဿနုပဿနာ ကမ္မဋ္ဌာန်းကို စီးဖြန်းသော ယောဂီသည်။ လောကေ၊ ရုပ်နာမ် ခန္ဓာ လောကဋ္ဌ။ အဘိဇ္ဈာ ဒေါမနဿံ၊ တပ်မက်ခြင်း အဘိဇ္ဈာ၊ စိတ်မချမ်းသာခြင်း ဒေါမနဿ ဝေဒနာကို။ ဝိနေယျ၊ ပယ်ဖျောက်၍။ ဝိနေယျ၊ ပယ်ဖျောက်လိုက်သည် ရှိသော်။ ဝိနေယျ၊ ပယ်ဖျောက်၍ပစ်သောကြောင့် ဆံပင် မွေးညှင်း အစရှိသော ကောဋ္ဌာသ အစုအဝေးရယ်လို့ အဖန်တလဲလဲ စီးဖြန်းနေမှုဖြင့် ဒီကိုယ်ကို အမှီပြုပြီး တပ်မက်တဲ့ တဏှာ မလာတော့ဘူး၊ ဒီကိုယ်ကို အမှီပြုပြီး စိတ်မချမ်းသာခြင်း မဖြစ်တော့ဘူး။ ဒါဒ့ကြောင့် ဝိနေယျလောကေအဘိဇ္ဈာ ဒေါမနဿံလို့ ခေါ်တာ။

လောကဆိုတာက ဒီကိုယ်ကိုပြောတာ လူတို့၊ ပလူတို့ တိရိစ္ဆာန်တိတိလောကော၊ တပျော်ထဲပျော်နေလို့ လောက၊ လောကော တော်သူအတွက် တလောက၊ တော်သူ၊ ထုရုပနာမခန္ဓာတရားအား၊ လောကော၊ တပျော်ထဲပျော်နေခြင်းသည်။ အတွက်၊ ရှိ၏။ ဤတိ၊ ထိုကြောင့်။ လောကီ၊ နိဗ္ဗာန်မှတပါး ရုပ်တရား နာမ်တရား တွေဟာ လောကီမည်၏။ နိဗ္ဗာန်မှတပါး ရုပ်တရား နာမ်တရား တွေဟာ လောကီမည်၏၊ နိဗ္ဗာန်မှတပါး ရုပ်တရား နာမ်တရား တွေကို လောကီ ခေါ်တယ်၊ ဘာလို့ ခေါ်သလဲဆိုတော့ တပျော်ထဲပျော်နေလို့ ခေါ်တာတဲ့။

လောကော၊ ရုပ်နာမ်ခန္ဓာ တရားအစုဥ်။ အဘိဇ္ဈာဒေါမနဿ၊ တပ်မက်ခြင်း အဘိဇ္ဈာ, စိတ်မချမ်းသာခြင်း ဒေါမနဿ ဝေဒနာကို။ ဝိနေယျ၊ ပယ်ဖျောက်၍ အဖန်ဖန်စီးဖြန်းနေမှတော့ သူက အလိုလို ပျောက်သွားတော့တာဘဲ၊ အလိုလို ပျောက်သွားတော့ ဘာဖြစ်လာတယ်၊ ဝိနေယျ၊ ပယ်ဖျောက်၍၊ ဝိနေယျ၊ ပယ်ဖျောက်သည် ရှိသော်။ ဝိနေယျ၊ ပယ်ဖျောက်နိုင်သောကြောင့်။ အာတာပီ၊ သမ္မပဓာန် လုံးလဝိရိယရှိ၏၊ ခုဒင်က အရှင်မိတ္တတို့လို အသက်စွန့်ပြီး ချလိုက်တာ တမနက်ထဲနဲ့ ရဟန္တာဖြစ်သွားတယ်၊ သမ္မပဓာန် လုံးလ ဝိရိယရှိတယ်၊ သမ္မာပဓာန်လုံးလ ဝိရိယ မဖြစ်နိုင်တာက အဘိဇ္ဈာဒေါမနဿ၊ တပ်နှစ်သက်မှုတွေ စိတ်မချမ်းသာမှုတွေ ခံနေလို့ မဖြစ်နိုင်တာ၊ ဒီတော့ တပ်နှစ်သက်မှုလဲမရှိ စိတ်မချမ်းသာမှုလဲမရှိဆိုရင် အသက်ကို စွန့်နိုင်တဲ့ အာတာပဝိရိယ ဖြစ်လာတယ်၊ အာတာပီ၊ အသမ္မပဓာန် လုံးလ ဝိရိယ ရှိသည်ဖြစ်၍၊ ဘာလဲ သမ္မပဓာန်

လုံးလ ဝိရိယ၊ ငါ့မှာ အပြစ်တွေ့ အမျှားကြီးရှိတယ်၊ လူရယ်လို့ ဖြစ်ကတဲ့ကဲ့ ငါ့မှာ အပြစ်ကင်းတယ်လို့ မရှိလှဘူး ဒီအသက်ဒီအရွယ်သာ ကျလာရော ငါ့မှာ အပြစ်တွေ့ တန်းလန်းနဲ့ ယခုအခါနိန်အခါမှာ ဒီအပြစ်တွေ့ ငါ ပျောက်အောင်လုပ်မယ်၊ ဒီအပြစ်တွေ့ တန်းလန်းနဲ့ ငါသေရရင် ငါ ကိုယ်ကျိုးနဲ့တော့မယ်၊ ဒီအပြစ်တွေ့ပျောက်အောင် ငါလုပ်မယ်ဆိုတဲ့စိတ်မျိုး ပေါ်လာရင် ဒါစာသမ္မပဓာန် ဝိရိယ ခေါ်တယ်။

ဥပ္ပန္နာနံပါပကာနံ ပဟာနာယဝါယာမော၊ ဖြစ်ပြီးသော အကုသိုလ်ကို ပပျောက်အောင် ငါလုပ်မယ်ဆိုတဲ့ စိတ်ဟာ သမ္မပဓာန်တပါး၊ သူမျှားဖြစ်တာ မြင်လို့ရှိရင် ဒီလိုအဖြစ်မျိုး ငါမဖြစ်အောင် ငါလုပ်မဟဲ့၊ သူမျှားမှာတော့ ကိုလေသာကြောင့် မတင့်မတယ် မလျော်တာဖြစ်ပြီး အရှက်တကဲ့အကျိုးနဲ့၊ ငါ့မှာ ဒီလိုမဖြစ်ရအောင် ငါတင်ကူးပြီးတော့ လုပ်ထားမဟဲ့၊ အဲဒီလို မဖြစ်သေးတဲ့အပြစ်ကို မဖြစ်အောင် တားဆီးတဲ့အနေနဲ့ လုပ်ရင်လဲ သမ္မပဓာန် ဝိရိယပါဘဲ၊ မဖြစ်ဘူးသေးတဲ့ကုသိုလ် ဖြစ်အောင် ငါလုပ်မဟဲ့၊ ဖြစ်ပြီးသော ကုသိုလ်တိုးတက်အောင် ငါလုပ်မဟဲ့၊ သမ္မပဓာန် လေးချက်က ဒါဘဲ၊ ဖြစ်ပြီးသောအပြစ်ကို ပျောက်အောင်လုပ်မယ်၊ မဖြစ်သေးတဲ့အပြစ်ကို မဖြစ်ရအောင် ငါလုပ်မယ်၊ မဖြစ်သေးတဲ့ ကုသိုလ်ကို ဖြစ်အောင်လုပ်မယ်၊ ဖြစ်ပြီးတဲ့ကုသိုလ်ကို တိုးတက်အောင် ငါလုပ်မယ်ဆိုတဲ့ အဲဒီ လေးချက်သောစိတ်ဟာ သမ္မပဓာန် ဝိရိယ ခေါ်တယ်။

သမ္မပဓာန် ဝိရိယဆိုတာ ဘာလဲဆိုတော့ ပဓာန ဝိရိယ၊ ပဓာန ဝိရိယ ဆိုတာ ဘာလဲ၊ ကာမံတစောစနှာရုစ၊ အင္ဂါစအာဝသိဿာတု' ဥပသုဿာတု မေ သီရိရေ မံသလောဟိတံ၊ ဒါပဟိတတ္တာစိတ်ပါဘဲ၊ အရေကြွင်းစေ၊ အကြွာကြွင်းစေ၊ အရိုးကြွင်းစေ၊ အသွေး အသား ခန်းခြောက်သွားပေစေ၊ ငါမလျှော့ဘူးဟေ့ ဆိုတဲ့စိတ်မျိုး၊ ဒါကို ပဓာန ဝိရိယခေါ်တယ်၊ အဲဒီ အင်္ဂါလေးပါးနဲ့ ပြည့်စုံတဲ့ ပဓာနဝိရိယက ငါ့မှာ ရှိတဲ့အပြစ်တွေ မပျောက်ပျောက်အောင် လုပ်မယ်ဆိုတဲ့စိတ်မျိုးဟာက၊ ဟာ–ငါ့မှာ ရှိသမျှအပြစ်တွေ ပျောက်ကုန်ပြီရယ်လို့ စိတ်မချရမချင်း မလျှော့တာ၊ သေကော ဘာဖြစ်အုံးမလဲ၊ ဒီအပြစ်တွေတန်းလန်းနဲ့ သေလို့ရှိရင် အလကားပေါ့။ ဘာ လူဖြစ်ကျိုးနပ်မလဲ၊ အဲဒီလို ကိုယ့်ရှိတဲ့ အပြစ်တွေကို ပပျောက်လိုတဲ့စိတ်။ မဖြစ်သေးတဲ့အပြစ်ကို မဖြစ်ရအောင် လုပ်လိုတဲ့စိတ်၊ မရသေးတဲ့ ကုသိုလ်ရလိုတဲ့စိတ်၊ ရပြီးသော ကုသိုလ်တိုးတက်လိုသောစိတ်၊ အဲဒီလို စာကတော့ သမ္မပဓာန် ဝိရိယလေးပါး ခေါ်တယ်၊ သမ္မပဓာန် ဝိရိယဆိုတာနဲ့ ပဓာနဝိရိယဆိုတာ အတူတူပါဘဲ၊ အမှန်ကတော့ ဘာလဲဆိုတော့ တကဲ့လုံ့လ ဝိရိယရှိသော စိတ်နဲ့ အမှန်တကယ်ဘဲ လုပ်လိုက်ရင် ဒီကုသိုလ်တပါးတည်းက လေးပါးစလုံးကိစ္စပြီးတာပါဘဲ၊ ကုသိုလ်သာ တကယ်ဖြစ်ပေစေ၊ ဖြစ်တဲ့ကုသိုလ်က ဖြစ်ပြီးတဲ့အကုသိုလ်ကို ပပျောက်အောင် ပယ်နိုင်တယ်၊ မဖြစ်သေးတဲ့အကုသိုလ်ကိုလဲ တားဆီးနိုင်တယ်၊ မဖြစ်သေးတဲ့ ကုသိုလ်လဲ အသစ်ဖြစ်တယ်၊ ဖြစ်ပြီးတဲ့ ကုသိုလ်လဲ တိုးပွားစေနိုင်တာပါဘဲ၊ ကုသိုလ်တခု

တကယ်ဖြစ်လိုက်ရင် ဒီလေးပါးစလုံး ကိစ္စတခါထဲပြီးသွားတာပါဘဲ၊ စာအနေအားဖြင့် ဘမျိုးစီပြောနေတာ။

ဒီတော့အကျဉ်းချုပ်အားဖြင့် ငါကုသိုလ်ရအောင်လုပ်မယ်၊ ကုသိုလ်ရအောင် လုပ်တော့ ဒီကုသိုလ်က ဘာအကျိုးရှိသလဲ၊ ကုသိုလ်ရဲ့အကျိုးကိုရှာလိုက်တော့ ကိုယ်မှာတင်ဘူးတဲ့ရှိဘူးတဲ့ အပြစ်တွေကို ပပျောက်နိုင်ဘဲ့ အကျိုးရှိတယ်၊ မဖြစ်သေးတဲ့ အပြစ်ကို တားဆီးနိုင်တဲ့အကျိုးရှိတယ်၊ မဖြစ်သေးတဲ့ကုသိုလ်ဖြစ်စေနိုင်တဲ့အကျိုးရှိတယ်၊ ဖြစ်ပြီးတဲ့ကုသိုလ်တိုးတက်စေနိုင်တဲ့ အကျိုးရှိတယ်လို့ ကုသိုလ်၏အကျိုးကိုလဲ ဒီလိုမျှော်ကိုးရတယ်။

ဒီလိုမမျှော်ကိုးဘဲနဲ့ ဟာ-ငါကုသိုလ်တော့ အားကြိုးလုပ်တယ်၊ လုပ်လို့ရှိရင်တော့ ဒီကုသိုလ် အကျိုးကြောင့် ငါဘဝသံသရာမှာ ခံစား စံစားရလိမ့်မယ်၊ လူ့ပြည် နတ်ပြည်၊ လူ့စည်းစိမ် နတ်စည်းစိမ်ရလိမ့်မယ်လို့ နှလုံးသွင်းချေသွားပြီး လောဘနောက် လိုက်သွားပြန်ရော၊ ကုသိုလ်ရဲ့ အကျိုးဆိုတာ နောင်ဘဝမှာ မဟုတ်ဘူး၊ ယခုလောလောဆယ်အာရုံပြုရတယ်၊ ဟဲ့- ငါ ခုလုပ်လိုက်တော့ ကုသိုလ်ရပြီ၊ ကုသိုလ်ရ ဘာဖြစ်သလဲ၊ ကုသိုလ်ရအပြစ်ကင်းသွားပြီ၊ နောက်နောက်က အပြစ်တွေလဲ ကင်းသွားပြီ၊ ယခုလဲ အပြစ် မရောက်အောင် ငါ့မှာဖြစ်နိုင်ပြီ၊ ဒီကုသိုလ်က တားတော့တယ်၊ မဖြစ်သေးတဲ့ကုသိုလ်ဖြစ်ပြီ၊ ဖြစ်ပြီးတဲ့ ကုသိုလ်တိုးတက်ပြီး၊ ယခုလောလောဆယ် ကုသိုလ်ဖြစ်တဲ့ အချိန်ကလေးမှာ ရတဲ့ အကျိုးကို အာရုံပြုရတယ်။

နောင် သံသရာမှာလှမ်းပြီးတော့ အာရုံမပြုရဘူး၊ နောင် သံသရာလှမ်းပြီး အာရုံပြုရင် ဆုတောင်းမှားတယ်၊ (နယ်-ရယ်-ကြည်-သံ-စော၊ တပါးရှုပြုန် မှားဆုပန် သတ္တံ မေထုန္နော့) ဆုတောင်းမှားတာလဲ မေထုံငယ် ခုနစ်ပါးထဲ သူပါတယ်၊ ဝဠုနိဿိတ ကုသိုလ်မျိုးပေါ့။

ဒီကုသိုလ်မျိုးဟာ ဝဠုဆင်းရဲမှာ ကျင်လည်ရတတ်တယ်၊ ဒီတော့ ဆုဘောင်း မမှားအောင်ဆိုရင် ယခုလောလော့ဆယ် ကုသိုလ်ဖြစ်တဲ့ အချိန်မှာ ကိုယ့်မှာဖြစ်လာတဲ့ ကုသိုလ်က ဘာအကျိုးရှိသလဲ၊ ကုသိုလ်တရားယ်ဖြစ်ရင် အပြစ်ကင်းတဲ့ အနဝဇ္ဇအကျိုး၊ အနာရောဂါကင်းတဲ့ အာရောဂျအကျိုး၊ ချမ်းသာတဲ့ သုခဝိပါကအကျိုး၊ အလိမ္မာညာဏ်တိုးတဲ့ ကောသလ္လသမ္ဘူတအကျိုး၊ အဲဒီအကျိုးလေးပါးဟာ ကုသိုလ်သာ ဖြစ်ရိုးမှန်ရင် ကုသိုလ်နဲ့ တခါထဲ ပါလာတယ်၊ အာရောဂျ အနာကင်းတယ်၊ အနဝဇ္ဇ အပြစ် ကင်းတယ်၊ သုခဝိပါက ချမ်းသာတယ်၊ ကောသလ္လသမ္ဘူတ အလိမ္မာညာဏ် တိုးတက်စေတယ်၊ ဒီတော့ ကုသိုလ်ဘဲရရ၊ ဒါနကုသိုလ်ဘဲရရ၊ သီလကုသိုလ်ဘဲရရ၊ ဘာဝနာကုသိုလ်ဘဲရရ၊ ကုသိုလ်တခုခုရရင်တော့ ဒီအကျိုးလေးပါးတခါးထဲပါလာတာဘဲ။ ကုသိုလ်က ဆက်တိုက် ထင်ထင်ရှားရှားမဖြစ်လို့သာ ဒီအကျိုးလေးပါးက ထင်ထင်ရှားရှား မတွေ့ရတာ၊ ကုသိုလ်ဆက်တိုက်ဖြစ်လို့ ထင်ထင်ရှားရှားဖြစ်ရင် ဒီအကျိုးလေးပါးဟာ တခါထဲတွေ့တာဘဲ။

ဒါကြောင့် ကုသိုလ်မှန်ရင် နောင် သံသရာကျမှ မဟုတ်ဘူး၊ ယခုလောလောဆယ်ဖြစ်တဲ့ အချိန်မှာ အကျိုးများတယ်။

ဘာ့ အကျိုးမျှား သလဲ၊ မိမိမှာရှိတဲ့ အပြစ်ကို ကင်းစေတယ်၊ ကျွန်းမာခြင်းကိုဖြစ်စေတယ်၊ ချမ်းသာသောအကျိုးကိုပေးတယ်၊ အလိမ္မာဉာဏ်တိုးစေတယ်၊ အဲဒီလိုအကျိုးတွေနဲ့ တကွ ကုသိုလ်ဖြစ်တာ ဖြစ်ခြင်းကြောင့် ကုသိုလ်ဖြစ်တဲ့ အချိန်အခါမှာ အကျိုးပါတပါတည်း ပါပါတယ်၊ နောင်သံသရာကျမှ ပေးမဲ့ အကျိုးမျော်ကိုးရင်တော့ ဝန္နနိသိတ ကုသိုလ် ဖြစ်လိမ့်မယ်။

အဲဒီတော့ အဘိဇ္ဈာဒေါမနဿ—ခန္ဓာကိုယ်ကိုတွယ်တာတဲ့တဏှာ၊ ခန္ဓာကိုယ်ကို စိတ်တိုင်းမကျလို့ စိတ်မချမ်းသာတဲ့ ဒေါမနဿ၊ ဒီနှစ်ခု အဘိဇ္ဈာနဲ့ ဒေါမနဿကို ပယ်နိုင်ရန် လုံ့လဝီရိယ မပြောတော့ပါဘူး၊ အာတာပလုံ့လ ရှိပါတယ်၊ အာတာပလုံ့လရှိရင် သမ္မာဇာန်၊ ဉာဏ်သမ္မာဥ် အဆင်အခြင်လဲ ရှိလာပါလိမ့်မယ်၊ ဉာဏ်သမ္မာဥ် အဆင်အခြင် ရှိလာရင်လဲ၊ သတိမာ - သတိရှိတဲ့ ပုဂ္ဂိုလ်အဖြစ်လဲ ရောက်လာပါလိမ့်မယ်၊ လူပ်ဘို့က ကာယာနုပဿီဝိဟာရတိဆိုတဲ့ အတိုင်း အပေါင်းအစုကို တခုစီကဲ့အောင် အဖန်တလဲလဲ ရှုလို့ လုပ်လို့ အာတာပဝီရိယနဲ့ပြည့်စုံတဲ့ပုဂ္ဂိုလ်၊ သမ္မာဥ်နဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်ဆိုတာက ဒီအလုပ်ကိုလုပ်ရာက ဇွတ်လာတဲ့အကျိုး၊ ဒီအလုပ်ကို လုပ်လို့ ရှိရင် ဒီအကျိုးလေးနဲ့ တကွ ရမယ်တဲ့။

ပါဠိတော်က တိုက်ရိုက် ပြတယ်၊ ဘာတဲ့ - ဝိနေယျလောကေ အဘိဇ္ဈာ ဒေါမနဿံ။ လောကေ၊ လောကဋ္ဌ။ အဘိဇ္ဈာဒေါမနဿံ၊ တပ်မက်ခြင်း အဘိဇ္ဈာ၊ စိတ်မချမ်းသာခြင်း ဒေါမနဿဝေဒနာကို။ ဝိနေယျ၊ ပယ်ဖျောက်နိုင်ရှ်

အာဘာဝပီ၊ ပြင်းထန်သော လုံ့လဝီရိယရှိ၏။ သမ္ပဇာနော၊ သမ္ပဇဉ်ရှိ၏။ သတိမာ၊ သတိနဲ့ပြည့်စုံ၏။

ကာယာနုပဿနာ သတိပဋ္ဌာန်ချည်းဘဲလားလို့ ဆိုရင်တော့။ ဝေဒနာနုပဿနာ သတိပဋ္ဌာန်ကလဲ ဒီအကျိုးဘဲ။ စိတ္တာနုပဿနာ သဘိပဋ္ဌာန်ကလဲ ဒီအကျိုးဘဲ၊ ဓမ္မာနုပဿနာ သတိပဋ္ဌာန်ကလဲ ဒီအကျိုးဘဲ။ ဒါကြောင့်- အာတာပီ၊ သမ္ပဇာနော သတိမာ ဝိနေယျလောကေ အဘိဇ္ဈာဒေါမနဿံ-က လေးချက်စလုံး ပါနေတယ်၊ အစကလေးသာ ကဲ့နေဘာ။ ကာယေကာယာနုပဿီ ဝံဟရတိ၊ ဓမ္မေသု ဓမ္မာနုပဿီ ဝီဟရတိ။ အဲဒါက သတိပဋ္ဌာန်လေးပါးကဲ့အောင်လို့ ဟောနေတာ။

နောက်ပိုင်းမှာ ယှဉ်ရမဲ့ အင်္ဂါ။ ပယ်ရမဲ့အင်္ဂါကအတူတူ ချည်းဘဲ။ ကာယာနုပဿနာသတိပဋ္ဌာန်မှာ အာတာပီသမ္ပဇာနော သတိမာက ယှဉ်ရမဲ့ အင်္ဂါ။ ဝိနေယျလောကေ အဘိဇ္ဈာဒေါမနဿံ-က ပယ်ရမဲ့အင်္ဂါ။ ဝေဒနာနုပဿနာ၊ စိတ္တာနုပဿနာ၊ ဓမ္မာနုပဿနာလဲ ဒီအတိုင်းဘဲ။ ကာယာနုပဿနာ အစရှိသော သတိပဋ္ဌာန်အလုပ်ကို လုပ်ခဲ့သည်ရှိသော် ဒီ အင်္ဂါတွေနဲ့ ပြည့်စုံရမယ်။ ဒီအင်္ဂါတွေနဲ့ပြည့်စုံရင် ဒီ အကျိုးရမယ်။ မင်္ဂလိအစစ် မရောက်သေးငြားသော်လဲဘဲ၊ ပုဗ္ဗဘာဂမင်္ဂခိုတဲ့ အတိုင်း သတိပဋ္ဌာန် မပြတ်လေ့လာနေတဲ့ပုဂ္ဂိုလ်မှာ ကုသိုလ်က အမြဲဖြစ်နေတာ။ ကုသိုလ်က အမြဲဖြစ်နေလို့ ရှိရင်ဖြင့် ခုဒင်္ဂကပြောတဲ့ အာရောဂျအကျိုး၊ အနဝဇ္ဇအကျိုး၊ သုခဝိပါကအကျိုး ကောသလ္လသမ္ဘူတအကျိုးကတော့ ရနေတော့တာဘဲ။

တစုံတခု သံဝေဂရစရာအကြောင်းနဲ့ ဆုံတဲ့အခါကျ တော့ ကိုင်း.... ဒီလိုတော့ ငါမနေတော့ဘူး။ သေလိုသေ ကျ လိုကျ၊ ငါ စွန့်ပြီးတော့ အားထုတ်တော့မယ်ဆိုပြီးတော့ စွန့် ပြီးတော့ အားထုတ်လိုက်တဲ့တနေ့မှာတော့ တရားထူး ရတာ တာပေါ့။ အမှန်ကတော့ တရားထူးရမှဖြစ်မှာ၊ တရားထူးမရရင် ကိလေသာတွေ တန်းလန်းနဲ့ အပြစ်များတယ်။ အပြစ်များလို့ ရှိရင် ကိုယ့်အကျိုးလဲ ကိုယ်မသယ်ပိုးနိုင်ဘူး၊ သူတပါးအကျိုးလဲ ကိုယ်မဆောင်ရွက်နိုင်ဘူး။ မိမိအကျိုး သူတပါးအကျိုး ပွားတိုး လိုတဲ့. အမျိုးကောင်းသား အမျိုးကောင်းသမီးမှန်သမျှ ကိလေ သာကို ပယ်နိုင်ရင်လဲပယ်၊ မပယ်နိုင်ရင်လဲ အားနည်းအောင် လုပ်ပါ၊ ကိလေသာကို အားမပေးကြပါနဲ့ဦး။

အဋ္ဌကထာဆရာက ဘာဖြစ်ဖြစ် ဖြစ်လေသမျှ ကိလေ သာ အပြစ်ကိုသာရှု၊ ကာယကံမှု မတော်တာပြုလုပ်ရင် အော် ကိလေသာကြောင့် ပြုရာတယ်။ ဝစီကံမှု မတော်တာပြောပြုန် ရင်လဲ ကိလေသာကြောင့် ပြောရာတယ်၊ ဒီစကားပြောရင်လဲ ပြောနိုင်သေးလို့ပြောသကို .. ။ ဒီအမှုပြုရင်လဲ ပြုနိုင်သေးလို့ ပြုသကိုး....။ အကုန်လုံးကိလေသာပေါ်ကိုချည်းဘဲ ရှောက်ပုံချ၊ ပုဂ္ဂိုလ်ပေါ်မချနဲ့။ ကိလေသာဟာ အင်မတန်ဆိုးတယ်၊ ပုဂ္ဂိုလ် သတ္တဝါက တယောက်မှ ဆိုးတာမရှိပါဘူး၊ ဆိုးတာက ကိလေ သာချည်း ဆိုးတာ၊ အဲဒီ ကိလေသာဆိုးမှန်း သိအောင်ကလဲ တရားအားမထုတ်ဘဲနဲ့ ဘယ်နည်းနဲ့မှ ကိလေသာဆိုးမှန်း မသိ ဘူး၊ တရားအားထုတ်လိုက်မှ ကိလေသာဆိုးမှန်း သိတယ်။ ဆိုးမှန်းသိတော့မှ ကိလေသာအပြစ်ကို ရှုလာတယ်။ ကိလေသာ

အပြစ်ကိုရှမှ ဒီပုဂ္ဂိုလ်ဟာ အပြစ်ကင်းလာတယ်။ ကိလေသာ အပြစ် မရှာဘဲနဲ့ ပုဂ္ဂိုလ်အပြစ်သာ ရှလို့တော့ ဒီပုဂ္ဂိုလ်ဟာ ဘယ်နည်းနဲ့မှ အပြစ်မကင်းနိုင်ဘူး။ ခဏခဏ ရန်ဖြစ်ကြမှာဘဲ၊ ခဏခဏ မသင့်မမြတ် ဖြစ်ကြမှာဘဲ၊ ကိလေသာအပြစ် ရှလို့တော့ ရန်ဖြစ်စရာလဲမရှိဘူး၊ မသင့်မမြတ်ဖြစ်စရာလဲ မရှိဘူး၊ တယောက်တယောက် မကြေနပ်စရာလဲ မရှိတော့ဘူး။ ပုဂ္ဂိုလ်ဟာ ဘာပြစ်မှမရှိဘဲ အပြစ်ရှိတာက ကိလေသာက ရှိနေတာ၊ ဒါကြောင့် ကိလေသာအပြစ်ရှနိုင်အောင် ကြိုးစားပြီး တရား အားထုတ်နိုင်ကြပါစေကုန် သတည်း။

သာဓု-သာဓု-သာဓု ပါဘုရား။

မြောင်းမြမြို့ ဝင်္ဂဒေတိ ကမ္မဋ္ဌာန်းတိုက်၌
ကျွေးဇူးရှင် ဝဏ္ဏဒေတိ ဆရာတော် ဘုရား
ကြီးသည် တပည့်တို့အား ၁၃၃၁-ခု ဝါခေါင်
လပြည့်နေ့တွင် ဟောကြားတော်မူအပ်သော-

ပဉ္စမအကြိမ်မြောက်
မဟာသတိပဋ္ဌာန်တရားတော်

ဘဂဝါ ကုရူသု ဝိဟရတိ ကမ္မာသ မမံ့နာမ ကုရုနံ့
နိဂမော၊ တတြ ခေါ ဘဂဝါ ဘိက္ခူ။ အာမန္တေသိ၊
ဘိက္ခဝေါတိ၊ ဘဒ္ဒန္တေတိ တေ ဘိက္ခူ။ ဘဂဝတော
ပစ္စဿောသုံ၊ ဘဂဝါ တေဒဝေါစ။

ဝေံမေသုတံ-ကစ္ဆ၌ တေဒဝေါစ တိုင်အောင် အဲဒီ
စကားကနိဒါန်း၊ နိဒါန်းဆိုတာ မဟာသတိပဋ္ဌာန်သုတ်ကို
မြတ်စွာဘုရား ကုရုတိုင်း ကမ္မာသဓမ္မနိဂုံးမှာဟောတော်မူတယ်၊
အဲဒီလို တပည့်တော်မှတ်သားဘူးပါတယ်လို့ အရှင်အာနန္ဒာက
အရှင်မဟာကဿပကြီးမေးတာကို လျှောက်ထားတာ၊ဒါကြောင့်
မဟာသတိပဋ္ဌာန်သုတ်ကို ဟောရတာန။ ဟောခြင်း၏အကြောင်း
ကို ပြတဲ့စကား ဖြစ်ခြင်းကြောင့် အဲဒီစကား နိဒါန်းခေါ်တယ်၊
ယခုဟောခဲ့တဲ့တရားအစဉ်ဟာ အစနိဒါန်းဘဲ ရှိသေးတယ်တဲ့
အဆုံးကျတော့ "နိဂုံး" ခေါ်တယ် ပြီးတော့မှ-

ကောယနော အယံ ဘိက္ခဝေ မဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိ-
ယာ၊ သောကပရိဒေဝါနံ သမတိက္ကမာယ ဒုက္ခ ဒေါ-
မနဿာနံ အတ္ထင်္ဂမာယ ညာယဿ အဓိဂမာယ နိဗ္ဗာ-
နဿ သစ္ဆိကိရိယာယ ယဒိဒံ စတ္တာရော သတိပဋ္ဌာနာ။

အဲဒီ-ကောယနော-ကစ၍ ယဒိဒံစတ္တာရော သတိပဋ္ဌာနာ တိုင်အောင်သော စကားက သတိပဋ္ဌာန်ရဲ့ဂုဏ်၊ သတိပဋ္ဌာန်ရဲ့ အကျိုးကို ပြတာတဲ့။ သတိပဋ္ဌာန်မှာ ဒီလိုဂုဏ်ရှိတယ်။ သတိ-ပဋ္ဌာန်မှာ ဒီလိုအကျိုးရှိနိုင်တယ်။

(၁) ဝိသုဒ္ဓိ-ဈာန်ကြယ်ခြင်းအကျိုး၊
(၂) သောကပရိဒေဝ သမတိက္ကမ- သောကပရိဒေဝ ကို လွန်မြောက်နိုင်တဲ့အကျိုး။
(၃) ဒုက္ခဒေါမနဿအတ္ထင်္ဂမ- ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်းကို ချုပ်ငြိမ်းစေနိုင်တဲ့အကျိုး။
(၄) ညာယအဓိဂမ- မဂ်ဉာဏ်ကိုရနိုင်တဲ့အကျိုး။
(၅) နိဗ္ဗာနသစ္ဆိကိရိယာ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တဲ့အကျိုး။

အဲဒီလို သတိပဋ္ဌာန်တရားမှာ အကျိုးငါးပါးရှိပါတယ်၊ အေး.... သတိပဋ္ဌာန်တရား အားထုတ်ရင် အဲဒီအကျိုးငါးပါးနဲ့ ပြည့်စုံမယ်တဲ့။ သတိပဋ္ဌာန်မဟာမိ ရှေ့အဘိုက အားထုတ် ချင်ကြပါစေဆိုပြီးတော့ မြတ်စွာဘုရားက သတိပဋ္ဌာန် ဂုဏ်၊

သတိပဋ္ဌာန်ရဲ့ အကျိုးကိုပြပြီး ဟောတာတဲ့၊ ဒါသတိပဋ္ဌာန် တရားကိုယ်မဟုတ်သေးဘူး၊ သတိပဋ္ဌာန် တရားကိုယ်ကျတော့ ကတမေ စတ္တာရော ဣဓ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟာရတိ၊ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာဒေါမနဿံ အဲဒီမှာ လေးပိုဒ်ခဲ့လို့က်။

(ကျွေးဇူးရှင်ဆရာတော်ကြီးသည် ဤနေရာတွင်တရားနာ ပရိသတ် နားလည် လွယ်စေခြင်းငှာ ဝါကျဟူ ဆိုလို့က်ခြင်း ဖြစ်ပါသည်)။

ဣဓဘိက္ခဝေ ဘိက္ခု အဲဒီတပိုဒ်ကို တဝါကျခေါ် တယ်- အက္ခရသမူဟောပဒ၊ ပဒသမူဟောဝါကျ၊ ဝါကျသ မူဟော ဂန္ထ - လို့ဆိုတဲ့အတိုင်း အက္ခရာအပေါင်းကိုပုဒ်။ပုဒ်အ ပေါင်းကို ဝါကျ။ ဝါကျအပေါင်းကို ကျမ်းတစောင် အဲဒီ လို အသုံးအနှုန်းရှိတယ်။

ဒီတော့ ဣဓဘိက္ခဝေ ဘိက္ခုဆိုတာ တဝါကျ၊ဘဝါ ကျဆိုတာ စကားတခွန်း။

ကာယေ ကာယာ နုပဿီ ဝိဟာရတိ-အဲဒါက တပိုဒ် တဝါကျ။ စကားတခွန်းလို့ နှစ်ဝါကျရှိရော။

အာတာပီ သမ္ပဇာနော သတိမာ- အဲဒါ တဝါကျ စကားတခွန်း။

ဝိနေယျလောကေအဘိဇ္ဈာဒေါမနဿံ အဲဒါတဝါကျ ဒီတော့ ဣဓ ဘိက္ခဝေ ဘိက္ခုကာယေ ကာယာနုပဿီ ဝိဟာ ရတိ အာတာပီ သမ္ပဇာနောသတိမာ ဝိနေယျလောကေ

အာဘိဇ္ဈာ ဒေါမနဿံ - ဆိုတဲ့ ပဌမ ကာယာ နုပဿနာ သတိပဋ္ဌာန်မှာ လေးဝါကျရှိတယ်၊ အဲဒီ လေးဝါကျ ပိုင်းခြားပြီး တော့မှ ဘယ်ဝါကျက ဘယ်စကား ပြောတာလို့ ဒီလိုသိရတယ်။ ဣဓဘိက္ခဝေ ဘိက္ခု၊ ကာယေကာယာနုပဿီ ဝိဟရတိ၊ အာတာပီသမ္ပဇာနော သတိမာ၊ ဝိနေယျလောကေ အာဘိဇ္ဈာ ဒေါမနဿံ၊ လေးပိုင်းပိုင်းတတ်ပြီ မဟုတ်လား။

၁။ ဣဓ ဘိက္ခဝေ ဘိက္ခု၊ တပိုဒ်။

၂။ ကာယေ ကာယာနုပဿီ ဝိဟရတိ၊ တပိုဒ်။

၃။ အာတာပီသမ္ပဇာနော သတိမာ၊ တပိုဒ်။

၄။ ဝိနေယျလောကေ အာဘိဇ္ဈာ ဒေါမနဿံ၊ တပိုဒ်။

ဒီပါဠိတော်မှာ လေးပိုင်းပိုင်း၊ မပိုင်းတတ်ဘဲနဲ့ ဘယ် အခိုပွာယ်ယူလို့ ရမလဲ၊ ပိုင်းပြီးတော့မှ အခိုပွာယ် ယူလို့ ရတယ်။

ဘိက္ခဝေ၊ ရဟန်းတို့။ ဓမ္မပဋိဂ္ဂါဟက တရားနာနေကြတဲ့ ရဟန်းတော်တွေကို မြတ်စွာဘုရား ခေါ်တော်မူတာ ဒါပါဋိဂ္ဂါလို့ဆိုတော့ အာလပန အာလုပ်။ ဗမာလို့ပြောတော့ ခေါ်တော်မူတာ။ ဘယ်သူ့ကို ခေါ်တယ်၊ ဒီတရားနာနေတဲ့ ရဟန်းတော်တွေကို ခေါ်တော်မူတာ။ ဒီအခါမှာ တရားနာနေတဲ့ ရဟန်းတော်တွေ သုံးသောင်း ရှိတယ်တဲ့။ အဲဒီ သုံးသောင်းသော ရဟန်းတော်တွေကို မြတ်စွာဘုရားက ဘိက္ခဝေလို့ ခေါ်တော် မူတယ်၊ ဟုတ်လား၊ ဘိက္ခဝေ၊

ရဟန်းတို့၊ ရှေးကတော့ စာကို မြုပ်ပြီရေးလေ့ ရှိကြတယ်၊ ဘိက္ခဝေ၊ တို့၊ လို့ ရဟန်း မထည့်တော့ဘူး၊ ရဟန်းလို့ ကိုယ့်ဟာကိုယ် ထည့်ဆိုရတယ်။ ဘိက္ခဝေ၊ တို့၊ ဒါဘဲရေးလိုက်တယ် ဟုတ်လား။

အဲ-လေးတင်း တတောင်း၊ လေးတောင်း တတို့၊တင်းနဲ့ လေးတင်းကို တတောင်းခေါ်တယ်၊ တောင်းနဲ့လေးတောင်းကို တတို့ခေါ်တယ်၊ အဲဒီတော့ စာဖတ်တဲ့ဘုန်းကြီးက၊ ဘိက္ခဝေ တို့ လို့တွေတော့ ဟန်းလို့ မအောက်မေ့ဘူး၊ ဆန်ထည့်တဲ့ တို့လို့ အောက်မေ့တာကို။

မယ်သီလက ကျောင်းလာ ဆန်လှူ၊ ဆန်လှူတော့ ဘုန်းကြီးက ဘာလုံလို့ မေးတော့ ကသာပါ ဘုရားလို့ ပြောသတဲ့၊ ဟယ်ဒါဖြင့် သိက္ခဝေထဲထည့်လိုက် လဟ့ယ်လို့ ဆိုသတဲ့၊ ဘုန်းကြီးကလဲ ဘိက္ခဝေ ရဟန်းတို့လို့ မသိ၊ တို့သာသိတယ်။ မယ်သီလကလဲ ဆန်ကို တဏ္ဍုလလို့ မသိ၊ ကသာဆန်လို့သာ သိတာကိုး၊ အမှန်က ဘိက္ခဝေ၊ ရဟန်းတို့၊ ဣ၈၊ ဤငါဘုရား သာသနာတော်၌၊ ငါဘုရား သာသနာတော်၌လို့ ဘာဖြစ်လို့ ပြောသလဲ။

ပုရတ္ထိမကသုပ၊ မက္ခလိဂေါသာလ၊ အဇိတကေသကမ္ဗလ အစရှိသောဂိုဏ်းတပါးတွေ ရှိသေးတယ်၊ အဲဒီဂိုဏ်းကသာသနာ မဟုတ်ဘူး၊ အဲဒီဂိုဏ်းက အဆုံးအမ မဟုတ်ဘူး၊ ငါဘုရားအဆုံး အမ၊ ငါဘုရားသာသနာလို့ ဆိုတာတဲ့။

တပါးသောဂိုဏ်းမှာ သောတာပန်တည်းဟူသော ပဌမရဟန်း၊ သကဒါဂါမ်တည်းဟူသော ဒုတိယရဟန်း၊ အနာဂါမ်

တည်းဟူသော ထတိယရဟန်း၊ ရဟန္တာတည်းဟူသော စတုတ္ထ ရဟန်းရယ်လို့ မရှိဘူးတဲ့၊ ပရိနိဗ္ဗာန်စံခါနီး သုဘဒ္ဒပရိဗိုဇ်မေးလို့ မြတ်စွာဘုရားဖြေတယ်၊ ကောင်းကင်မှာခြေရာမရှိ၊ ငါဘုရားသာသနာတော်မှာ တပါးသောသာသနာပ ဗာဟိရမှာ ပဌမရဟန်း၊ ဒုတိယ ရဟန်း၊ တတိယ ရဟန်း၊ စတုတ္ထ ရဟန်းဟူ၍မရှိ၊ သာသနာတော်မှာ သာလျှင်၊ ပဌမဒုတိယ၊ တတိယ၊ စတုတ္ထခေါ်တဲ့ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာရှိတယ်တဲ့။

သာသနာပဗာဟိရ၊ မက္ခလိဂေါသာလ၊ ပူရဏကဿပ အစရှိသော တိတ္ထိဂိုဏ်းတွေမှာ သောတာပန်သကဒါဂါမ် အနာဂါမ်၊ ရဟန္တာရယ်လို့ မရှိဘူးတဲ့၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ရဟန္တာမရှိခဲ့သော် သောတာပန်ဖြစ်ကြောင်း၊ သကဒါဂါမ်ဖြစ် ကြောင်း၊ အနာဂါမ်ဖြစ် ကြောင်း၊ ရဟန္တာဖြစ် ကြောင်း၊ တရားကော ရှိနိုင်ပါအုံးမလား၊ မရှိနိုင်ပါဘူး အဲဒီတော့ဒီဘုရား သာသနာတော်မှာသာ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာဖြစ်ကြောင်းတရားရယ်လို့ ရှိတာ၊ ဒါကြောင့် ဣဓနဲ့တပါးသော သာသနာနဲ့ခဲ့ခြားလိုက်၊

ဣခ၊ဤငါဘုရားသာသနာတော်မြတ်၌၊ ဘိက္ခု၊ဘော်းကို ရှုတတ်ဘဲ့ ပဋိပဒါလမြတ်သည်၊ ဘယ် ဣကဲ့တိုတိဘိက္ခု၊ ဘယ်၊ ဘော်းကို၊ ဣကဲ့တိ၊ ရှုတတ်၏၊ ဣတိ၊ ထိုကြောင့်၊ ဘိက္ခု၊ ဘိက္ခု မည်၏၊ ရဟန်းဘဲဖြစ်ဖြစ်၊ လူဘဲဖြစ်ဖြစ် ယောကျ်ားဘဲ ဖြစ်ဖြစ် မိန်းမဘဲဖြစ်ဖြစ်၊ ဘော်းကိုရှုတတ်တဲ့ သံဃဂဉ္ဇာဏ်ရှိရင်ဘာခေါ်မယ်၊ ဘိက္ခုခေါ်တယ်:အေး၊ ဘော်းကို ရှုတတ်မှ ပဋိပဒါလမြတ်၊

ဘေးကို မရှုတတ်ရင် ပုဂ္ဂိုလ်မြတ်ထဲ မဖြစ်ဘူးတဲ့၊ ဘေးကာဘာဘေးလဲ။

(၁) အပါယ်ဘေး။

(၂) သံသရာဘေး။

ဘေးကဘာဘေးလဲ အပါယ်ဘေး၊ သံသရာဘေးပါဘုရား။ဘာယိတဗ္ဗန္တိဘယံ၊ဘာယိတဗ္ဗန္တိ၊ကြောက်အပ်၊ကြောက်ထိုက်၊ ကြောက်သင့်သောကြောင့်၊ ဘယံ၊ ဘေးမည်၏ဘေးဆိုတာ ကြောက် အပ်တဲ့ သဘော ရှိတယ်၊ ဘေး ဆိုတာ ဘာသဘောရှိပါသလဲ။ ကြောက် အပ်တဲ့ သဘော ရှိ တယ်၊ ကြောက်အပ်တဲ့ သဘောရှိတိုင်း ကြောက်ပါ့မလား ဆိုတော့၊ ကြောက်တတ်တဲ့ ပုဂ္ဂိုလ်မှ ကြောက်မှာဘဲ၊ ကြောက်အပ်တဲ့သဘောရှိတိုင်း ကြောက်ကြသလား၊ မကြောက်ဘူး၊ သဘာဝကတော့ ကြောက်အပ်တဲ့သဘောရှိတယ်၊ ကြောက်ရမှန်းမသိတဲ့ ပုဂ္ဂိုလ်က၊ ကြောက်ကိုမကြောက်ဘူး။

သေရောက်က မောင်ပေါက် တစ္ဆေမကြောက်သလို၊ သေရောက်ရှာက မောင်ပေါက် ဆိုတဲ့ လူကို တစ္ဆေခြောက်လိုက်တာ၊ ထန်းပင်ကြီးလိုလုပ်ပြတယ်၊ အောင်မယ်-တယ်ကြီးတဲ့ အကောင်ကြီးပါလားလို့ အောက်မေ့တယ်၊ မျက်လုံးကြီး လင်းကွင်းလုံးလောက် လုပ်ပြတယ်၊ ဟာ သူ့မျက်လုံးကြီးတယ် ကြီးပါလား၊ လျှာကြီးထုတ်ပြတယ်၊ ဟာလျှာကြီးဟာတန်းလန်းကြီးဘဲ ခွေးကြီးလိုဘဲဟာ၊ ဘယ်လိုခြောက်ခြောက် မကြောက်ဘူးတဲ့၊ သေရောက်က မောင်ပေါက်တစ္ဆေမကြောက်သလို၊ ခုတို့လူစုကလဲဘဲ၊ ငရဲတွေ၊ တိရစ္ဆာန်တွေ၊ ပြိတ္တာတွေ၊ အသူရကာယ်

တော့ဘယ်လိုပြောပြော၊ ကြောက်ကဲ့လား။ မောင်ပေါက်တော့ပေါ့။

ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဆိုတဲ့အပါယ်လေးပါးက ကြောက်အပ်တဲ့ သဘောမရှိဘူးလား၊ ရှိပါတယ် ကြောက်အပ်တဲ့ သဘော ရှိရဲ့သားနဲ့ ဘာလို့ မကြောက်ကြတယ်၊ ကြောက်ရမှန်း မသိတာတ်လို့နော်၊ ငရဲဆိုတာကြောက်ရမှန်းမသိဘူး၊ တိရစ္ဆာန်ဆိုဘာလဲ ကြောက်ရမှန်း မသိဘူး ပြိတ္တာဆိုတာလဲ ကြောက်ရမှန်းမသိဘူး၊ အသူရကာယ်ဆိုဘာလဲကြောက်ရမှန်းမသိဘူး၊ ကြောက်ကိုမကြောက်ဘူး။ ငရဲဆိုတာ နိရယ၊ နိ-အံယ၊ အယာ၊ ချုမ်းသာမှ၊နိ၊ ထွက်မြောက်သည်တည်း။ နိရယော၊ ချမ်းသာမှ ထွက်မြောက်သည်။ ချမ်းသာထဲက ထွက်သွားတဲ့ဘုံတဲ့၊ ငရဲကျရင်ဖြင့် အဲဒါ ချမ်းသာထဲက ထွက်သွားတာဘဲ။ လူ့ဘဝ၊ နတ်ဘဝ နေတုံးက မချမ်းသာဘူးလား၊ အဲဒီ ချမ်းသာထဲက ထွက်သွားပြီးတော့— ငရဲရောက်သွားတယ်၊ အယာ၊ ချမ်းသာမှ၊ နိ်က္ခန္တော၊ ထွက်သည်တည်း။ နိရယော၊ ချမ်းသာမှထွက်သည်။

လူပြည် နတ်ပြည် ဟူသော ချမ်းသာထဲကနေပြီးတော့ ထွက်သွားတဲ့ လူတဲ့၊ ဘယ်သွားသလဲ ငရဲ၊ ဟုတ်ပြီလား။ အဲဒီ နိရယဆိုတဲ့ပါဠိကို ငရဲလို့ ပြန်ရတ်တယ်၊ ယသတ် နောက်ပစ် သဒ်သောဆိုတဲ့အတိုင်း ယသတ်နဲ့နောက်ပစ် အဓိပ္ပာယ်တူ၊ နိရယကိုနရဲ၊ နိရယကို ဘယ်လိုဆိုတယ် နရဲပါဘုရား။ အဲဒီနကို ငရေးပြီးတော့ ငရဲ၊ ငရဲဆိုတာက ဒါရိုက်စကား မဟုတ်ဘူး။ ပါဠိလိုနိရယကလာတာ၊ နိရယက ဘာဖြစ်တယ်၊ နရဲ-နရဲကနေ

ဘာဖြစ်တယ်၊ ငရဲ့ဟုတ်ပြီလား။ အဲဒီငရဲဆိုတာဘာဘာ ဘာယိုတဗွ။ ကြောက်အပ်တဲ့ သဘောရှိသောကြောင့် ဘာ။ ဘေးပါဘုရား။ အော်....ငရဲဆိုတာ ကြောက်စရာတယ်တဲ့၊ သို့ပေမယ်လို့ ငရဲ့, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ် အပါယ်လေးပါး ရှိပါလျက်နဲ့ တိရစ္ဆာန်ဘုံက ပကတိမျက်စေ့-မဲသစက္ခုနဲ့ မြင်စကောင်းတယ်။ နွားတို့ ခွေးတို့ ဝက်တို့ ကြက်တို့ဆိုတဲ့ တိရစ္ဆာန်တွေကို ပကတိမျက်စေ့၊ မဲသမျက်စေ့နဲ့ မမြင်စကောင်းဘူးလား။ မြင်စကောင်းပါတယ်ဘုရား။ အေး....မြင်စကောင်းတယ်။ အဲဒီသတ္တဝါတွေဖြစ်ရတာ မဆင်းရဲဘူးလား။ ဆင်းရဲပါတယ်ဘုရား။ ဆင်းရဲတာ ဒီဥစ္စာလက်ငင်း မြင်လျက်သားနဲ့ ကြောက်ကဲ့လားဟင် မကြောက်ဘူး ဟုတ်လား။

ငရဲဆိုတာက မဲသစက္ခုရဲ့အရာမဟုတ်ဘူး၊ဒိဗ္ဗစက္ခုရဲ့အရာ၊ ငရဲဆိုတာ ဘုရဲ့အရာ၊ ဒိဗ္ဗစက္ခုရဲ့အရာပါဘုရား။ အေး....ဥာဏ်မျက်စေ့မှ မြင်နိုင်တာ ဟုတ်ဘူးလား၊ ယခုခေတ် ယခုအခါတော့ တော်တော်ခက်ပြီ၊ တလောက ဦးဥက္ကဋ္ဌတို့က ဒေးဒရဲမှာ ဟောကြားခဲ့တာ သူတို့က ငရဲကလဲ မြကြီးပေါက်တူးနဲ့ ပေါက်ရှာလို့လဲ မတွေ့ဘူးတဲ့၊ ငရဲကိုမဲသစက္ခုအရာ မှတ်နေတာကို၊ ဒီတော့ ငရဲရှိတယ်ဆိုတာ အလကားပြောတာ၊ မဟုတ်ဘူးပေါ့၊ အခိုပ်ဟယ်ကလေ-ငရဲမရှိဘူးဆိုလိုတာပေါ့။ ဒိဗ္ဗစက္ခုမှ သူ့မှာမရှိဘဲကို မဲသစက္ခုနဲ့လဲ မြင်စကောင်းတာမဟုတ်ဘဲကို၊ အဲဒီတော့ မဲသစက္ခုနဲ့ မြင်စကောင်းတဲ့ ကိုယ်ရှေ့တွင် ဆင်းရဲနေတဲ့ တိရစ္ဆာန်တွေ တွေ့နေရတာတောင် မကြောက်ရင် မဲသစက္ခုနဲ့ မမြင်စကောင်းတဲ့ ဒိဗ္ဗစက္ခုမရတဲ့ အကန်းတွေက ငရဲ

ဘယ်လိုလုပ်ကြောက်ကြမယ်၊ မခက်ဘူးလား၊ ကြောက်ဘို့ခက်တယ်။

တို့မြေတ်စ္ဓာဘုရား လက်ထက်တော်က အရှင် ကုမာရကာဿပတဲ့၊ ဆန်းဆန်းကြယ်ကြယ် တရားဟောတတ်တဲ့ အရာမှာ တော်ရသဲ့ဆောင်တဲ့ အရှင်မဟာကဿပကြီး၊ ဥရုဝေလကဿပ၊ ဂယာကဿပ၊ နဒီကဿပဆိုတာက ကဿပညီနောင်ရှင်တဆောင်၊ ကဿပသုံးမျိုး၊ ယခုကုမာရကဿပဆိုတာက ကောသလမင်းကြီးမွေးစားတဲ့ မင်းသား၊ အရှင်ကုမာရ ကဿပဆိုတာက ဘာ- ကောသလမင်းကြီး မွေးစားတဲ့ မင်းသားပါဘုရား၊ အေး ကောသလမင်းကြီးရဲ့ မွေးစားတဲ့ မင်းသား ဘိကွနိမရဲ့သား၊ အဲဒါကို အကြောင်းပြုပြီး ဖိုးစိန်က ဥဒါယီတို့ ကုမာရိတို့ ဇာတ်ထုပ် လုပ်တာပေါ့ အင်မတန် ပေါက်ပေါက်ရှာရှာ လုပ်တဲ့လူ။

အရှင်ကုမာရ ကဿပ၊ ကောသလမင်းကြီး မွေးစားလို့သူ့ကို ကဿပပင်ဖြစ်သော်လည်း ဘာကဿပ ကုမာရကဿပပါဘုရား၊ ကုမာရကဿပ- မင်းသားကဿပ၊ သူက ဘာတော်၊ တရားဟောရာမှာ ဆန်းဆန်းကြယ်ကြယ် ဟောတတ်တယ်တဲ့၊ အဲဒီအရှင် ကုမာရကဿပဆိုတာက ကောသလတိုင်းသေတဗျမ္မိုကို ရောက်သွားတယ်တဲ့၊ အရှင်ကုမာရ ကဿပ ဘယ်ရောက်သွားဦးမှာလဲ၊ ကောသလတိုင်းသေတဗျမ္မိုကို ရောက်သွားပါတယ်ဘုရား။

အဲ ကောသလတိုင်းသေတဗျမ္မို ရောက်သွားတော့ သေတဗျမ္မိုကလဲဘဲ ကောသလမင်းကြီးက သေတဗျမ္မိုကို ပါယျာသိ

အမည်ရှိသော ပုဏ္ဏားကြီးကို အပိုင်စား ပေးထားသတဲ့၊ သေတဖျစ်ကို ဘယ်သူ့အပိုင်စား ပေးထားတယ်၊ ပါယာသိ အမည်ရှိသော ပုဏ္ဏားကြီးကို အပိုင်စား ပေးထားပါတယ်ဘုရား၊ အေးပါယာသိ အမည်ရှိသော ပုဏ္ဏားကြီးကို မြို့စား ပေးထားတော့ ပါယာသိ အမည်ရှိသော ပုဏ္ဏားကြီးက သေတဖျ မြို့စားကြီးပေါ့ အရှင် ကုမာရ ကဿပတို့ မြို့ရောက်လာတယ်ဆိုတော့၊ သူလဲဘဲ စကားပြော အင်မတန် ကောင်းတယ်ပြောတယ်၊ ငါလဲဘဲ အရှင် ကုမာရ ကဿပဆီ သွားဆည်းကပ်အုံးမှဘဲဆိုပြီးတော့ ပါယာသိအမည်ရှိသော ပုဏ္ဏားကြီးက အရှင်ကုမာရ ကဿပဆီ သွားဆည်းကပ်တယ်။

ဆည်းကပ်ပြီး အလွန်ပ သလွန်ပ စကားပါ ပြော့ဆိုပြီးတော့ ပါယာသိအမည်ရှိသော မြို့စားကြီးက ဘာကို လျှောက်ထားသလဲဆိုတော့ အရှင်ဘုရားတဲ့၊ အကျွန်ုပ် အယူရှိတာက တမလွန်လောက မရှိဘူးလို့ အကျွန်ုပ်အယူရှိပါတယ်၊ ပါယာသိ ပုဏ္ဏားကြီးအယူကလေ ဘာမရှိတယ်၊ တမလွန်လောက မရှိဘူးလို့ အယူရှိပါတယ်ဘုရား၊ ဒီပြင်လဲဘဲ သေသာသတ္တဝါသည် ပြန်ဖြစ်တယ်လို့ တပည့်တော်အယူမရှိပါဘူး၊ သေသာသတ္တဝါသည် ပြန်ဖြစ်ရိုးထုံးစံမရှိ၊ သေတဲ့သစ်ပင်ဟာ ဘာမှမဖြစ်သလို သတ္တဝါရယ်လို့ သေသွားရင် ဒီသက္ကဇါလမ်းဆုံးရော ဘာမှမဖြစ်တော့ဆူး၊ တမလွန်လောက ရှိတယ်လို့လဲ အယူမရှိ၊ သေသောသတ္တဝါ ပြန်ဖြစ်တယ်လို့လဲအယူမရှိ၊ ကုသိုလ်ကံရဲ့အကျိုး အကုသိုလ်ကံရဲ့အကျိုး ရှိတယ်လို့ဆိုတာလဲ တပည့်တော်အယူမရှိပါဘူးတဲ့၊ သူအယူမရှိတာ ဘယ်နှစ်မျိုး သုံးမျိုး

ပါဘုရား၊ ကမလွန်လောက မရှိဘူးလို့ လဲအယူရှိတယ်၊ သေသော သူ ပြန်မဖြစ်ဘူးလို့ လဲအယူရှိတယ် ကုသို့လ် အကဲသိုလ်အကျိုးမရှိဘူး လို့ လဲအယူရှိတယ်။ အဲဒီအယူသုံးမျိုးကို အကျွန်ုပ်ယူပါတယ်တဲ့။

အဲဒီတော့ အရှင်ကုမာရကဿပက မြို့စားကြီး ဒီလိုလူလဲ ငါမတွေ့ဘူး ဘူး။ ဒီလိုစကားမျိုးလဲ ငါမကြားဘူး ဘူးဘဲ့။ အရှင် ကုမာရကဿပကလေ ဒီလိုလူလဲ ငါမတွေ့ဘူးဘူး၊ ဒါလူဆန်း ဘဲ၊ ဒီစကားမျိုးလဲ ငါမကြားဘူးဘူး၊ ဒါဟာ စကားအဆန်း ဘဲ၊ သို့ပေမယ်လို့ သင်ပုဏ္ဏားကို ငါမေးမယ်။ ခုကောင်းကင်မှာ သွားလာနေဘဲ့ နေတွေ့, လတွေ့ မရှိဘူးလာ ။ နေတွေ့, လတွေ့ ရှိသပေါ့ ကိုယ်တော်၊ အဲဒီ နေတွေ့, လတွေ့ဟာ ဤလောကလား, ဟိုလောကလား, ယခုပစ္စုပ္ပန်လောကလား, တမလွန် လောကလား၊ ဒီနေနဲ့, လဟာ ဒီတော့ သူခက်နေတယ်၊ ဤလောကပါဆိုရင်လဲဘဲ ဒီနေနဲ့လဟား လူ့ပြည်နဲ့ ဘယ်လောက် ဝေးသလဲ၊ ဒီ နေ့, လဟာ ဘယ်လောက်ကြီးသလဲ၊ ထပ်ပြီးတော့ မေးရင် သူမဖြေဘတ်တော့ဘူး၊ အဲဒီနေထဲမှာရှိတဲ့ သတ္တဝါဟာ လူလား, နတ်လား တခါမေးပြန်တော့ လူမှန်း, နတ်မှန်းလဲ သူ မသိ၊ ဒ့ါ ရှောက်ချည်နေမှာဘဲ၊ ဘယ်လိုရှိရှိ ဒါတမလွန်လောက ပါဘဲလေဆိုပြီးတော့ မှိတ်ပြီးဖြေလိုက်မယ်လို့ တမလွန်လောက ပါလို့ ဖြေလိုက်တယ်။ နေနဲ့လဟာ ဤပစ္စုပ္ပန်လောက မဟုတ်၊ ပါဘူး။ နေနဲ့လဟာ တမလွန်လောကပါလို့ ဘယ်သူက ဖြေ တယ်၊ ပါယာသိပုဏ္ဏားကြီးက ဖြေလိုက်တယ်။

ဖြေလိုက်တော့ အရှင်ကုမာရကဿပက သင် တမလွန် လောက မရှိဘူးလို့ ယူထားပေမယ်လို့ ဒီနေနဲ့လဟာ တမ

လွန် လောကလို့ ဆိုတာ ပြမနေဘူးလားတဲ့။ ဒီတော့ သင့် အယူကို စွန့်လိုက်ပါ။ တမလွန်လောက ရှိတယ်လို့ ယူပါ။ သေသော သတ္တဝါ ပြန်ဖြစ်တယ်လို့ ယူပါ။ ကုသိုလ်ကံ အကုသိုလ်ကံ အကျိုးရှိတယ်လို့ ယူပါလို့ အရှင်ကုမာရကဿပက တိုက်တွန်းတယ်။ တိုက်တွန်းတော့ အရှင်ဘုရား တိုက်တွန်းပေမယ်လို့ တပည့်တော် မယူနိုင်သေးပါဘူးဘုရားတဲ့၊ ဘာဖြစ်လို့လဲဆိုတော့ မကောင်းမှု ဒုစရိုက်ပြုတဲ့လူမျိုးသေရင် ငရဲကျတယ်လို့ ရှိတယ်တဲ့၊ မကောင်းမှုဒုစရိုက်ပြုတဲ့လူမျိုးသေရင် ဘယ်ကျတယ်၊ ငရဲကျပါတယ်ဘုရား။ ဒီတော့ ကျွန်ုပ်၏မိတ်ဆွေတယောက် ဒုစရိုက်မကောင်းမှုပြုတဲ့လူကို သေခါနီးတော့သွားမှာပါတယ်၊ မိတ်ဆွေရေ ... မကောင်းမှုဒုစရိုက်ပြုတဲ့လူမျိုး သေရင် ငရဲကျတယ်ဆိုတဲ့ စကား မှန်ခဲ့သော်- မိတ်ဆွေ- ကောင် ငရဲကျရမယ်။ ငရဲရောက် သကာလ ငါကိုလာပြီး ပြန်ပြောလှည့်ပါအုံး။ ပါယာသိပုဏ္ဏားကြီးရေ- ငရဲဆိုတာ တကယ်ရှိတယ်၊ ကျွန်ုပ်ကျနေပါပြီ ဟုလာပြောလှည့်ပါအုံး။ အဲဒီလို မှာလိုက်တယ်တဲ့၊ မှာလိုက်တော့ ပြောလှည့်ပါမယ်လို့ သူဝန်ခံသွားတယ်၊ ခုထက် ထိလဲ လာမပြောဘူး။

အဲဒါကြောင့် တပည့်တော် ငရဲရှိတယ်၊ တမလွန်လောကရှိတယ်ဆိုတာ တပည့်တော် မယုံပါဘူးတဲ့။ ပုဏ္ဏားကြီး ငါမေးမယ်ဘဲ၊ ငရဲတော့ ထားပါအုံးတော့- ခိုးသူတယောက်မိတော့ အသင်ပုဏ္ဏားကြီးက ဒီခိုးသူကိုချည်နှောင်တုပ်ပြီးတော့ မြို့တောင်ဘံခါးထုတ်ပြီး သင်းချိုင်းမှာ သတ်ပစ်ကြလို့ အမိန့်ထုတ်လိုက်ဘယ်၊ အမိန့်ထုတ်လိုက်တော့ အဲဒီခိုးသူက ခဏခင့်ငင်းကြပါအုံး၊ ကျေးဇူးအိမ်ပြန်ပြီး ပြောပါရစေအုံး၊ ပြောစရာရှိတာပြော၊ မှာစရာ

ရှိတာ မှာပြီးတော့မှ ပြန်လာခဲ့ပါမယ်လို့ ခိုးသူက လက်မခံ အာဏာသားတွေကို ပြောခဲ့သော်၊ အဲဒီ လူတွေက ဒီခိုးသူကို လွှတ်ပါ့မလား၊ ဘယ်လွှတ်မလဲဘုရား၊ သူပြောရင်ဘဲ သတ်မှာပေါ့၊ အဲဒီတော့ လူလူချင်းတောင် မလွှတ်လို့ရှိရင် ငရဲထိန်းတွေက ဒီလူကိုလွှတ်မလားတဲ့၊ ငရဲကလူလာပြီး မပြောရုံနဲ့လဲ ဒီအယူကိုမယူပါနဲ့၊ သင့်စွန့်လွှတ်လိုက်ပါတဲ့၊ အဲဒီလို ပြောပြန်တော့ ဟာ-ဒီလိုဆိုလဲ မယူနိုင်စေးဘူးဘုရားတဲ့။

ဘာဖြစ်သို့လဲ ကောင်းမှုကုသိုလ်ပြုတဲ့လူများ သေရင် နတ်ပြည် ရောက်ဘယ်လို့ ဆိုတယ်၊ တပည့်တော်ရဲ့ မိတ်ဆွေတယောက် ကောင်းမှုကုသိုလ်ပြုပြီးတော့ သေတယ်တဲ့၊ သေခါနီးမှာ တပည့်တော်သွားမှာပါတယ် ဘုရား၊ မိတ်ဆွေ ကောင်းမှုကုသိုလ်ပြုတဲ့လူများသေရင် နတ်ပြည်ရောက်တယ်လို့ ဆိုတယ်။ မိတ်ဆွေတော့ နတ်ပြည်ရောက်မှာ အမှန်ဘဲ၊ ဒီစကားမှန်ရင် မိတ်ဆွေနတ်ပြည်ရောက်ပြီးသကာလ အကျွန်ုပ်ကို လာပြီးပြောလှည့်ပါ အဲဒီလိုမှာလိုက်တော့ အေး.... လာပြောပါ့မယ်လို့ ပြောသွားတယ်၊ ပြောလှည့်ပါမယ်လို့ ပြောသွားသော်လည်း ယခုဆက်ဆိ မပြောသေးဘူး၊ ဒါကြောင့် မစွန့်နိုင်ပါဘုရား။

ပဉ္စာကြီး မစင်တွင်းထဲ ကျနေတဲ့ လူတယောက်ကို ဆယ်ပြီးတော့ နံ့သာရေမိုး ကောင်းမှုစွာချိုး၊ အဝတ်အစား ကောင်းမှုန်စွာဝတ်၊ အိမ်အပေါ်ထပ်တင်ပြီး ကောင်းမှုန်စွာ ကျွေးမွေးထားမယ်တဲ့။ ဒီလူဟာ မစင်တွင်းထဲ ပြန်ဆင်းချင်ပါ အုံးမလားတဲ့၊ ဆင်းပါဆိုလို့ကော ရပါအုံးမလားတဲ့၊ အေး....

ထိုနည်းတူစွာ လူတို့၏အနံ့ဟာ နတ်များမှာ ယူဇနာတရာက နံစော်တယ်တဲ့၊ လူတို့၏အနံ့ဟာ နတ်များမှာ ဘယ်လောက်က နံစော်တယ်။ ယူဇနာတရာက နံပါတယ်ဘုရား၊ အေး....ယူဇနာတရာကနံတယ်၊ ဒီတော့ နတ်ပြည်ရောက်သွားတဲ့နတ်က သင့်ကို လူ့ပြည်လာပြီးတော့ မကောင်းတဲ့ အနံ့တွေခံပြီးတော့ လာပြောနေမလားဘဲ့၊ အဲဒါကြောင့်လဲဘဲ သင် တမလွန်လောက မရှိဘူးဆိုတဲ့အယူကို စွန့်လိုက်ပါတဲ့၊ ဒါနဲ့လဲ မစွန့်နိုင်သေးပါဘူးဘုရားတဲ့။ ဘာဖြစ်လို့လဲဆိုတော့ ငါးပါးသီလ လုံတဲ့လူသေရင် တာဝတိံသာ နတ်ပြည်ရောက်တယ်ဆိုတော့ကာ အဲဒီ ငါးပါးသီလ လုံတဲ့သူ သေခါနီးမှာ သွားမှာပါတယ် မိတ်ဆွေ၊ မိတ်ဆွေကတော့ ငါးပါးသီလ စောင့်ထိန်းတယ် ငါးပါးသီလ လုံခြုံတယ်၊ သေရင် တာဝတိံသာ နတ်ပြည်ရောက်မှာ အမှန်ဘဲ၊ တာဝတိံသာ နတ်ပြည်ကျတော့ ပါယာသိရေ ကျွန်ုပ်တော့ တာဝတိံသာနတ်ပြည် ရောက်နေပါတယ်လို့ပြောလှည့်ပါ ပြောလဲပြောပါမယ်လို့ ဝန်ခံသွားတယ်၊ အဲဒီ ပဂိုလ်လဲယနေ့တိုင် လာမပြောပါဘုရား။

ပုဏ္ဏားတဲ့ လူ့ပြည်မှာ အနှစ်တရာ တာဝတိံသာ နတ်ပြည်မှာ တရက်အဲဒီ ရက်ပေါင်းသုံးဆယ်ကိုတလ၊ ဒီလပေါင်း ၁၂-လကို တနှစ်၊ အဲဒီလို နှစ်ပေါင်းတထောင်မှ တာဝတိံသာ နတ်သက်တသက်၊ လူတို့အရေအတွက်နဲ့ တာဝတိံသာနတ်သက်ဟာ ၁၆-ကုဋေ့ ၆-သန်းရှိတယ်တဲ့၊ တာဝတိံသာနတ်သက်ဟာ လူတို့အရေအတွက်နဲ့ ဘယ်လောက်ရှိတယ်၊ ၃-ကုဋေ ၆-သန်းရှိပါတယ်ဘုရား၊ သူတို့ တာဝတိံသာ နတ်တို့ရဲ့ အရေအတွက်

နဲ့တော့ တထောင် ဟုတ်ပြီလား။ ဒီတော့ သင်ပြောတဲ့အတိုင်း ငါးပါးသီလ လုံဘဲ့လူက တာဝတိံသာနတ်ပြည် ရောက်သွားပြီ၊ ဆိုပါတော့ တာဝတိံသာ နတ်ပြည်ရောက်ပြီး တရက်နှစ်ရက် ကြာမှဘဲ ပါယျာသိဆီသွားမယ်လေ ခုနေတော့ငါမပြောသေးဘူး ဆိုပြီးတော့ တရက် နှစ်ရက်လောက် နားနေမယ်တဲ့၊ ဟိုတာဝတိံသာနတ်ပြည် ရောက်သွားတဲ့လူက တရက် နှစ်ရက်ကြာလို့ သင့်ထံလာပြောတော့ သင်ပုဏ္ဏား ဒီမှာ ရှိနှင့်ပါအုံးမလားတဲ့၊ တရက်နှစ်ရက်ကြာမှ လာပြောမယ်ဆိုရင် တရက် နှစ်ရက်ကြာရင် အနှစ်နှစ်ရာလောက် ကြာသွားပြီကို မရှိနိုင်တော့ပါဘုရား တဲ့ အဲဒါကြောင့် တာဝတိံသာ နတ်ပြည်ကလာပြီး မပြောရုံမျှနဲ့လဲ သင်ဟာ တမလွန်လောက မရှိဘူးလို့ မယူပါနဲ့ အယူကို စွန့်လိုက်ပါဘဲ့၊ ဟာမစွန့်နိုင်သေးဘူးဘုရားဘဲ့။

ဘာဖြစ်လို့လဲဆိုတော့ အရှင်ဘုရား စကားကို တပည့်တော်မယုံနိုင်သေးဘူးတဲ့၊ တာဝတိံသာ နတ်ပြည်ရှိတယ် နတ်ပြည်မှာ နတ်သက်က လူတို့အနှစ်တရာမှ တဉဝတိံသာမှာ တရက်၊ တာဒတိံသာ နတ်တို့ရဲ့အရေအာဋ္ဌက်နှစ်ပေါင်းတထောင် လူဘို့အရေအတွက်နဲ့ ဥကဋ္ဌေ ဒသန်း၊ အဲဒီလိုဟာတွေ အရှင်ဘုရားဘယ်သူပြောလို့ ယုံသလဲတဲ့ တာဝတိံသာ နတ်ပြည်ရှိတယ်ဆိုဘာ တပည့်တော်မယုံဘူး တာဝတိံသာ နတ်ပြည်မှာ ဒီလိုအချင်းအရာ အာကာရရှိတယ်၊ တာဝတိံသာ နတ်ပြည်မှာ ဒီလို အသက်ရှည်တယ် ဒီလိုအဆင်းလှတယ် ဒီလို စည်းစိမ်ကြီးတယ်ဆိုဘာတွေ တပည့်တော် မယုံနိုင်ဘူးတဲ့ အရှင်ဘုရားကို ဘယ်သူပြောလို့လဲတဲ့ ဒီတော့ အရှင်ကုမာရကဿပက ပုဏ္ဏား

တဲ့ အမေမွေးကတဲ့က စုံလုံးကန်းလာတဲ့ အကန်းကလေးက နေဆိုတာမရှိ လဆိုတာမရှိ လောကကြီးမှာ အဖြူ အနီ အကြောင် အကြားဆိုတာမရှိ ဘာလို့မရှိသလဲလို့ သူ့ကိုမေးရင် ငါမမြင်ရလို့တဲ့ အဲဒီလို သူမမြင်ရလို့ မရှိဘူးဆိုတဲ့ အကန်း စကားကို ဘေးကလူတွေက အားတည်ပြုပါ့လား၊ မပြုပါဘူးရား၊ ထိုနည်းတူစွာ တာဝတိံသာ နတ်ပြည်မရှိဘူးဆိုကာ သင်ပုဏ္ဏား ကန်းလို့မမြင်တာ တာဝတိံသာ နတ်ပြည်က ပကတိမျက်စေ့နဲ့ မြင်စကောင်းတာမဟုတ် တန်ခိုးအာဘိညာဉ်ရတဲ့ ပုဂ္ဂိုလ် များသာ ဒိဗ္ဗစက္ခုအာဘိညာဉ်နဲ့ မြင်စကောင်းတာတဲ့၊ ကိုယ်ကန်းလို့ မမြင်တာနဲ့ မရှိဘူးဆိုတဲ့ စကားဟာ ဟုတ်နိုင်ပါ့မလားတဲ့၊ အဲဒီစကား ဘာလုပ်ပြောရသလဲ ဒိဗ္ဗစက္ခုနဲ့မှ မြင်စကောင်းတဲ့ ဒိဗ္ဗစက္ခုနဲ့မှ မြင်စကောင်းတဲ့နတ်ပြည် ဒိဗ္ဗစက္ခုနဲ့မှ မြင်စကောင်းတဲ့ တာဝတိံသာ ပကတိမျက်စေ့နဲ့မြင်မှ ယုံမယ် ဆိုရင်တော့ အဲဒါ ယုံစရာမရှိတော့ဘူး။

ယခုခေတ် သိပ္ပံပညာရှင်တွေလဲဘဲ ပကတိ မျက်စေ့နဲ့ မမြင်ရတဲ့ ဒိဗ္ဗစက္ခုနဲ့မှမြင်ရတဲ့ ငရဲတို့ နတ်ပြည်တို့ တာဝတိံသာတို့ ဒါတွေကို သူတို့သိပ္ပံနည်းနဲ့ မထောက်နိုင်ပါဘူး၊ သိပ္ပံနည်းနဲ့ထောက်နိုင်တာက ပကတိမျက်စေ့နဲ့ မြင်စကောင်းတာကို သာ ထောက်နိုင်တာ အဲဒီတော့ ဒီစကား ဘယ်ကိုရောက်သွားတယ်၊ ငရဲဆိုတာ ဒိဗ္ဗစက္ခုနဲ့မှမြင်စကောင်းတယ်၊ ပကတိမ်သစက္ခုနဲ့ မမြင်စကောင်းဘူး ဒီစကားမဟုတ်လား၊ မှန်ပါဘုရား ဒီတော့ ကိုယ်မမြင်နိုင်ရင် သဒ္ဒါတရား ယုံကြည်မှုရှိရမယ်၊ မြင်နိုင်တဲ့ ဘုရား ရဟန္တာတို့ ပြောတဲ့စကားယုံကြည်ရတယ်၊ ဒီတော့

ငါလဲမယုံဘူး ငါလဲမသိဘူး ဆိုတဲ့ ပုဂ္ဂိုလ်စား၊ ဘယ်လိုမှ မ ပြောတတ်တော့ဘူး၊ သူ့မှာ ဒိဗ္ဗစက္ခု အာဘိညာဉ်မရတော့ သူ မြင်ပါ့မလား ဘုရားအစရှိသော အရိယာ သူတော်ကောင်းတို့ မြင်တဲ့ အတိုင်းပြောတော့ သူမယုံဘူးဆိုတော့ ဒီလူ ဘယ်နှယ် လုပ်ပြော့မယ်၊ ဘယ်နှယ်လုပ်မှ ပြောလို့မဖြစ်တော့ဘူး ဟုတ်လား၊ ဒီလူ ဘာခွေးပိုမယ်၊ သင်းခွေးပို့ရပါမယ် ဘုရား ပို့သာပို့လိုက်ပေတော့ လူပြည်ထားလို့ ဘာလုပ်တော့မှာလဲ အလကားဘဲ။

အဲဒီတော့ ငရဲဆိုတာ ဘာနဲ့မှမြင်ရတယ်၊ ဒိဗ္ဗစက္ခုနဲ့မှ မြင်ရပါတယ်ဘုရား၊ အေး ဒိဗ္ဗစက္ခုနဲ့မှမြင်ရတယ်၊ ဒါဖြင့် ငရဲပြီးတော့ဘာ တိရစ္ဆာန်၊ တိရစ္ဆာန်ဆိုတာ ပါဠိလို တိရစ္ဆာန ရကောက် နောက်က စလုံးနဲ့ ဆလိမ်ရေးချ ဘယ်နှယ်ဘတ်မယ်။ တိရစ္ဆာန အဲဒီတိရစ္ဆာန်က တိရ-က ဖီလာကန့်လန့် စ္ဆာန ဆိုတဲ့စကားက သွားတာ ဖီလာကန့်လန့် မိုးကို ကျောပေးပြီး မြေကြီးကို လေးဘက်ထောက် သွားတာ ဖီလာသွားတယ်လို့ခေါ်တယ်၊ အဲဒီလို ဖီလာ သွားသောကြောင့် ဗာမာက တိုရစ္ဆာန်လို့ခေါ်တယ်၊ သူ့ကို ဘာဖြစ်လို့ တိရစ္ဆာန် ခေါ်တယ်၊ လူလို မတ်တတ်မသွားဘဲနဲ့ မိုးကိုကျောပေးပြီးတော့ ဖီလာကန့်လန့် သွားလို့ တိရစ္ဆာန်ခေါ်တာတဲ့၊ တိရစ္ဆာန်ခေါ်ရင်းကလေ ဒါဖြင့် မင်္ဂိုလ်မှ ဖီလာဖြစ်သော တိရစ္ဆာနကထာ မင်္ဂရောက်ကြောင်း ဖိုလ်ရောက်ကြောင်း နိဗ္ဗာန် ရောက်ကြောင်း မဟုတ်ဘဲ လောကစကားတွေဟာ တိရစ္ဆာနကထာ၊ ဘာဖြစ်လို့

လကမ္ဘာသွားနိုင်၊ တိရစ္ဆာနကထာ ဟုတ်လား၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် နှိုင်းယှဉ်လိုချင်တဲ့ ပုဒ္ဓဘာသာ စစ်စစ်က ဒီတိရစ္ဆာနကထာလက္ခဏေနမလားလို့၊ ဟင်-မဂ်ဖောက်ခြင်း ဖိုလ်ရောက်ခြင်း ဟုတ်ကဲ့လားလို့ မဟုတ်ရင်ဘာလဲ၊ တိရစ္ဆာန ကထာပါဘုရား၊ မဂ်ဖောက်ခြင်း ဖိုလ်ဖောက်ခြင်း မဟုတ်ရင် တိရစ္ဆာနကထာဘဲ၊ ဒါဖြင့် ဖီလာကန့်လန့် သွားသောကြောင့် တိရစ္ဆာန်၊ ရဟန်းဘဝနှင့် ဆန့်ကျင်ဘက်ဖြစ်လို့ နတ်တို့သိကြားတို့ဟာ ရဟန်းပြုကောင်းမလား၊ မပြုကောင်းပါဘုရား၊ အေး ရဟန်းမပြုကောင်းဘူး၊ သာသနာတော်မှာ ရဟန်းဆိုတာအင်မတန် အတုံးကျတဲ့ပုဂ္ဂိုလ်၊ သာသနာ့ ဝန်ထမ်း ရဟန်းအဖြစ်ကို နတ်တွေသကြားတွေ ရနိုင်သလား၊ မရနိုင်ပါဘုရား၊ အဲဒါကြောင့်သူတို့ကို တိရစ္ဆာန်ခေါ်တယ်၊ ရဟဲန်းအဖြစ်နဲ့ ဖီလာကန့်လန့် ဖြစ်သောကြောင့် တိရစ္ဆာန်ပါဘုရား။

သို့သော် ငရဲတိရစ္ဆာန်၊ ပြိတ္တာ အသူရကာယ် ဆိုတဲ့ အပါယ်လေးဘုံထဲ ပါတဲ့ဘိုရစ္ဆာန်က မိုးကျောပေးပြီး မြေကြီးလေးဘက်ထောက်သွားလို့ တိရစ္ဆာန်ခေါ်တာတဲ့၊ အဲဒီ တိရစ္ဆာန်တွေဟာ ကိုယ့်မျက်မြင်ဘဲ၊ သက်သာခွင့် ရကြသလား၊ ဒီတိရစ္ဆာန်တွေ ဖြစ်မှာမျှား မကြောက်ဘူးလား၊ မကြောက်၊ နကမ္မတိ၊ မတုံလှုပ်၊ နော်။ ဘာမှကြောက်ရွံ့ထိတ်လန့်ရမှန်း မသိဘူး၊ ဒီသတ္တဝါမျိုး၊ တို့လဲဖြစ်နိုင်တာဘဲလို့ ဒီလိုမျှားစိတ် မရောက်ဘူး၊ ဟုတ်လား။

စိတ်မရောက်တာ ဘာလို့ မရောက်သလဲ၊ ငါတို့က သူတော်ကောင်းဘဲ ဘယ်ဖြစ်မှာလဲ၊ ဒီလိုမရောက်တာမဟုတ်ဘူး၊

သိကို့မသိတတ်လို့ မရောက်တာ၊ ဒီတော့ငရဲနဲ့ ချောက်လို့လဲ မကြောက် တိရစ္ဆာန်နဲ့လဲ ခဲ့ချောက်လို့မကြောက် ဒါဖြင့်ငရဲဘေး၊ တိရစ္ဆာန်ဘေး၊ နော်-ငရဲကျမှာ တိရစ္ဆာန်ဖြစ်မှာ မကြောက် ထိုက်ဘူးလား၊ ကြောက်ထိုက်လို့ ဘာခေါ်တယ်၊ ဘေး၊ ကြောက်ထိုက်ပေဘဲ့၊ကြောက်ခဲ့လား၊ ဒါဖြင့်ဒီပုဂ္ဂိုလ်တွေဘိက္ခု ဘုယ်ဟုတ်မလဲ-နော် ဒါဖြင့်ပေတာ ပြိတ္တာလဲခေါ်တယ် ပိတာလဲခေါ်တယ်၊ပေတာလဲခေါ်တယ်၊စာကတော့သုခါချမ်းသာမှု၊ ပေတာကင်းကုန်သည်တည်း ချမ်းသာကင်းသောကြောင့်ပေတာ၊ ပြိတ္တာဆိုတာ ဘာလို့ပြိတ္တာခေါ်တယ် ချမ်းသာမှ ကင်းလို့ပါဘုရား၊ အေး ချမ်းသာ ကင်းခြင်းကြောင့် ပြိတ္တာခေါ်တယ်၊ ပြိတ္တာဆိုတာ ချမ်းသာမရှိဘူး၊ ချမ်းသာကင်းတယ်။

တို့အလိုကတော့၊ ပက္ကတာ၊ ပကာရေန ကွတာတိုပေတာ၊ ပကာရေန၊ အမျိုးမျိုး အမှုံဖုံ၊ ကွတာ၊ ဂတာ၊ ပဝတ္တာ၊ဖြတ်တတ်ကုန်၏၊ ကွတိ။ ထိုကြောင့်။ ပေတာ။ ပြိတ္တာမည်ကုန်၏။ပြိတ္တာဆိုတာ အမျိုးမျိုး အဖုံဖုံဖြစ်တတ်တယ်၊ ဒီတာမျိုးထဲမဟုတ်ဘူး။ ဒီလိုဒင်မကဘူး။ ပြိတ္တာမျိုးစုံ မဇ္ဈိမတွက်နိုင်အောင် အင်မတန်များပြားတယ်။ ဒါကြောင့် အမျိုးမျိုးအဖုံဖုံဖြစ်တတ်သောကြောင့် ပြိတ္တာ။ ချမ်းသာကင်းတဲ့ အမျိုးမျိုး အဖုံဖုံ ဖြစ်တဲ့မြိတ္တာလဲဘဲ့။ ပကတိမျက်စေ့နဲ့ မမြင်စကောင်းဘူးတဲ့၊ ပြိတ္တာဟာ ဘာနဲ့ မြင်ရမယ်။ ဒိဗ္ဗစက္ခုနဲ့မှ မြင်ရပါ့မယ်ဘုရား ..။ ဟုတ်ပြီလား ... အရှင် မောဂ္ဂလာန်နဲ့ အရှင်လက္ခဏ ဂိဇ္ဈကူဋ်တောင်ကို ကြွကြ တော့ အရှင် မောဂ္ဂလာန်က ပြုံးတယ်တဲ့။ အရှင်မောဂ္ဂလာန်ကပြုံးတော့ အရှင်

လက္ခဏာက မေးတယ်၊ ငါ့ရှင် ဘာကိုပြုံးသလဲ၊ ဒီ အမေးကို ဘုရားရှေ့တော်ကျမှမေးပါ- ငါ့ရှင်လို့ အရှင်မောဂ္ဂလာန်က ပြောတယ်တဲ့၊ ဘုရားရှေ့ကျမှ မေးပါဆိုလို့ အဲဒီမှာမမေးဘဲ ဆိုင်းထားပြီး၊ ဘုရားရှေ့ကျတော့ ဂိဗ္ဗကုဋ္ဌေတောင်တုံးက ပြုံးတဲ့ အကြောင်းကိုမေးတော့၊ ဂိဗ္ဗကုဋ္ဌေတောင်မှာ ပြိတ္တာတွေအများကြီး မျိုး ဆင်းရဲဒုက္ခခံနေကြရတာတွေ့လို့ ပြုံးတာတဲ့၊ ဒါဖြင့် ဒီပြိဿာဘွေ့ ဆင်းရဲဒုက္ခရောက်နေတာ ဝမ်းသာလို့ ပြုံးတာပေါ့ ဟုတ်လား၊ သူမသနားတာဘူးလား၊ ဟင်... အတွေးရမခက်ဘူးလား။

ဤကဲ့သို့သော ဆင်းရဲဒုက္ခကြီးမှ ငါတို့လွတ်ပေပြီ၊ ဒီဒုက္ခ မျိုး တို့မတွေ့ရတော့ဘူးလို့ ကိုယ့်ကိုယ် အာရုံပြုပြီး ပြုံးတာ တဲ့၊ ဒါ-ဟသိတုပ္ပါဒ်ခေါ်တယ်။ ဟသိတံဥပ္ပါဒေတီတိ ဟသိ ဘုပ္ပါဒေါ။ ဟသိတုပ္ပါဒ်စိတ်၊ ရဟန္တာများဟာ သူဘုပါး ဒုက္ခရောက်နေတာတွေ့ရင် သူတပါး ကိုလေသာ ထကြွနေတာ တွေ့ရင်၊ ရဟန္တာကိုယ်တော်မြတ်တွေက ပြုံးတော်မူကြ သတဲ့၊ ဘာလုပ်ပြုံးတယ်၊ ငါ ဒီဒုက္ခတွေ့ကင်းပေပေါ့, လွတ်ပေပေါ့ လို့ ဆိုပြီးတော့၊ ကိုယ့်ကိုယ် အာရုံပြုပြီး ပြုံးတော်မူကြတာတဲ့။ ဟုတ်ပြီးလား။

အေး.... အဲဒီလို မြတ်စွာဘုရားရှေ့ကျမှ အရှင်လက္ခဏာက မေးတော့၊ အရှင်မောဂ္ဂလာန်က အဲဒီ ပြိတ္တာတွေ့အကြောင်း ပြောတော့ မြတ်စွာဘုရားက သာခု သာဓု၊ ငါ့ရဲ့ချစ်သား မောဂ္ဂလ္လာန်သည် အမြင်သန်ပေတယ်၊ ငါဘုရားသည် ဗောဓိ ပင်နှင့် ရှေ့ပလ္လင် အောင်မြင်တော်မူ ကတဲ့ကိုက ဒီဂိဗ္ဗကုဋ္ဌ

တောင်က ပြိတ္တာတွေကို ငါဘုရားတွေ့တယ်။ မြင်တယ်။ သိတယ်တဲ့။ သို့ပေမယ့်လို့ သက်သေမရဘဲနဲ့ပြောရင် ငါ့စကားကို မယုံကြည်ဖြစ်ပြီးတော့၊ သတ္တဝါတွေ ဒုက္ခများကုန်ကြလိမ့်မယ်။ ကျေးဇူးမဲ့ကုန်ကြလိမ့်မယ်ဆိုပြီး ငါဒီပြိတ္တာအကြောင်း မဟောတာတဲ့၊ ယခုတော့ ချစ်သားမောဂ္ဂလာန် သက်သေရသောကြောင့် ငါပြောမယ်ဆိုပြီးတော့ ဒီဗွစက္ခုနဲ့မှ မြင်စကောင်းတဲ့ ပြိတ္တာတွေအကြောင်းကို မြတ်စွာဘုရား အဲဒီကစပြီး ဟောတော်မူသတဲ့၊ ဘာဖြစ်လို့ ဘုရားစကားမယုံရင် အပြစ်ရှိကြမှာစိုးလို့၊ မြတ်စွာဘုရား မမြင်လို့မဟုတ်ဘူး။ အရှင်မောဂ္ဂလာန် သက်သေရလို့ ဟောတာတဲ့။

ဒီတော့ - ဒီစကားကိုဆောက်သောအားဖြင့် ပြဿနာဆိုတာလဲဘဲ ဒိဗ္ဗစက္ခုနဲ့မှမြင်ရတာ၊ ငရဲလဲဘဲ ဒိဗ္ဗစက္ခုနဲ့မှ မြင်ရတာ၊ အေး....ဒိဗ္ဗစက္ခုနဲ့မှမြင်ရတဲ့ ငရဲတို့ပြိတ္တာတို့ ဘယ်လိုလုပ်ကြောက်ကြပါ့မလဲနော်....။

အသူရကယ်ဆိုတာက- အသူရကာယ၊ မရဲရင့်သောကြောက်ရွံထိတ်လန့်တတ်သော သတ္တဝါတို့အပေါင်းတဲ့၊ အသူရက မရဲရင့်ဘူး ကြောက်ရွံ ထိတ်လန့်တတ်တယ်။ ကာယက၊ အပေါင်းကြောက်ရွံ့ ထိတ်လန့်တတ်တဲ့ သတ္တဝါတွေအပေါင်း၊ ကြောက်ရွံထိတ်လန့်တတ်တဲ့ သတ္တဝါတွေအပေါင်းစု၊ အဲဒါကို ဗမာက-ဘာ၊ အသူရကာယ်၊ ဟုတ်ပြီလား၊ တဝတိံသာနတ်ပြည်ကို ထောက်ရင် မြင့်မိုရ်တောင်အောက် ခနောက်သုံးလုံးကြားမှာနေတဲ့ အသူရာနတ်တွေက တဝတိံသာ နတ်

တို့လို မရဲရင့်ဘူးတဲ့၊ ဒါကြောင့် သူတို့ကို အသူရာခေါ်တယ်။ မြင့်မိုရ်တောင်အောက် ခနောက်သုံးလုံးကြားမှာနေတဲ့ နတ်တွေကို ဘာခေါ်တယ်၊ အသူရကာယ်ပါဘုရား။ ဧအား.... အဲဒါက နတ် အသူရာခေါ်တယ်၊ ပြိတ္တာအသူရာဆိုတာက ကိုယ်ကောင်သုံးဂါဝုတ်ရှိတယ်၊ မျက်လုံးက ငယ်ထိပ်မှာတလုံးထဲပေါက်တယ်၊ တကိုယ်လုံးတောကောင်လုံးက အရိုးနဲ့အရေတဲ့ ရှိတယ်၊ ပါးစပ်ပေါက်က အပ်နဖားပေါက်မျှသာ ရှိတယ်၊ကာလကဉ္ဇိကပြိတ္တာခေါ်တယ်၊ အဲဒီ ကာလကဉ္ဇိကပြိတ္တာမျိုးက မျက်လုံးကလဲကျဉ်း၊ ပါးစပ်ပေါက်ကလဲကျဉ်း၊ အင်း - မျက်လုံးကလဲကျဉ်းတဲ့အပြင် ထိပ်မှာဆိုတော့ ငုံကြည့်ပြီးတော့ ခရိုးသွားရတယ်၊ အင်မတန် ကြောက်ခဲ့ထိတ်လန့်တတ်တဲ့ ပြိတ္တာမျိုးတဲ့၊ အဲဒါကြောင့် အသူရကာယ် ပြိတ္တာရယ်လို့ ခေါ်လာယ်၊ အမှန်က ပြိတ္တာတမျိုးပါဘဲ၊ တချို့နေရာမှာ အပါယ်လေးဘုံမလောဘူး၊ ငရဲတိစ္ဆာန် ပြိတ္တာရယ်လို့ အပါယ်သုံးဘုံဘဲလာတယ်၊ ဘာဖြစ်လို့လဲ၊ အသူရကာယ်ကို ပြိတ္တာထဲ ထည့်လိုက်တယ် အသူရကာယ်ဆိုတာက ကာလကဉ္ဇိကပြိတ္တာမျိုး ဖြစ်သောကြောင့် သူ့ကို ဘယ်အထဲ ထည့်လိုက်တယ်၊ ပြိတ္တာထဲ ထည့်လိုက်ပါတယ်ဘုရား။

အဲဒီတော့ ထည့်သည်ဖြစ်စေ မထည့်သည်ဖြစ်စေ၊ ငရဲတိရစ္ဆာန်ပြိတ္တာ အသူရကာယ်ဆိုတဲ့ အပါယ် လေးပါးမှာ တိရစ္ဆာန်သာလျှင် ပကတိမျက်စေ့နဲ့ မြင်စေကောင်းတယ်၊ ငရဲကိုကော, ပြိတ္တာကိုကော အသူရကာယ်ကိုကော မမြင်စေကောင်းပါဘူး၊ အဲဒီတော့ ပကတိမျက်စေ့နဲ့ မမြင်စေကောင်း ဖေမယ်လို့ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်ဆိုတဲ့ အပါယ်ဘုံ

တွေကော ကြောက်စရာ မကောင်းဘူးလား၊ ကောင်းပါတယ် ဘုရား။ ကြောက်စရာကောင်းရင်ဖြင့် ဘေးဘဲ၊ ကြောက်စရာ ကောင်းရင် ဘာတုံး၊ ဘေးပါဘုရား။ ဘေးဆိုရင် မကြောက် ထိုက်ဘူးလား၊ ကြောက်ထိုက်ပါတယ် ဘုရား၊ ကြောက်ထိုက် ရက်သားနဲ့ ဘာသုပ်မကြောက်သလဲ၊ ကြောက်ရမှန်း မသိလို့၊ မိုက်လို့-နော်....။ အပါယ်ဘေးလေ ကြောက်သင့်ကြတယ်နော် မှန်ပါ့ဘုရား၊ အေး- ပါးစပ်က၊ တကယ်မကြောက်ပါဘူး။

ဒါဖြင့် သံသရာဘေးဆိုတာကော-သံသရာဘေးဆိုတာက ပဋိစ္စသမုပ္ပါဒ်နည်းနဲ့ အကျဉ်းချုပ်ပြောရရင် မျက်စေ့၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်စိတ်၊ မျက်စေ့မြင်ခြင်း၊ နားကြားခြင်း၊ နှာခေါင်းနံခြင်း၊ လျှာက စားခြင်း၊ ခန္ဓာကိုယ်က ထိခြင်း၊ ရင်ထဲနှလုံးထဲက အိပ်ပျော်ခြင်း၊ မြင်တာရယ်၊ ကြားတာရယ်၊ နံတာရယ်၊ စားတာရယ်၊ ထိတာရယ်၊ အိပ်ပျော်တာရယ်၊ ဘယ်နှစ်မျိုး ခြောက်မျိုးပါဘုရား။

အဲဒီခြောက်မျိုးဟာ ကမ္မဇရုပ်နဲ့ပူးတဲ့ပြီးတော့ ဖြစ်တယ်၊ မျက်စေ့မြင်မှုက မျက်စေ့အကြည် ကမ္မဇရုပ်၊ နားကြားမှုက နားအကြည် ကမ္မဇရုပ် နှာခေါင်းနံမှုက နှာခေါင်းအကြည် ကမ္မဇရုပ် လျှာစားမှုက လျှာအကြည်ကမ္မဇရုပ် ခန္ဓာကိုယ်တွေ့ထိမှုက ကာယအကြည် ကမ္မဇရုပ် နှလုံးနဲ့အိပ်ပျော်မှု ဘဝင်စိတ်က နှလုံးသွေးနဲ့ကမ္မဇရုပ် ဟုတ်လား၊ နှလုံးအကြည်ကမ္မဇရုပ်နဲ့တဲ့ဘက်ပြီး ဘဝင်စိတ်ဖြစ်တယ်၊ အဲဒီတော့ သတ္တဝါတွေ့မှာ မြင်တယ်ကြားတယ် နံတယ် စားတယ် ထိတယ် အိပ်ပျော်တယ်

ဆိုတာ ဘာတွေဖြစ်တာလဲလို့ စဉ်းစားစမ်း အကျိုးဝိပါက်တာရားတွေ့ပါဘုရား။

အကျိုးဝိပါက်တရားတွေ ဖြစ်နေတာနော် ဝိပါက်ကောင်ကြီး တကိုယ်လုံး တကောင်လုံးဟာ ဘာကောင်ကြီး ဝိပါက်ကောင်ကြီးပါဘုရား မြင်လဲဝိပါက် ကြားလဲဝိပါက် နံလဲဝိပါက် စားလဲဝိပါက် ထိလဲ ဝိပါက် အိပ်ပျော်လဲ ဝိပါက် ဒါဖြင့် နေ့ရောညရော အချိန်မရွေး ဝိပါက် ခံနေကြရတာပေါ့၊ ဝိပါက်ကောင်ကြီး မဟုတ်လား၊ ဒါဖြင့် အိပ်ရာကနိုးလို့ မျက်စေ့နှစ်လုံးပွင့်ကတဲကိုက ကောင်းတာသိ ဆိုးတာသိ အမျိုးမျိုး အဖုံဖုံတွေ့ သိမနေဘူးလား၊ အဲဒီ သိတာကို ဇောစိတ်ခေါ်တယ်၊ အိပ်ရာက နိုးလာကတဲက အမျိုးမျိုးအဖုံဖုံတွေ့ သိတာဘာခေါ်တယ်၊ ဇောစိတ် ခေါ်ပါတယ်ဘုရား။

အဲဒီဇောစိတ်မှာ ကိလေသာကံပါတယ် မြင်ရာ ကြားရာ နံရာ စားရာ ထိရာ အိပ်ပျော်ရာမှာ ဝိပါက်သက်သက် ဖြစ်တယ် ကိလေသာကံမပါဘူး နိုးနေလို့ သိနေတဲ့ အချိန်အခါမှာ ကိလေသာကံပါတယ် ဒါဇောစိတ်ဟုတ်လား။ ဒီတော့ ဝိပါက် ဝိညာဏ် ကံဝိညာဏ်လို့ ခေါ်တယ်၊ မြင်တာ ကြားတာ နံတာ စားတာ ထိတာ အိပ်ပျော်တာ ဘာဝိညာဏ် ဝိပါက်ဝိညာဏ်ပါဘုရား၊အကောင်း အဆိုးတွေသိတာက ကံဝိညာဏ်၊ အဲဒီကံ ဝိညာဏ်မှာတော့၊ကိလေသာကံ နှစ်မျိုးစလုံးပါတယ်။

ဒီတော့ ရှေးအတိတ်ဘဝက ကိလေသာကံဟူသော ဇောစိတ်ကံဝိညာဏ်တွေ့ ဖြစ်ခဲ့ကြလို့ ယခုဘဝမှာ မြင်ကြားနံစားထိ အိပ်ပျော် ဒီဝိပါက်တွေ့ ပေါ်နေတာ။ ဒီဝိပါက်တွေ့က အ

ကြောင်းမဲ့ ဖြစ်တာလား ရှေးဘဝက ဇောစိတ်မှာ ကိုလေသာ တွေ့ ကုံတွေ့ ပါလာခဲ့လို့ ယခုဘဝမှာ ဒီကံ၏အကျိုးတွေ့ပေါ် နေတာမဟုတ်လား။ ဒါဖြင့် ယခုဘဝမှာလဲ ကံ၏ အကျိုးဆိုတဲ့ ငိုပါက်တွေ့ဟာ မြင်ကြားနံ စား ထိ အိပ်ပျော်ဆိုတဲ့ အကျိုး တွေနဲ့ တွေ့မနေဘူးလား၊ တွေ့နေပြီးတော့ အဲဒီအကျိုးတွေ့မှုပြီး တော့ တခါ ကိုလေသာကံဇောစိတ် မဖြစ်ပြန်ဘူးလား၊ ဖြစ်ပါ သည်ဘုရား၊ ဒါဖြင့် ကြက်မကြီးက ကြက်ဥပေါက်၊ ကြက်ဥက ကြက်မကြီးပေါက်၊ ကြက်မကြီးက ကြက်ဥပေါက်၊ ကြက်ဥက ကြက်မကြီးပေါက် ဟုတ်သား၊ သစ်ပင်ကမျိုးစေ့ကျ မျိုးစေ့က သစ်ပင်ပေါက် ဒီသစ်ပင်က မျိုးစေ့ကျ ဒီမျိုးစေ့က သစ်ပင်ပေါက် မျိုးစေ့နဲ့သစ်ပင် သစ်ပင်နဲ့ မျိုးစေ့ ဆက်မသွားဘူးလား၊ ဒါဖြင့် ကြက်မကြီးနဲ့ကြက်ဥ ကြက်ဥနဲ့ ကြက်မကြီး ဒီလို ကော ဆက်မသွားဘူးလား။

ထိုနည်းတူစွာ သတ္တဝါတွေမှာ ယခုဘဝ ဇောစိတ်က ဝိညာဏ်ကြောင့် နောက်ဘဝမှာ ဝိပါက်ဝိညာဏ် ဖြစ်ရမယ်၊ မဖြစ်ဘူးလား၊ ဖြစ်ပါတယ်ဘုရား၊ ဒီတော့ ရှေးဘဝက ကိုလေသာကံဟူသော ဇောစိတ်ကြောင့် ယခုဘဝ ဝိပါက်ဝိညာဏ် ဖြစ်တယ်လို့ ဆိုတာနော် စဉ်းစားကြည့်ကြစမ်း။ ဇာတိဘေး ဇရာဘေး ဗျာဓိဘေး မရဏဘေး သောကဘေး ပရိဒေဝဘေး ဒေါမနဿဘေး ဥပါယာသဘေး အပိယသမ္ပယောဂဘေး ပိယဝိပ္ပယောဂဘေး ဣစ္ဆာအလာဘနဘေးဆိုတဲ့ ဘေးအမျိုးမျိုးတွေ့ ခံနေကြရတယ် မဟုတ်လား၊ လို့ ရှေးအတိတ်ကံကြောင့် ယခု ဝိပါက်ခံတွေ့ဖြစ်နေကြတော့ ဒီဝိပါက်တွေ့ ဖြစ်နေတာ အေးအေး

လူလူဖြစ်နေရသလား ဘေးတွေ့ရန်တွေ့ကြားထဲ ဖြစ်နေရတော့ အခြောင်းခြောင့် အကျိုးဖြစ်တယ် အခြောင်းကရှေးအတိတ်၊ အကျိုးက ယခုဘဝ၊ အခြောင်းကယခု အကျိုးက နောက်ဘဝ သံသရာမှာတဆက်ထဲ ဆက်မသွားဘူးလား ဆက်သွားပါတယ်ဘုရား။

ဘာလုပ်ဆက်သွားရသလဲ ဇာတိ ဇရာ ဗျာဓိ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ အပိယသမ္ပယောဂ ပိယဝိပ္ပယောဂ ဣစ္ဆာအလာဘန ဆိုတဲ့ ဒုက္ခ အမျိုးမျိုးတွေ့ခံဘို့ ဆက်သွားတာ ဒါဖြင့် ဒီသံသရာဘေးကကော ကြောက်စရာမကောင်း ဘူးလား ကြောက်စရာကောင်းတဲ့ အပါယ်ဘေး၊ ကြောက်စရာကောင်းတဲ့ သုံသရာဘေးတွေပင် ဖြစ်သော်လဲဘဲ ကြောက်စိတ်ကော ပေါ်ရဲ့လား သံဝေဂဉာဏ်ရှိရဲ့လား မပေါ်ဘူး သံဝေဂဉာဏ် မရှိဘူးဟုတ်လား သံဝေဂဉာဏ် မရှိလို့ မပေါ်ရင် ဘိက္ခုဖြစ်နိုင်ပါမလား။

ဘယ်ဟာ ဣက္ခတီတဲ့ ဘိက္ခု၊ ဘယ် အပါယ်ဘေး သံသရာဘေးကို။ ဣက္ခတီ၊ ရှုရှုကြောက်တတ် လန့်တတ် ထိတ်တတ်၏။ ဣတိ၊ ထိုကြောင့်။ ဘိက္ခု ဟုတ်လား၊ ဒီတော့ ဣမဘိက္ခဝေ ဘိက္ခုဆိုတဲ့ပုဒ်မှာ သုံးပုဒ်တဝါက္ယ၊ ဝါက္ယကတဝါက္ယ၊ပုဒ်က သုံးပုဒ် ဟုတ်လား၊ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤငါဘုရား သာသနာတော်၌ ဘေးကိုရှုတတ် ယောဂီ ပုဂ္ဂိုလ်မြတ်တဲ့၊ ဒီလိုဘေးကိုမရှုတတ်သေးရင် ဒီပုဂ္ဂိုလ်နဲ့ သာသနာတော်နဲ့ ဘာမှမဆိုင်သေးဘူး။

ရိုးတီးယားတားများ မလုပ်ကြပါနဲ့ ငါသာသနာတွင်း လူဖြစ်တယ် ငါဘုရားသား ငါဘုရားသမီးနဲ့ အထင်မကြီးကြပါနဲ့ ဒီလိုဘေးကိုမှ မရှုတတ်လို့ မကြောက်တတ်သေးရင် ဒီဘုရားသာသနာနဲ့ ဒီသတ္တဝါဆိုင်ကိုမဆိုင်သေးဘူး ဟုတ်ပြီလား။

ကိုင်း-ဣန္ဒဘိက္ခဝေ ဘိက္ခု။ဘိက္ခုစ၊ ရဟန်းတို့၊ ဣန္ဒ၊ ဤငါဘုရားသာသနာတော်၌၊ ဘိက္ခု၊ ဘေးကိုရှုတတ်ပုဂ္ဂိုလ်မြတ်သည်-ဟုတ်ပြီနော်။ ပြီးတော့မှ ကာယေကာယာ နုပဿီ၊ ဝိဟရတိ။ ကာယေ၊ ထုက်သက် ဝင်သက် အပေါင်း၌ ကာယ၊ ထုက်သက်ဝင်သက် လေ၊တနည်း၊ကာယေဆိုပင်မှေးညှင်းစသော ကောဋ္ဌာသအပေါင်း၌-ဟုတ်ပြီလား။ တနည်းကာယေ၊ဘူတရုပ်၊ ဥပါဒါရုပ်အပေါင်း၌၊ ဘယ်လိုပေးပေး၊ကာယေ က-ဘာ၊ထုက်သက် ဝင်သက်အပေါ်၊ ဆံပင်မွေးညှင်းစသော ကောဋ္ဌာသ အပေါင်း၊ဘူတရုပ်၊ ဥပါဒါရုပ်ဟူသော ရုပ်အပေါင်း၊ ဟုတ်လား။ အဲဒီအပေါင်း၌၊ ကာယာနုပဿီ၊ အပေါင်းကိုတခုခြင်းကဲ့အောင် အဖန်တလဲလဲ ရှုသည်ဖြစ်၍။ဝိဟရတိ၊ နေ၏။

ဘယ်သူနေတယ်၊ ဘိက္ခု-ဟုတ်လား၊ ဘယ်သူနေတယ်၊ ဘိက္ခုပါဘုရား၊ တကယ်အပါယ်ဘေး သံသရာဘေး၊ ကြောက်တတ်တဲ့ဘိက္ခုဟာ ဒီလိုနေမယ်တဲ့၊ ထုက်သက်ဝင်သက်အပေါင်းကို ရှု၍ သို့မဟုတ်၊ ကသာလောမာ အစရှိသော ကောဋ္ဌာသအပေါင်းကိုရှု၍ သို့မဟုတ် ဘူတရုပ် ဥပါဒါရုပ်အပေါင်းကိုရှု၍ နော်၊ ထုက်သက်ဝင်သက်အပေါင်းလဲ သိပြီပေါ့ ကသာလောမာအစရှိသော ကောဋ္ဌာသအပေါင်းလဲသိပြီ၊ ဘူတရုပ်၊ ဥပါဒါ

ရုပ်အပေါင်း ကကော သိနဲ့လား။ ခန္ဓာကိုယ်သည် ဓာတ်ကြီး လေးပါး အပေါင်းအစုံတဲ့၊ ဟုတ်လား။

လက်နဲ့ကိုင်၍ဖြစ်တာဟူသ၍မြေဓာတ်၊ခန္ဓာကိုယ်တကိုယ် လုံးမှာ ရှောက်ကိုင်ကြည့်၊ လက်နဲ့ကိုင်၍ဖြစ်ရင် ဘာ၊မြေဓာတ် ပါဘုရား၊ အေးအဲဒါမြေဓာတ်-မျက်ရည်၊ နှာရည်၊ တံတွေး၊ ချေး၊ သွေး၊ ယိုစီးမှုကဘာလဲ၊ ဒါ-ရေဓာတ်- အေးလက်နဲ့ကိုင်လို့ရတာက-မြေဓာတ်၊ ယိုစီးမှုကရေဓာတ်၊ လှုပ်ရှားမှုက လေဓာတ်၊ ဟုတ်လား၊ လက်နဲ့စမ်းကြည့်လို့ ပူခိုးပူနွေးက မီးဓာတ်၊ အဲဒီ ဓာတ်ကြီး လေးပါးအပြင် ဘာရှိသေးသလဲ ဟုတ်လား၊ မြေဓာတ်၊ ရေဓာတ်၊ လေဓာတ်၊ မီးဓာတ်၊ခန္ဓာကိုယ် ဓာတ်ကြီးလေးပါး မခဲ့တတ်ဘူးလား၊ တတ်လှပြီပေါ့၊ မခဲ့ချင်လို့သာ၊ ကိုယ်တော်ပြောမှ သိတာမဟုတ်ပါဘူး၊ တပည့်တော်တို့ နောလို့ သိနေတာ။

နော်-လက်နဲ့ကိုင်လို့ဖြစ်ရင်မြေဓာတ်၊ ယိုစီးရင်ရေဓာတ် လှုပ်ရှားရင်လေဓာတ်၊ ပူနွေးရင်မီးဓာတ်၊ အဲဒါဘာခေါ်တယ်၊ ဓာတ်ကြီးလေးပါး ဟုတ်လား၊ အဲဒီ ဓာတ်ကြီး လေးပါးကို ပဋ္ဌာန်မဟာဘုတ်၊ မဟာဘုတ်ဆိုတာ ဘီလူးကိုခေါ်တာ၊ မျက်လှည့်သမားကိုခေါ်တာ၊ ဘာဖြစ်လို့လဲ ဘီလူးကလူယောင် ဆောင်ပြတော့၊ ဘီလူးကလူဟုတ်မလား၊ မျက်လှည့်သမားက မျက်လှည့်အတတ်နဲ့ မဟုတ်တာ အဟုတ် လုပ်ပြတော့၊ ဥပမာ မြေကြီးတုံးကို ရွှေတုံးလုပ်ပြတယ်ဆိုပါတော့၊ ဟုတ်ပါ့မလား၊ မဟုတ်ပါဘုရား၊ ဘုတဆိုတဲ့စကားဟာ ဘီလူးနဲ့မျက်လှည့်သ

မားကိုခေါ်တာတဲ့ ဘူတဆိုတဲ့ စကားဟာဘာခေါ်တယ်၊ အာယောင်ဆောင်ပြတဲ့ဘီလူးနဲ့မျက်လှည့်သမားကိုပြောတာတဲ့နော်။

အဲဒီ မြေရေလေမီးဆိုတဲ့ ဓာတ်ကြီး လေးပါးကလဲဘဲ၊ ခေါင်းမဟုတ်ဘဲ ကိုယ်မဟုတ် လက်မဟုတ်ဘဲ၊ လူမဟုတ်ဘဲ၊ ယောကျ်ားမဟုတ်ဘဲ၊ မိန်းမမဟုတ်ဘဲ အယောင်ဆောင်ပြနေတာ ဓာတ်ကြီး လေးပါးပေါ့၊ လူယောင်ဆောင်တဲ့ ဘီလူးနဲ့ မဟုတ်တာအဟုတ်လုပ်ပြတဲ့ မျက်လှည့်သမားနဲ့ ဓာတ်ကြီးလေးပါးနဲ့ မတူးဘူးလား၊ တူပါတယ်ဘုရား၊ အဲဒါကြောင့်ဓာတ်ကြီးလေးပါးကို ဘာခေါ်တယ်၊ မဟာဘူတ-မဟာဘုတ်-နော်- အေးဒါဖြင့် ဒီမဟာဘုတ်မှ ကြွင်းကျန်တဲ့ရုပ်တွေ့၊ မျက်စေ့အကြည်၊ နားအကြည် နှာခေါင်းအကြည်၊ လျှာအကြည်၊ ကိုယ်အကြည်၊ ဒီအကြည်ရုပ်တွေ့က မဟာဘုတ်ထဲမပါဘူး၊ မဟာဘုတ်ခေါ်တဲ့ ဓာတ်ကြီး လေးပါးကို မှီပြီးမှ မျက်စေ့ အကြည်၊ ဓာတ်ကြီးလေးပါးကိုမှီပြီးမှ နားအကြည်ဟုတ်လား၊ ဒီအကြည်ရုပ်တွေ့ဟာ ဓာတ်ကြီးလေးပါးနဲ့ ကင်းပြီးတော့ ဖြစ်နိုင်ရဲ့လား၊ မဖြစ်နိုင်ပါဘူး ဘုရား။

ဒါဖြင့် ဓာတ်ကြီးလေးပါးက အမှီခံရုပ်၊ မျက်စေ့အကြည်၊ နှာခေါင်းအကြည်၊ လျှာအကြည် ကိုယ်အကြည်တို့က အမှီရုပ်၊ ဟုတ်လား၊ ဓာတ်ကြီးလေးပါးက မဟာဘုတ်၊ အမှီရုပ်က ဥပါဒါရုပ်၊ ဟုတ်လား၊ ဒီအပြင် အဆင်း အသံ အနံ့ အရသာ-ဒါတွေကောမရှိဘူးလား၊ အဲဒီ အဆင်း အသံ အနံ့ အရသာဆိုတဲ့ အာရုံရုပ်တွေကကော ဓာတ်ကြီးလေးပါး မမှီဘဲနဲ့

ရပါ့မလား မရပါဘူးဘုရား၊ အထီးရုပ်၊ အမရုပ်ကကောမမှီဘဲ အဆီးအမဖြစ်နိုင်ပါ့မလား။ မဖြစ်နိုင်ပါဘုရား၊ အသက်ရှုပ်ကာကာ မမှီဘဲနဲ့ ရှိနိုင်ပါ့မလား၊ မရှိနိုင်ပါဘုရား၊ နှလုံးရုပ်ကကော၊ ဩဇာအဟာရရုပ်ကကော နိမ္မန္နရုပ် ၁၈ ပါးမှာ၊ ခေတ်ကြီးလေးပါးကိုချန်ထား ကျန်တာဘယ်လောက် ၁၄ ပါး ပါဘုရား၊ ခေတ်ကြီးလေးပါးက၊ မဟာဘုတ်၊ ကျန်တဲ့ ၁၄ ပါးက၊ ဥပါဒါရုပ်၊ ဒါဖြင့်မဟာဘုတ်၊ ဥပါဒါရုပ် အပေါင်းအစုပေါ့။

ခေတ်ဟုသမုတ်၊ မဟာဘုတ်၊ ကြွင်းရုပ်ဥပါဒါ။

ခေတ်ကိုသမုတ် တာဂက-ဘဲ၊ မဟာဘုတ်ပါဘုရား၊ ကြွင်းတဲ့ရုပ်စုက ဥပါဒါရုပ်၊ အေး-မဟာဘုတ် ဥပါဒါရုပ်—အပေါင်းအစု။ ။ဒါဖြင့်မြေခေတ်၊ ရေခေတ်၊ လေခေတ်၊ မီးခေတ်၊ ဆိုတဲ့ခေတ်ကြီးလေးပါးက မဟာဘုတ် ဟုတ်လား၊ မျက်စေ့အကြည်၊ နားအကြည်၊ နှာခေါင်းအကြည်၊ လျှာအကြည်၊ ကိုယ်အကြည်၊ အဆင်း အသံ အနံ့ အရသာ အထိအမ စသည်တို့က ဥပါဒါရုပ်၊ ဒါဖြင့် တကိုယ်လုံးတကောင်လုံးဟာဘာနဲ့ဘာ၊ မဟာဘုတ်နဲ့ ဥပါဒါရုပ်ပါဘုရား၊ ဥပါဒါရုပ်ကို တခုစီတခုစီကဲ့အောင် ခဲ့ပြီးရှုခဲ့သော်။ ခေါင်းကိုယ်ခြေလက်၊ ပုဂ္ဂိုလ်သတ္တဝါ၊ ငါသူတပါး၊ ယောကျ်ား၊ မိန်းမ ထင်နိုင်ပါအုံးမလားလို့၊ မထင်နိုင်ပါ ဘုရား။ ဟုတ်ပြီးလား။

ဒီတော့ ထုက်လေဝင်လေ အပေါင်းကို ယောကျ်ား မိန်းမ မထင်အောင် တခုစီကဲ့အောင်ရှု ဆံပင်မွေးညှင်းစသော

ကောဋ္ဌာသကို တခုစီကွဲအောင်ရှု၊ မဟာဘုတ် ဥပါဒါရုပ်၊ အပေါင်းအစုကို တခုစီကွဲအောင် ရှုပြီးနေ၊ ဘယ်လို ပုဂ္ဂိုလ် နေမယ်။ ဘိက္ခု၊ သံသရာဘေးကို လေးသောဝန်ဟု ရှုမှတ်တဲ့ ယောဂီပုဂ္ဂိုလ်မြတ်များနေပေါ့ ဟုတ်လား၊ ဒီလိုမနေတဲ့ပုဂ္ဂိုလ် ဟာ ဘေးမရှုတတ်ဘူး၊ဘေးရှုတတ်တဲ့ပုဂ္ဂိုလ်ဟာ မနေဘဲနေနိုင် ပါမလား။ မနေနိုင်ပါဘုရား၊ ဘေးရှုတတ်လို့ အဲဒီကာယာ နုပဿနာ သတိပဋ္ဌာန်နဲ့နေနိုင်မှသာလျှင် သာသနာနဲ့ တွေ့ကြုံး နပ်ကြမှာပေါ့· နော်...၊ အဲဒီတော့ ဘာတုံး၊ ဣဓဘိက္ခဝေ ဘိက္ခု-တဝါက္ယ၊ ကာယေကာယာနုပဿီ ဝိဟရတိ၊ ရဟန်းတို့ ဤသာသနာတော်၌ ဘေးကိုရှုတတ်တဲ့ ယောဂီမြတ်သည် ထွက် သက် ဝင်သက် စသောအပေါင်း၌၊ ထွက်သက် ဝင်သက် စ သောအပေါင်းကို အဖန်ဖန်တလဲလဲ ရှုရှုနေ-နော် ။ နေတော့ ဘာဖြစ်လာမယ်။ အာတာပီ သမ္မဇာနော သတိမာ၊ အာ တာပီပုဂ္ဂိုလ်, သမ္မဇာနပုဂ္ဂိုလ်, သတိမာပုဂ္ဂိုလ် ဖြစ်လာမယ် ဟုတ်သား။

အာဘာပီပုဂ္ဂိုလ်ဖြစ်ရင် ဘာဖြစ်သလဲ၊ အာတာပီပုဂ္ဂိုလ် ဖြစ်ရင် ပျင်းရိခြင်းကင်းတယ်၊ အာတာပီပုဂ္ဂိုလ်ဆိုတာ ဝီရိယ ရှိတဲ့ ပုဂ္ဂိုလ်ကိုပြောတာ၊ ဝီရိယရှိတဲ့ ပုဂ္ဂိုလ်က ပျင်းပါအုံး မလား၊ မပျင်းပါဘုရား၊ ပျင်းရိခြင်းကင်းတယ်၊ ဝီရိယရှိတယ်၊ ဟုတ်ပြီလား၊ သမ္မဇာနပုဂ္ဂိုလ်ဖြစ်ရင် တွေဝေခြင်းကင်းတယ်၊ သမ္မဇာနပုဂ္ဂိုလ်ဖြစ်ရင်ဘာ၊ တွေဝေခြင်း ကင်းပါတယ်ဘုရား။ သတိမာပုဂ္ဂိုလ်ဖြစ်ရင် မေ့လျော့ခြင်းကင်းတယ် ဟုတ်ပြီလား။ ကာယာနုပဿနာသတိပဋ္ဌာန်ကို လုပ်နေရင် ပျင်းရိခြင်းလဲမရှိ, တွေဝေခြင်းလဲမရှိ, မေ့လျော့ခြင်းလဲမရှိ, အဲဒီပုဂ္ဂိုလ် အဆင့်

အတာန်းသို့ ရောက်လိမ့်မယ်။ ။အာတာပီသမ္မဇာနော သတိမာ ဟုတ်လား။အာတာပီ·က ဝီရိယရှိတဲ့ပုဂ္ဂိုလ်,သမ္မဇာနဲ့·က အဆင် အခြင် သမ္မဇညာဏ်ရှိတဲ့ပုဂ္ဂိုလ်၊ သတိမာ·က သတိရှိတဲ့ပုဂ္ဂိုလ် နော....။

နောက် တဝါကျက ဝိနေယျလောကေ အဘိဇ္ဈာ ဒေါမနဿံ၊ လောကေ၊ခန္ဓာငါးဝ ရုပ်နာမ်လောကဘဲ။အဘိဇ္ဈာ ဒေါမနဿံ၊ တပ်မက်ခြင်းအဘိဇ္ဈာ၊ စိတ်မချမ်းသာခြင်း ဒေါမနဿ ဝေဒနာကို။ ဝိနေယျ၊ ပယ်ဖျောက်နိုင်၍။ မပျင်းမရိဘဲနဲ့ တွေဝေခြင်းကင်းပြီးတော့ မမေ့လျော့တဲ့ ပုဂ္ဂိုလ်ဟာ ဒီခန္ဓာကိုယ်မှာ တွယ်တာခြင်း၊ ခန္ဓာကိုယ်ကို အကြောင်းပြုပြီးတော့ စိတ်မချမ်းသာခြင်း ဖြစ်နိုင်ပါအုံးမလား၊ မဖြစ်နိုင်တော့ဘူး မဟုတ်လား။

ဒါဖြင့် သတိပဋ္ဌာန် ဘယ်လောက်ကောင်းသလဲနော်-။ ဣမေ ဘိက္ခဝေ ဘိက္ခူ ကာယေ ကာယာနုပဿီ ဝိဟရတိ၊ အာတာပီသမ္ပဇာနော သတိမာ ဝိနေယျလောကေ အဘိဇ္ဈာ ဒေါမနဿံ-ဆိုတဲ့. ဥဒ္ဒေသပါဠိဟာ သတိပဋ္ဌာန် လုပ်ထုံးအကျယ်ကျတော့ အကျယ်ဝေဘန်ပြီးတော့ ဥာဏ်ရှိတဲ့ ပုဂ္ဂိုလ်များသိဘို့သာ ကိုယ်တော်မြတ်က ထည့်ဟောနေတာ၊ လုပ်ထုံးကတော့ အဲဒီအကျဉ်းကလေးဒင်သိဘို့ ဘယ်ဒင်းတုံး။ ကာယေ ကာယာနုပဿီ ဝိဟရတိ။ ။ကာယာနုပဿီ အပေါင်းစုကို တခုခြင်းကွဲအောင် အဖန်ဖန်တလဲလဲရှုရ၏။ ဝိဟရတိ၊ နေ၏။ အဲဒါလုပ်ထုံးဘဲ ဟုတ်ဘူးလား၊ အဲဒီလုပ်ထုံးလုပ်လို့ ခန္ဓာကိုယ်ထဲမှာ စိတ်ထားရင် တခါတလေ ရုပ်တွေ့မယ်၊ တခါတလေ

ဝေဒနာဓတ္ဆမယ်၊ တခါတလေ စိတ်တွေ့ဆမယ်၊ တခါတလေ သဘာဝဓမ္မတွေ တွေ့ဆမယ်၊ ခန္ဓာကိုယ်ထဲ စိတ်ထားလိုက်ရင် ဒီလေးပါးထဲက တပါးပါးကို မတွေ့ဘူးလား။ တွေ့လို့ ရှိရင် ဘာဖြစ်မယ်၊ တွေ့လို့ ရှိရင် ရုပ်သဘော နာမ်သဘောကို သိမယ်၊ ဒီ ရုပ်တို့၊ ဝေဒနာတို့၊ စိတ်တို့၊ သဘာဝဓမ္မတို့ ဖြစ်နေတယ် ဆိုတာ ဘာတွေလဲ၊ ရုပ်တွေ, နာမ်တွေ မဟုတ်လား။ ဒီရုပ်နာမ် သဘာဝကို မတွေ့နိုင်ဘူးလား၊ ရုပ်နာမ်သဘာဝတွေ့ရင် ပဋိုလ် သတ္ထဝါ, ငါသူတပါး, ယောကျ်ားမိန်းမဆိုတဲ့ ဒိဋ္ဌစဲ့ မစဲ့ရင် လမ်းကောက်ပါအုံးမလား၊ မကောက်တော့ပါဘုရား။ အေး— မကောက်တော့ဘူး၊ လမ်းဖြောင့်တော့မယ် ဟုတ်လား၊ အဲဒါ ကြောင့် နိဗ္ဗာန်လမ်း ဖြောင့်ဖြောင့်သွားနိုင်အောင် ခန္ဓာကိုယ် ထဲမှာ စိတ်အမြဲထား၍ ရှုနိုင်ကြပါစေသတည်း။

သာဓု—သာဓု—သာဓု ပါဘုရား။

၁၃၃၁ ခု ဝါခေါင်လပြည့်ကျော် ၈-ရက်
နေ့တွင် မြောင်းမြမြို့ ဝေဠုဝတီကမ္မဋ္ဌာန်းတိုက်၌
ကျွန်းဇူးရှင် ဝေဠုဝတီ ဆရာတော်ဘုရားကြီး
ဟောကြားတော် မူအာပ်သော—

ဆဋ္ဌအကြိမ်မြောက်
မဟာသတိပဋ္ဌာန်တရားဒေတော်

အရင်ဥပုသ်တုံးက ဝါကျွတ်လေးမျိုး ဟောခဲ့တယ်၊ ဤဓ
ဘိက္ခဝေ ဘိက္ခု-တဝါကျွတ်စကားတဲ့နှ်။ ကဲ့ဟယ်ကာယာနုပဿီ
ဝိဟရတိ တဝါကျွတ်စကားတဲ့နှ်း။ အာတာပီသမ္ပဇာနော်သတိမာ၊
တဝါကျွတ်စကားတဲ့နှ်း၊ ဝိနေယျလောကေ အဘိဇ္ဈာ ဒေါမ
နဿံ တဝါကျွတ်စကားတဲ့နှ်း။ အဲဒီလို ကာယာနုပဿနာနဲ့ဆိုင်ရာ
ဒီပါဠိတော်မှာ လေးဝါကျွ လေးပိုဒ်ရှိသလို နောက် ဝေဒနာ
နုပဿနာ ကျွတော့လဲ လေးပိုဒ်ဘဲ။ ဝေဒနာသူ ဝေဒနာနုပဿီ
ဝိဟရတိ၊ အဲဒီတပိုဒ် ထူးတယ်၊ ကျန်သုံးပိုဒ်က အတူတူဘဲ။
စိတ္တာနုပဿနာ-ကျတော့၊ စိတ္တေ စိတ္တာနုပဿီဝိဟရတိ၊ အဲဒီ
တပိုဒ်ထူးတယ်။ ဓမ္မာနုပဿနာ-ကျတော့၊ ဓမ္မေသု ဓမ္မာနုပဿီ
ဝိဟရတိ၊ အဲဒါတပိုဒ်ဘဲထူးတယ်၊ သတိပဋ္ဌာန် တအုပ်လုံးမှာ
ဒီလေးပိုဒ်ဟာလိုရင်း၊ ဥဒ္ဒေသပါဠိတော်ခေါင်းစဉ်၊ အဲဒီတော့
ပြောလိုရင်းကဘာလဲ။ ဤဓ ဘိက္ခဝေ ဘိက္ခု ကာယေကာယာ
နုပဿီဝိဟရတိ ထုတ်သက် ဝင်သက်အပေါင်း ဖာယဉ်၌ သတိ

မြဲအောင် အဖန်ဖန်တလဲလဲရှုရ၍ ကာယာနုပဿနာ သတိပဋ္ဌာန်ကို ပွားများအားထုတ်၍ နေသတဲ့။

တနည်းအားဖြင့် ဆံပင်, မွေးညှင်း စသော ကောဋ္ဌာသ အပေါင်း၌၊ကာယာနုပဿီ၊ဆံပင်,မွေးညှင်း စသော ကောဋ္ဌာသ အပေါင်းဟု အဖန်ဖန်တလဲလဲ ရှုသည်ဖြစ်၍၊တနည်း-ကာယေ၊ ဘူဘရုပ်, ဥပဒါရုပ် အပေါင်း၌၊ ကာယာနုပဿီ၊ ဘူတရုပ်၊ ဥပါဒါရုပ် အပေါင်းဟု အဖန်ဖန် တလဲလဲ ရှုသည်ဖြစ်၍။ ကာယေရဲအရ ပဌမ ထွက်သက်ဝင်သက် ဒုတိယ ဆံပင်မွေးညှင်း စသောကောဋ္ဌာသ၊တတိယ ဘူတရုပ်၊ ဥပါဒါရုပ် သုံးနည်းလေ၊ ဒီတော့ ဘူတရုပ် ဥပါဒါရုပ်ဆိုတာပြောခဲ့ပြီ ဘယ်လိုပါလိမ့်။

"ဓာတ်ဟုသမုတ်, ဘူတရုပ်လေးဖြာ, ကြွင်းရုပ်မှာ, ဥပါဒါဟုမှတ်"။

မြေဓာတ်, လေဓာတ်,ရေဓာတ်, မီးဓာတ်လို့ ဓာတ်ကြီး လေးပါးရှိတယ်။ လက်နဲ့ကိုင်လို့ ဖြစ်တယ်။ အသားနဲ့ ထိလို့ ရတယ်၊ အဲဒါ မြေဓာတ်၊ ယိုစီးတယ် အဲဒါရေဓာတ်၊ လှုပ်ရှားတယ် အဲဒါလေဓာတ်၊ ပူနွေးတယ် အဲဒါမီးဓာတ် ဒီခန္ဓာကိုယ်မှာ ပင်ရင်းက ဒီဓာတ်လေးပါးဘဲရှိတယ်။ ပုဂ္ဂိုလ် သတ္တဝါ ငါဆူတပါး ယောကျ်ားမိန်းမ-မရှိ ဓာတ်လေးပါး အစုအဝေးသာ ရှိတယ်ဆိုတာ အဲဒါပြောတာ။

အဲဒီဓာတ်လေးပါး အမာခံရှိတော့ မျက်စေ့အကြည်၊ နားအကြည်၊ နှာခေါင်းအကြည်၊ လျှာအကြည်၊ တကိုယ်လုံး

အကြည်ဆိုတဲ့ အကြည်ရုပ်တွေ ပေါ်လာတယ်။ မျက်စေ့ အကြည်ကလဲ မျက်စေ့ထဲမှာ။ နားအကြည်ကလဲ နားထဲမှာ၊ နှာခေါင်းအကြည်ကလဲ နှာခေါင်းထဲမှာ၊ လျှာ အကြည်ကလဲ လျှာပေါ်မှာ၊ ကိုယ်အကြည်ကလဲ တကိုယ်လုံးမှာ အဲဒါ အကြည်ရုပ်ငါးပါး ခေါ်တယ်။

အဆင်းရုပ် အသံရုပ်၊ အနံ့ရုပ်၊ အရသာရုပ်လို့ အာရုံ ရုပ်က လေးပါး၊ မြေရုပ် လေရုပ် မီးရုပ်ဆိုတာက အတွေ့ရုပ်၊ သူက ဓာတ်ကြီးလေပါးထဲ ပါသွားခြင်းကြောင့် အတွေ့ရုပ်ကို အာရုံရုပ်ထဲ မထည့်တော့ဘူး၊ အဲဒီ အကြည်ရုပ်ရော ဒီရုပ်တွေ ဟာ တခြားမရှာရပါဘူး၊ ကိုယ့်ခန္ဓာကိုယ်မှာရှိတယ်။ အဲဒီရုပ် တွေကို တခုချင်းကွဲအောင် ရှုရမှာ၊ အထိး ရုပ်၊ အမ ရုပ်၊ ယောကျ်ားရုပ်၊ မိန်းမရုပ်၊ ယောကျ်ားကောင်၊ မိန်းမကောင်ကို အထိးရုပ် အမရုပ် မခေါ်ဘူး။ အထိးပုံသဏ္ဌာန် အမပုံသဏ္ဌာန် ကို ဖြစ်စေနိုင်တဲ့သတ္တိ၊ အဲဒီသဘောဟာ ကံကြောင့် ဖြစ်တာ၊ ဒါကို အထိးရုပ် အမရုပ် ခေါ်တာဘဲ။

ဒီတော့ အကြည်ရုပ်ကငါးပါး၊ အာရုံရုပ်ကလေးပါး၊ အထိးရုပ် အမရုပ်က ၂ ပါး ဘယ်လောက်ရှိသွားပြီလဲ။(၁၁) ပါး၊ အသက်ရုပ်ဆိုတာက ကံကြောင့်ဖြစ်တဲ့ မျက်စေ့ အကြည် ရုပ်၊ နားအကြည်ရုပ်၊ နှာခေါင်းအကြည်ရုပ်၊ လျှာအကြည်ရုပ်၊ အယိးရုပ်၊ အမရုပ်တွေမှာ အသက်ရုပ်ပါတယ်၊ အဲဒီအသက်ရုပ် ပါလို့ ဒီရုပ်တွေဟာ အသက်ရှည်နေတာ အသက်ရုပ်မပါရင် အသက်မရှည်နိုင်ဘူး။

နှလုံးရုပ်တပါး- နှလုံးရုပ်ဆိုတာ နှလုံးသားထဲမှာ နှလုံးဆိုတာရှိတယ်၊ အဲဒီသွေးကနေပြီးတော့ အသိပေါ်လာတယ်၊ လူတွေမှာ အသိပေါ်လာတာ ဘယ်ကပေါ်သလဲ နှလုံးသွေးကပေါ်လာတယ်။ အဲဒီအသိကို ပေါ်စေတတ်တဲ့ နှလုံးသွေးဟာ ဟဒယရုပ်ခေါ်တယ်။

ပြီးတော့မှ ဩဇာအာဟာရရုပ်၊စားသောက်တဲ့ အာဟာရထဲမှာ ဩဇာရုပ်ဆိုတာ ပါတယ်၊ အဲဒီ ဩဇာရုပ်က သက်မှုတက်မှုကို ဖြစ်စေတတ်တယ်၊ တချို့အစာက သက်ဘယ်၊ တချို့အစာက တက်တယ်၊ သက်မှု တက်မှုသည် အဲဒီ ဩဇာရုပ်မှာတည်တယ်။

အဲဒီတော့ ရုပ်စစ်ရုပ်မှန်က ဒီတဆဲ့ရှစ်ပါးဘဲ ရှိတယ်၊ ဘူတရုပ်ကလေးပါး၊ အကြည်ရုပ်ကငါးပါး အာရုံရုပ်ကလေးပါး၊ အထီးရုပ် အမရုပ်ကနှစ်ပါး၊ အသက်ရုပ်ကတပါး၊ နှလုံးရုပ်ကတပါး၊ အာဟာရဩဇာရုပ်ကဘပါး အားလုံးကိုပေါင်းလိုက်ရင် (၁၈)ပါးဘဲရှိတယ်။ အဲဒီရုပ်တွေကို နိပ္ဖန္နရုပ်(၁၈)ပါးလို့ခေါ်တယ်။ ကဲ....ဝိတ်ဥတုအာဟာရဟူသော အကြောင်းတရား လေးပါးကြောင့်ဖြစ်တဲ့ ရုပ်ပေါင်း (၁၈)ခု ကွင်းတဲ့ အနိပ္ဖန္နရုပ် (၁၀)ကတော့ ဝိပဿနာနဲ့ မဆိုင်ဘူး ဝိပဿနာနဲ့ ဆိုင်တဲ့ရုပ်က ဒီ (၁၈)ပါးဘဲ ရှိတယ်၊ အဲဒီ (၁၈)ပါးလဲဘဲ ဟိုတုံးကချပေးဘူးပါတယ်။

* လေးမဟာဘုတ်၊ အကြည်ရုပ်ငါး၊ လေးပါးအာရုံ၊ အစုံဖိုမ၊ ဇီဝိတနှင့်၊ ဟဒယ ဩဇာ၊ဆဲ့ရှစ်ဖြာ၊ မှတ်ပါနိပ္ဖန္နရုပ်။

လေးမဟာဘုတ်က မြေရုပ်, ရေရုပ်, လေရုပ်, မီးရုပ် ဆိုတဲ့ ဓာတ်ကြီးလေးပါး-အကြည်ရုပ်က မျက်စေ့-အကြည်၊ နား-အကြည်၊ နှာခေါင်း-အကြည်၊ လျှာ-အကြည်၊ တကိုယ်လုံး-အကြည် ဆိုတဲ့ အကြည်ရုပ်ငါးပါး၊ လေးပါး-အာရုံက အဆင်းရုပ်, အသံရုပ်, အနံ့ရုပ်, အရသာရုပ်-လေးပါး၊ အစုံ ဖို-မက ဒဏ်းရုပ်-အမရုပ်နှစ်ပါး ဇီဝိတန္ဒြေက အသက်ရုပ်တပါး, ဟဒယဝတ္ထုက နှလုံးရုပ်နှင့် အာဟာရရုပ်နှစ်ပါး၊ အား-လုံးပေါင်းလိုက်တော့ ရုပ်ပေါင်း (၁၈)ပါး။

အဲဒီ (၁၈)ပါးတို့တွင် မြေရုပ်, ရေရုပ်, လေရုပ်, မီးရုပ်က ဘူတရုပ်, ကျန်တဲ့ (၁၄)ပါးက ဥပါဒါရုပ်၊ ဒီတော့ ကာယ-မဟာဘုတ်, ဥပါဒါရုပ်-အပေါင်း-အစု၌။ ကာယာနုပဿီ၊ မဟာဘုတ်-ဥပါဒါရုပ်ဟု ကိုယ်ကောင်နှင့်ကဲ့အောင် အဖန်ဖန် တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟာရဟိ၊ နေ၏။

ကာယာနုပဿနာသတိပဋ္ဌာန်မှာ ဒီဘူတရုပ်, ဥပါဒါရုပ် ကဲ့အောင် ရှုတယ်ဆိုတာ ဝိပဿနာဘက်ရောက်လာပြီ၊ ဆိုပင်, မွေးညှင်း စသော ကောဋ္ဌာသမှာတုံးကတော့ သမထ၊ ဘူတရုပ်, ဥပါဒါရုပ်ကတော့ ဝိပဿနာ။

အဲဒီ သတိပဋ္ဌာန်က သမထနဲ့လဲဆိုင်တယ်၊ ဝိပဿနာနဲ့လဲ ဆိုင်တယ်၊ သတိပဋ္ဌာန်အလုပ်လုပ်ရင် သမထရော ဝိပဿနာရော ပါတာဘဲ၊ ဣဓ ဘိက္ခဝေ ဘိက္ခု-တဝါက္ယ၊ ကာယေကာယာ

နုပဿီ ဝိဟရတိ၊ တဝါကျဆိုတော့ နှစ်ဝါကျ ရှိသွားပြီ၊ အာတာပီဆိုတာက သမ္မပ္ပဓာန်လေးပါးကို ခေါ်တယ်တဲ့။

သတိပဋ္ဌာန်လေးပါးပြီးတော့ အာတာပီဟူသောပုဒ်ဖြင့် သမ္မပ္ပဓာန်လေးပါးကိုပြတယ်၊ အဲဒီ သမ္မပ္ပဓာန်ကိုမှတ်ဘို့က-

(၁) အနုပ္ပန္န-အကုသိုလ်။
(၂) ဥပ္ပန္န အကုသိုလ်။
(၃) အနုပ္ပန္န-ကုသိုလ်။
(၄) ဥပ္ပန္န-ကုသိုလ်လို့ အကုသိုလ် နှစ်ပါး၊ ကုသိုလ်ကလဲ နှစ်ပါး။

သူတပါး အကုသိုလ်ဖြစ်တာကိုမြင်သဖြင့် ဒီလိုအကုသိုလ်များ ငါ့မှာ မဖြစ်စေရဘူးဆိုတဲ့စိတ်မျိုးနဲ့ မဖြစ်သေးတဲ့အကုသိုလ် မဖြစ်ရအောင် ငါလုပ်မယ်ဆိုတဲ့စိတ်မျိုးကို ၁ နံပါတ် အနုပ္ပန္န အကုသိုလ် သမ္မပ္ပဓာန် ခေါ်တယ်။

ကိုယ့်မှာ အကုသိုလ်တွေဖြစ်ခဲ့ပြီ၊ အမေမေ့းသည်ကစ၍ ယနေ့တိုင်အောင် အကုသိုလ်ကင်းတဲ့ နေ့ရယ်လို့ ရှိရဲ့လား၊ အကုသိုလ်ဖြစ်တဲ့ အချိန်ကများတယ်။ ကုသိုလ်ဖြစ်တဲ့အချိန်က အင်မတန်နဲတယ်၊ ငါ့မှာ အကုသိုလ်တွေဖြစ်ခဲ့တာ များပြီ၊ အဲဒီအကုသိုလ်တွေကို ငါပပျောက်အောင်လုပ်မယ်ဆိုတဲ့ စိတ်မျိုးကို ၂ နံပါတ်၊ ဥပ္ပန္နအကုသိုလ် သမ္မပ္ပဓာန်ခေါ်တယ်။

ကာမဘဝစရကုသိုလ်, မဟဂ္ဂုတ် ကုသိုလ်, ဝိပဿနာ ကုသိုလ်, မဂ်ကုသိုလ်တွေက အများကြီးများများရှိတယ်။ လောကုတ္တရာ ကုသိုလ်ဆိုတာက မဂ်လေးပါးကိုခေါ်တယ်၊ အဲဒီကုသိုလ်တွေထဲက မဖြစ်သေးတဲ့ကုသိုလ်တွေရှိသေးတယ်၊ အဲဒီမဖြစ်သေးတဲ့ကုသိုလ်ကို ငါဖြစ်အောင်လုပ်မယ်ဆိုတဲ့စိတ်မျိုးကို ၃ နံပါတ် အနုပ္ပန္နကုသိုလ် သမ္မပ္ပဓာန်ခေါ်တယ်၊ ဖြစ်ပြီးသောကုသိုလ်ကို တည်မြဲအောင်လုပ်မယ်ဆိုတဲ့စိတ်မျိုးကို ၄ နံပါတ် ဥပ္ပန္နကုသိုလ် သမ္မပ္ပဓာန် ခေါ်တယ်။

ဒီတော့ မဖြစ်သေးတဲ့အကုသိုလ် မဖြစ်အောင် လုပ်မယ်ဆိုတဲ့စိတ်၊ ဖြစ်ပြီးသောအကုသိုလ်ကို ပယ်ပျောက်အောင်လုပ်မယ်ဆိုတဲ့စိတ်၊ မဖြစ်သေးတဲ့ကုသိုလ်ကို ဖြစ်အောင် လုပ်မယ်ဆိုတဲ့စိတ်၊ ဖြစ်ပြီးသောကုသိုလ်ကို တိုးတက်တည်မြဲအောင် လုပ်မယ်ဆိုတဲ့စိတ် အဲဒီစိတ်လေးမျိုးကို အာတာပီအရ သမ္မပ္ပဓာန်လေးမျိုးလို့ မှတ်ရမယ်။

သမ္မပ္ပဓာနောအရကတော့—

(၁) သတ္ထုကသမ္ပဇဉ်။
(၂) သပ္ပာယသမ္ပဇဉ်။
(၃) ဂေါစရသမ္ပဇဉ်။
(၄) အသမ္မောဟသမ္ပဇဉ်လို့ သမ္ပဇဉ် တရားလေးပါးကို သိရမယ်။

အကျိုး ရှိ,မရှိကို ဆင်ခြင်ပြီးတော့ အကျိုးရှိတာကို လုပ်ရင် သတ္ထုကသမ္ပဇဉ်၊ လျော်တာ မလျော်တာကို ဆင်ခြင်

ပြီးတော့ လျော်တာကိုလုပ်ရင် သပ္ပါယသမ္ဗဇဉ်၊ ကိုယ်နဲ့လျော်တာ သပ္ပါယ၊ ကိုယ်နဲ့မလျော်တာ အသပ္ပါယ။

ကမ္မဋ္ဌာန်းအာရုံပေါ်မှာ စိတ်ကျနေတာကို ဂေါစရ သမ္ပဇဉ် ခေါ်တယ်၊ အာနာပါနဖြစ်နေရင်လဲ အာနာပါန အာရုံ၊ ဝေဒနာဖြစ်နေရင်လဲ ဝေဒနာအာရုံပေါ်မှာ စိတ်ကျနေတာကို ဂေါစရသမ္ပဇဉ် ခေါ်တယ်။

အသမ္မောဟသမ္ပဇဉ်ကျတော့ အဲဒီ ကမ္မဋ္ဌာန်းအာရုံကို သဘာဝသက်သက်သိပြီး၊ ပုဂ္ဂိုလ် သတ္တ ဝါ နဲ့ မကွဲတော့ဘူး၊ ပုဂ္ဂိုလ်သတ္တဝါ ငါသူတပါး ယောကျ်ားမိန်းမ မဟုတ်၊ ရုပ်သက်သက်, နာမ်သက်သက်, သဘာဝသက်သက်ကို မတွေ့မဝေသိတာက အသမ္မောဟ၊ ပညတ်နဲ့တွဲနေရင် သမ္မောဟ ခေါ်တယ်၊ သမ္ပဇာနောအရ သမ္ပဇဉ်လေးပါးကိုလဲ မှတ်ရမယ်။

သတိမာအရက-

(၁) ကာယာနုပဿနာ-သတိပဋ္ဌာန်။
(၂) ဝေဒနာနုပဿနာ-သတိပဋ္ဌာန်။
(၃) စိတ္တာနုပဿနာ-သတိပဋ္ဌာန်။
(၄) ဓမ္မာနုပဿနာ- သတိပဋ္ဌာန်-လို့ သတိပဋ္ဌာန် လေးပါး၊ အာတာပီအရက သမ္မပ္ပဓာန် လေးပါး။

အေး.... သမ္ပဇဉ်လေးပါးကို သိရမယ်၊ သမ္မပ္ပဓာန်လေးပါးကိုလဲ သိရမယ်၊ သိပြီးတော့မှ ဘာ လုပ်ရမယ်၊ အသိ

သမ္ဖဇဉ်ညာဏ်ယှဉ်၍ သမ္မပဓာန်ဝီရိယဖြင့် သတိပဋ္ဌာန်လေးပါးကို ပွားများအားထုတ်ပါတဲ့၊ သမ္မပ္ပဓာန်ဝီရိယနဲ့ သတိပဋ္ဌာန်လေးပါးကို အားထုတ်တော့ စိတ်မှာ ကိလေသာရာဂ မဝင်ဘူး၊ သတိပဋ္ဌာန် မပွားများလို့ ရှိရင် ကိလေသာရာဂ ဝင်လိမ့်မယ်။

အမိုးမကောင်းတဲ့အိမ်ဟာ မိုးယိုသလို၊ အမိုးကို ကြိုးတိုးကျဲတဲ့ မိုးထားလို့ ရှိရင် ဒီအိမ် မိုးလုံခဲ့လား၊ မိုးမလုံဘူး၊ သတိပဋ္ဌာန် မပွားများတဲ့စိတ်ဟာ မိုးမလုံတဲ့အိမ်နဲ့တူတယ်။

ယထာ အဂါရံ ဒုစ္ဆန္နံ၊ ဝုဋ္ဌိ သမတိံ ဝိဇ္ဈတိ။
ဧဝံ အဘာဝိတံ စိတ္တံ၊ ရာဂေါသမတိ ဝိဇ္ဈတိ။

ဒုစ္ဆန္နံ၊ မကောင်းသဖြင့် ကျိုးတိုး ကျိုးတဲ့ မိုးထားအပ်သော။ အဂါရံ၊ အိမ်ကို။ ဝုဋ္ဌိ၊ မိုးရေ မိုးပေါက်သည်။ သမတိဝိဇ္ဈတိ၊ ထိုးဖောက်၍ ယိုသကဲ့သို့။ ဧဝံတထာ၊ ထို့အတူ။ အဘာဝိတံ၊ သတိပဋ္ဌာန်မပွားများအပ်သော။ စိတ္တံ၊ စိတ်ကို။ ရာဂေါ၊ ရာဂသည်။ သမတိဝိဇ္ဈတိ၊ ထိုးဖောက်ယိုကျလေတော့၏။ အမိုးမကောင်းတဲ့အိမ်သည် မိုးယိုသကဲ့သို့ သတိပဋ္ဌာန် မပွားများတဲ့စိတ်မှာ ရာဂ အစရှိသော ကိလေသာ ထိုးဖောက်လိမ့်မယ်၊ ယိုကျလိမ့်မယ်။

ဒီတော့ ကုသိုလ်သည် အနဝဇ္ဇ အပြစ် ကင်းတယ်ဆိုသဖြင့် အကုသိုလ်သည် သာဝဇ္ဇ၊ အပြစ်မကင်းဘူး၊ အပြစ်ကင်းတဲ့ ကုသိုလ်မှာ ကိုလေသာ မကပ်ဘူး။ အပြစ်မကင်းတဲ့

အကုသိုလ်မှာ ကိလေသာကပ်လိမ့်မယ်၊ ကိလေသာကပ်ခဲ့သည် ရှိသော် အမှန်သိတဲ့အသိဉာဏ် မဝင်နိုင်ဘူး။ အမှန်သိတဲ့ အသိဉာဏ်က ကိလေသာကင်းမှ ဝင်နိုင်တာ။

ကိုလေသာဒုစရိုက်ဝဝ၊ ကိလေသာဝေးသောအဖြစ်သည် ဉာဏသမ္ပယုတ်ဖြစ်ခြင်း၏ ဒေကြောင်းလို့ဆိုတယ်၊ အသိဉာဏ်မပါဘဲနဲ့ ဘယ်ဟာမှ မသိနိုင်ဘူး၊ အမှန်မသိနိုင်ဘဲနဲ့ ဒုရုပ်ဘဲ, ဒုနာမ်ဘဲ, ဒုအနိစ္စဘဲ, ဒုဒုက္ခဘဲ, ဒုအနတ္တာဘဲလို့ ပါးစပ်က ပြောနေပေမဲ့ ဉာဏ်မပါရင် အလကားဘဲ။ ဉာဏ်ပါရင်တော့ ပြောစရာမလိုပါဘူး၊ ဒုရုပ်ဘဲ, ဒုနာမ်ဘဲ, ဒုအနိစ္စဘဲ, ဒုအနတ္တာဘဲ, ဒုဒုက္ခဘဲဆိုတာ ဘွားဘွားကြီး ပေါ်နေတော့မှာပေါ့၊ တရားအားထုတ်တဲ့ကိစ္စမှာ လိုရင်းက အသိဉာဏ်ရဘို့လိုတယ်။

ဒီတော့ အသိဉာဏ်က ဘာလို့မရသလဲဆိုတော့ ကိလေသာ နှောင့်ယှက်လို့၊ ကိလေသာက ဘာလို့နှောင့်ယှက်ပါလိမ့်၊ အပြစ်မကင်းလို့၊ အပြစ်ကဘာလို့မကင်းပါလိမ့်၊ အကုသိုလ်ဖြစ်လို့၊ အကုသိုလ်ဖြစ်လို့ အပြစ်မကင်းဘူး၊ အပြစ်မကင်းလို့ ကိလေသာနှောင့်ယှက်၊ ကိလေသာနှောင့်ယှက်လို့ အသိဉာဏ်မရ၊ အသိဉာဏ်မရရင် ဘယ်မှာတရားရနိုင်ပါ့မလဲ။ အသိဉာဏ်ရမှ တရားရမှာ။

ဒါကြောင့် ကုသိုလ်ဖြစ်ရင်အပြစ်ကင်းမယ်၊ အပြစ်ကင်းရင် ကိလေသာစင်မယ်၊ ကိလေသာစင်ရင် အသိဉာဏ်ရမယ်၊ အသိဉာဏ်ရရင် ရုပ်ဘဲ, နာမ်ဘဲ, အနိစ္စဘဲ, ဒုက္ခဘဲ, အနတ္တာဘဲ

ဆိုတာ အလိုလိုပေါ်လာမယ်။ ဒီလို အလိုလိုမပေါ်ဘဲနဲ့ ပါးစပ်ကပြောနေလို့တော့ ရုပ်, နာမ် ဘယ်နည်းနဲ့မှ မသိဘူး။

မှတ်ဉာဏ်ရယ်, ထင်ဉာဏ်ရယ်,မြင်ဉာဏ်ရယ်လို့ တရား မှာ ဉာဏ်သုံးမျိုးရှိတယ်၊ မှတ်ဉာဏ်ဆိုတာက စာကြည့်တယ်, စာဖတ်တယ်, တရားနာတယ်, ဒါတွေဘာတွေတုံး၊ မှတ်ဉာဏ်၊ အဲဒီ မှတ်ဉာဏ်နဲ့မှတ်ထားလို့ ရုပ်တွေ, နာမ်တွေ, ခန္ဓာတွေ, အနိစ္စတွေ, ဒုက္ခတွေကို မှတ်မိနေပေမယ်လို့ စိတ်က ရုပ်ဘဲ, နာမ်ဘဲ, အနိစ္စဘဲ, ဒုက္ခဘဲ, အနတ္တဘဲလို့ မထင်ဘူး။ ဒီတော့ မှတ်ဉာဏ်ကနေပြီး ထင်ဉာဏ် ရောက် အောင် တရားအလုပ်လုပ်ရတာ မထင်ဘဲနဲ့ ဘယ်တော့မှ တရားမရဘူး၊ ပြောချင်တိုင်းပြော ဆိုချင်တိုင်းဆို ဟောချင်တိုင်းဟော စိတ်ကူးချင်တိုင်း စိတ်ကူး အထင်မရောက်သရွေ့ တရားမရ။

ဒါဖြင့် မှတ်ဉာဏ်ကနေပြီးတော့ ဘာတက်ရမယ်၊ ထင်ဉာဏ်တက်ရမယ်၊ ဒါဖြင့် ထင်ရုံနဲ့ကော ရမလားဆိုတော့ ထင်ရုံနဲ့လဲ မရသေးဘူး၊ ဉာဏ်စက္ခု မြင်ဉာဏ်ကျမှ ရတယ်၊ လက်ဝါးပေါ်တင်ကြည့်လို့ မြင်သလို ရုပ်ကိုမြင်တယ်၊ နာမ်ကို မြင်တယ်ဆိုတာ အသိဉာဏ်ပေါ်လာတော့မှမြင်တာ၊ မြင်ဉာဏ် မရဘဲနဲ့ ဘယ်နှယ်လုပ် ကိလေသာပယ်နိုင်ပါ့မလဲ၊ ထင်ဉာဏ်ရရင်တော့ ကိလေသာခွာနိုင်ပြီ၊ ထင်ဉာဏ်က ကိလေသာခွာတယ်၊ ရုပ်ဘဲ နာမ်ဘဲလို့ ထင်နေရင် ဒီကိလေသာ အနားမကပ်နိုင်တော့ဘူး ကွာမနေဘူးလား။ အေး.... ကွာတော့ကွာတယ်၊ သို့ပေမယ်လို့ ဒီကိလေသာကို မြင်ဉာဏ်မရရင် မသတ်နိုင်သေးဘူး။

ဒီတော့ ထင်ဉာဏ်က ကိလေသာကို ခွာသောကြောင့် သမထ- ဆိပင်, မွေးညှင်း အစရှိသော သုံးဆဲ့နှစ်ကောဋ္ဌာသ ထင်ကြည့်စမ်း၊ ဒီပုဂ္ဂိုလ်မှာ ကိလေသာလာအုံးမလား၊ မလာပါဘူး၊ အေး.... သမထက ကိလေသာကိုခွာနိုင်တယ်၊ သို့ပေမယ်လို့ မပယ်နိုင်ဘူး။ မပယ်နိုင်လို့ ခွာထားရုံထားတော့ နောက်တခါ ကိလေသာ ဖြစ်စရာအကြောင်းနဲ့ ဆုံပြန်တော့ ဖြစ်ပြန်ရော၊ ခွာထားနိုင်တဲ့အခိုက်တော့ သက်သာတာပေါ့၊ မှတ်ဉာဏ်ဆိုတဲ့ဉာဏ်ကတော့ ကိလေသာခွာလဲ မခွာနိုင်ဘူး။ ပယ်လဲမပယ်နိုင်ဘူး၊ မှတ်ဉာဏ်ဆိုတဲ့ ဗဟုသုတအသိတွေများလေ ဒီပုဂ္ဂိုလ် ကိလေသာ အားကြီးလေဘဲ၊ ကိုယ်သိတဲ့ ဗဟုသုတကို အမှီပြုပြီး ဒေါသကြီးတတ်တယ်၊ မာနကြီးတတ်တယ်၊ အဲဒီ ဒေါသ မာနတွေဟာ ဘာဘွဲ့လဲ ကိလေသာတွေ။

အဲဒီတော့ မှတ်ထားလို့သိတဲ့၊ တတ်တဲ့ပုဂ္ဂိုလ်တွေမှာ နှလုံးသွင်းမကောင်းလျှင် ကိလေသာ ပိုတောင်များ တတ်သေးတယ်၊ မှတ်ဉာဏ်လောက်နဲ့တော့ အားမကိုး လောက်ဘူးပေါ့၊ မှတ်ဉာဏ်ဟာ ကိလေသာကို မနိုင်ပါဘူး၊ ဒီတော့ဘာဖြစ်အောင်လုပ်ရမယ်၊ ထင်ဉာဏ်ရအောင် လုပ်ရမယ်၊ ထင်ဉာဏ်ရတော့၊ ကိလေသာကွာတယ်၊ ကိလေသာကွာနေရင် ရဟန္တာလိုဘဲ ဘာမှမထူးဘူး၊ သူဖြစ်မှမဖြစ်ဘဲကို။

သို့ပေမယ်လို့ သမာဓိ ပျက်သွားတဲ့ အခါကျတော့ သူကပြန်ကပ်တယ်၊ ဟိုမြင်ဉာဏ်နဲ့ ကိလေသာ ပယ်တာကတော့ သူကပြန်မကပ်နိုင်တော့ဘူး၊ ကိလေသာ ပြန်မကပ်ရင်တော့လဲ

ပျင်းစရာကြီးဖြစ်နေတော့မှာဘဲ၊ ကိလေသာနဲ့ နေရတာပျော်သ
ကို၊ ဒီကိလေသာမရှိရင် ဒီစက်သူဌေးကလဲ စက်စွန့်လိုက်မှာဘဲ၊
ဒီကိလေသာလေး ကွယ်တာပေလို့ မောင်မင်းကြီးသားရှိပေလို့
ဒီစက်က ရှိနေတာ၊ မတွယ်ရင်တော့ ဒုက္ခဘဲ၊ ဒါ ကိလေသာ
ကျေးဇူး။

အဲဒီတော့ ကုသိုလ်ဖြစ်မှ အပြစ်ကင်းမယ်၊ အပြစ်ကင်းမှ
ကိလေသာ ပယ်နိုင်မယ်၊ ကိလေသာ ပယ်နိုင်မှ အသိဉာဏ်
ရမယ်၊ အသိဉာဏ်ရမှ တရားတွေ့မယ်၊ သို့ဖြစ်သောကြောင့်
ကုသိုလ်ဖြစ်အောင် ကြိုးစားအားထုတ်နိုင်ကြပါစေကုန်သတည်း။

သာဓု–သာဓု–သာဓု ပါဘုရား။

မြောင်းမြမြို့ ဝဋ္ဋဝတီ ကမ္မဋ္ဌာန်းတိုက်၌
၁၃၃၁-ခု ဝါခေါင်လ ဆုတ် ၁၄-ရက်နေ့တွင် ဝဋ္ဋဝတီ
ဆရာတော် ဘုရားကြီး ဟောကြားတော်မူအပ်သော
သတ္တမ အကြိမ်ပြောက်
မဟာသတိပဋ္ဌာန်တရားတော်

အရှင်သီတင်းတုန်းက....

ယသာ အဂါရံ ဒုစ္ဆန္နံ၊ ဝုဋ္ဌိသမတီ ဝိဒ္ဓတိ၊
ဧဝံ အဘာဝိတံ စိတ္တံ၊ ရာဂေါ သမတိ ဝိဒ္ဓတိ။

အဲဒီဂါရုတ်ခဲ့ဘယ်၊ ဒုစ္ဆန္နံ၊ ကျိုးတိုးကျဲတဲ့ မိုးအပ်သည်
ဖြစ်၍ မကောင်းသော အမိုးရှိသော။ အဂါရံ၊ အိမ်ကို၊ ဝုဋ္ဌိ၊
မိုးရေမိုးပေါက်သည်။ သမတိဝိဒ္ဓတိယသာ၊ ထိုးဖောက်ယိုကျ
သကဲ့သို့၊ ဧဝံတသာ၊ ပမာဆိုမူထို့ အဘူ၊ အဘာဝိတံ၊ သတိပ
ဋ္ဌာန် မပွားများအပ်သော၊ စိတ္တံ၊ စိတ်ကို၊ ရာဂေါ၊ ကိလေ
သာရာဂသည်။ သမတိဝိဒ္ဓတိ၊ ထိုးဖောက်ယိုကျလေ၏။

အဲဒီအိမ် မိုးယိုသလိုဘဲတဲ့၊ သတိပဋ္ဌာန်မ
ပွားများတဲ့စိတ်မှာလဲဘဲ၊ ကိလေသာမိုယိုကျသတဲ့၊ ဦးမောင်သာ
အမိုးမကောင်းတဲ့ အိမ်ဟာ မိုးယိုကျတော့ ဒီအိမ်တာရှည်ခိုင်
သေးဦးလား၊ ဆွေးမြေ့မသွားဘူးလား၊ ဆွေးမြေ့သွားတာယ်၊

အေး ထိုနည်းတူစွာ သတိပဋ္ဌာန် မပ္ပဒေးများလို့ ဒီစိတ်မှာ ကိလေသာ ယိုကျနေခဲ့သော် ဒီစိတ်သည် ကုသိုလ်ရေးကောင်းမှုရေးမှာ တာရှည်မခံဘူး၊ ငါလုပ်မဟဲ့လို့ ဆိုပြီး တရားကိုလုပ်ပေမယ်လို့ တော်တော်ကြာ ကျသွားပြန်တာဘဲ၊ ကုသိုလ်ရေးကောင်းမှုရေးကို ကိလေသာမရှိမှ၊ တင်းတင်းကြပ်ကြပ် လုပ်နိုင်တာ၊ ကုသိုလ်ရေး ကောင်းမှုရေး မလုပ်နိုင်တာဘယ်သူ့ကြောင့်၊ ကိလေသာကြောင့်၊ အမိုးမလုံတဲ့အိမ်ဟာ မိုးယိုသကဲ့သို့ သတိပဋ္ဌာန် မပ္ပဒေးများတဲ့စိတ်မှာ ကိလေသာမိုးယိုတယ်တဲ့၊ နော်၊ ကိလေသာ မိုးယိုတော့ ဘာဖြစ်မယ်၊ ကိလေသာ မိုးယိုတော့ ငရဲကျမယ်။

ကိလေသာကငရဲချသလား၊ ကံကငရဲချသလား၊ ကံဟာ ကုသိုလ်လား၊ ကလေသာဟာကလား၊ ဒလုလ သေသေချာချာ ဒိဋ္ဌိလူစုက သိဖို့လိုတယ်၊ လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ထိန၊ ဥဒ္ဓစ္စ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဒါတွေကကိလေသာ။

ကိလိဿဒ္ဓိ သတ္တာ ဧတေနာ ကိလေသော၊

ဧတေန၊ ဤလောဘ၊ ဒေါသစသည်ဖြင့်၊ သတ္တာ သတ္တဝါအပေါင်းတို့သည်။ကိလိဿန္တိ၊ ညစ်နွမ်းပင်ပန်း၍နေကြကုန်၏။ ဤတို့၊ ထို့သို့ ညစ်နွမ်း ပင်ပန်းကြောင်း ဖြစ်သောကြောင့်၊သော၊ ထိုလောဘ ဒေါသအစရှိသော တရားအပေါင်းသည်။ ကိလေသော၊ ကိလေသာမည်၏။

သတ္တဝါတွေညစ်နွမ်းတာ ပင်ပန်းတာ၊ ဆင်းရဲတာဘယ်သူ့ကြောင့်၊ ကိလေသာကြောင့်၊ အဲဒီလောဘ၊ ဒေါသ၊

မောဟ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ထိန၊ ဥဒ္ဒစ္စ၊အဟိရိက အနောတ္တပ္ပဆိုတဲ့ ကိလေသာတွေမှာ သူတို့ဖြစ်တိုင်းဖြစ်တိုင်း စေတနာပါတယ်၊ စေတနာနဲ့ ကင်းလို့ လောဘ၊ ဒေါသ၊ စသည် မဖြစ်နိုင်ဘူး၊ လောဘစသည်က ကိလေသာ၊လောဘ စသော ကိလေသာနဲ့ အဘူတူဖြစ်တဲ့ စေတနာကအကုသိုလ်ကံ။

စေတေတီတိ စေတနာ၊

ယာဓမ္မာတိ၊ အကြင်တရားသဘောသည်။ စေတေတိ၊ နှိုးဆော် တိုက်ဘွန်းတတ်၏။ ဣတိ၊ ထိုကြောင့်၊ သာ ဓမ္မာတိ ထိုတရား သဘောသည်။ စေတနာ၊ စေတနာ မည်၏။

စေတနာဆိုတဲ့တရားဟာ နှိုးဆော်တိုက်တွန်းတတ်တဲ့သဘောရှိသည်။လောဘကို တပ်နှစ်သက်အောင် ဘယ်သူကတိုက်တွန်းတယ်၊ စေတနာက၊ ဒေါသကို ဖြစ်မှားအောင် ဘယ်သူကတိုက်တွန်းတယ်၊ စေတနာက၊ ဒီတော့ လောဘဲတို့ ဒေါသတို့က ကိလေသာ- လောဘဒေါသတို့နဲ့ အတူတူဖြစ်တဲ့ စေတနာက အကုသိုလ်ကံ၊ ကံနဲ့ကိလေသာ ကွဲပြီလား (ကွဲပါပြီဘုရား) ဒီလောက်ပြော့လို့ မှမကွဲရင် ဒီလူဘာချိုင်းပိုမယ်။ အေး ပိုဘိုဘဲ ကောင်းတော့တယ်-နော်-ကိလေသာ ဖြစ်တိုင်း၊ ဖြစ်တိုင်း၊ ဘာနဲ့ တွဲဖြစ်တယ်၊ အကုသိုလ်ကံနဲ့ တွဲဖြစ်တယ်၊ လောဘ၊ ဒေါသ စသည်တို့က ကိလေသာ၊ လောဘဒေါသ စသည်တို့နဲ့ အတူတူယှဉ်တွဲပြီး ဖြစ်တဲ့စေတနာက အကုသိုလ်ကံ-နော်။

အကုသလာ သာဝဇ္ဇဒုက္ခဝိပါကလက္ခဏာ၊ အကုသိုလ်မှာ အကုသိုလ်ရယ်လို့ သိအောင်မှတ်ကြောင်းလက္ခဏာပါတယ်၊ ဘာမြင်သဖြင့် အကုသိုလ်လို့ သိရမလဲ။

ခွေးရှူး ကိုက်ခံရချင်တဲ့ လူဟာ အသိသာကြီး ရောင်ကလေးငုတ်စိ၊ ငုတ်စိနဲ့ဆို၊ ဒီစကားမှာ၊ ရောင်ကလေး ငုတ်စိဟာ၊ ခွေးရူးကိုက်ခံရဘို့ မှတ်ကြောင်းလက္ခဏာ၊ အကုသလာ၊ အကုသိုလ်တရားမှန်သမျှတို့သည်။သာဝဇ္ဇဒုက္ခဝိပါကလက္ခဏာ၊ အပြစ်နှင့်တကွ ဆင်းရဲသော အကျိုးကို ပေးခြင်းလက္ခဏာ ရှိကုန်၏၊ အကုသိုလ်မှန်ရင် မချမ်းသာဘူး၊ အကုသိုလ်မှန်ရင် အပြစ်မကင်းဘူးတဲ့။

ကိုယ်တွေ့အကုသိုလ်တွေ ဖြစ်နေကြတာ စဉ်းစားကြည့်ပါလား၊ လောဘအင်မတန်လွန်ကဲတဲ့အခါ စိတ်ဘယ်လောက်ဆင်းရဲသလဲ၊ ကိုယ်ဘယ်လောက် ပင်ပန်းသလဲ။ ကိုယ်ကတပ်မက်ပြီးနေတော့ ပင်ပန်းလို့လဲ ပင်ပန်းမှန်းမသိ-ဆင်းရဲလို့လဲ ဆင်းရဲမှန်းမသိ—ကိုယ်ကမောဟဖုံးလွှမ်းနေလို့ မသိပေမယ့်လို့ စိတ်ရောကိုယ်ရော မသက်သာဘူး၊ ဘာဖြစ်လို့လဲ၊ အကုသိုလ်ကြောင့်။ အဲဒီတော့ စိတ်ရောကိုယ်ရော မသက်သာတဲ့ ကိလေသာအလုပ်ကြီးကို လုပ်နေတဲ့အခါ ထိုပုဂ္ဂိုလ်မှာ အပြစ်ကင်းပါ့မလား၊ မကင်းပါဘူး။

ကာယကံပြစ်၊ ဝစီကံပြစ်၊ မနောကံပြစ်၊ ဒီအပြစ်တွေ မရောက်ပေဘူးလား။ အေး ကာယကံပြစ် ဝစီကံပြစ် နှောက်ဆိုတဲ့ အပြစ်တွေနှင့်တကွ ဆင်းရဲသော အကျိုးကို ပေးတဲ့တရားဟာ အကုသိုလ်တရား။

ဒီတော့ မိုးမလုံတဲ့အိမ်ဟာ မိုးယိုသကဲ့သို့ သတိပဋ္ဌာန်မပွားများအပ်သော စိတ်မှာကိလေသာယိုတယ်။ သတိပဋ္ဌာန်မ

ပဌားများတဲ့ စိတ်မှာ ကိလေသာ ယိုတော့ ဒီကိလေသာက သူချည်းဖြစ်တာမဟုတ်ဘူး၊ အကုသိုလ်ကံနဲ့တွဲဖြစ်တာ၊ အကုသိုလ်ကံနဲ့တွဲဖြစ်တော့ကိလေသာဖြစ်တဲ့ပဋိပက္ခိုလ်မှာ စိတ်၏ချမ်းသာခြင်း ကိုယ်၏ချမ်းသာခြင်းမရဘူး ကာယကံပြစ် ဝစီကံပြစ် မနောကံပြစ်လဲ မကင်းဘူး။ ဒါဖြင့် အကုသိုလ်ဟာ အပြစ် မကင်းခြင်း ဆင်းရဲသောအကျိုးကိုပေးခြင်း လက္ခဏာရှိတယ်နော်။

ကိုယ့်ရင်ထဲသာ ကိုယ်စိုက်ကြည့် ဒီစိတ်ဖြစ်နေတဲ့ အခါ ငါ့မှာ ချမ်းသာသလား ဆင်းရဲသလား ကိုယ်က နှစ်သက်လို့ ချမ်းသာတယ်ထင်နေပေမယ့်လို့ အမှန်က မချမ်းသာဘူးခွေးများ မစင်နှစ်သက်လို့ မစင်ကို စားနေရတဲ့အခါ သူတို့သဘောမကျ ဘူးလား ဋ္ဌင်းတများဟာ ခွေးသေကောင်ပုတ်ကို စားနေရတဲ့ အခါ သူတို့ ကြနပ်မနေဘူးလား ဒေး သူတို့မှာတော့ သူတို့ ကြိုက်တဲ့ အစာနဲ့ ဝတ္ထုတော့ ကြနပ်နေတာကိုးလူက မြင်တော့ မစင်စားတာ ခွေးသေကောင်ပုတ်စားတာ ချမ်းသာ တယ်လို့ အောက်မေ့ပါ့မလား မအောက်မေ့နိုင်ဘူးနော်၊ ဒေး သူတို့မှာတော့ ပီတိဖြစ်လို့ပေါ့။ စက်သူဌေးက စက်ထဲမှာ သင်း ဘောသူဌေးက သင်းဘောပေါ်မှာ ပြုံးပြုံး ပြုံးပြုံးနဲ့နေသလို သူဘိုမှာတော့ ပီတိဖြစ်နိုင်တယ်ပေါ့လေ သူတို့ဟာနဲ့သူတို့တော့ ကြနပ်နေတာကိုး ဘုရားအစရှိသော အရိယာ သူတော်ကောင်း တွေကတော့ အော် ဒုက္ခတဲ့ဟဲ့လို့ ဒီလိုထင်မှာပေါ့။

ဒီတော့ ကိုယ်မသက်သာပေတဲ့ မသက်သာမှန်း သိချင်မှ သိဘာ ဘာ့ဖြစ်လို့ပါလိမ့် မောဟဲက ဖုံးထားတာကိုး မောဟ က ဘာလဲ ကိလေသာဘဲ။

မုယ္ဘီတီတိ မောဟော။ ယောသဘာဝေါ၊အကြင်သဘော တရားသည်။ မုယ္ဘ်ီ၊ ဖုံးလွှမ်းတွေဝေတတ်၏။ ဣတိ၊ ထို့ကြောင့်။ သောသဘာဝေါ၊ ထိုသဘောတရားသည်။ မောဟော၊ မောဟ မည်၏။ မောဟကဖုံးလွှမ်းတယ် မောဟက ဖုံးလွှမ်းတော့ ပင်ပန်း မှန်းမသိနိုင်ဘူးပင်ပန်းမှန်းမသိနိုင်တော့လောဘကတပ်မက်တယ်။

အဲဒီမောဟတို့ လောဘတို့နဲ့အတူတူ အကုသိုလ်စေတနာ ဖြစ်တယ် အဲဒီ အကုသိုလ် စေတနာက သေသွားရင် ဘာဖြစ် တယ် ငရဲသွားတတ်တယ်။

အယာ၊ ချမ်းသာမှု။ နိုက္ခန္တော၊ ထွက်မြောက်သည် တည်း။ နိရယော၊ ချမ်းသာမှု ထွက်မြောက်သည်။ ငရဲရောက် သွားရင် လူချမ်းသာ နတ်ချမ်းသာမှ ထွက်မြောက် ပြီးတော့ ရောက်သွားတာ၊ ချမ်းသာမှလွတ်မြောက်ပြီး ရောက်သွားတယ် ဆိုသဖြင့် ချမ်းသာ နေပါဒုံးမလား ငရဲကျတော့ မချမ်းသာ တော့ဘူး၊ ဒါကြောင့် နိအယ၊ အယ ကချမ်းသာ၊ နိ က ထွက် မြောက်တယ်၊ နှစ်ခုပေါင်းတော့ နိအယ ချမ်းသာမှထွက်မြောက် တယ်၊ အဲဒီ (အ)နေရာမှာ (ရ)ကောက်ဝင်လို့ နံရယ ဖြစ် လာတာ ချမ်းသာကင်းတဲ့ဘုံကို ဘယ်သူကချတယ်၊ အကုသိုလ် ကချတယ်၊ အေး အကုသိုလ်ဟာ တွေးတိုင်းတွေးတိုင်း အလွန် ကြောက်စရာကောင်းတယ်၊ အကုသိုလ် လက်မခံကြနဲ့ လက်မခံ ကြနဲ့ ဆိုပေတဲ့ နိုင်သလား မနိုင်ဘူးနော်။

အရိယာ အဖြစ်သို့ မရောက်သေးတဲ့ ပုထုဇဉ်မှာ သတ္တိမှ တပါး အားကိုးစရာမရှိဘူး သတ်ိကို အားကိုးရမယ်။ ဒါကြောင့် ဘုရားကိုယ်တော်မြတ်က သတိပဋ္ဌာန်ကို ဟောတော်မူတာ။

အော် ပုထုဇဉ်အဖြစ်က မလွန်မြောက်နိုင်သေးတဲ့ သတ္တဝါတွေ သက်သာရာ ရကြပါစေဆိုပြီး ကိုယ်တော်မြတ်က သတိပဋ္ဌာန်ကို ဟောတော်မူတာ။

စိတ္တာနုပဿနာ သတိပဋ္ဌာန်မှာ ရာဂမကင်းတဲ့ စိတ်ဖြစ်တယ်ဆိုပါတော့ ဒါက ဘာဘာဝ၊ အလုပ်က ရာဂမကင်းတဲ့စိတ်ဖြစ်ရင်လဲ သတိထားတဲ့ ရာဂကင်းတဲ့စိတ်ဖြစ်တဲ့အခါလဲသတိထား၊ သတိမလစ်စေနဲ့လို့ ဆိုတယ်မဟုတ်လား၊ ရာဂ ဖြစ်ပေမယ့်လို့ သတိနှင့်တကွဖြစ်ရင် ဒီရာဂကြောင့် ဖြစ်မဲ့ဒုစရိုက်ကို ဒီသတိက ဖျောက်ပစ်လိုက်တာနော်၊ ဒေါသမကင်းတဲ့စိတ် ဖြစ်ရင်လဲ သတိထား ဒေါသကင်းတဲ့စိတ် ဖြစ်ရင်လဲသတိထား တွေဝေမှိုက်မဲတဲ့စိတ်ဖြစ်ရင်လဲသတိထား တွေဝေမှိုက်မဲတဲ့စိတ် မဖြစ်ရင်လဲ သတိထား ဒီလိုဆိုလိုတာ၊ ဒါကအလုပ်သဘော။

သရာဂံ ဝါ စိတ္တံ သရာဂံ စိတ္တန္တိ ပဇာနာတိ
သဒေါသံ ဝါ စိတ္တံ သဒေါသံ စိတ္တန္တိ ပဇာနာတိ
သမောဟံ ဝါ စိတ္တံ သမောဟံ စိတ္တန္တိ ပဇာနာတိ

ဒီ-၂-၂၃၇

သကိပဋ္ဌာန်ဟာ အလွန်ကောင်းတယ်၊ ပုထုဇဉ်တို့အဘို့ အားကိုးရာရတယ် ရာဂကလဲ မဖြစ်ဘဲမနေဘူး ဒေါသကလဲမဖြစ်ဘဲ မနေဘူး မောဟကလဲ မဖြစ်ဘဲမနေဘူး၊ ဒီတော့ ရာဂဖြစ်တိုင်း ဒေါသဖြစ်တိုင်း မောဟဖြစ်တိုင်း မင်းတို့ သတိထားကြသတဲ့ထားရင် ဒီရာဂ ဒေါသ မောဟ က မင်းတို့ကို မနှိပ်စက်

နိုင်ဘူးလို့ ဒီလို ဆိုလိုတဲ့အဓိပ္ပါယ် အရိယာအဖြစ်သို့ မရောက်သေးတဲ့ ပုထုဇဉ်မှန်ရင် သတိမှတပါး အားကိုးရာ မရှိဘူးနော်။

တခါ ဓမ္မာနုပဿနာ သတ်ပဋ္ဌာန်၊ နိဝရဏပဗ္ဗမှာ ကာမစ္ဆန္ဒနီဝရဏ၊ ဗျာပါဒနီဝရဏ၊ ထိနမိဒ္ဓနီဝရဏ၊ ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ၊ ဝိစိကိစ္ဆာနီဝရဏ ဆိုတာလဲ ကိလေသာတွေဘဲ၊ ဒီကိလေသာတွေကော အကုသိုလ်ထဲ မပါဘူးလား ပါပါတယ်။

သန္တံဝါ အဘ္ဘန္တရ ကာမစ္ဆန္ဒံ အတ္ထိ မေ အဘ္ဘန္တရ ကာမစ္ဆန္ဒော်တိ ပဇာနာတိ။

အဘ္ဘန္တရံ၊ အဘ္ဘန္တရသန္တာန်၌။ သန္တံဝါ၊ အဖန်တလဲလဲ ဖြစ်၍ ထင်ရှား ရှိသည်လည်းဖြစ်သော။ ကာမစ္ဆန္ဒံ၊ အလိုရှိသည်ကို လိုလားတောင့်တတဲ့ ကာမစ္ဆန္ဒကို၊ မေ၊ ငါ၏။ အဘ္ဘန္တရံ၊ အဘ္ဘန္တရသန္တာန်၌။ ကာမစ္ဆန္ဒော၊ ကာမစ္ဆန္ဒသည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ဤသို့၊ ပဇာနာတိ၊ သိအောင် သတိထားရမည်။

အလိုရှိအပ်တဲ့ အာရုံကို လိုလားတောင့်တတဲ့ ကာမစ္ဆန္ဒစိတ်ဖြစ်လာရင် အော် ဒီစိတ် ငါ့မှာ ဖြစ်လာပါပေါ့လားလို့ သတိထားလုံးတဲ့။

အေး ဗျာပါဒနီဝရဏလဲ ဒီအတိုင်းဘဲ ထိနမိဒ္ဓနီဝရဏလဲ ဒီအတိုင်းဘဲ ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏလဲ ဒီအတိုင်းဘဲ ဝိစိကိစ္ဆာနီဝရဏလဲ ဒီအတိုင်းဘဲ ဒီကုသိုလ်တွေ ရှောက်ပြီး ပြောနေလို့

ကုန်ပါ့မလား မကုန်နိုင်ဘူး၊ သို့ပေမယ်လို့ ကိုယ့်ရင်ထဲမှာ ဘယ်ကိုလေသာ ဖြစ်ဖြစ် သတ္တိမလစ်စေနဲ့ သတ္တိ မလစ်ရင် ဒီအကုသိုလ်က ဒီကိုလေသာက ကိုယ့်ကို မနှိပ်စက် ဘူး။ သတိပဋ္ဌာန် မပွားများလို့ရှိရင်၊ ဒီကိုလေသာက ကိုယ့်ကို နှိပ်စက်မှာ၊ ကိုလေသာနှိပ်စက်ခံရရင် နောင်ဇရဲတော့ထားပါ တော့၊ ယခု ဘဝမှာကော ဒီသတ္တဝါ သက်သာလို့လား၊ မသက်သာဘူး၊ သတိဆားတော့ ချက်ချင်းသက်သာသွားတယ်၊ ကြာရှည်မခံရဘူး၊ ပြီးတော့ သေသည်၏ အခြားမဲ့မှာ ဒီအကုသိုလ်ကံက ဒီသတ္တဝါကို ငရဲမချနိုင်ဘူး၊ ငရဲကားသွားရင်တော့ အယာ၊ချမ်းသာမှု။ နို၊ ထွက်မြောက်သည်တည်း၊ နိုရယော၊ ချမ်းသာမှထွက်မြောက်သည်။

ပါသတ် နောက်ပစ် သဒ္ဒီသော ဆိုတဲ့ အဘိုင်း နောက်ကထားတဲ့ ယပက်လက်ကို နောက်ပစ်လိုက်တော့ နိုယဲလို့ဖြစ်တယ်။ အဲဒီ ယပက်လက်ကို မှောက်လိုက်တော့ နိုရဲဖြစ်တယ်။ လုံးကြီးတင် ဖြုတ်လိုက်တော့ နရဲဖြစ်ပြန်တယ်။

"အောက်နရက်ဝယ်၊ တသက်နှယ်နှယ်၊ အမြစ်တွယ်သို့၊ အပါယ်ထိုထို၊ ဥဒဟိုသည်၊ နင်လို့လူမိုက် သွားလမ်းတည်း"

ဆိုတဲ့ လယ်တီဆရာတော်ကြီး ဆုံးမစာမှာတော့ နိုရယပုဒ်က ယပက်လက်ကို ကကြီး ရေးပြီးတော့ သတ်လိုက်လို့ နရက်ဖြစ်သွားတယ်။ ဒါကြောင့် နရက်လို့လဲခေါ်တယ်။ နရဲလို့လဲခေါ်တယ်။ ယခုအများ ခေါ်ရိုးကတော့ နငယ်ကို

ငရေးပြီးတော့ ငရဲခေါ်တယ်။ ဘာဖြစ်ဖြစ် ဆင်းရဲတဲ့ဘုံ ချမ်းသာကင်းတဲ့ဘုံပါဘဲ။

သို့ပေမဲ့ ဒို့လူစုက မသိကြဘူး ခက်ကုန်ပြီ။ ခုနဲနဲကြီးတဲ့လူတွေဆို တော်ပါသေးတယ်။ ဟောဒီနောက်သား နောက်သမီးတွေဆိုရင် တော်တော်ခက်ကုန်ပြီ ဘာဖြစ်လို့....။

ဣန္ဒလောက၊ ပရလောကလို့ နှစ်မျိုးရှိတယ်။ ယခုပကတိမျက်စိနဲ့မြင်စကောင်းတဲ့ မျက်မြင်လောကကို ဣန္ဒလောကခေါ်တယ်။ ပကတိ မျက်စိနဲ့ မမြင်ရဘဲ ဒိဗ္ဗစက္ခုနဲ့မှမြင်ရတဲ့လောကကို ပရလောက ခေါ်တယ်။ ခုတော့ နှိုင်းခြားအတူတွေ့ယူပြီးတော့ ပရလောကကို အယူမရှိကြတော့ဘူး။ ဒို့ကမျက်မြင်မှဟာ ဆိုတဲ့ စကားကို ကျောင်းသားတွေကကြိုက်နေကြပြီ။ ဒီတော့ ဒီကလေးတွေဟာ ကိုယ်ကျိုး နဲကုန်ပြီ။ ဒုက္ခဖြစ်ကုန်ပြီ၊ ဒိဗ္ဗစက္ခုလဲမရ၊ ဒိဗ္ဗစက္ခုရကဲ့ ဘုရားရဟန္တာ အစရှိတဲ့ အရိယာ သူတော်ကောင်းတို့ မိန့်တော်မူကြတဲ့ စကားကိုလဲမယုံ၊ ဒီတော့ ကိုယ်လဲမသိ၊ သိန့်တဲ့ပဂ္ဂိုလ် ပြောတဲ့စကားကိုလဲ မယုံရင်ဖြင့်ဒီသတ္တဝါ ဘယ်နှယ်လုပ်မလဲ ဆင်းရဲဒုက္ခ ရောက်ကြတော့မှာပေါ့။

ပရလောကက ဒို့မြတ်စွာဘုရား ဟောတော်မူလို့ သာယုံရတာ ဒို့ကမြင်လို့လွဲးလို့၊ ပရ လောကကို မြင်နိုင်တဲ့ပဂ္ဂိုလ်ဟာ ခုခေတ်မှာ တော်တော် ရှားနေပြီ။ ရှိချင်တော့ ရှိအုံးမလား မပြောတတ်ဘူး။ စာတွေ့ ပေတွေ့ အားဖြင့်တော့

ဘုရား အစရှိသော သူတော်ကောင်းတို့က ပရလောကရှိတယ် ဒီပုဗ္ဗစက္ခုနဲ့သာမြင်စကောင်းတယ်၊ ဒီလိုပြောတယ် မဟုတ်လား။

အရှင်ကုမာရ ကဿပနဲ့ ပါယာသိ မြို့စားဖြစ်တဲ့ ရာဇညပဏ္ဍားတို့ တွေ့ဆုံကြတဲ့အခါ ပါယာသိမြို့စား ရာဇညပဏ္ဍားက တာဝတိံသာ နတ်ပြည်ရှိတယ်ဆိုတာ ကိုယ်တော်ကို ဘယ်သူကပြောသလဲ ကျွန်ုပ်မယုံဘူးတဲ့။ ဘာလို့ မယုံသလဲဆိုရင် မမြင်ရလို့တဲ့။ ရှင်ကုမာရကဿပက ဘာပြောသလဲ။ မြို့စားအမေ မေးကတဲက စုံလုံးကန်းလာတဲ့ ကလေးကလေးက နောင် ကြီးပြင်းလာတဲ့ အခါကျတော့၊ နေတို့လတို့၊ အဖြူတို့ အနီတို့ အဝါတို့ မရှိဘူးလို့ ပြောမယ်တဲ့၊ ဘာလို့ မရှိသလဲဆိုတော့ ကျွေးမွေးမြင်ရလို့ အကန်းကလေးက အဲဒီလိုဆိုမယ်၊ ဒီလိုဆိုခဲ့သည်ရှိသော် ဒီအကန်း ကလေးစကားကို ဒီပြင် မျက်စိမြင်တဲ့သူတွေက လက်မခံဘူး၊ အေး ထိုနည်းတူစွာ ဒီပုဗ္ဗစက္ခုအဘိညာဏ်ရတဲ့ ပုဂ္ဂိုလ်များက သင့်စကားကို လက်မခံဘူး၊ သင်မြို့စားသာ ကန်းလို့ မမြင်တာ၊ ဒီပုဗ္ဗစက္ခုနဲ့မြင်နိုင်တဲ့ ပရလောက ဒီပုဗ္ဗစက္ခုနဲ့မြင်နိုင်တဲ့ငရဲ၊ ဒီပုဗ္ဗစက္ခုနဲ့မြင်နိုင်ဘဲ နတ်ပြည်ဆိုတာရှိတယ်။

လူ့ပြည်မှာလဲ ရွာကွစိုး၊ ဘုမ္မစိုးတွေ့ မရှိဘူးလား၊ ဒါဘာတုန်း ပရလောကနော်၊ ရွာကွစိုး ဘုမ္မစိုးတို့ကို ပကတိ မျက်စိနဲ့ မြင်နိုင်တာမှ မဟုတ်ဘဲ၊ တခါတလေတော့ အခန့်သင့်တဲ့ အခါ တချို့လူများ မြင်ရသတဲ့၊ တို့ရွာက ကိုသက်ဆိုတဲ့ ဒကာကြီး တယောက် နှားကျွေးဘို့ ညောင်ပင်တက် ချိုင်တော့ ညောင်ရွက်ကြားက မျက်နှာကလေး ထွက်လာ

တယ်၊ ရက္ခံကိုးနတ်သမီးလေး အဲဒီမျက်နှာကလေးလဲ မြင်လိုက်ရော၊ ဘယ်လောက်လှသလဲဆို၊ မူးမေ့ပြီးတခါထဲလိမ့်ကျတာဘဲ၊ အဲဒါသူကဘာလို့ပြသလဲ၊ ဒီညောင်ပင်ကို မချိုင်ပါနဲ့၊ ကျန့်ပ်ရှိပါတယ်လို့ ပြတာ၊ ပကတိ မျက်စိကတော့ ပြမှ မြင်တယ်။ ဒီဗဟုစက္ခု အဘိညာဏ်ရတဲ့ ပုဂ္ဂိုလ်ဘဝတော့ သူမပြလဲမြင်မှာပေါ့။

အာဠဝိပြည် ညောင်ပင်ကြီးမှာ အာဠဝကဘီလူးရဲ့ ဗိမာန်ရှိတယ်တဲ့၊ မြတ်စွာဘုရားက အဲဒီဗိမာန် သွားပြီးတော့ တံခါးစောင့်ကို ပြောတယ်၊ ဟေ တံခါးစောင့် ငါဒီဗိမာန်ထဲ ဝင်ချင်တယ်၊ ဘုရားကတော့ မြင်သကိုး ပကတိလူတွေကတော့ ညောင်ပင်ဘဲမြင်တယ်။ ဗိမာန်ကိုမြင်တာမဟုတ်ဘူး။ အာဠဝက ဘီလူးကြီးက အလွန်ဒေါသ ကြီးပါတယ်ဘုရား၊ မဝင်ပါနဲ့၊ တပည့်တော်ကတော့ အရှင်ဘုရားဝင်ခြင်းကို အလိုမရှိလို့ မဟုတ်ပါဘူးလို့ တံခါးစောင့်က တောင်းပန်တယ်၊ ဒေး မင်းတောင်းပန်ပေတဲ့ ငါမနေဘူး ဝင်မှာဘဲ၊ ဝင်လို့ရှိရင်တော့ တပည့်တော် သူ့သွား အခြောင်းကြား ရပါလိမ့်မယ်။ သူ့သွားအခြောင်းမကြားရင် တပည့်တော်အပေါ် အပြစ်ရောက်ပါလိမ့်မယ်၊ ဝင်တာ မဝင်တာကတော့ အရှင်ဘုရား သဘောဘဲလို့ပြောသတဲ့၊ အာဠဝကဘီလူးက ဒီအခါဟိမဝန္တာဘီလူးအစည်းအဝေးသွားနေတယ်တဲ့၊ ဟေမဝတတို့၊ သာတာဂိရိတို့၊ အာဠဝကဆိုတဲ့ နတ်ဘီလူးတွေဟာ ဝေဿဝဏ် နတ်မင်းကြီးရဲ့ ဘီလူးနတ်စစ်သူကြီးတွေ ဗိုလ်မှူးအဆင့်အတန်း လောက်တော့ ရှိလိမ့်မယ်ထင်တယ်။

အဲဒါနဲ့ ဟိုမဝန္တာလိုက်သွားပြီးတော့ ဂေါတမမြတ်စွာဘုရား ဗိမာန်ထဲဝင်နေပါတယ်လို့ သွားပြောသတဲ့၊ ဘာပြောကောင်းမလဲ၊ စိတ်ဆိုးဆိုးနဲ့ ဘုရားနဲ့စစ်တိုက်လိုက်တာ ကြားဘူးတယ်မဟုတ်လား၊ နောက် စစ်ဘိုက်လို့ မနိုင်တော့မှ ဘုရားအနားကပ်ပြီးတော့၊ သူတပါးဗိမာန်ထဲ ဘာဖြစ်လို့ အခွင့်မပြုဘဲ ဝင်ရသလဲ၊ သူတပါးပိုင်ဆိုင်တဲ့ နတ်သမီးတွေနဲ့ ဘာလို့ လာစကားပြောရသလဲ၊ ဒါရဟန်းလားလို့ ရန် ဆောင်တယ်ဆို။

ဒီတော့ ပြည်သောင်ပင်ကြီးမှာ အမှီပြုနေတဲ့ အာဠဝကဘီလူးရယ်၊ အာဠဝကဘီးလူးရဲ့ နတ်ဗိမာန် ကြီးရယ်၊ ခမ်းခမ်းနားနား ကြီးကျယ်ဘဲ့ ရာဇပလ္လင်တွေရယ် ရှိတယ်ဆို ပါလား၊ ခုဘေတ်လူစုက အဲဒါတွေ ယုံပါ့မလား၊ မယုံဘူး၊ အဲ ကိုယ်ကျိုးတောနဲကုန်ပြီ၊ ဒါကျမ်းဂန်မှာ အထင်အရှားရှိတဲ့ စကားတွေ၊ နော် ကိုင်းဒေါ်မယုံတာတော့ ထားပါတော့၊ ငရဲဆိုတာမြင်ကြီးထဲမှာရှိတယ်၊ ပေါက်ဘူးနဲ့ ပေါက်ရွာလို့ လဲ မတွေ့ဘူးလို့ ဘချို့ ဂိုဏ်းက လူတွေက ပြောတယ်တဲ့၊ ဒေးဒဲရဲ့မြို့ရောက်တုန်းက ကြားခဲ့ရတယ်၊ ဒီတော့ လူ့ပြည်မှာ ရှိနေတဲ့ ရက္ခစိုးနတ်၊ ဘုမ္မစိုး နတ်တို့၏ ဗိမာန်တောင်မမြင်တဲ့ ပုဂ္ဂိုလ်က မြင်ကြီးထဲနေတဲ့ ငရဲဘယ်လိုလုပ်တွေ့မလဲ၊ မြင်ကြီးထဲမှာ ငရဲရှိတယ် ဆိုပေမယ့်လို့၊ ဒီဗွစက္ခုရဲ့အရာ၊ ဒီငရဲ ရောက်အောင် မြင်ကြီးကိုဘူးကြည့်ပေမယ့်လို့ မံသစက္ခုနဲ့ဒီငရဲမြင်နိုင်မှာမဟုတ်ဘူး၊ ငရဲကဒီဗွစက္ခုရဲ့အရာ။

● သာင်းငါးထောင်စီ၊ သစ္ခါညီ၊ ရွှစ်လီခြားအကျော်

တကယ့် တန်ခိုးရှင်ကြီးတွေက ဒီပဋ္ဌစက္ခုနဲ့ မြင်တယ်ဆိုတော့ အတိုင်းအရှည်နဲ့တာကို မြင်တာ၊ တဘုံနဲ့တဘုံကိုယူဇနာတသောင်း ငါးဆောင်စီခြားတယ်လို့ ဘယ်မြတိုင်းစာရေးသွားတိုင်းသလဲ တိုင်းကောတိုင်းနိုင်ပါ့မလား၊ မတိုင်းနိုင်ဘူး။

ငရဲကြီး ရှစ်ထပ်ရယ်၊ လူ့ပြည်ရယ် ဆိုတော့ ကိုးထပ်မဟုတ်လား၊ အဲဒီကိုးထပ်မှာ အကြားအကြား ဘယ်နှစ်ခုရှိသလဲ၊ ရှစ်ခု၊ အဲဒါတခုနဲ့တခု အကြားဟာ ယူဇနာပေါင်းသောင်းငါးထောင် ခြားတယ်တဲ့၊ လူ့ပြည်ကသိဒ္ဓိုပ်း ငရဲယူဇနာပေါင်း တသောင်း ငါးထောင်ခြားတယ်။

သိဒ္ဓိုပ်း၊ ကာဠသုတ် သံဃာတ၊ ရောရုဝ၊ မဟာရောရုဝ၊ တာပန၊ မဟာတာပန၊ အဝီစိ၊ ငရဲကြီးရယ် လူ့ပြည်ရယ်ဆိုတော့၊ ဘုံကိုးဘုံ၊ ဘုံကိုးဘုံတခုနဲ့တခု သောင်းငါးထောင်စီခြားတယ်လို့ အတိုင်းအရှည်နဲ့တကမြင်တာ၊ နော်။

သိဒ္ဓိုပ်း ကာဠ၊ သံဃာတ၊ ဒွယရောရုဝ၊
တာပနဒ္ဒို၊ အဝီစိ၊ တည်ရှိငရဲရှာ။
၁။ ငရဲသိဒ္ဓိုပ်း၊ သံပူအိုး၊ သူခိုးခံရရှာ။
၂။ အယူမဟုတ်၊ ကာဠသုတ်၊ စင်းခုတ်ခားအေယာ။
၃။ တံငါဗာလ၊ သံဃာတ၊ ကြွေတ်ကြတောင်အေယာ။
၄။ မုသာဝါဒ၊ ရောရုဝ၊ နွံငရဲမီးခိုးဖြာ။
၅။ မဟာရောရုဝ၊ သံလုံးက၊ ဖျက်ကရောက်လေပါ။

၆။ လေဟုန်ဖျက်ချ၊ တာပန၊ ကျလိမ့်သံမြေမှာ။
၇။ တံကျဉ်လျှိုထ၊ မဟာတာပန၊ ဝါဒပျက်သည်သာ။
၈။ မိစ္ဆာဒိဋ္ဌိ၊ အယူရှိ၊ ဝိစိအောက်ထဲမှာ.... လို့။

ဒို့ ယော်ယော်တုန်းကတော့ ရဘူးတယ်။ မှုသာဝါဒပြောတဲ့လူမျိုးဒုဂ္ဂရကိုး ပေါက်ကမီးလောင် နေတဲ့ အကောင်ဘဲလို့၊ ရှေးက အသိရှိတဲ့ လူကြီးတွေ ပြောရိုးဆိုစဉ် ပြုကြတယ်၊ သံဃံက ပစ္စည်း ဖျက်တဲ့ ပုဂ္ဂိုလ်ဟာ သံဃာကငရဲရောက်တယ်၊ မိစ္ဆာဒိဋ္ဌိ အယူရှိတဲ့ပုဂ္ဂိုလ်လဲဘဲ၊ အဝီစိ ကျတယ်တဲ့၊ ဒါကသူ့ကံနဲ့သူ့ ငရဲတဲ့ပြီးဘော့ပြတာ၊ သို့ပေမယ်လို့ ဒီစကားဟာမှုချမဟုတ်ဘူး၊ ယောဘုယျပြောတာ၊ ကြီးတဲ့အပြစ်နဲ့လဲ ငရဲကလေး ရောက်ချင် ရောက်တာ၊ ငယ်တဲ့အပြစ်နဲ့လဲ ငရဲကြီးကျချင်ကျတယ်၊ အဘည် ပြုလို့မရဘူး။ သင်္ဃံဝါတဉီး သန္ဓာန်မှာ ဘဝသံသရာက ကံဟောင်း အနုန်တွေ့ ပါလာကြတယ်၊ ရှိနေကြတယ်။

(အကျိုးပေးရန် အခွင့်ကို စောင့်နေတဲ့၊ များစွာသောကံ တို့ကိုသတိပြုရမယ်)။

သို့ပေမယ့် ပြောလိုရင်းက ဒါမဟုတ်ပါဘူး၊ ငရဲဆိုတာ ပရလောက၊ မံသစက္ခု-နဲ့ တူးကြည့်လို့လဲ မမြင်စကောင်းဘူး။ ဒိဗ္ဗစက္ခု-နဲ့မှမြင်တယ်၊ ဒီတော့ အပေါ်ထပ်က သဉ္ဇုစ်းငရဲကြီး တည်ပြီးတော့ အဆင့်ဆင့် သွားလိုက်တာ အောက်ဆုံးထပ် ကျတော့ အဝီစိငရဲကြီးရှိတယ်။ ဘယ်ငရဲဘဲဖြစ်ဖြစ် ငရဲကြီး တဆင့်တထပ်ဆိုရင် အစောက်ယူဇနာတရာ အလျားအနံ ယူဇနာ တသောင်းကျယ်တယ်၊ သံတန်တိုင်းကြီးတွေကလို့ သံတန်

တိုင်းကြီးတွေက ကိုးယူဇနာထူတယ်၊ အဲဒီ ငရဲကြီးတွေရဲ့ ဘေးတဘက်တဘက်မှာ ဥဿဒငရဲငယ် လေးလုံးလေးလုံးစီ ရှိသေးတယ်၊ ဥဿဒငရဲငယ်ရောက်သွားရင် ငရဲထိန်းတွေက စစ်လားမေးလားလုပ်ပြီးတော့မှ ငရဲကြီးထဲ ပစ်ချလိုက်တာ၊ ငရဲကြီးထဲကျတော့ ငရဲထိန်းမရှိတော့ဘူး၊ ငရဲထိန်းရှိတယ်ဆိုတာ ဥဿဒငရဲငယ်မှာ ရှိတာ။

ဗာရာဏသီပြည်က နန္ဒိယ သူဌေးကတော် ရေဝတီဟာ နန္ဒိယသေလို့ နတ်ပြည်ရောက်ပြီးတဲ့နောက် နန္ဒိယ ကျွေးမွေးလှူဒါန်းဘဲ့ ဆွမ်းဝတ်တွေ ဖျက်ပစ်, နန္ဒိယ လှူနေကျ အလှူတွေ ဖျက်ပစ်, သံဃာတော်တွေဆဲရေး၊ ရေဝတီလုပ်ပုံလေ-။ အဲဒီဘဝ် ဝေဿဝဏ်နတ်မင်းကြီးက ဘီလူးနှစ်ယောက် လွှတ်ပြီးတော့ အဲဒီရေဝတီကို ငရဲသွားပို့လိုက်ကြလို့ အမိန့်ထုတ်တော့ ဘီလူးနှစ်ယောက်လာပြီး အရှင်လတ်လတ် ဆွဲခေါ်၊ ဆွဲခေါ်ပြီးတော့၊ ဟို တုဿိတာနတ်ပြည် နန္ဒိယဗိမာန်သွားပြ၊ အေး.... နန္ဒိယသူဌေးကတော့ ဒီလိုစည်းစိမ်ချမ်းသာ စံစားနေရပြီ၊ နင့်မှာတော့ သံဃာတော်တွေဆဲရေး, နန္ဒိယသူဌေးလုပ်ခဲ့တဲ့ အလှူဝတ်ဘဲ့ ဖျက်ပစ်, အဲဒီလိုပြုတဲ့ အကုသိုလ်ကံကြောင့် နန္ဒိယနဲ့နင် အတူတူမနေရတော့ဘူး၊ ငရဲသွားရတော့မယ်ဆိုပြီး ငရဲလိုက်ပို့သဘဲ့၊ငရဲလိုက်ပို့လိုက်လို့ ငရဲကျသကာလ သူ့ကို အထူးစီရင်မနေတော့ဘူး၊ ခုံရုံးတင်မနေတော့ဘူး၊ တခါထဲ ငရဲကြီးထဲချလိုက်ရောတဲ့။ ရေဝတီတို့ငရဲကျပုံလေ-၊ ဒီတော့ ဒါတွေကို နောက်လူတွေက ယုံဘို့ရာမလွယ်ဘူး။ ဘာဖြစ်လို့ ပကတ္တိ မျက်စေ့နဲ့မြင်မှ ယုံမယ်ဆိုတာကိုး၊ ပကတ္တိမျက်စေ့နဲ့ မြင်စကောင်းတာလဲ မဟုတ်ဘူး။

အဲဒီငရဲတွေက ဘယ်လောက်များသလဲဆိုတော့ ယခု မြေပြင်မှာ မြို့တွေရွာတွေ ဟိုနေရာတစု ဒီနေရာတစု အဲဒီလို ရှိသလိုဘဲတဲ့၊ သိဒ္ဓိဝင်းငရဲပတ်ဝန်းကျင်မှာ ငရဲတွေကို မရေ မတွက်နိုင်ဘူးတဲ့၊ ဥဿဒ ငရဲငယ်တွေ လေ။ ဟိုနေရာတစု ဒီနေရာတစု ငရဲ များပြား ကြောင်းကို နေမိဇာတ်တော်မှာ ပြတယ်။

မာတလိနတ်သားက ဝေဇယန္တာရထားနဲ့ နေမိမင်းကြီးကို ငရဲတွေလည်ပြတယ်၊ အရှင်မင်းကြီးကြည့်ပါ၊ ဟောဒီလို အကုသိုလ်ကံတွေလုပ်လို့ ဒီလို ငရဲတွေခံနေရပါတယ်လို့ လုပ်ခဲ့တဲ့ကံရော ကျနေတဲ့ငရဲရော မာတလိနတ်သားက နေမိမင်းကြီးကို ပြသတဲ့၊ ပြပေမယ်လို့ ကုန်အောင်ပြနိုင်သလားဆိုတော့ ကုန် အောင် ပြနေရင် နေမိမင်းကြီးသာ အသက်ကုန်မယ်၊ ငရဲက မကုန်သေးဘူး၊ အဲဒီစကားထောက်သောအားဖြင့် ငရဲဟာ မရေ မတွက်နိုင်ဘူးတဲ့။

ပြီးတော့ ဂံကလဲ ဘယ်ကံကြောင့် ဘယ်ငရဲကျတယ်လို့ အသီးအခြားမရှိဘူး၊ ကံဆိုးသေးလေးနဲ့ပေမဲ့ ငရဲကြီးကျချင် ကျသွားတာဘဲ၊ ကံကြီးကြီးပေမယ်လို့ ငရဲကလေး ရောက် တယ်။ ငရဲလေးဘဲရောက်ရောက် ငရဲကြီးဘဲရောက်ရောက် ငရဲ ရောက်လို့ရှိရင်တော့ ငရဲဆိုတာ ဝင်ပေါက်သာ ရှိတယ်၊ထွက် ပေါက် မရှိဘူးလို့ လယ်တီဆရာတော်ကြီးက မိန့်တော်မူတယ်၊ ဘာဖြစ်လို့လဲ ယခုလူဖြစ်နေတာတောင်မှ ကုသိုလ်စိတ်က အင် မတန် အဖြစ်နဲ့နေတာဘဲ၊ အပါယ်လေးပါးကျနေတဲ့ သဏ္ဌာဝါ မှာ ကုသိုလ်စိတ်ဖြစ်ခွင့် ရပါမလား။ ကုသိုလ်စိတ် ဖြစ်ခွင့်

မရရင် ဒီသတ္တဝါဟာ တဖြည်းဖြည်း နှစ်နှစ် မသွားဘူးလား။ ဒါကြောင့် ငရဲကိုကျသွားသော် ငရဲဟာ ထွက်ပေါက်မရှိဘူး ဝင်ပေါက်သာရှိတယ်လို့ မိန့်တော်မူတာ ကြောက်စရာ အလွန်ကောင်းတယ်။

ဒီတော့ ငရဲရှိတယ်လို့လဲ အယူရှိပါ၊ ငရဲကမ္မာလဲကြောက်ပါ၊ ငရဲရှိတယ်လို့ အယူရှိခြင်းကြောင့် ဒီပုဂ္ဂိုလ်မှာ ဘာမှအကျိုးမယုတ်ဘူး၊ ဘာအပြစ်မှလဲ မရောက်ဘူး၊ ငရဲမှလွတ်မြောက်ရာ လွတ်မြောက်ကြောင်း ကာယကံ, ဝစီကံကို စောင့်ရှောက် ထိန်းသိမ်းမယ်၊ ငရဲမှ လွတ်မြောက်ရာ လွတ်မြောက်ကြောင်း ကုသိုလ်ကောင်းမှုတွေကို အားထုတ်မယ်မဟုတ်လား၊ ငရဲကိုမယုံခဲ့သည်ရှိသော် ငရဲမယုံတဲ့ ပုဂ္ဂိုလ်က ကာယကံ, ဝစီကံကိုလဲ မစောင့်ရှောက်ဘူး၊ ကုသိုလ်ကောင်းမှုကိုလဲ အားမထုတ်ဘူး။ ဒါ မယုံတဲ့အပြစ်ပေါ့၊ ဒီတော့ ငရဲရှိတာမရှိတာ အပထား၊ ယုံလို့ရှိရင် အကျိုးများတယ်၊ မယုံလို့ရှိရင် အကျိုးယုတ်လိမ့်မယ်နော်။

အေး....တို့ဗုဒ္ဓဘာသာလူမျိုးကတော့ ဘုရား အစရှိသော အရိယာသူတော်ကောင်းတို့ ပြောတဲ့စကားကို တထစ်ချ ယူရမှာကိုး၊ ကိုယ်လဲမမြင်နိုင်ဘူး၊ ကိုယ်ကိုးကွယ်တဲ့ ပုဂ္ဂိုလ်ကပြောတဲ့စကားလဲ မယုံနိုင်ဘူးဆိုတော့ ဒီပုဂ္ဂိုလ် ဘယ်နှယ်လုပ်ပြီးတော့ လူထဲထည့်လို့ဖြစ်မလဲ၊ အဲဒီတော့ ယုံဘို့တော့ကောင်းကြတယ်၊ ယုံဘို့ကောင်းရင်လဲ ငရဲကျစေတတ်တဲ့ အကုသိုလ်ကို ရှောင်ရမယ်၊ ငရဲကျစေတတ်တဲ့အကုသိုလ် မဖြစ်ဘဲမနေဘူး။

ဒီတော့ ငရဲကျစေတတ်တဲ့အကုသိုလ်ကို ဘယ်လို ရှောင်မလဲဆိုတော့ သတိပဋ္ဌာန်ပွားများပါတဲ့။

ယထာ အဂါရံ ဒုစ္ဆန္နံ၊ ဝုဋ္ဌိ သမတ္တိ ဝိဇ္ဈတိ။
ဧဝံ အဘာဝိတံ စိတ္တံ၊ ရာဂေါ သမတ္တိ ဝိဇ္ဈတိ။

ဒုစ္ဆန္နံ၊ မကောင်းသဖြင့် မိုးအပ်သော။အဂါရံ၊ အိမ်ကို။ ဝုဋ္ဌိ၊ မိုးရေသည်။ သမတ္တိဝိဇ္ဈတိ်ယထာ၊ ထိုးဖောက် ယိုကျသကဲ့သို့။ ဧဝံတထာ၊ ထိုအတူ၊ အဘာဝိတံ၊ သတိပဋ္ဌာန်မပွားများအပ်သော။ စိတ္တံ၊ စိတ်ကို၊ ရာဂေါ၊ ကိလေသာရာဂသည်။ သမတ္တိဝိဇ္ဈတိ၊ ထိုးဖောက် ယိုကျ၏။ အံဒါတဂါထာ။

ယထာ အဂါရံ သုဆန္နံ၊ ဝုဋ္ဌိ နသမတ္တိ ဝိဇ္ဈတိ။
ဧဝံ သုဘာဝိတံ စိတ္တံ၊ ရာဂေါ နသမတ္တိ ဝိဇ္ဈတိ။

သုဆန္နံ၊ ကောင်းစွာမိုးအပ်သော။ အဂါရံ၊ အိမ်ကို။ ဝုဋ္ဌိ၊ မိုးရေမိုးပေါက်သည်။ နသမတ္တိ ဝိဇ္ဈတိ ယထာ၊ မယိုမကျသကဲ့သို့။ ဧဝံတထာ၊ ထိုအတူ။ သုဘာဝိတံ၊ သတိပဋ္ဌာန်ပွားများအပ်သော။ စိတ္တံ၊ စိတ်ကို။ ရာဂေါ၊ ကိလေသာရာဂသည်။ နသမတ္တိ ဝိဇ္ဈတိ၊ မထိုးဖောက် မယိုကျနိုင်။

ဒီဂါထာကို နှုန် ရဟန်းသစ်ကို အ ကြောင်းပြု ပြီး မြတ်စွာဘုရားဟောတယ်။

အကြောင်းက ဘယ်လိုဖြစ်လာသလဲဆိုတော့ မြတ်စွာဘုရား ကပိလဝတ်ပြည်ကြွ၍ သုံးရက်မြောက်တဲ့နေ့မှာ ဖခမည်း

တော် သုဒ္ဓေါဒနမင်းကြီးက သားတော်နန္ဒမင်းသားကို ဇနပဒ
ကလျာဏီနဲ့ လက်ထပ်မင်္ဂလာ ပြုပြီးတော့ အိမ်ရှေ့ရာထူးကို
ပေးမယ်လုပ်နေတုံး မြတ်စ္စာဘုရားက နန်းတော်ကြွလာတော်
မူတယ်၊ သိကြပြီးသားအတိုင်းပေါ့ ကျောင်းတော်ခေါ်သွားပြီး
ရဟန်းပြုပေးလိုက်တယ်၊ ကိုယ်ကျိုးနဲ့ပါရော၊ ဒါအနိုင်ကျင့်တယ်
ခေါ်မှာပေါ့။

အထဿ သာ အာဂန္ဆာ အဝိဒူရေ ဌိတာဝိယ ဟောတိ။

အထ၊ ထို ရဟန်းဖြစ်သော ဒခါဠ်။ အဿ၊ ထိုနန္ဒ
ရဟန်းသစ်အား။ သာ၊ ထို ဇနပဒကလျာဏီသည်။ အာဂန္ဆာ၊
လာ၍။ အဝိဒူရေ၊ လက်ဝဲနံပါး အနီးအနား၌၊ ဌိတာဝိယ၊ ခိုပြုမြဲ
ပြုံးကာ ရပ်တည်လာသကဲ့သို့။ ဟောတိ၊ သူ၏ စိတ်ထဲမှာ
ထင်၍နေလေသတည်း။

အတင်း ရဟန်းပြု ပေးလိုက် လို့ ရဟန်းသာပြုရတယ်
သူ့စိတ်ထဲမှာတော့ ဇနပဒကလျာဏီ အနားလာပြီး မတ်တတ်
ရပ်နေတယ် ပြုံးပြုံးကလေးနေတယ်လို့ ထင်သတဲ့၊ ဒီတော့
ဒီရဟန်းဘဝ သူပျော်နိုင်ပါအုံးမလား။ မပျော်နိုင်ဘူး၊ ဘာဖြစ်
လို့လဲ လက်ထပ်မင်္ဂလာလုပ်ခါနီးဆဲဆဲမှာ လိုက်လာရလို့။ ဘယ်
ပျော်နိုင်ပါတော့မလဲ။

အကျိုးပေးက အမျိုးမျိုးဘဲ၊ သူလဲ ပစ္စုပ္ပန် ဘဝက
ဗျာဒိတ်နဲ့လာတဲ့ ပုဂ္ဂိုလ်ဘဲ၊ ဥပတိဿ အမည်ရှိတဲ့ အရှင်
သာရိပုတ္တရာတို့တော့ အရှင်သာရိပုတ္တရာရဲ့အောက်က ညီတော်
ဥပသေန၊ သူ့အောက်က အရှင်စုန္ဒ၊ သူ့အောက်က အရှင်

ရေဝတ ညီအစ်ကိုလေးယောက်၊ နှမက-စာလာဥပစာလာ၊ သီသူပစာလာလို့ နှမက သုံးယောက်။

အရှင်သာရိပုတ္တရာတို့မှာ သားချင်းခုနစ်ယောက်ရှိတယ်၊ ညီအစ်ကိုမောင်နှမသားချင်း ခုနစ်ယောက်ရှိရာမှာ ခုနစ်ယောက်စလုံး ရဟန္တာချည်းဘဲ၊ မယ်တော်ပုဏ္ဏားမကြီးကတော့ အထက်ကောင်းကင်ဘုံက ဗြဟ္မာကြီးကို ကိုးကွယ်တယ်၊ သားတွေသမီးတွေနောက် မလိုက်ဘူး၊ အရှင်သာရိပုတ္တရာက အိမ်ကို ခဏခဏကြွလာတယ်၊ ကြွလာရင် မြည်တာဘဲ၊ ကိုယ်ရှိတဲ့ပစ္စည်းတွေတော့ ပစ်ထားတယ်၊ သူဘပါးအိမ် ခွက်လက်စဲ့ပြီး တောင်းစားတယ်၊ ဘာမှ ကောင်းတဲ့အကောင် မဟုတ်ဘူးနဲ့ မြည်သဘဲ့၊ ထင်ရှားတာက အရှင်သာရိပုတ္တရာကသာ ထင်ရှားနေတာ။

ညီတော် အရှင် ဥပသေနက စောစောက ပရိနိဗ္ဗာန်ဝံသားလို့ မထင်ရှားဘူး၊ ဘာဖြစ်လို့လဲ ဒဋ္ဌဝိသ၊ ဒိဋ္ဌဝိသ၊ ဖုဋ္ဌဝိသ၊ ဝါတဝိသ လို့ ပြဿနာမျိုးရှိတယ်တဲ့။ ကိုက်မှ အဆိပ်တက်တဲ့ပြေ၊ မြင်ရုံနဲ့ အဆိပ်တက်တဲ့မြွေနဲ့ ထိရုံနဲ့ အဆိပ်တက်တဲ့မြွေလေထိရုံနဲ့ အဆိပ်တက်တဲ့မြွေလို့ ပြဿနာမျိုးရှိတယ်၊ အရှင်ဥပသေနဂူထဲမှာ သက်နိုးချုပ်နေတုံး၊ မြွေနှစ်ကောင် အရှေ့လိုက်ရာကနေပြီးဘဲ့ အရှင်ဥပသေနအပေါ် ကျတယ်၊ ဒီတော့ ထိရုံနဲ့ အဆိပ်တက်တဲ့မြွေဖြစ်နေတယ်။

ငါကော့ မနေရတော့ဘူးဟေ့ ငါ့ကုတင်သာ အပြင်ထုတ်ပေးကြ ဆိုပြီးတော့ ကုတင်ကိုထုတ်ခိုင်းတယ်၊ အပြင်ကျတော့

မိုးကြိုး လောင်မီးကျသလို အသားတွေ့ မမှုမကြ နေတယ်၊ အရှင်ဥပဿေန ပရိနိဗ္ဗာန်စံပုံလေ၊ အရှင် စုန္ဒဆိုတာက တချိန် သောအခါက ဘုရားရဲ့အလုပ်အကျွေးဖြစ်တယ်၊ ပြောလိုရင်းက သားကြီးသမီးကြီးတွေ့ ရဟန်းဖြစ်ကုန်တော့ အရှင်ရေဝတ တယောက်တည်းကျန်နေတယ်၊ သူက ခုနှစ်နှစ်သားကလေး ဒီတော့ အဖွားကြီးက ဒီကလေးတယောက်တော့ ငါရအောင်ယူမှဘဲလို့ ခုနှစ်နှစ်သားက လက်ဆပ်ပေးထားတယ်၊ ခုနှစ်နှစ်သား အရွယ်က လက်ဆပ်တော့ အဖွားကြီးတွေ့က ဒီလက်ဆပ် မင်္ဂလာပွဲမှာ ဆုပေးကြတယ်တဲ့၊ ငါ့မြေးမျိုးလဲ အဖွားတို့လို အိုအောင်မင်း သေအောင် ပေါင်းရပါစေလို့ ဆုပေးတော့။

အရှင်ရေဝတက မော့ကြည့်ပြီးတော့ ကျွန်တော်တို့လဲ အဖွားတို့လို အိုရအုံးမလားလို့ မေးသတဲ့၊ ပါရမီက ရဲရဲတောက်ကိုး၊ ဟ အိုရမှာပေါ့ ကလေးရယ် မအိုတဲ့လူ ဘယ်မှာရှိမလဲလို့ အဖွားကြီးကပြောတော့ ဒေါ်ကျွန်တော်တို့လဲ အဖွားတို့လို အိုရအုံးမှာကိုး၊ အဲဒီလိုပြောပြီး သူ့စိတ်ထဲက ဒီလက်ထပ်မင်္ဂလာကို သူအလိုမရှိတော့ဘူး လက်ထပ်မင်္ဂလာပွဲက အဝတ်အစားနဲ့ ဟိုယောင်ဖယောင် ဒီယောင်ယောင် နောက်ဖေးသွားမလို ဘာလို့ လုပ်ပြီး တခါထဲထွက်ပြေးတာဘဲ။

ဒီတော့ ရှင်ရေဝတကတော့ အဖွားတို့လို အိုအောင်မင်းအောင် ပေါင်းရပါစေလို့ အဖွဲ့းကြီးတွေ့ ပေးတဲ့တရားနဲ့ သိသွားတယ်၊ အဲဒါကနေပြီး တောထဲ ထွက်သွားတာနော် အခု အရှင်နန္ဒကတော့ မြတ်စွာဘုရားက လက်ထပ်မင်္ဂလာပွဲလုပ်ခါနီး

ရဟန်းပြုပေးထားလို့ စိတ်မှာ ဇနပဒကလျာဏီ အနားလာပြီး ရပ်နေသကဲ့သို့ ပြုံးပြုံးကလေး နေတယ်လို့ ထင်နေတယ်၊ ကိုင်း ဘယ်နှယ်လုပ် ပျော်နိုင်မှာလဲ၊ မပျော်နိုင်တော့ မြတ်စွာဘုရားကလဲ လိမ်မာကြောင်း ဥပါယ်တံမျဉ်ကို အလွန်နားလည်တဲ့ ပဂ္ဂိုလ်ကြီးဖြစ်လို့၊ ဒီအကောင်တော့မဖြစ်ဘူး ဒီအကောင် ဇနပဒကလျာဏီ စွဲနေပြီ ဒီထက်သာတဲ့ နတ်သမီးပြမယ်ဆိုပြီး နတ်ပြည်ဆောင်သွားတယ်။

နတ်ပြည်ရောက်တော့ သကြားမင်းမှဲ့ အလုပ်အကျွေးဖြစ်တဲ့ နတ်သမီးငါးရာက လာပြီးတော့ ရှိခိုးတဲ့အခါ အဲဒီကျတော့ သူ့မျက်လုံးဟာ ပဋ္ဌန်မျက်လုံးကျလို့ ကြည့်လိုက်တာ ဒီအခါကျတော့ ဇနပဒကလျာဏီ ဘယ်ရောက်နေမှန်း မသိဘူးတဲ့ ဘုရားကရိပ်မိတယ်၊ ဇော်နွဲ့ ဘယ်နှယ်လဲကွ မင်းဇနပဒကလျာဏီနဲ့ ဒီနတ်သမီးတွေနဲ့ ဘယ်လိုလဲဟာလို့ မေးတော့ မပြောပါနဲ့ဘုရား ဒီနတ်သမီးတွေ ကြည့်ရတာ ဇနပဒကလျာဏီ မျောက်မကြီးနဲ့ တူနေပြီဘုရား၊ ဒါဖြင့် မင်းဒီနတ်သမီးတွေကို လိုချင်သလား လိုချင်ပါဘဲသော်ကော ဘုရား၊ လိုချင်လို့ရှိရင် သာသနာတော်မှာ ပျော်မွေ့စွာနေပြီး တရားအားထုတ်၊ ဒီနတ်သမီးရဘို့ ငါတာဝန်ခံမယ်၊ ဘုရားကလေး ဒီနတ်သမီး မျိုးသာ ရရင်တော့ မင်းတို့လဲထုတ်မှာပါဘဲ၊ အရှင်ဘုရား ဒီနတ်သမီးမျိုးသာရရင် ထုတ်ပါ့မယ်လို့ ဝန်ခံတော့မှ လူ့ပြည်ပြန်ခေါ်လာပြီး တရားအားထုတ်ခိုင်းတယ်၊ ဒီတော့ နန္ဒရဟန်း တရားအားထုတ်တာက ဘာဖြစ်လို့ အားထုတ်တယ်၊ နတ်သမီးဟာလည်းဟူသော အလှကိုလိုချင်လို့နော်၊ မြတ်စွာဘုရားက တရား

သာအားထုတ် မင်းနတ်သမီးရမယ်ဆိုတော့ နင်လား ငါလား မအိပ်မနေ တရားအားထုတ်လိုက်တာ မပြောနဲ့တော့၊ ဒီတော့မှ မြတ်စွာဘုရားက ရဟန်းတော်ပညာပေးတယ်၊ နန္ဒတရားအားထုတ်တာ သွားပြောကြ လောင်ကြစမ်းကွာ နတ်သမီး လိုချင်လို့ တရားအားထုတ်သတဲ့ဗျာ၊ ဒီလိုရဟန်းကလဲ ရှိသေးသကိုး ဘေးကရဟန်းတွေကပြောကြတော့ သူရှက်လာရော။

ဘုရားက ဘယ်လောက် ဥပါယ်တံမျဉ် ကောင်းသလဲ ဇနပဒကလျာဏီကိုစဲနေတဲ့အစဉ်ကို နတ်သမီးနဲ့ ဖျောက်ပစ်လိုက်တယ်၊ နတ်သမီးကိုစဲနေတဲ့အစဉ်ကို တရားအားထုတ်ခိုင်းပြီးတော့ ရဟန်းတွေကို အလောင်အပြောင်ခိုင်းတော့ ရှက်ပြီးတော့ ပျောက်သွားတယ်၊ အဲဒီမှာကြိုးစားအားထုတ်လိုက်တော့ ရဟန္တာဖြစ်သွားသတဲ့။

ရဟန္တာဖြစ်သွားတော့ ဒီပြင်ရဟန်းတွေကမေးကြတယ်၊ ရဟန္တာဆိုတာအခက်သားနော်၊ ပုထုဇဉ်ရဟန်းတွေ မသိနိုင်ဘူး၊ ဟ နန္ဒ အရင်နေ့တွေက မင်းလူထွက်ချင်တယ်လူထွက်ချင်တယ် ပြောနေတယ် အခုကော လူထွက်ချင်သေးသလား မင်းနေတာ ကြည့်ရတာ လူထွက်ချင်ပုံမရဘူး၊ ရဟန်းချင်းချင်းတော့အရင်နေ့တွေကသာထွက်ချင်တာ ယခုမထွက်ချင်တော့ဘူးလို့ နန္ဒက ပြောသတဲ့၊ ပြောတော့ အဲဒီနန္ဒကို ရဟန်းတွေက စုပ်စဲတယ်၊ အရင်နေ့တွေက လူထွက်ချင်တယ် ယခု လူမထွက်ချင်ဘူးဆိုတော့ သူ့ကိုယ်သူ ရဟန္တာဖြစ်ပြီလို့ သူပြောတာ။

အညာဗျာကရဏ အရဟတ္တဖိုလ် ပြောကြားတဲ့ပုဂ္ဂိုလ် အပြစ်မကင်းဘူးပေါ့ အဲဒါ ဘုရား သွားလျှောက်ကြတယ်၊ ဘု

ရှုးထံလျှောက်တော့ ဘုရားက ဘယ်နှယ်ပြောသလဲ၊ အမိုးမ
လုံတဲ့ဒိဋ္ဌိဟာ မိုးယိုတယ်ဘဲ့ ဒေါသလုံတဲ့ဒိဋ္ဌိဟာ မိုးမယိုဘူးတဲ့
နော်၊ နဒ္ဒဟာ နတ်သမီးတော့ တွေ့ပြီးသည်ကစပြီးတော့ သူ့အမိုး
ကို သူကောင်းစွာ ပြင်မိုးပြီတဲ့ သတိပဋ္ဌာန် ဘာဝနာပွားများ
ပထမပွားများတုန်းက နတ်သမီးကို လိုချင်လို့ပွားများပေမယ့်
လို့ သတိပဋ္ဌာန် ပွားများလိုက်တော့ကာ မလုံတဲ့ အမိုးကို
ပြင်မိုးတာနဲ့ တူနေပြီ၊ ဒီနောက် **အဲဒီ** နတ်သမီးလိုချင်တဲ့ စိတ်
ပျောက်ပြီး ဆက်ပွားများလိုက်တော့ ရဟန္တာအဖြစ်ရောက်သွား
တာပေါ့။

ဒီတော့ ညီတော်နန္ဒဟာ နတ်သမီး မြင်သည်ကစပြီး
လူထွက်ချင်တဲ့စိတ် မရှိတော့ဘူး ဖေ့ကဲ့၊ ဘာဖြစ်လို့လဲ၊
နတ်သမီးကိုမြင်သည်ကစပြီး သတိပဋ္ဌာန် ပွားများလို့၊ ဒီတော့
ယခုခေတ်မှာလဲဘဲ၊ ဘာလိုချင်လို့ ပွားပွား၊ ပွားရင်တော်ပြီ
အရှင်နန္ဒ ဝင်ထွေးထောက်ရင်လေ။ အရှင်နန္ဒ စပြီးတော့ သတိ
ပဋ္ဌာန်ပွားများတာဘာလိုချင်လို့နတ်သမီးလိုချင်လို့၊ ယခုယောဂီ
တွေ့ လိုချင်တယ်ဆိုပေမယ်လို့ နတ်သမီး လိုချင်တာလောက်မ
ဆိုးပါဘူး၊ ဟုတ်လား ဘာလိုချင်လို့ဘဲ့ ပွားပွား၊ ပွားသာပွား
နောက်ကျတော့ ကိုယ့်ဟာကိုယ် သိလာမှာပေါ့နော်၊ လိုချင်
တာနဲ့ တရားခားထုတ်တာနဲ့ မဆိုင်ပါကလား တရားရအောင်
တိုက်ကြိုးစား မင်းစား အားထုတ်မှာဘဲလို့ သဘောပေါက်လာပါ
လိမ့်မယ်၊ အစကတော့ စိတ်က မမှန်နိုင်သေးဘူးကိုး ဘာဖြစ်
လို့လဲ၊ ပုထုဇဉ်ကိုး။

ပုထုဇနေတိတိ ပုထုဇနောတဲ့၊ ပုထု၊ များစွာသော
ကိလေသာတို့ကို။ ဇနေတိ။ ဖြစ်စေတတ်၏၊ ဣတိ၊ ထို့ကြောင့်၊

ပုထုဇနော၊ ပုဆုဇဉ်မည်၏။ ကိလေသာတွေ့ မျှားမျှားကြီး ဖြစ်လို့ ပုထုဇဉ် ခေါ်တာဘဲ၊ ကိလေသာတွေ့ မျှားမျှားကြီး ဖြစ်ရင်တော့ ဟိုဟာဒီဟာ လိုချင်မှာပေါ့ လိုချင်ရင် သတိပဋ္ဌာန် ပွားမျှားရမှာဘဲ လို့ဆိုပြီး ပွားသာပွား၊ အရှင်နန္ဒကို သက်သေထားပြီးတော့လေ၊ အရှင်နန္ဒဟာ နတ်သမီးလို ချင်တာနဲ့၊ သတိပဋ္ဌာန်ပွားမျှားတာ၊ ပွားမျှားလို့ ရဟန္တာအဖြစ် ရောက်သွားတယ်မဟုတ်လား။

အဲဒီလိုနတ်သမီးလိုချင်သည် ကစပြီးတော့ ငါ၏ညီတော် နန္ဒသည် သာသနာ တော်မှာပျော်မွေ့သွားပြီ ရဟန္တာ ဖြစ်သွားပြီ။

အဲဒီလိုရဟန္တာဖြစ်သွားတဲ့အခါမှာ-

ယဿာ အဂါရံ ဒုစ္ဆန္နံ၊ ဝုဋ္ဌိ သမတိ ဝိဇ္ဈတိ၊
ဧဝံ အဘာဝိတံ စိတ္တံ၊ ရာဂေါ သမတိ ဝိဇ္ဈတိ၊
ယဿာ အဂါရံ သု ဆန္နံ၊ ဝုဋ္ဌိ နသမတိ ဝိဇ္ဈတိ
ဧဝံ သုဘာဝိတံ စိတ္တံ၊ရာဂေါ နသမတိ ဝိဇ္ဈတိ။

လို့.... အရှင်နန္ဒကို အဓိကြောင်းပြုပြီးတော့ ဒီဂါထာနှစ်ပုဒ်ကို မြတ်စွာဘုရားဟောတယ်။

ဒီပြင်သဘော ဝါတွေ့လဲ အများကြီး အကျိုးရှိတယ်၊ ဒီတော့ ပြောလိုရင်းက ဘာလိုချင်သည် ဖြစ်စေ၊ မလိုချင်သည် ဖြစ်စေ သတိပဋ္ဌာန်တော့ မပွားများဘဲ မနေကြနဲ့၊ သတိပဋ္ဌာန်ကတော့ ပွားများရမှာဘဲ၊ ခုဒီလောကဆောနာကြတဲ့လူတွေ့ သတိပဋ္ဌာန်

ပဉ္စများချင်သာ နေရမယ်၊ သတိပဋ္ဌာန်မပဉ္စများ တတ်တာ တော့မရှိဘူး၊ ဘာဖြစ်လို့လဲ ကာယာနုပဿနာ သတိပဋ္ဌာန်မှာ (ကာယာနုပဿီ ဝိဟရတိ)ဆိုတာပါတယ်နော်၊ ကာယာနုပဿီ အပေါင်းကာယကို တခုခြင်းကဲ့အောင်အဖန်ဖန်တလဲလဲ ရှုသည် ဖြစ်၍၊ ဝိဟရတိ၊ နေ၏။

ကာယာနုပဿနာ သတိပဋ္ဌာန်ပဉ်းတယ်ဆိုတာ၊ ထုက် လေဝင်လေပေါ်မှာ ထုက်မှန်းသိ ဝင်မှန်းသိနေရင်လဲ ကာယာ နုပဿနာ သတိပဋ္ဌာန် ပဉ်းနေတာဘဲ၊ ဆံပင်မွေး ညှင်းခြေသည်း လက်သည်း သွားအရေ စသည်ဖြင့် သုံးဆယ် နှစ်ကောဋ္ဌာ သတွေကို စဉ်းစားနေရင်လဲဘဲ၊ သတိပဋ္ဌာန် ပဉ်းနေတာဘဲ။ ဒီတော့ ဒီလူတွေ ကာယာနုပဿနာ သတိပဋ္ဌာန် မပဉ်းများ တတ်စရာ မရှိပါဘူး။

ဝေဒနာနုပဿနာ သတိပဋ္ဌာန်မှာတော့ (ဝေဒနာနုပဿီ ဝိဟရတိ)၊ တဲ့ ဝေဒနာနုပဿီ၊ ဝေဒနာကို တခုချင်းကဲ့အောင် ဝေဒနာကို ခန္ဓာကိုယ်နဲ့ကဲ့အောင် အဖန်ဖန်တလဲလဲ ရှုသည် ဖြစ်၍၊ ဝိဟရတီ၊ နေ၏ ဒါဖြင့် လုပ်ထုံးကျတော့ ခန္ဓာကိုယ် မှာ ဖြစ်လာတဲ့ ဝေဒနာကို သတိထားနေ၊ ဆင်းရဲဖြစ်လာတယ် သတိထား ချမ်းသာဖြစ်လာတယ် သတိထား၊ မဆင်းရဲမချမ်း သာ ဖြစ်လာတယ် သတိထား၊ ဘာဝေဒနာဖြစ်ဖြစ် ခန္ဓာကိုယ်မှာ ဝေဒနာဖြစ်နေရင်၊ ဒီဝေဒနာကို သတိကပ်ပြီး ထားရတယ်၊ ဒီဝေဒနာလုပ်ထုံးက မတတ်စရာရှိသေးသလား။

စိတ္တာနုပဿနာကျတော့ (စိတ္တာနုပဿီဝိဟရတိ) စိတ္တာ နုပဿီ စိတ်ကို ရှေ့စိတ် နောက်စိတ် ကဲ့အောင် အဖန်

တယဲလဲ ရှုသည်ဖြစ်၍၊ ဝိဟရတိ၊ နေ၏။ အဲဒီ စိတ္တာနုပဿနာ အလုပ် လုပ်ကြစမ်းပါ၊ အပုံကြီး သက်သာခွင့်၊ ရတယ်နော်၊ တစုံတခု မတော်တာလုပ်မိလို့၊ တစုံတခု မတော်တဲ့စကား ပြောမိလို့၊စိတ်ထဲမှာ တနုံ့နုံ့နဲ့ ဒီစိတ်ဟာ ဖြေလို့မရဘူး ဆိုရင်အဲဒီစိတ်ကို အာရုံပြုကြည့်လိုက်၊ ဟုာ-ဖြစ်ခါမျှပါလား။ ဖြစ်ပြီး ပျောက်သွားတာဘဲ။ ဘာမှလဲ အကောင်အထည် မရှိပါလား။

အဲဒီလို သဘောပေါက် သိလာတဲ့အခါ ဒီစိတ် ပျောက်မသွားပေဘူးလား။ ဒီလိုအနေမတော်, အစားမတော်, အပြောမတော်နဲ့ စိတ်ဘထင့်ထင့်နေရတာ အလွန် ဆင်းရဲတယ်၊ စိတ် ပြန်မရှုနိုင်ရင်လေ၊ အလွန်ဆင်းရဲတာပေါ့။ စိတ်ပြန်ရှုရင် ဒီစိတ်ဟာ ဖြစ်ပြီး ပျောက်သွားတာဘဲ၊ ဘာမှ အရာရောက်တာ မဟုတ်ဘူး၊ ဘာမှအကောင်အထည်မရှိဘူးလို့ သိပြီး ချမ်းသာလာလိမ့်မယ်။

သရာဂစိတ်, သဒေါသစိတ်, ဃမောဟစိတ် ခုတင်ကပြောခဲ့သလို ရာဂနဲ့တကွ စိတ်ဖြစ်တယ်။ ခု ရာဂကင်းတဲ့စိတ် ဖြစ်တယ်၊ ဒါသတိထားနေဘို့ဘဲ၊ ကိုယ် စိတ်ဖြစ်တာ ကိုယ် မသိဘူးလား၊ ဒေါသနဲ့တကွ စိတ်ဖြစ်တယ်၊ ခု ဒေါသကင်းတဲ့ စိတ်ဖြစ်တယ်၊ တွေဝေတဲ့စိတ် ဖြစ်တယ်၊ တွေဝေခြင်းကင်းတဲ့ စိတ်ဖြစ်တယ်၊ မသိနိုင်ဘူးလား၊ တပ်မက်တဲ့စိတ်, တွေဝေတဲ့စိတ်, ပြစ်မှားတဲ့စိတ်, ဒီစိတ်တွေတော့ မဖြစ်ဘဲ မနေဘူး။ ဖြစ်ရင်ကော မသိနိုင်ဘူးလား၊ အဲဒီတော့ စိတ်ဖြစ်တိုင်း ဖြစ်တိုင်း သိနေခဲ့သော် စိတ္တာနုပဿနာ သတိပဋ္ဌာန်။

ကယာနုပဿနာကလဲ တာကိုယ်လုံး၊ ဝေဒနာနုပဿနာကလဲ ပေါ်တဲ့နေရာ၊ စိတ္တာနုပဿနာကလဲ ရင်ထဲ နှလုံးထဲမှာ နှလုံးသွေးကဖြစ်တာ၊ နှလုံးရှိတဲ့နေရာကို အသိကပ်ပြီးတော့ စိတ်ဖြစ်ပုံကို အာရုံပြုနော်။

ဓမ္မာနုပဿနာ သတိပဋ္ဌာန်ကျတော့ ဓမ္မာနုပဿီ ဝိဟရတိ ဓမ္မာနုပဿီ၊နိဝရဏ စသော သဘာဝဓမ္မတို့ကို အဖန်ဖန်တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ သတိပဋ္ဌာန်သုတ်က အကျယ်ကြီးဆိုပေမယ်လို့ အမှန်တကယ် လုပ်ဘို့ရာကျတော့ ဒီ ဥဒ္ဒေသလေးခုနဲ့ လုပ်ထုံးပြီးတယ်။ ဓမ္မာနုပဿနာမှာ-

(၁) နိဝရဏခန်း။
(၂) ခန္ဓာခန်း
(၃) အာယတနခန်း။
(၄) ဗောဇ္ဈင်ခန်း။
(၅) သစ္စာခန်းရယ်လို့ ငါးခန်းရှိတယ်၊ အစက နိဝရဏပဗ္ဗ၊ ပြီးတော့မှ-ခန္ဓာပဗ္ဗ၊ ပြီးတော့မှ-အာယတန ပဗ္ဗ၊ ပြီးတော့ မှ- ဗောဇ္ဈင် ပဗ္ဗ။ ပြီးတော့မှ-သစ္စပဗ္ဗ၊ ဓမ္မာနုပဿနာမှာ ဘယ်နှစ်မျိုးရှိတယ် ငါးမျိုး၊အဲဒီမှာလွယ်လိုက်တဲ့လုပ်ထုံးမပြောပါနဲ့တော့ နော်....။

သန်္ဌဝါ အဗျတ္တာ ကာမစ္ဆန္ဒံ အတ္ထိ မေ အဗျတ္တာ ကာမစ္ဆန္ဒောတိ ပဇာနာတိ။

အော်... ငါ့ရင်ထဲမှာ-ကာမစ္ဆန္ဒ တွေ့ ရှိနေပါကလား။ ဒီအခါမှာ ဗျာပါဒတွေ့ ရှိနေပါကလား၊ ဗျာပါဒဆိုတာ ဒေါသ၊ မကြေမနပ်ဖြစ်နေတာ သူတပါး ပျက်စီးစေလိုတာ၊ သူတပါးမုန်းထားတာ အဲဒီစိတ်တွေ့ ငါ့ရင်ထဲမှာရှိနေပါလား။ ဒီလိုသတိထားပါတဲ့၊ ဥဒ္ဓစ္စကုက္ကုစ္စ နီဝရဏ, ဝိစိကိစ္ဆာနီဝရဏ၊ ဘယ်နီဝရဏဘဲဖြစ်ဖြစ် ဖြစ်တိုင်းဖြစ်ကိုင်း သတိထား၊ ဒီငါးပဲါးလုံး အာကုန်စေ့အောင် လုပ်ရမယ်မဆိုလိုပါဘူး၊ ကြုံရာလုပ်ထင်ရှားတာလုပ်၊ ခန္ဓာကျတော့ နဲနဲကလေးခက်တယ်။ ဘာလို့ခက်တယ်၊ ဥတိရှိမ် ဥတိရှုပဿ သမုဒယော ဥတိရှုပဿ အတ္ထင်္ဂမော။

ဟော- ရှုပက္ခန္ဓာ၊ ရုပ်ကိုသိရမယ်တဲ့၊ ရုပ်ကို ဘယ်လိုသိရမလဲ၊ ဘူတရုပ်, ဥပါဒါရုပ်ပေါ့၊ အေး... လက်နဲ့ကိုင်လို့ရတာ မြေဓာတ်, ယိုစီးတာရေဓာတ်, ပူနွေးတာမီးဓာတ်, လှုပ်ရှားတာ လေဓာတ် စသည်ဖြင့် ရုပ်ကို မသိနိုင်ဘူးလား၊ သိနိုင်ပါတယ်၊ ဒါဖြင့် ဥတိရှုပ်၊ အော်... ရုပ်ဆိုတာဘာလဲ၊ ဥတိဆိုတာ လက်ညှိုးထိုးပြလိုက်တာ ရုပ်ဟာဒါဘဲလို့ ဒီလိုသိလိုက်၊ ဒါသဘာဝလက္ခဏာ နော်...။

ဥတိ ရှုပဿ သမုဒယော၊ ဒီကျတော့ ဥဒယဗ္ဗယဉာဏ်နဲ့ဆိုင်တယ်၊ ဥတိ၊ ဤသည်ကား။ ရှုပဿ၊ ရုပ်၏။ သမုဒယော၊ ဖြစ်ခြင်းတည်း။ ရုပ်ဖြစ်ခြင်းက ငါးမျိုး အဝိဇ္ဇာ, တဏှာ, ကံ, အာဟာရ ရှေးရှေးက အဝိဇ္ဇာတွေ့ဖြစ်ခဲ့တယ်။ ဒီအဝိဇ္ဇာတွေ့ကို ခုသက်ဆိ မင်္ဂနဲ့ မပယ်နိုင်သေးဘူး ကိုယ့်ရင်ထဲမှာ အဝိဇ္ဇာတွေ့ရှိတယ်၊ တဏှာရှိတယ်၊ ကံလဲရှိတယ်၊ ရှေးအတိတ်က

အဝိဇ္ဇာ, တဏှာ, ကံ သုံးပါး ပါလာတယ်။ ယာခုဘဝမှာ အာဟာရစားသောက်ခြင်းက တပါး၊ ရှေးဘဝက ပါလာတဲ့ အဝိဇ္ဇာ၊ တဏှာ၊ ကံ အကြောင်းရှိနေတော့ကာ အကြောင်းရှိရင် အကျိုးက မဖြစ်ဘဲနေမလား မနေပါဘူး။

ဒီတော့ အဝိဇ္ဇာရှိနေခြင်း၊ တဏှာရှိနေခြင်း၊ ကံရှိနေခြင်းပင်လျှင် ရုပ်ဖြစ်ခြင်းဘဲလို့ ဒီလိုရှုပါ။ သင်္ဘဝါသန္တိဝန်မှာ ရုပ်ဟာအမြဲဖြစ်နေတယ်၊ ဘာလို့ဖြစ်နေတုံး။ အဝိဇ္ဇာရှိနေလို့၊ တဏှာရှိနေလို့၊ ကံရှိနေလို့။

ဒါဖြင့် ခုအခါ အာဟာရ စားသောက်ကြတယ်။ အာဟာရ စားသောက်ကြတော့ ရုပ်မဖြစ်ဘူးလား– 'ဖြစ်တယ်' ဒါဖြင့် အစာအာဟာရ စားသောက်ခြင်းလဲဘဲ ရုပ်ဖြစ်ခြင်းဘဲ၊ ဖြစ်ဆဲခဏဆိုတာက သန်တလက္ခဏာ၊ ရုပ်ဆိုတာက သဘာဝလက္ခဏာ၊ သဘာဝလက္ခဏာဖြစ်သော ရုပ်ကို နိဗ္ဗတ္တိသင်္ခတလက္ခဏာအားဖြင့် ဖြစ်ဆဲခဏမှာ ရုပ်ဖြစ်ခြင်းလို့ ယူပါနော်....။ ဒါဖြင့် ရုပ်ဖြစ်ကြောင်း ဘယ်နှစ်ပါး၊ အဝိဇ္ဇာ, တဏှာ, ကံ အာဟာရအားဖြင့်လေးပါး၊ ဖြစ်ဆဲခဏာဘပါး၊ အဝိဇ္ဇာ၊ တဏှာ။ ကံ ဖြစ်ဆဲခဏလို့ ပေါင်းလိုက်ဘော့ ငါးပါး၊ ဒါကို အကြောင်းဥဒယ လေးပါး၊ ခဏဥဒယတပါး လို့ ဆိုတယ်။ အဝိဇ္ဇာရယ်၊ တဏှာရယ်၊ ကံရယ် အာဟာရရယ်ပေါင်းလိုက်တော့ အကြောင်းဥဒယ လေးပါး၊ ဖြစ်ဆဲခဏက ခဏဥဒယတပါး၊ ဒီတော့ရုပ်ဖြစ်ခြင်း၏အကြောင်းကား ငါးပါးပေါ့။ အဲဒါ ဣတိရုပသဿသမုဒယောဆိုဘို့ ပါဠိတော်ရဲ့ အဓိပ္ပာယ်ဘဲ။ ဒါ ဥဒယပွယ

ဥာဏ်ငါးဆယ်ဆိုတဲ့ နေရာမှာလာတယ်။ ဣတိရူပဿ အတ္ထက်-မော၊ ဣတိ၊ ဣသည်ကား။ ရူပဿ၊ ရုပ်၏။ အတ္ထဂ်မော၊ ချုပ်ခြင်းတည်း၊ ဥပဒ်,ဌ်ဘင် အားဖြင့် ရုပ်သည် ဖြစ်ဆဲခဏ, ပျက်ဆဲခဏလို့ နှစ်မျိုးမရှိဘူးလား။

ဖြစ်ဆဲခဏမှာ- အဝိဇ္ဇာ၊ တဏှာ၊ ကံ၊ အာဟာရ ဒါတွေဟာ ဥဒယ ဖြစ်ရမယ်။ အဝိဇ္ဇာ၊ တဏှာ။ ကံ အာဟာရဆိုတဲ့ အကြောင်းတွေဟာ ပျက်ဆဲခဏမှာ သူတို့ ကျေးဇူးမပြုနိုင်ဘူး၊ ဖြစ်ဆဲခဏမှာသာ ကျေးဇူးပြုမယ်။

ဒီတော့ ပျက်ဆဲခဏမှာ အဝိဇ္ဇာမဖြစ်ခြင်းကြောင့် ရုပ်မဖြစ်၊ ပျက်ဆဲခဏမှာ တဏှာမဖြစ်ခြင်းကြောင့် ရုပ် မဖြစ်၊ ပျက်ဆဲခဏမှာ ကံ မဖြစ်ခြင်းကြောင့် ရုပ်မဖြစ်၊ ပျက်ဆဲခဏမှာ အာဟာရမဖြစ်ခြင်းကြောင့် ရုပ်မဖြစ်၊ အဝိဇ္ဇာ, တဏှာ, ကံ, အာဟာရတို့ဟာ ရုပ်ဖြစ်ဆဲခဏမှာသာလျှင် သူတို့ ကျေးဇူးပြုတာ၊ ရုပ်ပျက်ဆဲခဏမှာ သူတို့ ကျေးဇူးမပြုနိုင်ဘူး။

ဒါကြောင့် အဝိဇ္ဇာမရှိလို့ ရုပ် မဖြစ်၊ တဏှာမရှိလို့ ရုပ်မဖြစ်၊ ကံမရှိလို့ ရုပ်မဖြစ်၊ အာဟာရမရှိလို့ ရုပ်မဖြစ်၊ ဒီတော့ ဝိပရိနာမလက္ခဏာဖြစ်တဲ့ ပျက်ဆဲ ခဏသည်ပင်လျှင် ရုပ်၏ပျက်ခြင်းဘဲတဲ့။ ပျက်ဆဲခဏက သခ်ါရလက္ခဏာ၊ ရုပ်က သဘာဝလက္ခဏာနော်....။ လက္ခဏာချင်းမတူဘူး၊ အဲဒီအပျက်မှာလဲဘဲ အဝိဇ္ဇာ၊ တဏှာ၊ ကံ၊ အာဟာရ တည်းဟူသော အကြောင်းဝယလေးပါး၊ ပျက်ခြင်းတည်းဟူသော ခဏဝယတပါး၊ ပေါင်းလိုက်တော့ ဝယလက္ခဏာ ၅-ပါး။

ဒါဖြင့် ရုပ်မှာ အကြောင်းဥဒယလေးပါး၊ ခဏဥဒယတပါး၊ အကြောင်းဝယ လေးပါး၊ ခဏဝယတပါး၊ ဒါဖြင့် ဥဒယငါးပါး၊ ဝယငါးပါး မဖြစ်ဘူးလား။ ရုပ်မှာ ဥဒယငါးပါး၊ ဝယငါးပါး ဖြစ်သကဲ့သို့ ဝေဒနာမှာလဲ ဥဒယငါးပါး၊ ဝယငါးပါးဘဲ၊ သို့ပေမဲ့ ဘာတွေ့ ကွာနေသလဲ၊ အဝိဇ္ဇာ၊ တဏှာ၊ ကံချင်းတော့တူတယ်၊ ဖဿပစ္စယာ ဝေဒနာဆိုခြင်းကြောင့် ဝေဒနာ၏အကြောင်းက ဖဿ၊ ရုပ်၏အကြောင်းက အာဟာရ၊ အာဟာရနေရာမှာ ဖဿ ဝင်တယ်နော်....။ ဒီတော့ အဝိဇ္ဇာ, တဏှာ၊ ကံ ဖဿဖြစ်ဆဲ ခဏဟုတ်လဲ့ား။ အဝိဇ္ဇာ ချုပ်ခြင်း၊ တဏှာ ချုပ်ခြင်း၊ ကံ ချုပ်ခြင်း၊ ဖဿ ချုပ်ခြင်း ဝေဒနာပျက်ဆဲခဏ ငါးပါးနော်....။

ဒီဒေတာ့ ဝေဒနာမှာ ဖြစ်ဆဲခဏငါးပါး၊ ပျက်ဆဲခဏ ငါးပါး မရှိဘူးလား။ သညာမှာလဲ ငါးပါး၊ သင်္ခါရမှာလဲ ငါးပါး၊ အဲဒီသုံးပါးမှာ ဖဿ ချည်းဘဲ၊ အဝိဇ္ဇာ၊ တဏှာ၊ ကံ၊ ဖဿ ဖြစ်ဆဲခဏ၊ ပျက်ဆဲခဏ၊ ရုပ်မှာဘုံးကတော့ အကြောင်းအာဟာရ ဝေဒနာ၊ သညာ သင်္ခါရအကြောင်းကတော့ ဖဿ။

ဝိညာဏ်ကျတော့ အဝိဇ္ဇာ၊ တဏှာ၊ ကံ၊ နာမ် ရုပ် ဟုတ်လား ဝိညာဏပစ္စယာ နာမရူပံသာ ရှိသည်မဟုတ်ဘူး၊ နာမရူပပစ္စယာ ဝိညာဏံလဲရှိတယ်၊ ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်၊ နာမ်ရုပ်ကြောင့် ဝိညာဏ်ဖြစ်၊ နာမ်ရုပ်နှစ်ပါးသည် ဝိညာဏ်မဖြစ်ခြင်း၏အကြောင်း နာမ်ရုပ်နှစ်ပါးမရှိရင် ဒီ ဝိညာဏ်ကဘယ်ကလာဖြစ်မှာလဲ။

ဒီတော့ အဝိဇ္ဇာ၊ တဏှာက၊ နာမ်ရုပ် ပြီးတော့ဖြစ်ဆဲခဏ။ အဝိဇ္ဇာ, တဏှာက၊ နာမ်ရုပ် ပျက်ဆဲခဏ၊ ဒီတော့ ရုပ်မှာ အဖြစ်ငါးပါး၊ အပျက်ငါးပါး၊ ဝေဒနာမှာ အဖြစ် ငါးပါး၊ အပျက်ငါးပါး၊ သညာမှာ အဖြစ်ငါးပါး၊ အပျက် ငါးပါး၊ ဝိညာဏ်မှာအဖြစ်ငါးပါး၊ အပျက်ငါးပါး၊ ဒီတော့ ခန္ဓာငါးပါးမှာ အဖြစ်ပေါင်း ၂၅၊ အပျက်ပေါင်း ၂၅၊ ၂၅-နှင့်လီ ၅၀၊ အဲဒါ ဥဒယဗ္ဗယဉာဏ် ငါးဆယ် ခေါ်တယ် ခန္ဓပဗ္ဗမှာတော့ ဒီ-ဥဒယဗ္ဗယဉာဏ် ၅၀-နဲ့ဆိုင်တယ်နော်။

အာယတန ပဗ္ဗကျတော့၊ "စက္ခုံရှုပေန သံဝါသာ ရာဂပုတ္တာ ဝိဇာယတ်" စက္ခုံ၊ မျက်စိသည်။ ရှုပေန၊အဆင်းရှု ပါရုံနှင့်၊ သံဝါသာ၊ အကြောင်းတော်ရင်း ပေါင်းဖော်ခြင်း ကြောင့်၊ ရာဂပုတ္တာ၊ ရာဂတည်းဟူသောသားကို၊ ဝိဇာယတိ၊ မုချမသွေ ဖွားမြင်လေ၏၊ ဆိုတဲ့စာအတိုင်း မျက်စိရယ်၊ အဆင်း ရယ်၊ ဒီနှစ်ခုပေါင်းဆုံလို့ ဖြစ်တဲ့ ကိလေသာကို သံယောဇဉ် ခေါ်တယ်၊

မျက်စိအဆင်း၊ နှစ်ခုပေါင်းဆုံမိခြင်းကြောင့် ကာမရာဂသံယောဇဉ်(လောဘ, ဒီနှစ်ခုပေါင်းဆုံမိခြင်းကြောင့် ပဋိဃသံယောဇဉ် (ဒေါသ) ဟာဒါကလေးကတော့ ကြည့်ကောင်း လိုက်ထာဆိုရင် (လောဘ)ဟာဒါကြီးကြဲကြည့်ရတာက ဆိုးလိုက် ထာဆိုရင် (ဒေါသ) လောဘဆိုရင် ကာမရာဂ သံယောဇဉ်၊ ဒေါသဆိုရင် ပဋိဃ သံယောဇဉ်၊ မဖြစ်ပေဘူးလား၊ ဒီထော့ မျက်စိကိုလဲသိ၊ ရှုပါရုံကိုလဲသိ၊ ဖြစ်လာတဲ့ သံယောဇဉ်ကိုလဲသိ၊ အာယတနာ ၁၂ ပါးမှာတော့ အဲဒီလိုဟောတယ်နော်၊

ပေါဇ္ဈင်္ဂပဒ္မ ကျတော့ သတိသမ္ဗောဇ္ဈင်၊ ဓမ္မဝိစယ သမ္ဗောဇ္ဈင် ဝီရိယ-သမ္ဗောဇ္ဈင်၊ ပီတိ သမ္ဗောဇ္ဈင်၊ ပဿဒ္ဓိ သမ္ဗောဇ္ဈင်၊ သမာဓိသမ္ဗောဇ္ဈင်၊ဥပေက္ခာ သမ္ဗောဇ္ဈင်၊ခုနစ်ပါး။

သတိ၊ ပညာ၊ ဝီရိယ၊ ပီတိ၊ပဿဒ္ဓိ၊ သမာဓိ၊ ဥပေက္ခာ၊ ဆိုတဲ့ အဲဒီပေါဇ္ဈင် ခုနစ်ပါးမှာလဲဘဲ၊ ငါ့သန္တာန်မှာ သတိရှိတယ်ဆိုရင်လဲသိ၊ ငါ့သန္တာန်မှာ သတိမရှိဘူး ဆိုရင်လဲသိ.ဒီလို ဟောပြန်တယ်၊ ငါ့သန္တာန်မှာ အသိညာဏ်ရှိတယ်ဆိုရင်လဲသိ၊ ငါ့သန္တာန်မှာ အသိညာဏ်ကင်းမဲ့ပြီး ဇော်ဝေခြင်းဖြစ်နေတယ် ဆိုလဲသိ၊ ပေါဇ္ဈင်–၇ ပါးမှာလဲ ဖြစ်မဖြစ်ကို သိရမယ်လို့ ဒီလိုဟောတယ်။

ပေါဇ္ဈင်္ဂပဒ္မ ပြီးတော့မှလဲ သစ္စာပဒ္မ၊ ဤသည်ကား ဒုက္ခသစ္စာ၊ ဤသည်ကား သမုဒယသစ္စာ၊ ဤသည်ကား နိရောဓသစ္စာ၊ ဤသည်ကား မဂ္ဂသစ္စာလို့ ဒီလိုသစ္စာလေးပါး ခဲခြားလို့ သိပါတဲ့။ ခုဒင်က ပြောတဲ့ရှုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်လို့ ခန္ဓာငါးပါး၊ အကျဉ်းအားဖြင့် ရုပ်နာမ်နှစ်ပါး။ ဘူတရုပ်၊ ဥပါဒါရုပ်ကရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ကနာမ်၊ ဒီရုပ်တွေဒီနာမ်တွေဟာ ဒုက္ခသစ္စာတဲ့။ အဲဒီဒုက္ခသစ္စာဟာ ရှေးအတိတ်ကဖြစ်ခဲ့တဲ့ အဝိဇ္ဇာ၊ တဏှာ၊ ကံအကြောင်းမကင်းဘူး၊ အဲဒီအဝိဇ္ဇာ တဏှာ၊ ကံဟူသောအကြောင်းက သမုဒယသစ္စာ၊ ဖြစ်နေတဲ့ရုပ်က ဒုက္ခသစ္စာ၊ ဒါဖြင့် ဒုက္ခနဲ့သမုဒယဘဲ မဟုတ်လား။

အဲဒီမှာ ကောင်းတောင်အသိခက်တယ်ဟေ့၊ ပစ္စုပ္ပန်သမ္မှု တတ္ထ၊ သမုဒါဂတတ္ထလို့ အကြောင်းအကျိုး နှစ်မျိုးရှိတယ်၊

ပဋိစ္စသမုပ္ပါဒ် နည်းနဲ့ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်၊ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်၊ ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်၊ နာမ်ရုပ်ကြောင့် သဠာယတနဖြစ် စသည်ဖြင့် ပဋိစ္စသမုပ္ပါဒ်အစဉ်အတိုင်း အကြောင်းအကျိုး ဖြစ်နေတယ်၊ အဲဒါပစ္စယသမ္ဘူတာ ခေါ်တယ်၊ ပစ္စယသမ္ဘူတဆိုတာအကြောင်းကြောင့် ဖြစ်တဲ့ အကျိုးနော်၊ အဲဒီအဝိဇ္ဇာ သင်္ခါရ အစရှိသော ပဋိစ္စသမုပ္ပါဒ် ပစ္စယသမ္ဘူတ ဖြစ်စဉ်မှာ သမုဒါဂတတ္ထ ဆိုတာပါသေးတယ်၊ သမုဒါဂတတ္ထ ဆိုတာ ဘယ်လိုဟာလဲ၊ ဒီသတ္တဝါ တွေမှာ ဘဝမျှားစွာ သံသရာက အထပြောက်ခဲ့တဲ့ ကံတွေရှိတယ်၊ ယခုဘဝလဲဘဲ အကျိုးပေးခွင့်မရသေးဘူး၊ ဒီအကြောင်းကြောင့် ဒီအကျိုးဖြစ်တယ်လို့ မဆိုနိုင်သေးဘူး၊ သို့ပေမယ်လို့ အဆပြောက်ခဲ့တဲ့ ကံတွေကိုလေသာကြောင့်ဖြစ်ရမဲ့အကျိုးကလဲတန်းလန်း၊ ဖြစ်ပြီလား ဆိုတော့၊ မဖြစ်ရသေးဘူး၊ ယခုဖြစ်ဆဲပစ္စုပ္ပန်ခန္ဓာမှာ ဟိုဘဝမျှားစွာ သံသရာက ဖြစ်ခဲ့တဲ့ ကိလေသာအကြောင်း၊ ကံအကြောင်းရယ်၊ ဖြစ်ရမဲ့ အကျိုး တရားရယ်၊ အဲဒီ အကြောင်း အကျိုးနှစ်ပါးသည် ပစ္စယသမ္ဘူတတ္ထဖြစ်တဲ့ ပဋိစ္စသမုပ္ပါဒ်မှာ မှီပြီးလိုက်နေတယ်။

ပဋိစ္စသမုပ္ပါဒ် ခန္ဓာက ဖြစ်ဆဲခန္ဓာ၊ ဖြစ်ဆဲရုပ်နာမ် ခေါ်တယ်၊ မင်္ဂဖြင့် မပယ်နိုင်သေးသည်ရှိသော် နောင်အခါမှာ ဖြစ်ဘို့ရာ အကြောင်းနဲ့တကွ မှီလိုက်နေတဲ့ခန္ဓာကို ဥပ္ပဇ္ဇနာရဟာခန္ဓာ ခေါ်တယ်၊ ဖြစ်ထိုက်တဲ့ သဘောနဲ့ မှီလိုက်နေတာ၊ ဖြစ်ပြီးလဲမဟုတ်၊ ဖြစ်ဆဲလဲမဟုတ်၊ နောင်ဖြစ်ဘို့ ဖြစ်လတ်လဲမဟုတ်ဘူး၊ သူ့ရဲ့အကြောင်းကံ ရှိနေခြင်းကြောင့် သူလဲခန္ဓာ

မှာ ရှိနေတယ်လို့ဆိုရတယ်၊ ဒါဥပဇ္ဈနာရဟာ ခန္ဓာခေါ်တယ် အမှန်က ကာလဝိမုတ်၊ ခုပစ္စုပ္ပန် ခန္ဓာကို တကယ်အာရုံပြု၊ တကယ်အားထုတ်လို့ သိကြတော့ကာ၊ အဲဒီပစ္စုပ္ပန် ခန္ဓာမှာ ဘဝသံသရာက မှီလိုက်နေတဲ့ ကိလေသာကံဟာ ပျောက်မသွားဘူးလား၊ အဲဒီလိုပျောက်သွားရင် ဒီကိလေသာကံကြောင့် ဖြစ်ထိုက်တဲ့ ဥပဇ္ဈနာရဟာ ခန္ဓာဟာ ချုပ်မသွားဘူးလား၊ အေး အဲဒါမှ အကြောင်း အကျိုးပြတ်တဲ့ နိဗ္ဗာန်လို့ ဆိုရမယ်၊ စကားက နှစ်ထပ်ဖြစ်နေတယ်၊ အဲဒီနှစ်ထပ်ကို ကဲ့ကဲပြားပြား သိဘို့လိုတယ်။

ဖြစ်ဆဲပစ္စုပ္ပန် ခန္ဓာသာချုပ်တယ်လို့ အောက်မေ့နေကြတယ်၊ ချုပ်ရမဲ့ ခန္ဓာက ဥပဇ္ဈနာရဟာခန္ဓာ အမှန်က ကာလဝိမုတ်၊ ကံအထ မြောက်ခြင်းကြောင့် ဒီလိုကို မှီပြီး အကျိုးဝိပါက်ပါနေတယ်၊ ဖြစ်ပြီးလဲမဟုတ်ဘူး၊ ဖြစ်ဆဲလဲမဟုတ်ဘူး၊ နောင်ကျန်လဲ ဖြစ်လတံ့မဟုတ်ဘူး။ ဒီအကြောင်းမချုပ်ရင်သူ ဖြစ်မယ်၊ ဒီအကြောင်းဟာ မဂ်နဲ့သတ်ပစ်လိုက်လို့ ချုပ်သွားပြီလို့ဆိုရင် သူမဖြစ်တော့ဘူး၊ ဖြစ်ဘို့ရာ ခန္ဓာ မဖြစ်တာကိုပင် နိဗ္ဗာန်ခေါ်တယ်။

ဒေသနာ ကတော့ သတ္တိပဋ္ဌာန် ပဉ်းများရာမှာ သတိသည် ဒုက္ခသစ္စာ၊ ရှေးအကြောင်းဖြစ်တဲ့ လောဘသည် သမုဒယသစ္စာ၊ ၎င်းဒုက္ခ သမုဒယ နှစ်ပါးတို့၏ ချုပ်ငြိမ်းခြင်းသည် နိဗ္ဗာန်သစ္စာ၊ ၎င်းချုပ်ငြိမ်းရာဥို့ ရောက်ကြောင်းဖြစ်တဲ့ မဂ္ဂင် ရှစ်ပါးသည် မဂ္ဂသစ္စာလို့ ဒီလိုသာမညဖွဲ့သွားတယ်၊ သဲ့သာမညဖွဲ့သွားပေမဲ့ အထဲနိုက်ကြည့်စရာအဓိပ္ပါယ်တွေက အလွန်များတယ်။

ဒါဖြင့် ပစ္စယသမ္ဘူတအားဖြင့် အကြောင်း အကျိုး ဆက်ပြီး နေတဲ့ခန္ဓာသည် ဒုက္ခသစ္စာ။ ၎င်းခန္ဓာ၏ အကြောင်း ဖြစ်သော ကိလေသးကုံက သမုဒယ သစ္စာ၊ အဲဒီသစ္စာနှစ် ပါးက သိရမဲ့ သစ္စာနှစ်ပါး၊ ဒီသစ္စာ နှစ်ပါးကို သိတော့မှ ဒီဒုက္ခသစ္စာမှာ အနုသယအားဖြင့် မှီတွယ်ပြီးလိုက်နေတဲ့ ကိလေသာနဲ့ ၎င်းကိလေသာကြောင့် ဖြစ်ထိုက်တဲ့ခန္ဓာ၊ အဲဒါချုပ်ငြိမ်း ရမဲ့ နိရောဓသစ္စာ၊ နော်၊ အဲဒီချုပ်ရမဲ့ သမုဒယကလဲ ဖြစ်နေ တဲ့ သမုဒယ မဟုတ်ဘူး၊ ကိုန်းနေတဲ့ သမုဒယ ဒီသမုဒယ ကြောင့် ဖြစ်လိုက်တဲ့ခန္ဓာကလဲ ဖြစ်ဆဲခန္ဓာမဟုတ် ဖြစ်ထိုက်တဲ့ အနေနှင့်သာ သူကိန်းပါနေတယ်၊ အမှန်က ဖြစ်ပြီးလဲ မဟုတ် ဖြစ်ဆဲလဲမဟုတ် ဖြစ်လတံ့လဲမဟုတ်တဲ့ အဲဒီသမုဒယနှင့် ဒုက္ခ ချုပ်ငြိမ်းရမှာ။

ဒီသမုဒယနဲ့ ဒုက္ခချုပ်ငြိမ်းကြောင်း ဒုက္ခသိကြောင်း သ မုဒယပယ် နိုင်ကြောင်းဖြစ်တဲ့ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ အစရှိ သော မဂ္ဂင်ရှစ်ပါး သိလကုသိုလ် သမာဓိကုသိုလ် ပညာကုသိုလ် ဆိုပါတော့၊ သီလကုသိုလ်က သီလမဂ္ဂင်၊ သမာဓိကုသိုလ်က သမာဓိမဂ္ဂင် ၃-ပါး၊ ပညာကုသိုလ်က ပညာမဂ္ဂင် ၃-ပါး၊ ဒီ တော့ မဂ္ဂင်ရှစ်ပါးဆိုပေမဲ့ အမှန်က သီလ သမာဓိ ပညာပါဘဲ အကျဉ်းချုပ်အားဖြင့် သိဘို့က အပြစ်ကင်းသော စိတ်သည် သီလ ညိမ်သက်သောစိတ်သည် သမာဓိ၊ အမှန်သိသောစိတ်သည်ပညာ အဲဒါတော့ ဖြစ်အောင်လုပ်ရမယ်၊ အပြစ်ကင်းတဲ့စိတ် ဖြစ်အောင် လုပ်၊ ညိမ်သက်တဲ့စိတ်ဖြစ်အောင်လုပ်၊ အမှန်သိသောစိတ် ဖြစ် အောင်လုပ်၊ ခက်တာက ညိမ်သက်တဲ့စိတ်နဲ့ အမှန်သိတဲ့ စိတ်က မခက်ဘူး အပြစ်ကင်းတဲ့စိတ်က ခက်နေတာ အပြစ်ကင်းတဲ့စိတ်

ကို မရနိုင်ကြဘူး၊ အေး အဲဒါကိုရအောင် ကြပ်ကြပ်လုပ်ရမယ်၊ အပြစ်ကင်းတဲ့စိတ်ဟာ ဘယ်လိုမှရမယ်၊ သတိ အာဆမြောက်မှ ရမယ်၊ ဒါကြောင့် သတိပဋ္ဌာန်ကိုလုပ်ရတာနော်၊ သတိပဋ္ဌာန် ကိုသုပ်လို့ သတိအထမြောက်တဲ့အခါ အပြစ်ကင်းတဲ့စိတ် ညိမ်သက်ဘဲ့စိတ် အမှန်သိတဲ့စိတ်တွေ့ မဖြစ်နိုင်ဘူးလား ဖြစ်ရင် အဲဒါ မဂ္ဂင်ရှစ်ပါး မပြည့်စုံဘူးလား မဂ္ဂင်ရှစ်ပါး ပြည့်စုံရင် ဒုက္ခသစ္စာကိုသိဘို့ သမုဒယသစ္စာကို ပယ်ဘို့ နိရောဓသစ္စာကို မျက်မှောက်ဆိုက်ရောက်ဘို့ ခက်ပါအုံးမလား။

ဒါဖြင့် သစ္စာလေးပါးမှာ ဘာလိုရင်းသဲ၊ သီလ သမာဓိ ပညာသာလိုရင်း ဒါကြောင့် မဂ္ဂင်ဘောင်ဝင်တဲ့သီလ မဂ္ဂင်ဘောင်ဝင်တဲ့ သမာဓိ၊ မဂ္ဂင်ဘောင်ဝင်တဲ့ ပညာမျိုး၊ အစိတ်စိတ်အားဖြင့် ပြောရမယ်ဆိုရင် သတိအာဆမြောက်သောယောဂီပုဂ္ဂိုလ်မှာ သမ္မဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝဆိုတဲ့ သီလမဂ္ဂင် ဘောင်ဝင်ပြီ၊ ဒီတော့ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝဆိုတဲ့ မဂ္ဂင်ဘောင်ဝင်တဲ့ ယောဂီပုဂ္ဂိုလ်သည် သူ၏ကာယကံမှ ဝစီကံမှ အသက်မွေးမှုအပြစ် မရှိဘော့ဘူး စင်ကြယ်နေပေါ့ကိုး၊ အဲဒီ ကိုယ့်ကာယကံမှ ကိုယ် ဝစီကံမှ ကိုယ့် အသက်မွေးမှု အပြစ်မရှိတာကို ပြန်စဉ်းစားလိုက်တော့ အောင်မယ်လေးချမ်းသာလိုက်တာဟော့ တသက်နဲ့တကိုယ် ဒီချမ်းသာမျိုး ငါ့မကြုံဘူးဘူးဟာ ဟုတ်လား။

သီလစင် ကြယ်မှုကြောင့် ချမ်းသာတဲ့ အချမ်းသာကို ကိုယ်တွေ့တွေ့ရတယ်၊ လောကမှာ ဘယ်လိုချမ်းသာနဲ့မှ မတူတဲ့ ချမ်းသာကိုတွေ့ရမယ်၊ အဲဒီချမ်းသာမျိုးရတော့မှ သုခံသမာဓတ္ထာ

ယ၊ ဒီချမ်းသာမျိုးက သမာဓိမှန်သို့ရောက်စေတယ်၊ သမာဓိမှန်ရောက်တော့မှသမာဟိတောယထာဘူတဉာနာတိ ဆိုတဲ့အတိုင်း ဟုတ်မှန်တိုင်းသောရုပ်နာမ်ကို မြင်တော့တာပေါ့။

ဒီတော့ သမာဓိမှန် ရောက်တာက သမာဓိမဂ္ဂင်၊ ဟုတ်မှန်တိုင်းသော ရုပ်နာမ်မြင်နိုင်တာက ပညာမဂ္ဂင်၊ သီလ အထမြောက်လို့ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝတို့ ဖြစ်တာက သီလမဂ္ဂင်နော်၊ မဂ္ဂင်ရှစ်ပါးမှာလဲ လိုရင်းက သတိ အထမြောက်အောင်ဘဲ လုပ်ရမယ်၊ သတိအထမြောက်အောင် လုပ်ရမယ်ဆိုရင် ခန္ဓာကိုယ်ထဲမှာ ဖြစ်ဖြစ်သမျှ သတိ မလွတ်ကြပါစေနဲ့ အကောင်းအဆိုးလဲ ရွေးမနေနဲ့ ကောင်းတာဖြစ်မှ လုပ်ရမယ်ဆိုရင်ဖြင့် မင်းတို့မလုပ်နဲ့တော့ မင်းတို့ခန္ဓာကိုယ်ထဲ ကောင်းတာကိုမဖြစ်ဘူး မကောင်းတာချည်းဖြစ်မှာဘဲ။ မကောင်းတာဖြစ်ပေမဲ့ သတိမလစ်စေနဲ့လို့ ဒီလို ဆိုလိုတာ၊ ဒါဖြင့် အလုပ်ကကောခက်သလားဘာတုန်း သိ-သိ-သိ သိ ပေါ့။ အလုပ်က ဘာခက်သလဲ ဒါဖြင့် တရားလဲသိပြီ လုပ်လဲ လုပ်တတ်ပြီ ဘာလိုသလဲ လုပ်ဘို့ဘဲလိုပါတယ်၊ လုပ်ဘို့လိုသည်ဖြစ်သောကြောင့် သတိတရားကို အထမြောက်အောင် ကြိုးစား၍ လုပ်နိုင်ကြပါစေသတည်း။

(သာစု- သာခု- သာခဲ့ ပါဘုရား)

မြောင်းမြမှိုဝေဠုဝတီ ကမ္မဋ္ဌာန်းတိုက်

ကျေးဇူးတော်ရှင် ဝေဠုဝတီ ဆရာတော်ဘုရား၏

မေတ္တာပို့ ဘာဝနာ

မေတ္တာ ၄-ပါး

၁။ သဗ္ဗေသတ္တာ-သတ္တဝါအားလုံး—
အဝေရာဟောန္တု- ဘေးရန်ကင်းကြပါစေ။

၂။ အဗျာပဇ္ဈာဟောန္တု စိုးရိမ်ကြောင့်ကြ ကင်းကြပါစေ၊

၃။ အနီဃာဟောန္တု- ကိုယ်စိတ်ဆင်းရဲ ကင်းကြပါစေ။

၄။ သုခီအတ္တာနံ ပရိဟရန္တု- ကိုယ်စိတ် နှစ်ဖြာ ချမ်းသာခြင်း
ရှိ၍၊ မိမိတို့ကိုယ်ကို ဆောင်နိုင်ကြပါစေ။

ကရုဏာ

၁။ ဒုက္ခာမုစ္စန္တု—ဆင်းရဲဒုက္ခမှ လွတ်မြောက်ကြပါစေ။

မုဒိတာ

၁။ ယထာလဒ္ဓသမ္ပတ္တိတော မာဝိဂစ္ဆန္တု-ရမြဲတိုင်းသော စည်း
စိမ်ဆုတ်ယုတ်ပျက်စီးခြင်း ကင်းကြပါစေ။

ဥပေက္ခာ

၁။ ကမ္မဿကာ- ကံသာလျှင် မိမိဥစ္စာ ရှိကြပေကုန်လိမ့်မည်။

ဤမေတ္တာပို့ ဘာဝနာကို အလွတ်ကျက်၍ တကြိမ်လျှင်
၃-ခေါက် ရွတ်ဆိုကြရန် တိုက်တွန်းပါသည်။

ဇကာင်းမှုရှင်များစာရင်း

အလ္လုရှင် အုပ်ဇော

နန်းဦးရွာ မင်းကျောင်းတိုက် ဆရာတော်
ဦးဒေဝိန္ဒနှင့် တပည့်ဒကာများ ၅၇

ကွမ်းခြံကုန်း သုံးခွ မဟာဗောဓိဆရာတော်
ရဲဘုန်းနှင့် တပည့်ဒကာများ ၅၀

တောင်ကိုင်း ကျောင်းကြီ တိုက် ဆရာတော်
အရှင်အာစရနှင့် တပည့်ဒကာများ ၅၀

မြောင်းမြမြို့နှင့် ရန်ကုန် ပုသိမ်တို့မှ ဇကာင်းမှုရှင်များ

အုပ် ၁၀၀ အလ္လုရှင်

ကျောင်းအမကြီး ဒေါ်ကျင်လှိုင်နှင့် မိသားစု

၂၅ အုပ်အလ္လုရှင်များ

၁။ ဦးခိုင်ခန့်-ဒေါ်စောရိမ် မိသားစု
၂။ ။ကုလားကြီး-ဒေါ်တင် ။
၃။ ။သိန်းမောင်-ဒေါ်စောမြ ။
၄။ ။လှရှိန်-ဒေါ်သန်းခင် ။
၅။ ။ထင်ကျော်-ဒေါ်ခင်ရှိန် ။
၆။ ။စိန်စစ်-ဒေါ်ကျင်ရှိန် ။
၇။ ။အောင်သန်း-ဒေါ်ခင်ကျွ ။

၈။ ဒေါ်စင်ခင္ဆ ဒေါ်ကြင်ဇင္ဒ မိသားစု ဗမာ့လက်ရုံး
၉။ ။မှင် ကွယ်လွယ်ရာ

၂၀ အုပ်အလှူရှင်များ

၁။ ဦးဟန်ကြည် ဒေါ်သန်းကြည် ကွယ်လွယ်ရာ
၂။ ဒေါ်ဟန်နှင့် ညီမ ဒေါ်မြကြည် ဓူဝံစာပေ

၂၅ အုပ်အလှူရှင်

၁။ ဒေါ်မြတီ ဒေးဒရဲ

၂၀ အုပ်အလှူရှင်များ

၁။ ဦးဘိုးသောင်း၊ ဦးဘဟန် ရန်ကုန်
၂။ ။ကျော်ငြိမ်း-ဒေါ်သန်းညွန့် ။
၃။ ။ထွန်းသိန်း-ဒေါ်ကြည်ကြည် ။
၄။ ဒေါ်လှခင်၊ ဒေါ်ဦးသင် ။
၅။ ဦးစိန်သင်-ဒေါ်အေးရီမိသားစု ၁၆၆/၃၄လမ်း ။
၆။ ။စိန်ရွှေ အငြိမ်းစားဆရာဝန်ကြီး မြောင်းမြမြို့
၇။ ဒေါ်ကျင်ခိုင်နှင့် ညီမများ
၈။ အမေကျော့ မိသားစု
၉။ ဦးမြဒင်-ဒေါ်ခင်အေး ရွှေကြာပင်
၁၀။ ။ဘိုးလှ-ဒေါ်စိန်ညွန့်
၁၁။ ။ကျော်ခင် စာပေပိုမာန်
၁၂။ ။စိန်ဝင်း-ဒေါ်သန်း မိသားစု
၁၃။ ။အရုပ်-ဒေါ်ထွေးခွေ ။
၁၄။ ။ဘသန်း-ဒေါ်ကျွန် ။

၁၅။	ဒေါ်ကျင်မွေး	မိသားစု
၁၆။	ကွယ်လွန်သူ အမိ ပုသိမ် ဒေါ်ကြည်အား ရည်စူး၍	
၁၇	အမေရိမ်	။
၁၈။	ကွယ်လွန်သူ မောင်ဌေးလွင်အား ရည်စူး၍ မကြူ၊ကြူ	
၁၉။	။ ဦးခေတ်ကြားရည်စူး၍ ဇနီး ဒေါ်ကျင်ညွန့်	
၂၀။	ဒေါ်အေး၊ ဒေါ်ကိုင်	
၂၁။	ဦးကောက်-ဒေါ်စိန်ဟုန်	မိသားစု
၂၂။	ဒေါ်သိန်းတင်၊ မောင် ဦးသိန်းဖေနှင့် တူ, တူမများ	
၂၃။	ဦးထွန်းသောင်-ဒေါ်ခင်တင့် မိသားစု	ရဲရင့်စာပေ
၂၄။	။ဘဦး-ဒေါ်ကျင်စိန်	ကွယ်လွယ်စစ်ကွင်း
၂၅။	။ကုလား-ဒေါ်ခင်အေး	မိသားစု
၂၆။	။မောင်ကျင်-ဒေါ်ခင်အေး	။
၂၇။	။သော်-ဒေါ်စမ်း	သော်တာစမ်း
၂၈။	ဒေါ်မေဌေရွာ	မိသားစု
၂၉။	ဦးမောင်ကြွေ-ဒေါ်ခင်စိန်	ကွယ်လွယ်ရွာစစ်ကွင်း
၃၀။	။မြရှိန်-ဒေါ်ရင်နု	။
၃၁။	။မောင်နီ-ဒေါ်မြခင်	။
၃၂။	။ကြင်မောင်-ဒေါ်အုန်းမြင့်	။
၃၃။	။ချို-ဒေါ်စန်းမြင့်	။
၃၄။	။အုံးငွေ-ဒေါ်သန်းအေး	ကြာကန်
၃၅။	ဒေါက်တာ ဦးမင်းထွဋ်နှင့် မိသားစု	ရေနံချောင်း
၃၆။	ဦးခင်မြင့် လေ့ကျင့်ရေး အ-မ-က	

ဂ အုပ်အလှူရှင်

၁။ ဦးဟန်တူး-ဒေါ်တင်မေ

ဃ အုပ်အလှူရှင်များ

၁။ ဒေါ်ဝိစာရီ မရှုပ၊ မဇဓမာ

၅ အုပ်အလှူရှင်

၁။ ကောင်စီဥက္ကဋ္ဌကြီး-ဦးတင်မြင့်-ဒေါ်ညွှန့်ရီ မိသားစု

၂။ ဒေါ်တင်မြ ။

၃။ အမေသိန်း

၄။ ဒေါ်ဝိလာသီ၊ ဒေါ်စန္ဒာရီ

၅။ ဦးမောင်ရွှေ ဒေါ်ခင်အေး

၆။ ။မောင်ရွှေ-ဒေါ်သန်း

၇။ ဒေါ်အေး

၈။ ။ဖွားရှင်

၉။ ။စန္ဒာသီ

၁၀။ ။တိုး

၁၁။ ။အုံးမြ ညီမ ဒေါ်သိန်းနု

၁၂။ ကွယ်လွန်သူ ဦးမြကြွယ်အာဒုးရည်စူး၍ ဒေါ်ဝဲပု

၁၃။ ဦးသန်းမောင်-ဒေါ်လှရွှေ ရွှေလောင်း

၁၄။ ။သာလွှဲင်-ဒေါ်သန်းတင်

၁၅။ ။မောင်ကလေး-ဒေါ်အမိ နန်းဦးရွာ

၁၆။ ။စိုးမောင်-ဒေါ်ကြာငွေ ။

၁၇။ ကွယ်လွန်သူ ဒေါ်စိုးမင်း

၁၈။ ဒေါ်ငွေဆိုင်

၁၉။ ဦးချစ်ဖေ-ဒေါ်စိန်တပ်ဦး ဒိုဘိကုန်း
၂၀။ ။သန့်ဇင်အေး-ဒေါ်အေးကြင်
၂၁။ ။သန်းခင်-ဒေါ်ဖွားဆင်
၂၂။ ။ရွှမ်းနား-ဒေါ်စုံယား
၂၃။ ဒေါ်ကျင်လှမိသားစု ကဒက်ကွင်းရွာ
၂၄။ ။ကျင်မြ မိသားစု ။
၂၅။ မမထွေး၊ မသန်းရီ
၂၆။ ဦးတင်ကြည်
၂၇။ ။ခင်မောင်-ဒေါ်စောရင် သားသမီးမြေးတစု
သာပေါင်းမြို့
၂၈။ ။သိန်းလှိုင်-ဒေါ်ခင်စောမြ မြို့နယ်လျှပ်စစ်
မန်နေဂျာ သာပေါင်းမြို့
၂၉။ ။အောင်မြတ် ကျော်လွန်း၊ ဒေါ်ရီ ပုသိမ်မြို့
၃၀။ ။အေးရ-ဒေါ်ကျင်ငွေ
၃၁။ ။သိန်းကြည်-ဒေါ်နွဲရီ
၃၂။ ။အုံးဖေ-ဒေါ်ခင်မေ မေခလာဆေးတိုက်
၃၃။ ။အောင်စု-ဒေါ်မြင့်ကြည်
၃၄။ ။ချန်ဟိုး-ဒေါ်ဥမ္မာ
၃၅။ ။ကျင်ဟော-ဒေါ်ဆန်းမား
၃၆။ ။သက်ဘင်-ဒေါ်ရင် ၄ လမ်း
၃၇။ ။မောင်မြနှင့် မိသားစု နေရှင်နယ်ကုန်း
၃၈။ ။မောင်ဉာဏ် ဒေါ်တင်
၃၉။ ။ဘရီ ဒေါ်ခင်မြင့်
၄၀။ ။ခင်ညွန့်-ဒေါ်ထွေးညွန့်

၄၁။ ကုယ်လုန်သူ အဘဘဦးကာန့် တွားတူးမ ကြီးမျိုးများ
၄၂။ ဦးသာဒွန်းနှင့် ညီမ တွား တူးများ
၄၃။ ။မောင်စာ—ဒေါ်စိန်ပေါ် သီးဆရာမဒေါ်တင်အောင်
၄၄။ ။မြင့်ဇင် မြင့် ဆေးတိုက်
၄၅။ ။ဘသိန်း-ဒေါ်ခ
၄၆။ ။ပု·ဒေါ်စိန် ဆားမင်္ဂလာက်ရွာ
၄၇။ ။လှည်ွန် ဒေါ်စန်းရင်
၄၈။ ဆရာမကြီးဒေါ်အားရှင်
၄၉။ ။ဦးထွန်းဝေ-ဒေါ်ငယ်
၅၀။ ။စံကြီး-ဒေါ်အူးမိုင်
၅၁။ ။ဘိုးသန်း—ဒေါ်ညိုပုံ
၅၂။ ။ကျန်ဟိုး—ဒေါ်ဟုံစုမ်း
၅၃။ ဒေါ်ခင်သန်း
၅၄။ ဦးလှဝင်း-ဒေါ်တင်မေလတ် သား ရဲမင်းဆင်း
၅၅။ ။သန်းဝင်း မြို့နယ် လျှပ်စစ်အင်ဂျင်နီယာ မိတ္ထီလာမြို့
၅၆။ ဒေါက်ဘာကျော်မြင့်-ဒေါ်ဆုဆု သား အောင်ဆန်း
ကျော်၊ နေမိုးဆန်းကျော်
၅၇။ ဦးငွေသိန်း—ဒေါ်ကြင်စိန် ကုယ်လုယ်ရွာစစ်ကွင်း
၅၈။ ။သောင်းဟံ-ဒေါ်အေးမ ။
၅၉။ ။မောင်သို-ဒေါ်နုတင် ။
၆၀။ ။သိန်းအောင်-ဒေါ်ညွှန့်ရှိန် ။
၆၁။ ။ခင်မောင်-ဒေါ်စောရင် ။
၆၂။ ။သန်းမောင်-ဒေါ်ခင်ကြည် ။
၆၃။ ။ပါလူးကြည်-ဒေါ်သန်းတင် ။

၆၄။	။အေးမောင်-ဒေါ်အေးကြွယ်	ကွယ်လွယ်ရှာစစ်ကွင်း
၆၅။	။စိုးမောင်-ဒေါ်ကြည်	။
၆၆။	။သောင်းကျော်-ဒေါ်ခင်ရီ	။
၆၇။	။ထွေးစိန်-ဒေါ်သောင်းမေ	။
၆၈။	။ဖူးညို-ဒေါ်အေးတင်	။
၆၉။	။စံဒွေး-ဒေါ်လှမြင့်	။
၇၀။	။ငွေထွန်း-ဒေါ်ညွန့်	။
၇၁။	။ကျော်သောင်း-ဒေါ်ညွှတ်	။
၇၂။	။ငွေသော်-ဒေါ်ခင်သန်း	။
၇၃။	။ကျော်ရှိန်	။
၇၄။	။ဘိုးရီ-ဒေါ်မြ	။
၇၅။	။ချစ်ဟန်-ဒေါ်သန်းဇော်	။
၇၆။	။အေး မိသားစု	။
၇၇။	။ထွန်းတင် မိသားစု	ကွယ်လွယ်ရှာ
၇၈။	။အုန်းဇော်-ဒေါ်သိန်းဇော်	ဆားမလောက်ရှာ
၇၉။	ဒေါ်စိန်	ကွယ်လွယ်ရှာ
၈၀။	ဦးမြဦး	အ-ထ-က-၆
၈၁။	ဒေါ်အေးခင်	ဘောင်ဒရိုလမ်း
၈၂။	ဦးလှအေး-ဒေါ်ဝင်းကြည်	ဦးဘချို့လမ်း
၈၃။	ဒေါ်သန်းစိန် မိသားစု	၁၂ လမ်း
၈၄။	ဦးစိန်လှိုင်-ဒေါ်ခင်ကျော်	မိသားစု
၈၅။	။သန်း-ဒေါ်သိန်းကြည်	ရန်ကုန်
၈၆။	။ဘိုနီ-ဒေါ်စိန်မြိုင်	ဝါးခယ်မ
၈၇။	ဒေါ်ငွေရီ မိသားစု	ကြီးနီစုရှာ

၈၈။ ဦးမဲ-ဒေါသဲ့ယ် ကဝဲရွာ
၈၉။ ။ထွန်းဝင်း-ဒေါသက် ကွယ်လွယ်ရွာ
၉၀။ ဒေါသိမ်း ကြီးနီစုရွာ

၇ အုပ်အလယ်ရှင်မျိုး

၁။ ဒေါဝတ္တာ ဝေဠုဝတီ
၂။ ဆရာမဒေါခင်လှ၊ ဒေါကျင်စိန်
၃။ ဦးကြိုလှိုင်-ဒေါဆိုင်ငဲ့ မိသားစု
၄။ ။ရန်ဟင်း-ဒေါနွဲ့ ။
၅။ ။ပွဲလား-ဒေါနန်းဒေါင်း မိသားစု ကြီးနီစုရွာ
၆။ ။မောင်စုံ မိသားစု ၁၅ အင်းနှစ်လမ်း ကြည့်မြင်တိုင်

၃ အုပ်အလယ်ရှင်မျိုး

၁။ ဦးထွန်းရင်-ဒေါညိမ်း
၂။ ။ဘဒ္ဒ-ဒေါသန်းဒ္ဓ
၃။ ။မောင်ဦ-ဒေါတင်ဒေး
၄။ အမေဦး မိသားစု
၅။ ဦးငြိမ်းမောင်-ဒေါခင်မြင့်
၆။ ဒေါကြည်၊ ဦးစိုးဘင်-ဒေါခင်ခင်
၇။ ။ပုစိန်
၈။ ။ဒေါပို
၉။ ဦးမောင်ဝံ-ဒေါစောငြိမ်း

၁၀။ ။ချွန်ဝမ်-ဒေါ်ကျွေ
၁၁။ ။တင်ဦး-ဒေါ်နုနုရီ
၁၂။ မမာလာရ
၁၃။ ဒေါ်ခင်စိန် မိသားစု
၁၄။ ။တင်လှ
၁၅။ ဒေါ်ကြည်ကြည်မိသားစု စမ်းချောင်း
၁၆။ ဦးတင်လျောင်-ဒေါ်ရွှေခင်
၁၇။ ။ဘမော်-ဒေါ်ကျင်လှ ရွာ့တိုင်
၁၈။ ။ဝင်း-ဒေါ်ကုလားမ
၁၉။ ။လှကြည်-ဒေါ်အေးအေးမူ
၂၀။ ။တင်အောင်-ဒေါ်ပု
၂၁။ ။တင်အောင်-ဒေါ်မြညွှန့်
၂၂။ ။အောင်ကျော်-ဒေါ်လှလှမြင့်
၂၃။ ။ဂွတို-ဒေါ်နု
၂၄။ ဒေါ်စမ်းရင်-ဦးပိတ်ကုန်း
၂၅။ ။ကျင်ထွေး-ဦးစစ်ကြိုး ကွယ်လွယ်ရာ
၂၆။ ဦးထွန်းရင်-ဒေါ်ကြည် ။
၂၇။ ဒေါ်မြကြည် ၁၀ လမ်း၊ မြောင်းမြ
၂၈။ ။သိန်းကြည်

၂ အုပ်အလှူရှင်များ

၁။ ဗိုလ်မှူးခင်ထွေး- ဒေါ်သန်းထွေး
၂။ ဦးစိန်အေး-ဒေါ်ရင် မိသားစု

၃။ ဦးမောင်သာ-ဒေါ်စော
၄။ ။လှမြိုင်-ဒေါ်ထွေးစိန်
၅။ ။အိမ်-ဒေါ်ကျင်ပို့
၆။ ။ဘိုးဆင့်-ဒေါ်ရွှေကျင်
၇။ ။သန်း-ဒေါ်ရင်ကြည်
၈။ ။ကင်အောင်-ဒေါ်အုံးမြ
၉။ ။ပု-ဒေါ်သန်းခင်
၁၀။ ။လှရီ-ဒေါ်ခွေးကြည်
၁၁။ ။သိန်းရွှေ-ဒေါ်သန်းခင်
၁၂။ ဒေါ်ကျင်ချစ်
၁၃။ ။စိန်မြ မခင်အေး
၁၄။ ။ခင်မိ ဒေါ်ကျင်လှ
၁၅။ ခင်နှင်းရီ စတုတ္ထန့်ဥပဒေ ၀/သ တက္ကသိုလ် ရန်တုန်
၁၆။ ရီရီဆွေ အ-ထ-က-၁
၁၇။ ဦးစံဝင်း-ဒေါ်စော
၁၈။ ဒေါ်မြလေး

၁ အုပ်အလှူရွှင်မျှား

၁။ ဦးမြသန်း-ဒေါ်ခင်စိန်
၂။ ။ကြိုက်ဟင်း-ဒေါ်ပို့လေး
၃။ ။စိန်ဟုတ်-ဒေါ်ကျင်အေး
၄။ ။ကျင်ပြောင်း-ဒေါ်သန်းတင်
၅။ ။ဟုတ်စိန်-ဒေါ်ဖြ။

၆။ ဦးသိလ္ပ-ဒေါ်သန်းဆွဲ
၇။ ဒေါ်ထား
၈။ ။ဥာဏ
၉။ ။သုမန
၁၀။ ။စမ်းစမ်း
၁၁။ ဦးအုန်းသင်္ဘ
၁၂။ ။မောင်လေး လပ္ပတ္တာ
၁၃။ ။ဘမောင် ကျုံစိန်
၁၄။ ။စိုးမြင့် ဒုတပ်ကြပ်
၁၅။ ။ပဲ
၁၆။ ။သိန်းမောင်-ဒေါ်သောင်း
၁၇။ ။ကြီးမောင်-ဒေါ်ခင်အေး
၁၈။ ။မာမက်-ဒေါ်ခင်စိန်
၁၉။ ။မောင်မြ-ဒေါ်ခင်မြင့် မိသားစု
၂၀။ ။သန်းအောင် ဒေါ်ဖုတ် ″
၂၁။ ဒေါ်အုန်းရင် ″
၂၂။ ဦးထွန်းတင်
၂၃။ ။သောင်းတင် ရိုးကူ
၂၄။ ။သောင်းရွှေ ရိုးကူ
၂၅။ ။အေးသန်း ဝဲကြီး
၂၆။ ။အုန်းသွယ် အမှတ်(၃) ၃-ထ-က ရွှေ့

ဘိုကလေးမြို့မှ ကောင်းမှုရှင်မျှား

အမည်	အုပ်ရေ
ဦးစမိုဿရ	၂၀
။သောမ	၇
ရှင်ပညာသာမိ	၇
ဦးသုန္ဒရ	၅
။သာသန	၇
ဒေါ်ပုည၀တီ၊ ဒေါ်၀ိဇာနီ	၁၀

ဦးမြမောင်-ဒေါ်ရီ
ကျော်အောင်မိုး မော်တော်ပိုင်ရှင်
ကြည့်မြင်တိုင်၊ ရန်ကုန်မြို့
စမ္မဒါန အုပ်ရေ (၅၀၀)

ဒေါ်စန်းမြင့်နှင့် မောင် ညီမများဆရာပိန်
ဆေးလိပ်ခုံ ၂၅ အုပ်
ဦးမောင်လှိုင်–ဒေါ်ကျင်စိန် ၁၅ ။

၁၀ အုပ်အလှူရှင်မျာ

၁။	ဦးထွန်စိ–ဒေါ်ခင်မြင့်	ဘိုကလေးမြို့
၂။	။လှမောင်–ဒေါ်ဆင်	အောင်လိုင်ချောင်း
၃။	။ထွန်း-ဒေါ်ကျင်ထွေး	။
၄။	။ကျော်-ဒေါ်ငယ်	
၅။	ကွယ်လွန်သူ မလှဦး	ဇီးဖြူ။
၆။	ဦးအရင်-ဒေါ်ခင်နုံ	ဘိုကလေး
၇။	။ကျော်သိန်း၊ ဒေါ်သောင်းညွန့်	။
၈။	။သာကျော်–ဒေါ်ကြည်	။
၉။	။ချစ်ညွန့်-ဒေါ်သိန်းညွန့်	။
၁၀။	။အေးသိန်း-ဒေါ်ခင်လှ	။
၁၁။	ဒေါ်ကြည်ကြည်ကိုရည်စူး၍ ဦးပဲလှော်	မိသားစု
၁၂။	ဦးထွန်းဆိုင်–ဒေါ်ကျင်ရီ	
၁၃။	။ဟိုက်ဖာ-ဒေါ်အစ္စမ်	
၁၄။	။မြစိန်-ဒေါ်ကျင်မြ	
၁၅။	။စိန်မောင်-ဒေါ်မြစိန်	
၁၆။	။စိုးလွင်–ဒေါ်တင်လိုင်	
၁၇။	။သန်းဦး-ဒေါ်ရီရီမြင့်	
၁၈။	။အန်ကောက်-ဒေါ်ကျင်ပိုက်	
၁၉။	ဒေါ်ဘီ၊ ဒေါ်ရီ	
၂၀။	ဦးအထောင်–ဒေါ်သန်းတင်	
၂၁။	။အေးမောင်-ဒေါ်ခင်မြို့	မြို့မဆေးတိုက် မြင်းခြံမြို့
၂၂။	။ကျော်မြင့်–ဒေါ်ကျင်လှမ်	

၂၃။ ဦးစိန်ခက်–ဒေါ်ကျင်ပု သို့မဟုတ် ဒေါ်ကျင်စိန် ဘိုကလေး
၂၄။ ။လူဝကြီး-ဒေါ်သန်းစိန် သာသို့မဟုတ်မြေး မိသားစု

၂ အုပ်အလှူ။ရှင်မျာား

၁။ ဦးတင်ဦး–ဒေါ်သောင်းကြည်
၂။ ဒေါ်အေးကျင် မြို့မစာပေ

၅ အုပ်အလှူ။ရှင်မျာား

၁။ ဒေါ်ဝိလာသီ ဒေါ်စန္ဒာရီ
၂။ ဦးအောင်သိန်း-ဒေါ်မြကြည်
၃။ ။ကြည်-ဒေါ်ကြည်
၄။ ။ကျော်ရှိန်-ဒေါ်ကျင်ယုံ
၅။ ။သန်း-ဒေါ်ထွေး
၆။ ။စိန်မောင်-ဒေါ်အေးလှ
၇။ ။ဘင်လှ-ဒေါ်စန်းရီ
၈။ ။စော-ဒေါ်သန်းရင်
၉။ ။ကျော်အေး–ဒေါ်စိန်ရင်
၁၀။ ။ထွန်းစိန်–ဒေါ်သိန်းမိ
၁၁။ ။ဘမောင်-ဒေါ်ဖွားရင်
၁၂။ ။အေး သာ ကိုအောင်သိန်း
၁၃။ ။စိန်-ဒေါ်ကျင်ဟန်
၁၄။ ဒေါ်အုန်းကျင်

၁၅။ ဆရာလူ-ဒေါ်သန်းတင်
၁၆။ ဦးလှထွန်းရှိန်-ဒေါ်ခင်လှိုင်
၁၇။ ဦးလှထိန်-ဒေါ်သန်းစိန်
၁၈။ ဒေါ်မြရင် သား မောင်ငြိမ်းဟန်
၁၉။ ဦးမောင်မြ-ဒေါ်ကျင်ရှ
၂၀။ ။ကျော်စိန်-ဒေါ်ကြည် မိသားစု
၂၁။ ဒေါ်ညွန့်ပု၊ ဒေါ်သန်းလှ ကျိုက်ပီ
၂၂။ ဦးထွန်းအေး-ဒေါ်သိန်းတင် ဘိုကလေးမြို့
၂၃။ ဒေါ်ခင်ငြိမ်း
၂၄။ ဦးချစ်လှ-ဒေါ်ထိုက်
၂၅။ ။မြင့်သိန်း-ဒေါ်ကျော့စိန်
၂၆။ ။မြင့်ဦး-ဒေါ်လှလှမြင့်
၂၇။ ဒေါ်ကျင် သို့မဟုတ် မအုန်းကြည်
၂၈။ ဒေါ်သိန်းရှင် မိသားစု
၂၉။ ဦးတင်လှ ဒေါ်စန်းရီ
၃၀။ ။ဘမော်-ဒေါ်နွယ်
၃၁။ ။အေးချို-ဒေါ်ခင်ညွန့်ညွန့်
၃၂။ ။တင်အုန်း-ဒေါ်အုန်းသီး
၃၃။ ။ပုမြ-ဒေါ်စောအို

၃ အုပ်အလှူရှင်များ

၁။ ဦးကံထူး-ဒေါ်ညွန့်ရီ ဘိုကလေး
၂။ ဒေါ်ကြည် ဇီးပြ။

၃။ ဦးစံလှိုင်-ဒေါ်အေးသွယ်
၄။ ။လှအောင်-ဒေါ်အေး ဌေးသောင်ယံ
၅။ ။မြင့်သူ-ဒေါ်တင်ရှိန် စက်ဆန်း
၆။ ဒေါ်စန်းရီ
၇။ ဦးဘိုးသာ-ဒေါ်စု
၈။ ။ကျော်-ဒေါ်စိန် ဇနုန်းဆိပ်
၉။ ။သန်းလှိုင်-ဒေါ်သန်းကြည်
၁၀။ ဒေါ်အုန်းညွှန့်
၁၁။ ။ဖွားရှင်
၁၂။ ။လှဆင့်
၁၃။ ဦးထွန်းမင်း-ဒေါ်ခင်စော
၁၄။ ဦးလှကြည်-ဒေါ်တင်လုံး
၁၅။ ဒေါ်အေးချို
၁၆။ ဦးချစ်စိန်-ဒေါ်ခင်ရွှေ
၁၇။ ဒေါ်အေးတင် သို့မဟုတ် မသန်းရီ၊ မအုန်းရင်
၁၈။ ဦးလှဖေ-ဒေါ်တင်
၁၉။ ။စိန်ထွန်း-ဒေါ်အေး
၂၀။ ။အောင်သန်း-ဒေါ်တင်စော
၂၁။ ။ခင်မောင်-ဒေါ်ပုံက်

၂ အုပ်အလှူရှင်မျှား

၁။ ဦးစိန်ဝင်း-ဒေါ်စန်းရီ ဇီးဖြူ
၂။ ။ဇော်-ဒေါ်မှတ်ကြီး
၃။ ။ဆင်ကျော်အား၊ရည်စူး၍ ဒေါ်အေးသက်

ခ အုပ်အလှူရှင်များ

၁။ ဦးဘခိုင်-ဒေါ်ဝင်းကြည် သံသတ်ချောင်း
၂။ ။ဘိုးမောင်-ဒေါ်အုန်းရင် ။
၃။ ။ဘိုးရင်-ဒေါ်ခင်ယုံ ။
[redacted] ။[illegible]-ဒေါ်ဝန်း ။
၅။ ။မြစောင်-ဒေါ်ဝန်းရီ ။
၆။ ။ဆိုလင်း-ဒေါ်သိန်းမြင့် ။
၇။ ။သူကြည်-ဒေါ်ထွေးကြည် ။
၈။ ။ဟန်တင်-ဒေါ်စန်းကြည် ။
၉။ ။ကျော်မောင်-ဒေါ်တင်ဇ ။
၁၀။ ။ဘင်စော-ဒေါ်တင်လေး ။
၁၁။ ။ဖိုးတူ-ဒေါ်ခင်ရီ ။
၁၂။ ။ကျော်လှ-ဒေါ်တင်ရွှ ။
၁၃။ ။ကံအေး-ဒေါ်အုန်းမြ ။
၁၄။ ။ကံမြင့်-ဒေါ်သန်း ။
၁၅။ ။ထွန်းချစ်-ဒေါ်ထွေးတင် ။
၁၆။ ။မြင့်စိုး-ဒေါ်သန်းလှ ။
၁၇။ ။ဘင်မောင်-ဒေါ်နုတင် ။
၁၈။ ဒေါ်စိန် သာပေါင်း
၁၉။ ဦးမောင်ရင်-ဒေါ်စိန်ပု
၂၀။ ။လှမြင့်-ဒေါ်မြညွန့်

ပေဘင်ကျန်းမြို့မှ လှူရှင်များ

ဦးတင်မောင်-ဒေါ်မြင့်နှင့် ယောကျိများ အုပ်ရေ ၃၀၀
ဖားအိုင်ကျေးရွာအလှူရှင်များ ၁၆
မြောင်းမြမြို့ အာ-ထ-က-ဒ် ဆရာ/ဆရာမများ ၁၃
ဦးအောင်သန်း-ဒေါ်မြတင် လပွတ္တာ ၁၀
။လှဝင်း-ဒေါ်စိန်စိန်မြင့် ၅
။ဘင်ရှိန်-ဒေါ်ညွန့်ရီ ၃
။တင်ဦး-ဒေါ်စန်းမြင့် ၁
။ကျော်မြင့် ဆရာဝန်ကြီးအိမ် ၁
ဒေါ်ချစ်ဟန် ရွှေဂုံဆိုင် ၁